mgyoe.com

စိတ်ကူးချိုချိုအနုပညာ




ကျွန်ဘဝဗမာပြည်
လွတ်လပ်ရေးရပြီးနောက်မြန်မာပြည်
မြန်မာပြည်နိုင်ငံရေးမှတ်တမ်း

# ဝိဓူရသခင်ချစ်မောင်



သုံးအုပ်ပေါင်းရိုက်နှိပ်ခြင်း




HIS0019
4,500.00 KS

mgybe.com

mgyoe.com

၁။ ကျွန်ဘဝမဟာပြည်၊ ၂။ လွတ်လပ်ရေးရပြီးနောက်မြန်မာပြည် ၃။ မြန်မာပြည်နိုင်ငံရေးမှတ်တမ်း
ဝိစ္စရသခင်ချစ်မောင်
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၄၆၁ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဒီဇင်ဘာလ၊ ၃ အုပ်ပေါင်းရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁။ ၂၀၁၁ ပညာရွှေတောင်စာအုပ်တိုက်၏ ဒုတိယအကြိမ်မှု(၁၉၆၈ ပထမအကြိမ်၊ လူမော်စာပေ)
၂။ ၁၉၆၉ ပုဂံစာအုပ်တိုက်၏ ပထမအကြိမ်မှု၊
၃။ ၁၉၇၆ စိန်ပန်းမြိုင်စာပေ၏ ဒုတိယအကြိမ်မှု၊

ရောင်းဈေး ၄၅၀၀ ကျပ်

*email: skccph@gmail.com : P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ကျွန်ဘဝဗမာပြည်၊ လွတ်လပ်ရေးရပြီးနောက်မြန်မာပြည် နှင့် မြန်မာပြည်နိုင်ငံရေးမှတ်တမ်း

## ဝိဓူရသခင်ချစ်မောင်

၃ အုပ်ပေါင်းရိုက်နှိပ်ခြင်း။ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## ကျွန်ဘဝ ဗမာပြည်


| | | |
|---|---|---|
| – | သခင်ဋ္ဌိကာ လေးချိုးကြီး ကောက်နုတ်ချက် | ၃ |
| – | တို့ဗမာအစည်းအရုံးကြီး ဆိုသည်မှာ ဘာလဲ | ၄ |
| – | စာရေးသူ၏အမှာစကား | ၅ |
| ၁။ | အမျိုးသား လွတ်လပ်ရေး ပြဿနာ | ၂၁ |
| ၂။ | မြန်မာတိုင်းရင်းသား အပေါင်းတို့၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး အရေးတော်ပုံကြီး | ၃၇ |
| ၃။ | တို့ဗမာအစည်းအရုံးကြီးနှင့် တို့ဗမာ သခင်များ၏ လွတ်လပ်ရေးကြိုးပမ်းမှု အုတ်မြစ်များ | ၅၇ |
| ၄။ | မြန်မာ့လွတ်လပ်ရေးတိုက်ပွဲသမိုင်းအတွင်း တို့ဗမာအစည်းအရုံး၏ အရေးပါသော အခန်းကဏ္ဍ | ၇၈ |
| ၅။ | သမိုင်းစာပေ၏ အခြေခံသဘောတရားနှင့် တို့ဗမာအစည်းအရုံး၏ သင်ခန်းစာများ | ၈၃ |


## လွတ်လပ်ရေး ရပြီးနောက် မြန်မာပြည်


| | | |
|---|---|---|
| – | စာရေးသူ၏ ရည်ညွှန်းချက် | ၉၉ |
| – | စာရေးသူ၏ အမှာ | ၁၀၁ |
| – | နိဒါန်း | ၁၁၇ |
| ၁။ | ၁၉၄၈–၅၀ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲဝင် အင်အားစုများ၏ ညီညွတ်ရေး ပြိုကွဲခြင်းနှင့် ပြည်တွင်းစစ် အစ | ၁၂၁ |


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

ကျွန်ဘဝ ဇမာပြည်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## သခင်မြို့ကာ လေးချိုးကြီး ကောက်နုတ်ချက်

ကျွန့်ခေါင်းဆောင် တန်ခိုးတပြပြ တင်းချင်တဲ့ ညွန့်ပေါင်းကောင် အစိုးတရမင်း တွေကလည်း သူခိုး ဓားပြ ညှဉ်းသလိုပေါ့ သိုးမကြာမကြာပင်တစေ တို့ဗမာ တစ်ခွင်ပြည်ရယ်တဲ့ မနုဿဘုံတစ်ရိုး (အိုရှင်) တို့ဗမာ သခင်တွေမှာဖြင့် မဟုတ် က ဟုတ်ကနှင့် ဒုက္ခအဖုံဖုံတိုး ... (ညဲ)

တို့အချင်းချင်း တို့အသင်းအပင်းတွေနှင့် ကိုယ့်မင်းကိုယ်ချင်း ...။ စိတ်အကြံ အမိဌာန် ပတ္ထနာတဲ့ အတိုင်းသာပ (သြော်) အခွန်ပဏ္ဏာတွင်တွင်နဲ့ စဉ်ဘယာတင်တဲ့ မွန်မြန်မာတစ်ခွင်မှာ ကျွန်ရာဇဝင် အရိုင်းငယ်နဲ့ ဌာနီကြာရှည် မခိုင်းပါစေနဲ့ (အမယ် မင်း) တိုင်းအခိုခို အဖြိုဖြိုနဲ့ ဘုံမြန်မာပလ္လင် သခင်စိုးစေဖို့ ဂုဏ်ပဝရ ရှင်ပင်တွင်တွင် ကိုးရပါတော့ (သြော်) သမိုင်းမညှိုးနိုင်တဲ့ စစ်ကိုင်းမြို့ ဆီက မှိုင်းတို့ရဲ့ ပုညရှင်ပုထိုး...။

(ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ သခင်မြို့ကာကျမ်းမှ
ပုညရှင်ဘုရားတိုင် ကဗျာပတ္ထနာ လေးချိုးကြီးမှ)

mgyoe.com

mgyoe.com

## တို့ဗမာအစည်းအရုံးကြီး ဆိုသည်မှာ ဘာလဲ

တို့ဗမာအစည်းအရုံးသည် ဗြိတိသျှ နယ်ချဲ့သမားတို့၏ ကိုလိုနီစနစ်အောက်တွင် နှစ်ပေါင်း တစ်ရာကျော် ကျွန်ဖြစ်ခဲ့သော ဗမာပြည်အား လုံး၀ လွတ်လပ်၍ ကိုယ့်မင်းကိုယ့်ချင်း အချုပ်အခြာ အာဏာပိုင် ဒီမိုကရေစီ သမ္မတနိုင်ငံ ထူထောင်ရန်အတွက် ဗမာပြည်သူတို့၊ ဗမာအပေါင်းတို့ကို စည်းရုံးလျက် နယ်ချဲ့အရင်းရှင်၊ မြေရှင်ကြီးများနှင့် ဖြူရိုကရက်စနစ်တို့ကို ဆန့်ကျင်သော၊ အမျိုးသား တော်လှန်ရေးကြီးကို ဦးဆောင်မှုပေးခဲ့သော နိုင်ငံရေးအဖွဲ့ကြီးတစ်ခု ဖြစ်ခဲ့ပေသည်။ တို့ဗမာအစည်းအရုံးသမိုင်း ဆိုသည်မှာ အဆိုပါ ပြည်သူ့နိုင်ငံရေး အဖွဲ့ကြီး၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး စွမ်းဆောင်ကြိုးပမ်းချက်များကို မှတ်တမ်းတင်ခြင်းပင် ဖြစ်ပေသည်။

**(သခင်လေးမောင်၊ ဥက္ကဋ္ဌဟောင်းနှင့်**
**တို့ဗမာစည်းအရုံး သမိုင်းပြုစုရေး သဘာပတိအဖွဲ့ဝင်လူကြီး)**

mgyoe.com

.mgyoe.com

## စာရေးသူ၏အမှာစကား

မြန်မာနှစ် ၁၂၉၆ ခုနှစ်၊ နွေဦးပေါက်ချိန် ဖြစ်ပါသည်။

ကာလအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၃၃) နှစ်ခန့်က ဖြစ်ပါသည်။ ကျွန်တော်တို့ တောရွာများတွင် 'တလင်းကျေ ကောက်သိမ်းပြီးချိန်' ဟု ခေါ်ပါသည်။ ဤကာလတွင် ထုံးစံအတိုင်း မြောက်မြားလှစွာသော လယ်သမား သီးစားများမှာ မြေရှင်ကြေးရှင်များ၊ အတိုးကြီးစား ချစ်တီးကုလားများနှင့် လယ်ခကြွေး၊ စပါးပေးကြွေး၊ ငွေရင်းကြွေး၊ အတိုးကြွေး၊ ကုန်ဖိုးကြွေး၊ မသာတုန်းကကြွေး၊ အလှူလုပ်တုန်းကကြွေး စသည့် ကြွေးပေါင်းစုံ ပြဿနာများဖြင့် နပန်းချပွဲကြီးများ ဆင်နွှဲပြီးခါစကာလပင် ဖြစ်ပါသည်။ လက်ကျန်စာရင်းရှင်းတမ်းမှာ ရာခိုင်နှုန်း (၈၀) သော သီးစား လယ်သမားများနှင့် လယ်ယာလုပ်သားတို့မှာ ဆန်ကောနှင့် ကောက်ဆွသာ ကျန်ရစ်သောကာလ ဖြစ်ပါသည်။ လယ်ပြီး၍ ရယ်မောရသူတွေထက် ငိုရသူ၊ မဲ့ရသူ၊ ဝမ်းစာပုတ် ပျောက်ရသူတွေကသာ များလှပါသည်။

နှင်းကြွင်းနှင့် နှင်းမှုန်များ ရီဝေကာ ရွက်သစ်ညွန့်ဖူးများဖြင့် စိုပြည်လျက်ရှိသော ရာသီဥတုက တစ်ဖက်၊ ကြွေးပေါင်းခ,ကာ စိတ်ညစ်နေရသော လူမှုရေး အဆင်မပြေမှုများက တစ်ဖက် ပဋိပက္ခလွန်ပွဲကြီး ဆင်နွှဲနေချိန်တွင် ...

ကျွန်တော်တို့ရွာမှ ဦးစံ (ခေါ်) ဆရာစံနှင့် ရွာကန့်လန့်ရွာမှ ဦးဘိုးလှတို့သည် ရှိစုမဲ့စု စရိတ်စကကလေးများဖြင့် မြို့တက်လိုက်၊ ရွာပြန်လာလိုက်နှင့် များစွာ ခြေရှုပ်နေသည်ကို တွေ့ရပါသည်။ ဦးစံမှာ ပခုက္ကူနယ်မှ အညာသားကြီးဖြစ်၍ ငယ်ကတည်း

mgyoe.com

ကပင် ကျွန်တော်တို့ သာယာဝတီ အနောက်ပိုင်းနယ်သို့ ရေကြည်ရာ မြက်နုရာ မိဘများနှင့် ရောက်ရှိလာပြီး အစဉ်အဆက် ကျေးလက် ပန်းပဲလုပ်ငန်းဖြင့် အသက်မွေးရင်း တစ်ဖက်ကလည်း လယ်လုပ်စားနေရသူ ဖြစ်ပါသည်။ ဝံသာနု အရေးတော်ပုံကြီး ထကြွစဉ်က သူသည် ပေါင်းတည် ကွန်ဖရင့်ကြီးသို့ တက်ရောက်သွားပြီး သူ၏ တစ်ထည်တည်း အကောင်းဆုံး ပိုင်ဆိုင်မှုဖြစ်သော မီးခိုးရောင် သက္ကလတ် အင်္ကျီကြီးကို အင်္ဂလိပ်သပိတ်မှောက် တိုက်ပွဲကြီးတွင် မီးပုံရှို့ခဲ့သူ ဖြစ်ပါသည်။ နာမည်ကျော် ဝံသာနုဆရာတော်ကြီး ဦးကွာပိန္နဓိပတိ၏ ဒါယကာအရင်း တပည့်ရင်းလည်း ဖြစ်ပါသည်။ ထို ၁၂၉၂ ခုနှစ်၊ သာယာဝတီ လယ်သမား လက်နက်ကိုင် သူပုန်ကြီး ထကြွရာ၌ ခေါင်းဆောင်သော ပုဂ္ဂိုလ်မှာ ဆရာတော် ဦးကွာပိန္နဓိပတိ ကျောင်းတိုက်တွင် အတန်ကြာ တည်းခိုသွားခဲ့ဖူးသော ဆရာစံ ဆိုသူဖြစ်ကြောင်းနှင့် ဖြုန်းခနဲ သတင်းပြန့်ထွက်လာရာ ယခု ကျွန်တော်တို့ရွာမှ ဝံသာနု ခေါင်းဆောင်ဟောင်း ပန်းပဲဆရာကြီး ဆရာစံပေလောဟု အများသူငါ တွေးတော ပြောဆို သတင်းပိုသွားရာမှ အိမ်က တစ်လမျှ ရောယောင် ရှောင်တိမ်းနေခဲ့ရဖူးသော ဆရာစံသည်လည်း ယခု ဦးစံပင် ဖြစ်ခဲ့ပါသည်။

ယခု နွေဦးပေါက်တွင် မြို့သို့ တက်ပြန် ဆင်းပြန်ဖြင့် ခြေရှုပ်လာပြန်သည်မှာလည်း ဝံသာနုကိုယ်တော်ကြီး ဦးကွာပိန္နဓိပတိ၏ တပည့်ရင်း ပန်းပဲဆရာကြီး ဆရာစံနှင့် စကားအလွန် သွက်သွက်ပြောတတ်သော ဦးဘိုးလုတို့ပင် ဖြစ်နေချေပေသည်။

သူတို့ ခြေရှုပ်ပုံ ခြေရာလက်ရာကား မကြာမီပင် ဘူးပေါ်သလို ပေါ်လာပေတော့သည်။ ပေါ်လာပုံကား ဆီးဖြူကုန်း၊ အုန်းကုန်း၊ ကွမ်းသီးတစ်ပင်၊ ရွှေတောင်ကုန်း၊ ဦးရွံ့နှစ်အစု၊ ရွာကန့်လန့်၊ မရန်း၊ ပျဉ်းကတိုးကုန်း၊ ရေသပြာ၊ ထောက်ကြံ့၊ ထိန်တောရွာအထိ ရွာစဉ်ရွာဆက် တစ်လျှောက်တွင် စာရွက်နီလေးများ ပလူပျံအောင် ကြဲချလာခြင်းပင် ဖြစ်ပေသည်။ ထိုစာရွက်နီကလေးများကြောင့် တစ်နယ်လုံး လှုပ်လှုပ်ရွရွဖြစ်ကာ များစွာဂယက်ရိုက် ချောက်ချားနေပေတော့သည်။ ကြောက်ရွံ့သူတွေ ပေါ်လာသလို ရဲရင့်သူတွေလည်း ပေါ်လာပါသည်။ ထိုအချိန်တစ်လော၌ အလှူအိမ်၊ မသာအိမ်များတွင်ပင် ထိုစာရွက်နီကလေးများကို ကိုင်၍ အမျိုးမျိုး ဝေဖန် ပြောဆိုလာကြပါသည်။

စာရွက်နီကလေးက ချိန်းဆိုသော ရက်ချိန်းကိုပင် တစ်နယ်လုံး လှုပ်လှုပ်ရွရွဖြင့် အားခဲ စောင့်မျှော်နေကြပါသည်။ ထူးခြားသည်မှာ ကျွန်တော်တို့ရွာထိပ်မှ ကျောင်းထိုင်ဘုန်းတော်ကြီး သက်တော် (၆၀) နှစ်ကျော် ဦးပုညာစာရမှာ ၎င်း၏ကျောင်းဝင်းကြီးကို တပည့် ကျောင်းသားပေါင်း များစွာဖြင့် အကြီးအကျယ် ခုတ်ထွင်ရှင်းလင်း ပြင်ဆင်နေ

mgyoe.com

mgyoe.com

ခြင်းပင် ဖြစ်ပါတော့သည်။ ဆရာတော်ကြီးမှာ အလွန် စိတ်ထက်သန်၍ တစ်စုံတစ်ခုကို လုပ်တော့မည်ဆိုလျှင် ဘယ်ဒါယကာ၊ ဒါယိကာမ စကားကိုမျှ နားထောင်လေ့မရှိဘဲ ရှူးရှူးဒိုင်းဒိုင်း လုပ်လေ့ရှိပါသည်။ သို့သော် ကျင့်ဝတ်သိက္ခာတော်မှန်၍ ဩဇာလည်းကြီး၊ တပည့်တပန်းကြီးများလည်း ပေါများသော ဆရာတော် ဖြစ်ပါသည်။ ရပ်ရွာရှိ လူကြီးများမှာ များသောအားဖြင့် ဆရာတော်၏ တပည့်ရင်းများဖြစ်၍ အချိန်မရွေး ခေါ်ယူ ရိုက်နှက် ဆုံးမပစ်နိုင်သည်အထိ ဩဇာညောင်းသည့် တောရွာဘုန်းကြီး ဖြစ်ပါသည်။ သူ၏ ကျောင်းကထိန်ပွဲကြီးများတွင် တစ်ရွာနှင့်တစ်ရွာ ကျွဲခတ် ကစားရင်း ရိုက်ပွဲများ ဖြစ်ပွားသော် ဆရာတော် ကိုယ်တိုင် လူထုကြီးထဲဆင်းကာ တောင်ဝှေးကြီးနှင့်ရိုက်၍ ဖြေရှင်းလေ့ ရှိခဲ့ပေသည်။

ဆရာတော်ကြီး၏ သာသနာရေးမှအပ အခြား ဝါသနာကြီး နှစ်ရပ်ကား နိုင်ငံရေးနှင့် အင်္ဂရိတ်ထိုးရေးပင် ဖြစ်ပေသည်။ အင်္ဂလိပ် အစိုးရကို အသည်းထဲအူထဲမှ လှိုက်လှိုက်လှဲလှဲ မုန်းတီးသည့်နေရာတွင် သူမတူဟု ဆိုနိုင်ကောင်းပါသည်။ သတ္တဝါတွေကို မေတ္တာပို့ရာ၌ အင်္ဂလိပ်အစိုးရကို ဘယ်လိုမှ မေတ္တာပို့လို့မရကြောင်း တစ်ခါတစ်ခါ ညည်းတွားပြောဆိုလေ့ ရှိပါသည်။ ထိုကာလတစ်ဝိုက်တုန်းက ဆရာတော်ကြီး အလွန် သဘောကျနေသော ကမ္ဘာ့ခေါင်းဆောင်ကြီး တစ်ဦးမှာ စကြာတံခွန်ကြီးကို ထူ၍ အင်္ဂလိပ်အစိုးရအား နေ့တိုက်မည်၊ ညတိုက်မည်ဟု တစ်ကြိမ်းတည်း ကြိမ်းနေသော ဂျာမန် နာဇီ ခေါင်းဆောင်ကြီး ဟစ်တလာပင် ဖြစ်ပါသည်။ သတင်းစာများတွင် ပါလာသော ဟစ်တလာ၏ ကြိမ်းဝါးချက်များကို ဒါယကာ၊ ဒါယိကာမများရှေ့ဝယ် မြိန်ရေရှက်ရေ ကျယ်ကျယ်လောင်လောင်ကြီး ဖတ်ပြလေ့ ရှိပါသည်။ ဟစ်တလာမှာ စကြာမင်းသားလေး၏ အနွယ်ဝင် ဖြစ်သလိုလို ပြောတတ်ပြီး 'ဗျိုင်းဖြူကို ဝိုင်းကူလို့ ခွပ်လိမ့်မယ် ပွဲနောက်ပိတ်ဆုံး' ဟူသော တဘောင်များကိုလည်း ရွတ်ပြတတ်လေ့ ရှိပေသည်။ ဆရာတော်ကြီးမှာ နာဇီဝါဒ၊ ဖက်ဆစ်ဝါဒီ ဆိုတာတွေကို နားမလည်။ ဗမာပြည်ကို ကျွန်လုပ် စိုးမိုးနေသော အင်္ဂလိပ်အစိုးရကို ဖြိုချတိုက်ခိုက်မည့်သူ ကမ္ဘာမှာ ပေါ်လာလျှင် မည်သူ့ကိုမဆို ဆရာတော်ကြီးသည် ကျေနပ်အားရနေပါသည်။

"ဟေ့–ငစံကြီးရ၊ မင်းတို့ ဟစ်တလာကြီးက အင်္ဂလိပ်ကို မတိုက်သေးဘူးလားကွ။ ကြိမ်းနေရတာ အချိန်ကုန်သကွာ"

ဟု ဆရာတော်ကြီးသည် နိုင်ငံရေး ဝါသနာတူ တပည့်ကြီးများ ဖြစ်ကြသည့် ဦးစံကြီး၊ ဦးဘိုးလှ စသည့် ဒါယကာများကို မကြာခဏ အားမလိုအားမရ အမိန့်ရှိလေ့

ရှိခဲ့ပါသည်။

ဆရာစံတို့ လူသိုက်က လွှင့်ဝေခဲ့သော စာရွက်နီကလေးက ချိန်းခဲ့သော အချိန်ကား ရောက်လာလေပြီ။

ဝံသာနု အရေးတော်ပုံကြီးနှင့် ဆရာစံ လယ်သမားသူပုန်ကြီးပြီးနောက် အလွန်နိုင်ငံရေး တက်ကြွမှုရှိခဲ့သော ကျွန်တော်တို့ သာယာဝတီ အနောက်ပိုင်း ဧရာဝတီမြစ်ရိုးဒေသကြီးမှာ (၅) နှစ်ကျော် (၆) နှစ်နီးပါး ဆိုသလို နိုင်ငံရေးဒီရေ သေနေ ဝပ်နေသော ဒေသကြီး ဖြစ်ခဲ့ပါသည်။ မည်သူမျှ တုတ်တုတ်မလှုပ်ဝံ့ခဲ့ကြပါ။ ဝံသာနု အရေးတော်ပုံကြီး အတွင်းကဆိုလျှင် လူခွန်တော်မပေးရေး တိုက်ပွဲကြီးနှင့် ပတ်သက်၍ စစ်တပ်များ၊ ပုလိပ်တပ်များဖြင့် ယုံနိုင်စရာ မရှိအောင် တရကြမ်း ချေမှုန်း နှိပ်စက်ခြင်း ခံခဲ့ရသော ရွာများ ဖြစ်ခဲ့ပါသည်။

နိုင်ငံရေး သေနေ ဝပ်နေသော ဒေသကြီးကို အဆိုပါ စာရွက်နီကလေးက တစ်အားတုန်လှုပ် လှုန့်နှိုးလိုက်သလို ရှိသဖြင့် တစ်နယ်လုံး အကြီးအကျယ် ဂယက်ရိုက်သွားခြင်း ဖြစ်ပါသည်။

စာရွက်နီကလေး၏ ခေါင်းစီးမှာ 'ထောင်ပြန် နိုင်ငံရေးခေါင်းဆောင်ကြီး ရဲရဲတောက် သခင်ဗစိန်၏ တရားပွဲကြီး' ဟူ၍ ဖြစ်ပါသည်။ ဖိတ်စာ အတွင်းတွင် ဗမာများ ကျွန်ဖြစ်ရ ဇာတ်နာပုံများကို စကားလုံး ပြောင်ပြောင်ဖြင့် အချုပ်သဘော ရေးသားထားပြီး 'တို့ဗမာတိုင်း၊ တို့ဗမာတိုင်း သခင်ဖြစ်ရေးအတွက် ရဲရဲတောက် ခေါင်းဆောင်ကြီး သခင်ဗစိန်က တစ်လုံးပြီးတစ်လုံး အုန်းအုန်းကျွက်ကျွက် တစ်ခဲနက် ဟောချပြပါလိမ့်မည်' ဟု ရေးသား နှိုးဆော်ထားလေသည်။ လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်က ထိုကဲ့သို့သော ခေါင်းဆောင်မျိုး၊ စကားလုံးမျိုး၊ ကာလဒေသမျိုးတို့မှာ များစွာ ဂယက်ရိုက်ချောက်ချားစေရမည် အမှန်ပင်။

ရွာထိပ် ဆရာတော် ဦးပုည၏ ကျောင်းဝင်းကြီးအတွင်း မန်ကျည်းပင်၊ သရက်ပင်များအောက်နှင့်တကွ ကျောင်းကြီး အောက်ထပ် ခန်းမကြီးများမှာ တစ်မုဟုတ်ချင်း သခင်တရားပွဲမဏ္ဍပ်ကြီး ဖြစ်သွားပါသည်။

'တက္ကသိုလ်ကျောင်းသားဟောင်းကြီး ထောင်ပြန်ရဲရဲတောက် သခင်ဗစိန်တဲ့၊ ဘယ်လို အာဇာနည်ပုဂ္ဂိုလ်တဲ့' စသည် 'တဲ့' ပေါင်း များစွာဖြင့် ဂယက်ရိုက်နေသည်မှာ (၁၀) ရက်မျှ ရှိခဲ့လေရာ ယခုမှုကား စာရွက်နီကလေးက ချိန်းဆိုသည့်အတိုင်း တို့ဗမာတက်လူ သခင်ခေါင်းဆောင်ကြီး သခင်ဗစိန်၏ တရားကို နာကြားကြရလေတော့မည်။

mgyoe.com

စီရင်စု စုံထောက်ကြီးများ၊ လက်ရေးတို ပုလိပ်များ၊ အခြား စောင့်ကြပ်မည့် ပုလိပ်များ စသည့် ပုလိပ်အဖွဲ့ဝင် အမျိုးမျိုးလည်း ခြေရှုပ်လာကြပြီ ဖြစ်ပေသည်။

ရဲရဲတောက် သခင်ဗစိန်၏ တရားပွဲကြီးကား စ,လေပြီ။

တရားဟော အဖွဲ့ဝင်များမှာ သခင်ဗစိန်၊ တောသားကြီး သခင်ထွန်းဆိုင်၊ သခင်စံခင်တို့ ဖြစ်ပါသည်။ ဆီးဖြူကုန်းမြို့မှ ထိန်တောမြို့အထိ တောမြို့ကလေး နှစ်မြို့အကြားရှိ ကျေးရွာများ အားလုံးလိုလိုမှ နိုင်ငံရေး ပရိသတ်ကြီးသည် လှည်းများဖြင့် တစ်မျိုး၊ ကုန်းကြောင်းဖြင့် တစ်တန် မြောက်မြားစွာ စုဝေး ရောက်ရှိလာကြလေသည်။ ဝံသာနု အရေးတော်ပုံကြီးအပြီး အကြီးဆုံးသော နိုင်ငံရေး ပရိသတ်ကြီးသည် ကျွန်တော်တို့ရွာတွင် လာရောက် စုဝေးခြင်း ဖြစ်ပါသည်။ ထူးခြားသည်မှာ ကျေးလက် ဝံသာနု ခေါင်းဆောင်ဟောင်းများက စုစည်း ချီတက်လာကြခြင်းပင် ဖြစ်ပါသည်။ ဦးဘိုးဆော့ကြီး (ထိန်တော)၊ ဦးပေါက်တူး (ရေသပြာ)၊ ဦးညိုစိမ့် (ရွှေတောင်ကုန်း)၊ ဦးတလုတ်ကြီး (ညောင်ကုန်း)၊ ၎င်းညောင်ကုန်းမှာ အာဇာနည်ဆရာတော် ဦးဝိစာရ ကြွရောက် တရားဟောရာမှ ဖမ်းဆီးခံသွားခဲ့ရဖူးသော ဒနော်ညောင်ကုန်းရွာ ဆိုသည့် ရွာပင် ဖြစ်ပါသည်။ ဝံသာနု ခေါင်းဆောင်ဟောင်းကြီး ဦးတလုတ်ကြီး ဆိုသူမှာလည်း လူခွန်မပေးရေးတိုက်ပွဲကြီးတွင် အင်္ဂလိပ် ဂေါ်ရာစစ်တပ်များက မြင်းနှင့် ကြိုးတုပ်၍ ဒုန်းစိုင်းခံခဲ့ရသော သံမဏိ ဝံသာနုကြီးပင် ဖြစ်ခဲ့ပါသည်။ နှုတ်ခမ်းမွေးကြီး တကားကား၊ အသွေးအရောင် ဖြူဖိုင့်ဖိုင့်နှင့် အလွန် ကျက်သရေရှိလှသော ဝံသာနုကြီးပင် ဖြစ်ပါသည်။ ထို့နောက် ဆီးဖြူကုန်းမှ ကျားဘကျော် (ခေါ်) ဦးဘကျော်၊ ရေကြည်မှ နာမည်ကြီး ဦးစံဖေ၊ ဦးစံဖြိုး၊ အင်းသု ဦးညွှန့် (၎င်းဦးညွှန့်မှာ နွားထီး တစ်ဖက်၊ နွားမ တစ်ဖက်နှင့် ထင်းလှည်းတိုက်စားရရှာရင်း အလွန် ဆင်းဆင်းရဲရဲဖြင့် တစ်သက်လုံး နိုင်ငံရေးလုပ်သူ၊ ထမင်းအငတ်ခံ၍ သတင်းစာ ဝယ်ဖတ်သူ၊ ဆရာစံ သူပုန်တွင် ဓားကြပ်ဗိုလ်အဖြစ် တိုက်ပွဲဝင်ခဲ့သူ ဖြစ်ပါသည်။) စသော ဝံသာနုများက ခေါင်းဆောင် ချီတက်လာကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း တို့ဗမာ အစည်းအရုံး၏ အတိတ်ဖခင်မှာ ဝံသာနုနှင့် ဆရာစံ သူပုန်အနွယ်များ ဖြစ်ကြပြီး အနာဂတ် သားသမီးများမှာ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ တပ်မတော် စသည့် အဖွဲ့အစည်းများ ဖြစ်သည် ဟူသော သမိုင်းကောက်ချက်မှာ တကယ်ပင် မှန်ပါပေသည်။

တို့ဗမာ သခင်တရားပွဲကြီးကို ထိုနေ့ နေ့လယ် (၁၁) နာရီခန့်တွင် သာယာဝတီ စီရင်စု တို့ဗမာအစည်းအရုံး ခေါင်းဆောင်တစ်ဦးဖြစ်သူ သခင်စံခင် (လက်ပံတန်း)က အခမ်းအနားမှူးအဖြစ် စတင် ဖွင့်လှစ်ကြောင်း ကြေညာလိုက်ပါသည်။ အုန်းအုန်းကျွက်

 mgyoe.com 

ကျွက် ဖြစ်နေသော ပရိသတ်ကြီးမှာ မီးကို ရေနှင့်သတ်လိုက်သလို တိတ်ဆိတ်ငြိမ်ကျ သွားပါသည်။ ထို့နောက် ဆက်လက်၍ ဤရပ်ဤရွာများဟာ ဝံသာနု အရေးတော်ပုံကြီး အတွင်းက အလွန် ထင်ရှားကျော်ကြားခဲ့သော ဒေသကြီးဖြစ်ကြောင်း၊ ယခု တို့ဗမာ သခင်တရားပွဲကြီးဖြင့် မီးခဲပြာဖုံး ဖြစ်နေသော ဝံသာနု စိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ် များကို ဖော်ထုတ် နှိုးဆော်ပေးရမည် ဖြစ်ကြောင်း၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ ဗမာပြည်သည် တို့ပြည် ဆိုသည်များကို တို့ဗမာများအားလုံး အသည်းစွဲနေ ရမည် ဖြစ်ကြောင်း၊ ထိုပြဿနာများ အားလုံးကို ဝံသာနု လက်ဟောင်းကြီး တောသား ကြီး သခင်ထွန်းဆိုင်နှင့် ရဲရဲတောက် အာဇာနည်ခေါင်းဆောင်ကြီး သခင်ဗစိန်တို့က ကွင်းခနဲ ကွက်ခနဲနေအောင် ဟောချကြလိမ့်မည် ဖြစ်ကြောင်းဖြင့် နိဒါန်းပျိုးကာ တရား ပွဲကြီးကို ဖွင့်လှစ်လိုက်ပါသည်။ လက်ခုပ်သံများ တဖြောင်းဖြောင်း မြည်ဟည်းသွားပါ သည်။ ၎င်းနောက် အခမ်းအနားမှူး သခင်စံခင်က–

"တောသားကြီး သခင်ထွန်းဆိုင်က တို့ဗမာ အပေါင်းတို့၏ ဘေးဘယာ ဝေးကွာ စေကြောင်း ရန်သူအောင်ကြောင်း ဂါထာမန္တန်ကြီး ဖြစ်သော တို့ဗမာ သီချင်းကို သီဆို ဖွင့်လှစ်ပါလိမ့်မည်"

ဟု ကြေညာလိုက်ပြန်လေသည်။

နိုင်ငံရေး ပရိသတ်ကြီးမှာ တို့ဗမာ သီချင်းကြီး ဆိုသည်ကို ပထမဆုံး ကြားရ တော့မည်ဖြစ်၍ လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။ သံဃာစင်ပေါ်ရှိ ဆရာတော်ကြီး ဦး ပုညာစာရနှင့် သံဃာများသည်လည်း တင်ပျဉ်ခွေကို ပြင်ထိုင်လာကြကာ စိတ်စူးစိုက် ကြွရွလာကြပုံ ရှိလာလေသည်။

ထို့နောက် တောသားကြီး သခင်ထွန်းဆိုင်သည် တို့ဗမာ ပင်နီခေါင်းပေါင်း၊ တို့ဗမာ ပင်နီရင်ဖုံးအင်္ကျီ၊ အနည်းငယ် လတ်ပုံရသေးသော ပိုးကျားကွက် လုံချည်ဖြင့် ထလာလေ သည်။ ပရိသတ်ကြီး၏ ဝဲ၊ ယာသို့ ဟိုဘက် သည်ဘက် စောင်းငဲ့ ကြည့်ရှုပြီးနောက် ညာဘက်လက်ကို ဆန့်တန်း ဝဲယူလိုက်သည်နှင့် တစ်ပြိုင်နက်–

"တကောင်း အဘိရာဇာ × × × တို့ဗမာ သာကီမျိုးဟာမို့ × × × မညှိုးဂုဏ် တေဇာ ..."

ဟူသော အသံမှာ ဆွဲငင် မြင့်တက်လာပြီးနောက်–

"ယိုးဒယားနှင့် ကုလားတို့ပါ တိုက်ခိုက်ကာ အောင်ခဲ့တာ တို့ဗမာ × × ×"

ဟု အသံမှာ တင်းမာလာပြီးနောက်–

mgyoe.com

"စိန်မှန်ကင်းအစစ် အဖြစ်ကြီးဖြစ်ရဲ့ × × × ထင်းတစ်လှည့် ကြုံရ ထုံးနှင့်မသွေ လောကဓမ္မတာပေ × × × ငါတို့ကံခေ ဖြစ်ရပြန်ပလေ × × × "

ဟု အသံမှာ ဆုတ်နစ်ပြန်ကျလာပြန်ပါသည်။ ထိုမှတစ်ဖန်–

"သို့သော် အရင်းကိုစစ်လျှင် ဗမာပြည် × × × ငါတို့ ငါတို့ပြည်"

ဟူ၍ တက်တက်ကြွကြွ ကျူးရင့်ခိုင်မာစွာ အဆိုပြုလိုက်ပြန်လေသည်။

တောသားကြီး သခင်ထွန်းဆိုင်၏ အသံနှင့် ဟန်မာန်တို့မှာ အလွန် စွဲငြိကိုက်ညီပြီး နိုင်ငံရေး တောပရိသတ်ကြီး တစ်ခုလုံးအား သူ၏အသံထဲ၊ မာန်ထဲတွင် ချုပ်နှောင်ထားလိုက်ပြီး ဖြစ်ပေသည်။ အမှတ်တရပင် ခံစားလိုက်ရသည်မှာလည်း ကျွန်တော့်မှာ ကြက်သီးမွေးညင်းများ ထလာကာ ပင့်သက်ရှူရန်ပင် မေ့လျော့နေသလို ဖြစ်ရသည်။ မျက်စိထဲတွင် ထီးပုံနန်းပုံကြီးများ ပေါ်လာကာ မြန်မာ့ သံခမောက်ဆောင်း စစ်သည်တော်များ ယိုးဒယားသို့ ချီတက်နေလေဟန် စသည် စိတ်၏ အဆန်းတကြယ် ထွေလာဖန်တီးမှုများသည် သောတအာရုံနှင့်အတူ ထူးထူးဆန်းဆန်းတွေ ဖြစ်ပေါ်နေပေသည်။ (၁၈) နှစ်၊ (၁၉) နှစ်သားအရွယ် ခံစားလိုက်ရသော ကျွန်တော်၏ ဤစွဲငြိချက်ကို တစ်သက်တာ မေ့နိုင်တော့မည် မထင်ပါ။

တရားနာပရိသတ်ကြီး တစ်ခုလုံးသည် တောသားကြီး သခင်ထွန်းဆိုင်၏ တို့ဗမာ သီချင်းအသွား၊ အသား၊ အသံ၊ ဟန်တို့၏ အချီအချ အတက်အကျ အနိမ့်အမြင့်နောက်သို့ တန်းတန်းပါ စွဲငြိလိုက်ပါရသည်ကို အားလုံးသော မျက်လုံးများ၊ မျက်နှာထားများနှင့် ပါးစပ်များက သက်သေခံနေကြပေသည်။ အတက်ကြွဆုံး အပိုင်းမှာ သံပြိုင် သီဆိုခန်း ဖြစ်သော–

"ကမ္ဘာမကြေ × × × ဗမာတွေ × × × ဒါတို့ပြည် ဒါတို့မြေ ဒါ ငါတို့ပြည် × × × "

ဟူသော သီဆိုသံကြီးပင် ဖြစ်ပေသည်။

သံပြိုင်ဆိုသော်လည်း သခင်ထွန်းဆိုင် တစ်ဦးတည်းသာ သံဟုန်မာန်ဟုန်ပြင်းပြင်းဖြင့် လက်သီးလက်မောင်းတန်းကာ သီဆိုသွားခြင်း ဖြစ်ပေသည်။ တို့ဗမာအစည်းအရုံးကြီး၏ လှုပ်ရှားထကြွမှု တစ်လျှောက်လုံးတွင် တောသားကြီး သခင်ထွန်းဆိုင်ကား တို့ဗမာသီချင်း အဆိုကျော်ကြီးအဖြစ် နောင်တွင် ထင်ရှားသည်ထက် ထင်ရှားလာသော ပုဂ္ဂိုလ်ကြီး ဖြစ်ခဲ့ပေသည်။

သီချင်းဆုံးသည်နှင့် တစ်ပြိုင်နက် ပရိသတ်ကြီး၏ လက်ခုပ်သြဘာသံများမှာ

mgyee.com

တဖြောင်းဖြောင်း မြည်ဟည်း ဟိန်းညံသွားပေတော့သည်။ တောပရိသတ်ကြီး ဖြစ်နေ၍ လေချွန်သံ၊ လက်ခေါက်မှုတ်သံများ ရောနှော ပါဝင်လာခြင်းသည်လည်း တစ်နည်းအားဖြင့်တော့ သဘာဝကျသည်ဟု ဆိုရမည် ဖြစ်ပေသည်။

ထို့နောက် သခင်ထွန်းဆိုင်သည် တို့ဗမာ သီချင်း၏ အနက်အဓိပ္ပာယ်များကိုပင် သာယာနာပျော်ဖွယ်၊ စိတ်မာန်ထကြွဖွယ်၊ မှတ်သားနာယူဖွယ်ကောင်းအောင် စီကာ ပတ်ကုံး ရှုငြီးမဆုံး ပြောဟောသွားလိုက်သည်မှာလည်း လက်ဖျားခါလောက်ပါပေသည်။ အလွမ်းအသော ပုံတိုပတ်စများ ဝေဝေဆာဆာ အာဝဇ္ဇန်းရွှင်ရွှင်နှင့် ကရားမှ ရေတသွင် သွင် လွှတ်သလို ပြောဟောသွားလိုက်သည်မှာ ပရိသတ်များ တသောသော ဖြစ်နေကြ ပေသည်။ သခင်ထွန်းဆိုင်၏ ဟောပြောချက်များသည် ထိုကာလ ထိုခေတ်၏ နိုင်ငံရေး အခြေအနေအရ အချက်အလက် အနှစ်သာရများထက် ပရိသတ်ကြိုက် အာဝဇ္ဇန်းလွှမ်းမိုးရေး၊ နှိုးဆော်ရေးက အရေးကြီးလေရာ အလွန်ပင် ခေတ်နှင့်ကိုက်ညီနေပေသည်။ ထို့ကြောင့်လည်း သခင်ထွန်းဆိုင်ကြီးသည် ပရိသတ်အသည်းစွဲ ဖြစ်လာလေတော့သည်။

၎င်းနောက် ပရိသတ်များအားလုံး အလွန်အမင်း တောင့်တနေသော ဇာတ်ဆောင်မင်းသားကြီး ရဲရဲတောက် သခင်ဗစိန် အလှည့်သို့ ရောက်လာလေတော့သည်။ ကျွန်တော့်အဖို့ သခင်ဗစိန် ဆိုသူကို ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်းပင် ဖြစ်ပါသည်။ အဝတ်အစားမှာ ပင်နီအင်္ကျီ၊ ပင်နီရင်ဖုံး၊ ပုဆိုးကွက်တုံးဆင်နှင့် ဘာမှ ထူးခြားမှုမရှိပေ။ ထူးခြားသည်မှာ ၎င်း၏ ထိမထင်သော မျက်နှာထားမျိုးနှင့် ကြွထောင်နေသော ဆံပင်ပင် ဖြစ်ပေသည်။ သူသည် တရားဟောနေရာသို့ ထလာပြီးနောက် ရှေ့တွင် ပြောင်ပြောင် ထိုင်ရေးနေကြသော လက်ရေးတို ပုလိပ်စုံထောက်အဖွဲ့အား–

"ခင်ဗျားတို့နဲ့ ကျုပ်တို့နဲ့ နှစ်ပါးသွားရပြန်ပေါ့ဗျာ"

ဟု ရယ်သွမ်းသွေး ပြောလိုက်ပါသည်။ ပရိသတ်မှာ အံ့အားသင့်သလို ဖြစ်သွားပြီး ပြုံးချလိုက်ကြပြန်ပါသည်။

သခင်ဗစိန်သည် လက်နှစ်ဖက်ကို ဂိုက်ဟန်ကျကျ ခါးထောက်လျက် ပရိသတ်ဝဲ၊ ယာကို တည်ငြိမ်သော မျက်နှာထားဖြင့်ကြည့်ကာ 'ကြွရောက်လာကြတဲ့ ဆရာတော်သံဃာတော်များနဲ့ တို့ဗမာ သခင်၊ သခင်မအပေါင်းတို့ ခင်ဗျား' ဟု နှုတ်ဆက်လိုက်ပြီး လျှင် ဗမာပြည်၏ပိုင်ရှင် အရှင်သခင် အစစ်တွေဟာ တို့ဗမာ တိုင်းရင်းသားတွေသာ ဖြစ်ကြောင်း၊ ဒါကြောင့် တို့ဗမာတိုင်း တို့ဗမာတိုင်းဟာ တိုင်းပြည်ရဲ့ သခင်၊ သခင်မ အစစ်တွေ ဖြစ်ကြောင်း၊ ဒါကြောင့် တို့ဗမာအစည်းအရုံးကြီးရဲ့ ကြွေးကြော်သံ ဗမာပြည်

mgyoe.com

သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား ဖြစ်ကြောင်း စသည်ဖြင့် တို့ဗမာများသာ သခင်အစစ် ဖြစ်ကြောင်း ပြောဟောသွားလိုက်သည်မှာ ပရိသတ်များ၏ မျက်နှာအများမှာ တစ်ခဲနက် တင်းမာ ခက်ထန်လာကြဟန် ရှိပေသည်။

သခင်ဗစိန်မှာ ဟောရင်း ဟောရင်းဖြင့် ဒေါ်ပွခက်ထန်လာရာ သူ၏ ဆံပင်များ သည်လည်း ထိပ်အလယ်မှ တည့်တည့်မတ်မတ် ထောင်၍ ထောင်၍ ထကြွလာကြလေ တော့သည်။ သူ၏ ဟောပြောချက် အကောင်းဆုံး၊ အစွဲငြိဆုံး အပိုင်းမှာ တို့ဗမာတွေ နိုင်ငံရေးကျွန် ဖြစ်ခဲ့ရ၍ စီးပွားရေးကျွန်၊ လူမှုရေးကျွန်၊ စစ်ရေးကျွန်၊ ဘာသာရေးကျွန်၊ သာသနာရေးကျွန် စတဲ့ ကျွန်တကာ့ကျွန် ဖြစ်နေရပုံတွေကို ထက်ထက်မြက်မြက် အပိုင်း အဆစ်ကျကျ ဟောပြောသွားလိုက်သည်မှာ၊ နာကြည်းဖွယ်ကောင်းလှသည့် ကျွန်ဇာတ်ထုပ် ကြီးမှာ အပဟုတ်ပင် သရုပ်ပေါ်လာပေတော့သည်။

အထူးအားဖြင့် အင်္ဂလိပ်နယ်ချဲ့အစိုးရ၊ အင်္ဂလိပ်အရင်းရှင်ကြီးများ၊ ဘဏ်ကြီး ရှင်ကြီးများ၊ ချစ်တီး အတိုးကြီးစားများ၊ မြေရှင်များ၊ ဗြူရိုကရေစီ အရာရှိဆိုးများ စသည် ဖြင့် ဝန်ထုပ်ဝန်ပိုးကြီးများကို တစ်ဆင့်ပြီးတစ်ဆင့် စီချပြလာပြီးမှ အောက်ဆုံးအထပ် တွင်မှ ပြားကပ်ကြေမွနေသော တောင်သူလယ်သမားများဘဝကို အတုံးလိုက် အတစ် လိုက် သရုပ်ဖော်သွားရာ ကြားနာနေရသော တောင်သူလယ်သမားကြီးများမှာ တကယ် ပင် ဟီးချ၍ ဟင်ခနဲ ဟယ်ခနဲ ဖြစ်ကုန်ကြတော့သည်။

သခင်ဗစိန်သည် ပရိသတ် ထိမည့်၊ မိမည့် အချက်များကို တင်ပြတိုင်း စကား သုံးပုံ၊ အသံနှင့် မာန်တို့မှာ တွဲ၍ပါနေချေသည်။ ထို့ကြောင့်လည်း ပရိသတ်အပေါ် ကျရောက်ချက်မှာ ပြင်းထန် ဇာတ်နာနေပေသည်။ တင်ပြချက် ကောင်းသော်လည်း စကားလုံး တခြား၊ အသံ တလွဲ၊ ဟန်တစ်ဖုံနှင့် ဘက်စုံ စုံထွက်မလာလျှင် ဘယ်နှယ်မှ ဇာတ်မနာနိုင်ချေ။ သခင်ဗစိန် တရားဟောပုံမှာ တမင်တကာ ဟန်လုပ်၍ ဟောရသော တရားမျိုး မဟုတ်၍ သဘာဝကျကျ ထိငြိခြင်း ဖြစ်ပေသည်။

သခင်ဗစိန်သည် နိဂုံးချုပ် အပိုင်းတွင် အင်္ဂလိပ်အစိုးရ၏ စိုးမိုးမှုကို တွန်းလှန် ရာ၌ လာမယ့်ဘေး ပြေးတွေ့ ဟူသော မကြောက်တရားများကို မောက်မောက်မာမာ ကြီးပင် ဟောချသွားပေသည်။ ယခု တရားပွဲ ပြီးလျှင် အဖမ်းခံရတော့မည်ကဲ့သို့ သူ့ အပေါ်တွင် ပရိသတ်များ စိုးရိမ်သနားသွားကြကုန်သည်။ တို့ဗမာ သခင်၊ သခင်မတွေသာ ညီညွတ်ကြ၊ စည်းလုံးကြ။ အချိန်တန်လျှင် နပိန်ကန် (နွားပိန်ကန်) ဆိုသလို လူမတတ် ပေမဲ့ လက်ဖက်ထုပ်တတ်လာလိမ့်မည် ဖြစ်ကြောင်းနှင့် စောင်းပါးရိပ်ခြည် တအားကုန်

လှူဆော်ပေးသည့် လေပွေမျိုးဖြင့် နိဂုံးချုပ်လိုက်လေသည်။ နားထောင်နေသော ပရိသတ်ကြီးသည်လည်း သဲသဲလှုပ်သွားလေတော့သည်။

ထို့နောက် အခမ်းအနားမှူး သခင်စံခင်က တို့ဗမာတိုင်း၊ တို့ဗမာတိုင်း တို့ဗမာအစည်းအရုံးဝင် သခင်များ ဖြစ်ကြဖို့ ရပ်တိုင်းရွာတိုင်း တို့ဗမာ အစည်းအရုံး ထောင်ကြဖို့ တိုက်တွန်း နှိုးဆော်ရင်း တရားပွဲကြီး ပြီးဆုံးကြောင်း ကြေညာလေတော့သည်။

ကျွန်တော်တို့ရွာမှ တရားပွဲ ဒါယကာကြီး ဆရာစံသည် လူကြားထဲမှ ဖြတ်သန်းပြေးလွှားကာ ကျွန်တော့်အား သခင်ဗစိန်တို့ရှိရာသို့ အတင်းပင် လာရောက် ဆွဲခေါ်သွားလေသည်။

"ရှေးတုန်းက ဒီရွာက ခေါင်းဆောင်ကြီး ဦး ( ... ) ၏သား အင်္ဂလိပ်ကျောင်းသားတက်လူကလေး ဖြစ်ပါတယ်"

ဟု ပြောပြောဆိုဆို ကျွန်တော့်အား ခေါင်းဆောင်ကြီးများနှင့် မိတ်ဆက်ပေးလိုက်လေသည်။

သခင်ဗစိန်သည် ကျွန်တော့်အား ပြုံးကြည့်ပြီး "ဖအေ့ခြေရာနင်းပေါ့ကွာ" ဟု တိုတိုပြတ်ပြတ်ပင် နှုတ်ဆက်လိုက်ပါသည်။

သခင်ထွန်းဆိုင်ကမူ "တို့ကိုယ်ကျိုး လုံးလုံး မပါ၊ နောင်လာနောက်သား ကောင်းစားဖို့ရာ ဆိုတဲ့ သီချင်းအရ တို့ ကြိုးစားလေသမျှ မင်းတို့လူငယ်တွေအတွက်ပါကွာ" ဟု ညည်းညည်းညူညူ ဖျောင်းဖျ အားပေးရင်း မိတ်ဆက်စကား ပြောခဲ့လေသည်။

တရားပွဲကြီးအပြီး ခေတ္တနားနေပြီးနောက် ညနေ (၅) နာရီခန့်တွင် ဆရာစံတို့လူစုသည် လှည်းယဉ်နှစ်စီးဖြင့် သခင်ခေါင်းဆောင်ကြီးများအား လက်ပံတန်းမြို့သို့ ပြန်ရန် ဆီးဖြူကုန်းဘူတာသို့ မောင်းနှင်ပေးပို့လေသည်။ ကျွန်တော်တို့ ရွာသားများသည် လှည်းလမ်းထိပ်မှ ရပ်၍ စည်စည်ကားကား နှုတ်ဆက် လိုက်ပို့ကြပါသည်။ လှည်းယဉ်နှစ်စီးသည် ဖုန်တထောင်းထောင်းများ အကြား နွားလည်ဆွဲချူသံ တညံညံဖြင့် တဖြည်းဖြည်း ကွယ်ပျောက်သွားပါသည်။ လှည်းယဉ်များ ပျောက်သွားသည့်တိုင်အောင် ချူသံများကား သဲ့သဲ့ ကြားနေရပေသေးသည်။ ကျွန်တော့်နားအတွင်း ချူသံကလေးများသာသာယာယာ ကြားနေရတိုင်း တောသားကြီး သခင်ထွန်းဆိုင်၏ တို့ဗမာသီချင်းသီဆိုသည့် မာန်ပါပါ အသံများကိုပါ ကြားယောင် ကျန်ရစ်နေပါတော့သည်။

ထို သခင်တရားပွဲကြီးနှင့် တို့ဗမာ သီချင်းသံကို ကျွန်တော့်အတွက် ပထမဆုံး စူးစူးစိုက်စိုက် ကြားနာလိုက်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း အသည်းထဲတွင်

mgyoe.com

စွဲရစ် ကျန်ခဲ့ပါသည်။ လွန်ခဲ့သော (၃၃) နှစ်က အဖြစ်အပျက်ပင် ဖြစ်ငြားသော်လည်း ရှုးစိုက်စွဲလမ်းမှု အာရုံကြောင့် အခါအခွင့်ဆိုက်တိုင်း ကွက်ကွက်ကွင်းကွင်း ထင်ယောင်ကြားယောင် ဖြစ်လေ့ရှိပါသည်။ မသိမသာ ဖြစ်နေသော တိုင်းပြည်ချစ်စိတ် မျိုးချစ်စိတ်တို့ကိုလည်း သိသိသာသာကြီး နှိုးဆွခံရဘိသကဲ့သို့ ခံစားမိခဲ့ပါသည်။ သို့သော်လည်း ခေါင်းဆောင်ကြီး သခင်ဗစိန်တို့ကဲ့သို့ ပစ်ပစ်ခတ်ခတ် စွန့်စွန့်စားစား သခင်လုပ်လိုက်မည် ဟူ၍ကား စိတ်ထဲတွင် ရဲရဲမပေါ်ခဲ့ပါ။ အသက် (၁၈) နှစ်ကျော် ကျောင်းသားဘဝတွင်လည်း ရှိနေသည့်အပြင် တစ်ဖက်တွင်လည်း ဆင်းရဲနေသော လယ်သူအိုမ မုဆိုးမကြီး၏ တစ်ဦးတည်းသော သားအဖြစ် တာဝန်ရှိနေပေသေးသည် ဟူသော အတွေးက ဆွဲထားနေပေသေးသည်။

ယခု ဤအမှာစကား ရေးသားရာ၌ ရဲရဲတောက် သခင်ဗစိန်၏ တရားပွဲကြီးကို ထည့်သွင်း မှတ်တမ်းတင်ရခြင်းမှာ အကြောင်း (၂) ရပ် ရှိပေသည်။ ပထမအကြောင်းမှာ လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်က သခင်ခေါင်းဆောင်များ ဆင်းဆင်းရဲရဲ ကျပ်ကျပ်တည်းတည်းဖြင့် တရားပွဲ လုပ်ကြရပုံကို နောင်လာနောက်သားများ သရုပ်ပါပါ သိရှိကြစေရန်နှင့် ဒုတိယအကြောင်းမှာ ကျွန်တော့်အတွက် သခင်ပေါက်စလောင်းတစ်ယောက် ဖြစ်လာရန် ပထမဆုံး ဆွဲရစ် နှိုးဆော်ခြင်းခံရသော သခင်တရားပွဲကြီးကို ဤစာအုပ်တွင် အမှတ်တရ မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

ကျွန်တော်၏ တစ်သက်တွင် ဘယ်တော့မျှ မေ့လို့မရသော သခင်တရားပွဲကြီး (၂) ပွဲကို ကြားနာခဲ့ရဖူးပါသည်။ အခြား တစ်ပွဲမှာ ကျွန်တော်သည် ၁၉၃၆ ခု၊ ကျောင်းသားသပိတ်ကြီးပြီးနောက် ၁၉၃၇ ခုနှစ်တွင် သခင်ပေါက်စ ဖြစ်လာပါသည်။ ထို့နောက် ၁၉၃၈ ခု၊ နွေဦးပေါက်တွင် စစ်ကိုင်းမြို့၌ ကျင်းပသော သာယာဝတီ စီရင်စုလုံးဆိုင်ရာ တောင်သူလယ်သမား ညီလာခံကြီးသို့ ရောဝတီမြစ်ရိုးဘက်မှ လယ်သမားတပ်ကြီး တစ်တပ်ကို တာဝန်အရ ဦးစီး၍ ချီတက်ခဲ့ရပါသည်။ ၎င်းညီလာခံကြီးတွင် ညပိုင်း၌ ဌာနချုပ် သခင်ခေါင်းဆောင်များ၏ တရားပွဲကို နာကြားရပါသည်။ ထိုတရားပွဲတွင် သခင်နု (ယခု ဝန်ကြီးချုပ်ဟောင်း ဦးနု) ၏ တရားကို နာရသည်မှာ ယခုတိုင် ကျွန်တော် မမေ့နိုင် ဖြစ်ရပါသည်။

၎င်း၏ ဟောပြောချက်တွင် အင်္ဂလိပ် အရင်းရှင်ကြီးများ၏ သွေးစုပ်ချက်ကြောင့် မြန်မာပြည်သူ တောင်သူလယ်သမား ဆင်းရဲသားတို့ မွဲပြာကျရပုံကို နင်နင်နာနာကြီး ဟောပြောသွားခြင်းပင် ဖြစ်ပါသည်။ သူ့တရားကို စွဲရစ်ရသည်မှာ သခင်ဗစိန်ကဲ့သို့

mgyee.com

သူ၏အသံ၊ ဟန်နှင့် မာန်တို့ကြောင့် မဟုတ်ပါ။ သရုပ်နှင့်သကန်၊ ဥပမာနှင့် ဥပမေယျတို့ အလွန်အမင်း ဟပ်မိစပ်မိသွားသောကြောင့် ဖြစ်ပါသည်။

မြန်မာပြည် ဆင်းရဲသားနင်းပြားတို့ ခံစားနေရပုံမှာ ရှေးအခါက ရေရှားလွန်းသော သဲကန္တာရသဖွယ် ဒေသကြီးတစ်ခုတွင် ဘီလူးကြီး (၄) ကောင်တို့၏ နှိပ်စက်မှုကို ပြင်းပြစွာ ခံစားနေရသော ရွာသူရွာသားများနှင့် အလွန်တူလှကြောင်း ပုံဟပ်၍ ဟောပြောသွားခြင်းပင် ဖြစ်ပါသည်။ သဲကန္တာရလို ဒေသကြီးအတွင်း အဆိုပါ ရွာသားများမှာ ရေငတ်ဘေးကြီးနှင့် ကြီးစွာ ရင်ဆိုင် ဒုက္ခရောက်နေရကြောင်း၊ ထိုအခါတွင် ဘီလူးကြီး (၄) ကောင်သည် နတ်ကောင်းနတ်မြတ်များ အယောင်ဆောင်ကာ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်ကြီးတစ်ခုကို အသက်၊ သွေး၊ ချွေးများနှင့် စတေးပြီး တူးဖော်ကြမှ ဤဒုက္ခမျိုးကြီးမှ ထာဝစဉ်အေးမည်ဖြစ်ကြောင်း၊ ထိုသို့ တူးဖော်ရာ၌ နစ်နာစွန့်စားရသည်များအတွက် စိတ်မတွန့်သင့်ကြောင်း၊ ယနေ့ ရပ်သူရွာသားများ အားလုံးနှင့်တကွ သားစဉ်မြေးဆက် ခံစား စံစားကြရမည် ဖြစ်ကြောင်း၊ နတ်များအနေဖြင့်လည်း ကူညီမည်ဖြစ်ကြောင်း စသည်ဖြင့် အယောင်ဆောင် နတ်ကြီးများက ဖြားယောင်း လှုံ့ဆော်ကြကြောင်း၊ ထိုအခါ ရွာသားများသည် အလွန် စိတ်အားထက်သန်လာကြပြီး နေ့၊ ညမစဲ အစွမ်းကုန် အားထုတ် တူးဖော်ကြကြောင်း၊ အင်မတန် ပင်ပန်းကြရကာ အချို့မှာ ရောဂါရ သေကျေပျက်စီးခံရကြောင်း၊ သို့သော် နောက်ဆုံးတစ်နေ့တွင် ရွာသားအပေါင်းတို့၏ မလျှော့သော စွမ်းရည်နှင့် လုပ်အားကြီးကြောင့် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရတနာရေကန်ကြီးသည် ဖြစ်ပေါ်လာရကြောင်း။

ဤသို့ တစ်နေ့သော နံနက်တွင် ရေကန်ဖွင့်ပွဲကြီး ပြုလုပ်ကြပြီး ညပိုင်း လသာသာတွင် ရွာသားအပေါင်းတို့က ရေခပ်ဆင်းပွဲကြီး နွှဲမည်ပြုကြကြောင်း၊ ထိုအခါ ရွာသားတို့မှာ ကြီးစွာသော ညှဉ်းဆဲမှုကြီးဖြင့် ရင်ဆိုင်ကြရတော့ကြောင်း၊ ညှဉ်းဆဲခံရပုံမှာ ဘီလူးကြီး (၄) ကောင်သည် အလွန် ကြီးမားသော တင်းပုတ်ကြီး (၄) ခုကို ထမ်းဆောင်ကာ တံခါးပေါက်ကြီး (၄) ပေါက်မှ ကိုယ်ယောင်ဖျောက်၍ ရပ်နေတော့ကြောင်း၊ ရွာသားများက ရေအိုးရေခွက် ကိုယ်စီဖြင့် ဝမ်းသာအားရ ပထမ တံခါးဝကြီး အတွင်းသို့ ဝင်လာမည်ပြုကြရာ ပထမ ဘီလူးကြီးက ကြီးမားသော တင်းပုတ်ကြီးဖြင့် လာသမျှ ရွာသားများ၏ ဦးခေါင်းကို ရှစ်စိတ်ကွဲအောင် ရိုက်နှက် ဖြိုခွဲပစ်လိုက်ကြောင်း၊ ထိုအခါ ရွာသားများက ပထမ တံခါးဝတွင် မကောင်းဆိုးဝါးများ နှောင့်ယှက်ဖျက်ဆီးနေပြီ ဖြစ်ကြောင်း၊ ဒုတိယ တံခါးဝမှ ဝင်ကြရမည်ဟော့ဟု ညာသံပေး၍ ဝင်ကြပြန်ကြောင်း၊ ထိုအခါ ဒုတိယ

mgyoe.com

ဘီလူးကြီးက ကြီးမားသော တင်းပုတ်ကြီးဖြင့် လာသမျှ ရွာသားများ၏ ခေါင်းကို ဆယ်စိတ်ကွဲအောင် ဖြိုခွဲလိုက်ပြန်ကြောင်း။

တစ်ဖန် တတိယ တံခါးကို ရွာသားများသည် လွှားရားရားထွက်၍ ပြေးဝင်ကြပြန်ကြောင်း၊ ထိုအခါ တတိယ ဘီလူးကြီးသည် ဒူးကြီး နှစ်ချောင်းကို အသာကားတဲ့ပြီး တအားကုန် ပြားသွားအောင် ရိုက်နှက် ထုခွဲလိုက်ပြန်ကြောင်း၊ သို့ဖြင့် ရပ်တည်ရာမရဖြစ်ကာ ရွာသားများသည် စတုတ္ထ တံခါးဝသို့ အလျားထိုး၍ ဝင်တိုးကြပြန်ကြောင်း၊ ထိုအခါကျမှ စတုတ္ထ ဘီလူးကြီးသည် ပြူးပြဲသော မျက်လုံးကြီးအစုံကို တအားဖွင့်ထုတ်၍ အကြီးဆုံး တင်းပုတ်ဖြင့် ဖြိုခွဲလိုက်ပြန်ကြောင်း။

ကျွန်တော်တို့သည် သူ့တရားကို နာနေရင်း ဝင်းဝင်းထိန်ထိန် လသာနေသည့် ညကလည်း ဖြစ်ပြန်၊ ညီလာခံ တရားပွဲ မဏ္ဍပ်ကြီးမှာ ကုသိနာရုံ သရက်တောကြီးအတွင်းတွင်လည်း ဖြစ်ပြန်၊ တောစပ်မှ ဘုတ်, လင်းဝက်, ဘီလူး စသော ညဉ့်ငှက်တို့၏ တစ်ခါတစ်ခါ ကျူးရင့် အော်ဟစ်သံများကိုလည်း ကြားနေရပြန်၊ ဤသို့သော ပတ်ဝန်းကျင် အခြေအနေတွင် သခင်နုသည် ခပ်မှိန်မှိန် လင်းနေသော အောက်လင်းဓာတ်မီးအောက်၌ တင်းပုတ်ရိုက် ခံနေရသော ရွာသား၏ မျက်နှာထားမျိုးဖြင့် ဟောပြော သရုပ်ဆောင်နေရကား ရွာသားများ၊ ရေကန်ကြီးနှင့် တင်းပုတ်ကြီးကိုင် ဘီလူးကြီး (၄) ကောင်၏ ရုပ်လုံးများသည် ကျွန်တော်တို့၏ စိတ်အာရုံတွင် အထင်းသား မြင်ယောင်လာရလေတော့သည်။ တံခါးပေါက်ကြီး တစ်ခု တစ်ခုမှ ဘီလူးကြီး တစ်ကောင် တစ်ကောင်က ဆီးကြို ထုခွဲလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့ မျက်လုံးထဲတွင် ရွာသားများ၏ ဦးခေါင်းခွံများ အစိတစိတကွဲ သွေးသံရဲရဲဖြင့် မရှုရက်နိုင်အောင် တွေးထင်ခံစားလာရပါတော့သည်။

ထို့နောက် သခင်နုသည် သူ၏ ဥပမာတို့၊ ဥပမေယျတို့နှင့် ဟပ်ပါတော့သည်။ မြန်မာနိုင်ငံသည် မြန်မာပြည်သား ဘေးစဉ် ဘောင်ဆက် တိုင်းရင်းသား လူအများက တူးဖော် တည်ဆောက်ခဲ့သော ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်ကြီးနှင့် တူပါကြောင်း၊ ထိုရေကန်ကြီးအတွင်း ကြာပန်းစုံ အပေါင်းနှင့်တူသည့် သစ်တောပေါင်းစုံ, ရေနံပေါင်းစုံ, သတ္တုပေါင်းစုံ, ကောက်ပဲသီးနှံ ပေါင်းစုံတို့ဖြင့် ပြည့်နှက်ကြွယ်ဝနေပါကြောင်း၊ နောင်လာနောက်သား ယနေ့ မြန်မာပြည်သူ ရပ်သူရွာသားများသည် မိမိတို့ ဘိုးဘွားမိဘ၏ လုပ်အား၊ မိမိတို့၏ လုပ်အားဖြင့် တူးဖော်ထားသော ရေကန်အတွင်းရှိ ရတနာပစ္စည်းအဝဝကို ခပ်ယူစားသုံးမည်ကြံတိုင်း နယ်ချဲ့အရင်းရှင် ဘီလူးကြီးများ၏

m.gyoe.com

သွေးစုပ် တင်းပုတ်ကြီးဖြင့် ထုခွဲရိုက်နှက်နေသည်ကို ခံစားနေရကြောင်း။

သစ်တော တံခါးပေါက်က ဝင်မည်ကြံလျှင် ဘုံဆောဘားမား ဘီလူးကြီး၏ ရှစ်စိတ်ကွဲ ထုခွဲခြင်းကို ခံရကြောင်း၊ တစ်ဖန် ရေနံ တံခါးပေါက်က ဝင်ရောက်မည်ကြံပါလျှင် ဘီအိုစီ ဘီလူးကြီး၏ဒဏ်ကို အပြင်းအထန် ခံရပြန်ကြောင်း၊ ကောက်ပဲသီးနှံ တံခါးပေါက်က ဝင်မည်ကြံပါလျှင် စတီးဘရားသား ဘီလူးကြီး၏ ဆယ်စိတ်ကွဲ ထုခွဲဒဏ်ကို မရှုမလှခံရပြန်ကြောင်း၊ သို့ဖြင့် သတ္တုများရှိရာ တံခါးပေါက်က ဝင်ပြန်လျှင် ဘားမားမိုင်း ဘီလူးကြီးက ဒူးကြီးဖြဲကာ သံမဏိ တင်းပုတ်ကြီးဖြင့် ခေါင်းပြုတ်အောင် ထုလိုက်ပြန်ကြောင်း၊ ဤသို့ဖြင့် လက်ဝါးကြီးအုပ် အရင်းရှင်ကုမ္ပဏီကြီး (၄) ခု၊ ဘီလူးကြီး (၄) ကောင်သည် မြန်မာ့ရတနာ ရေကန်ကြီးကို သွေးစုပ်တင်းပုတ်ကြီးများကိုင်ကာ ခွတုတ်စားနေကြကြောင်း၊ မြန်မာပြည်သား ဆင်းရဲသားတို့မှာ အသက်သွေးများ စတေးကာ လုပ်အားပေးကြရလျက်ပင် ကပ်ကျန်မွဲတေ ဖွတ်ဘိုးအေများအဖြစ် ဒုက္ခပင်လယ် ဝေနေရကြောင်း။

ထို့ကြောင့် တို့ဗမာအစည်းအရုံးကြီးက ခေါင်းဆောင်တဲ့ ဘီလူးကြီး (၄) ကောင် သတ်ပွဲ၌ တို့ဗမာ အလုပ်သမားတွေ, လယ်သမားတွေ, ဆင်းရဲသား နှင်းပြားတွေ အားလုံး သွေးစည်းညီညွတ်ကြရမည် ဖြစ်ကြောင်း၊ ဒီဘီလူးတွေကို မသုတ်သင် မရှင်းလင်းနိုင်ဘဲလျက် မြန်မာ့ရေကန်အတွင်းက မြန်မာတို့ ရတနာတွေကို မြန်မာတို့ ဘယ်နည်းနဲ့မှ သုံးစွဲခွင့်ရမည် မဟုတ်ကြောင်း၊ ဒါကြောင့် ဒီ ဘီလူးကြီး (၄) ကောင် သတ်ပွဲ တို့တစ်တွေ အမြန်ဆုံး ဆင်နွှဲကြပါစို့လို့ တိုက်တွန်း နှိုးဆော်လိုက်ပါသည်ဟု နိဂုံးချုပ်သွားပါသည်။

ပရိသတ်ကြီး တစ်ခုလုံး၏ လက်ခုပ်သြဘာသံများသည် တိတ်ဆိတ်နေသော ညဥ့်ကို တစ်ခဲနက် ဖြိုခွင်း မြည်ဟည်းသွားစေပါတော့သည်။ သရက်တောအုပ်ကြီး အတွင်းမှ ညဥ့်ငှက်များလည်း ဖြန်းဖြန်းထ၍ ပျံသန်းလေကုန်တော့သည်။ ကျွန်တော်တို့ တောင်သူလယ်သမားကြီးများ၏ အသည်းတွင် ဘီလူးကြီး (၄) ကောင် သတ်ပွဲမှာ စွဲကျန်ရစ်နေလေတော့သည်။

ဗမာပြည်တွင် အရင်းရှင် နယ်ချဲ့တို့၏ စီးပွားရေးအခြေခံ စခန်းကြီးများကို မဖျက်သိမ်း၊ မသုတ်သင်နိုင်သမျှ မြန်မာ့လွတ်လပ်ရေး အရသာကို မြန်မာတို့ အပြည့်အဝ ခံစားရမည် မဟုတ်ဟု ဆိုလိုရင်းဖြစ်ရာ တကယ်ပင် ဟုတ်မှန်ပါပေသည်။ သို့သော် ဤစစ်ကွင်း ညီလာခံ တရားပွဲကြီးပြီးနောက် နောင်နှစ်ပေါင်း (၁၀) နှစ်ကျော် ကြာသော အခါတွင်မူ ဓမ္မကထိက သခင်နုသည်ပင် လွတ်လပ်သော မြန်မာနိုင်ငံ၏ ပထမဆုံး

mgyoe.com

ဝန်ကြီးချုပ်အဖြစ် (၁၀) နှစ်ကျော်မျှ ဆက်၍ အုပ်စိုးလာခဲ့ပေသည်။ သို့သော်လည်း အကြောင်းကြောင်းတို့ကြောင့် သူ့ခမျာမှာ ဘီလူးကြီး (၄) ကောင် သတ်ရေးထက် ဘီလူးကြီးများနှင့် ဂျိုင့်ဗင်ချာခေါ် ဖက်စပ်လုပ်ရေးနှင့် အချင်းချင်းသတ်ရေးတွေတွင်သာ အချိန်ကုန်ခံရရှာရေးမှာ အပြစ်တင်လိုရေးထက် တကယ်ကတော့ နိုင်ငံရေး သံဝေဂရစရာကြီးပေပင်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ဤ 'ကျွန်ဘဝ ဗမာပြည်' ခေါ် စာအုပ်ကို ရေးသားပြုစုသည်မှာ အဓိက အကြောင်းအားဖြင့် တို့ဗမာအစည်းအရုံးသမိုင်း ပြုစုရေး ဗဟိုကော်မတီကြီးမှ ပြုစု ထုတ်ဝေတော့မည့် တရားဝင် သမိုင်းကြီးကို ကျွန်တော်၏ ပုဂ္ဂိုလ်ရေး တာဝန်နှင့် ဆန္ဒအရ ဤစာအုပ်ငယ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ရေး၊ ကြိုဆိုလိုရေးပင် ဖြစ်ပါသည်။ မှန်ပါသည်။ ဗမာပြည် နိုင်ငံရေးသမိုင်းတွင် တို့ဗမာအစည်းအရုံး၏ အခန်းကဏ္ဍသည် အဘယ်နေရာမှ အဘယ်သို့ ပါဝင်လှုပ်ရှားခဲ့သည်၊ မည်သို့သော သမိုင်းအဓိပ္ပာယ်များကို ဆောင်ကြဉ်းသည်၊ ဘယ်လို သင်ခန်းစာမျိုး ရယူနိုင်သည်တို့ကို သခေ်ပမည်ခေါ် အချုပ်သဘောဖြင့် ဖော်ပြချင်ပါသည်၊ ဆွေးနွေးချင်ပါသည်။

သို့ဖြင့် သမိုင်းစာအုပ်ကြီး အတွဲတွဲများကို မဖတ်ရှု၊ မလေ့လာရသေးမီ ပြည်သူအများသည် အထူးအားဖြင့် လူငယ်များသည် အချုပ်သဘော၊ အတိုသဘော ဖတ်ရှုလေ့လာနိုင်ကြမည်ဟု ယူဆပါသည်။ ဤစာအုပ်ငယ်မှာ တို့ဗမာအစည်းအရုံးကြီး၏ ဖြစ်စဉ် ဖြစ်ရပ်များကို မရေးပါ။ တို့ဗမာအစည်းအရုံး၏ အခန်းကဏ္ဍ ဆိုင်ရာ သမိုင်းအဓိပ္ပာယ်များကိုသာ အဓိက အလေးထား၍ နှီးနှောရေးသားခြင်း ဖြစ်ပါသည်။ ဤသည်သာ ဤစာအုပ်၏ အဓိက ရည်ရွယ်ချက် ဖြစ်ပါသည်။

အကယ်၍ ရည်ရွယ်ချက် အထမြောက်ခဲ့သော် အကျိုးထူး နှစ်ခုနှင့် ပြည့်စုံပါလိမ့်မည်ဟု ယုံကြည်ပါသည်။ ပထမ အကျိုးထူးမှာ ဗဟိုကော်မတီ၏ တရားဝင် သမိုင်းကြီးကို ဤစာအုပ်ငယ်က ကောင်းစွာ ကြိုတင်၍ ကျယ်ပြန့်စွာ ကြေညာဆော်သြပြီးသား ဖြစ်လိမ့်မည်။ ဖတ်လိုရှုလိုသော စိတ်ဆန္ဒများကို လှုံ့ဆော်ပျိုးထောင်ပေးပြီးသား ဖြစ်ပေလိမ့်မည်။ ဒုတိယ အကျိုးထူးမှာ အဆိုပါ အတွဲတွဲ အစောင်စောင်ရှိသော ဗဟိုမှ ပြုစုသော သမိုင်းကြီးကို လေ့လာသောအခါ၌ သမိုင်းသော့ချက်များကို ရှာဖွေရာတွင် ဤစာအုပ်ငယ်က အနည်းဆုံး မဆိုသလောက် အထောက်အကူတော့ ရနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

အထက်ပါ ရည်ရွယ်ချက်များ ပြည့်စုံပါလျှင် ကျွန်တော့်အဖို့ ကျေနပ်ပါပြီ။ ထို့အပြင်

ကမ်းမမြင် လမ်းမမြင် မှောင်ကြီးမည်းမည်းထဲတွင် ဗမာ့လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းအားခဲကြသော တို့ဗမာအစည်းအရုံးကြီးနှင့်တကွ တို့ဗမာသခင်၊ သခင်မ အပေါင်းအားလည်း ကြည်ညို လွမ်းဆွတ်သော အသည်းနှလုံးဖြင့် ကျေးဇူးတင်ရကျိုးနပ်ပါပြီ။

**သခင်ချစ်မောင် (သာယာဝတီ)**

mgyoe.com

mgyoe.com

[၁]

## အမျိုးသား လွတ်လပ်ရေး ပြဿနာ

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းအတွက် မည်သည့်အရာသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် အရေးအကြီးဆုံး ဖြစ်ပါသနည်း။

ဤပုစ္ဆာကို ကာယကံမြောက် အပြည့်အဝ ဖြေဆိုနိုင်သော လူမျိုး သို့မဟုတ် တိုင်းပြည်တို့သည်သာ ယနေ့ကမ္ဘာတွင် အထက်တန်းက မျက်နှာပန်းလှလှ နေကြရပါသည်။ ဤပုစ္ဆာကြီးကို မဖြေဆိုနိုင်သောသူတို့ကား အောက်တန်းဘဝတွင် မျက်နှာပန်း မလှ နေကြရပါသည်။

ဤပုစ္ဆာကြီးကား အသို့နည်း။

ဤပုစ္ဆာကြီးနှင့် အဖြေကား အခြား မဟုတ်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်းအတွက် လူ့ဘဝတွင် တန်ဖိုးမဖြတ်နိုင်လောက်အောင် အရေးအကြီးဆုံး၊ အဖိုးအတန်ဆုံး အရာသည်ကား အမျိုးသားလွတ်လပ်ရေး တည်းဟူသော လူတိုင်း၊ တိုင်းပြည်တိုင်း ရအပ်ယူအပ် ခံစားအပ်သော သန္ဓေပါ မွေးရာပါ အခွင့်ထူးကြီးပင်တည်း။

ဤလူ့ဘဝ အခွင့်ထူးကြီး ဆုံးရှုံးရသော လူမျိုး သို့မဟုတ် တိုင်းပြည်သည် လူစင်စစ်မှ လူ့ငနွားများ ဘဝသို့ တစ်မဟုတ်ချင်း ကျရောက်သွားရပေသည်။ တိုင်းတစ်ပါး နယ်ချဲ့တို့၏ စေသည့်ကျွန် ထွန်သည့်နွားကြီးများကဲ့သို့ ခိုင်းရာခံ စေရာသွား ကျွေးတာစား ပြားပြားဝပ် အဖိနှိပ်စက်ခံ သွေးစုပ်ခံ ဘဝသို့ ကျဆင်းကြရလေသည်။ နိုင်ငံရေးအရ ကျွန်ဘဝ ရောက်ရသည်နှင့် တစ်ပြိုင်နက် စီးပွားရေးဘဝကျွန်၊ စာပေနှင့်ယဉ်ကျေးမှုအရ

mgyoe.com

ကျွန်၊ နိုင်ငံတကာဆက်ဆံရေးအရကျွန်၊ ကာကွယ်ရေးအရလည်း ခြေချိုးလက်ဖြတ်ဘာမှမတတ်နိုင်တော့သည့် ကျွန် စသည့် ကျွန်တကာ့ ကျွန်ဘဝတွင် နစ်နာခြင်းကြီးစွာဖြင့် နာလန်မထူနိုင်အောင် ခံစားကြရလေသည်။

'မြေကို ယူသည်၊ ငွေကို ယူသည်၊ ပြီးတော့ လူကိုပါ ယူသည်၊ အမျိုးပျောက်မှာ စိုးကြောက်ပါတော့သည် × × × ' ဆိုသည့် တို့ဗမာ သခင် ခေတ်သီချင်း တစ်ပုဒ်တွင် ပါရှိသည့်အတိုင်း တိုင်းပြည် ဆုံးရသည်၊ နောက်၌ မြေတွေဆုံး၊ ငွေတွေဆုံး၊ အမျိုးသမီး၊ အမျိုးသားတွေပါ ဆုံးရတော့သည်ဖြစ်ရာ အမျိုးပျောက်မှာ တကယ်ပင် စိုးကြောက်စရာကြီး ဖြစ်လာပေတော့သည်။ ကမ္ဘာပေါ်တွင် အရက်စက်ဆုံး၊ အကြမ်းကြုတ်ဆုံးသော နယ်ချဲ့သမားများ ဖြစ်ကြသည့် ဂျာမနီ၊ စပိန်၊ ပေါ်တူဂီ၊ ပြင်သစ်နယ်ချဲ့တို့ စိုးမိုးရာ အချို့သော အာရှ အာဖရိက နိုင်ငံငယ်များတွင် တကယ်ပင် လူမျိုးပါ ပျောက်သွားအောင်၊ Genocide ခေါ် လူမျိုးပါ ဗီဇတုံးအောင် နည်းအမျိုးမျိုးဖြင့် နှိပ်စက် သုတ်သင်ပစ်ခဲ့ကြပေသည်။ ခေတ်သစ် လူ့သမိုင်း သာဓကများတွင်လည်း ဂျပန်နယ်ချဲ့သမားသည် သူ့ကျွန်အဖြစ် အုပ်စိုးခဲ့ရာ ကိုရီးယား၊ မန်ချူးရီးယား၊ ဖော်မိုဆာနှင့် တရုတ်ပြည် ဒေသအချို့တွင် အဟုတ်တကယ်ပင် လူမျိုးပျောက်ခမန်းလိလိနှင့် နုံဖျင်းသွားအောင် အမျိုးမျိုးသောနည်းများဖြင့် ဘိန်း၊ ဆေးခြောက်၊ အရက်၊ လော်စာနည်းများနှင့်ပါမကျန် နှိပ်စက်ဖျက်ဆီးခဲ့ပေသည်။ လူညွန့်တုံးအောင် လုပ်ခဲ့ကြပေသည်။

ထို့အတူ အမေရိကန် နယ်ချဲ့သမားသည် စစ်ပြီးခါနီးမှ ဂျပန်ပြည်အား အဏုမြူဗုံးများ ကြဲချကာ ထက်မြက်သော ဂျပန်လူမျိုးတို့၏ဗီဇကို ရွံ့ရှာကြောက်ရွံ့သွားစေရေးအတွက် ရက်စက်စွာ လုပ်ကြံခဲ့ပေသည်။ ထို့အတူ ယနေ့ ဗီယက်နမ်တွင် အဆိပ်ပိုးမွှားဗုံးများ၊ မြေရှုပ်ငရဲဗုံးများ၊ အဆိပ်ဓာတ်ငွေ့ စသည့် အရက်စက်ဆုံးသော နည်းများဖြင့် လူမျိုးနှင့်ချီကာ ဗီဇတုံးစေအောင် သတ်ဖြတ်ချေမှုန်းနေပေသည်။ အမေရိကန်ပြည်တွင် နီဂရိုး လူမျိုးများကိုလည်း အမျိုးပျောက်အောင် တောက်တောက်ခါးခါး နှိပ်စက်သုတ်သင်လျက် ရှိနေပေသည်။ ဩစတေးလျနိုင်ငံ တိုင်းရင်းသားများ အမျိုးပျောက်သွားပုံ၊ တောင်အာဖရိကနိုင်ငံ တိုင်းရင်းသားများ အမျိုးပျောက်နေပုံနှင့် တော်(ပ်)ရို(ဒ်)ရှားနှင့် အင်ပိုလာတို့တွင် တိုင်းရင်းသားများ အမျိုးပျောက်ရန် ယနေ့ ပက်ပက်စက်စက် လုပ်ကြံနေပုံများကို လတ်လတ်ဆတ်ဆတ် တွေ့ရှိနိုင်ကြပေသည်။

ထို့ကြောင့် တို့ဗမာ သခင်များ၏ အမျိုးပျောက်မှာ စိုးကြောက်ပါတော့သည် ဟူသော ဇာတိသွေး နှိုးဆော်မှု ဂီတသံမှာ တကယ်ပင် မှန်ကန်လှသော သတိပေးချက်

mgyoe.com

ကြီးပင် ဖြစ်ခဲ့ပေသည်။ နယ်ချဲ့ ကျွန်ဘဝ ရောက်၍ လူမျိုးပါပျောက်ရသည့် ဘေးကြီး လောက် ကြီးကျယ်လှသော ဘေးကြီးမျိုးသည် လူ့ဘဝသမိုင်းတွင် ရှိနိုင်တော့မည် မဟုတ်ပေ။

နယ်ချဲ့ကျွန်ဘဝသို့ ရောက်ရသောအခါ၌ လူမျိုးတစ်မျိုးတွင် တိုင်းပြည်က ကြီး၍ လူမျိုး၏ဗီဇ၊ သတ္တိက ကြီးလျှင် လူမျိုးပျောက်မသွားသေးသည့်တိုင်အောင် နိုင်ငံရေး ဆုံးရှုံးမှု၊ စီးပွားရေး၊ လူမှုရေး ဆုံးရှုံးမှုကြီးများကား အလွန်ပင် ကြီးကျယ်လှပေသည်။

မြန်မာနိုင်ငံ မြန်မာလူမျိုးတို့၏ သက်တမ်းမှာ တကောင်းခေတ် ခရစ်တော်မပေါ်မီ ခရစ်နှစ် ၈၅၀ မှစလျှင် လူမျိုး၏ သက်တမ်းမှာ နှစ်ပေါင်း (၂၈၀၀) ကျော်ပေပြီ။ တတိယ သင်္ဂါယနာတင် သာသနာဝင်မှတ်တမ်းများအရဆိုလျှင် ခရစ်တော်မပေါ်မီ ခရစ်နှစ် ၂၄၀ မှာပင် မွန်မြန်မာတို့၏ 'ရတနာရွှေမြေ' ဟု ဆိုအပ်သော သုဝဏ္ဏဘူမိ သထုံပြည်ကြီးသည် ကြက်ပျံမကျ စည်ကား သိုက်မြိုက်စွာ ပေါ်ထွန်းနေခဲ့ပေပြီ။ ထို့အတူ ပျူမြန်မာတို့၏ 'ကျက်သရေအပေါင်း ခ,ရသည့် မြေများဗိမာန်' ဟု ခေါ်ဝေါ်ခဲ့သည့် သရေခေတ္တရာ ပြည်ကြီးသည်လည်း ခရစ်နှစ် (၈) ရာစု အတွင်း၌ပင် အရှေ့ကမ္ဘာတွင် ထီးထီးမားမား ရပ်တည် ဆက်ဆံနေခဲ့ပြီး ဖြစ်ပေသည်။ ခရစ်နှစ် ၈၄၉ တွင် တည်ခဲ့သော ပုဂံမြို့ ပုဂံ ခေတ်ကြီးသည်လည်း ကမ္ဘာ့သမိုင်းဝင် ခေတ်သစ် ခေတ်ဦးကြီး ဖြစ်ခဲ့ပေသည်။

ဤသို့သော နှစ်ပေါင်း (၂၀၀၀) ကျော်အတွင်း ခေတ်အဆက်ဆက်တို့တွင် မြန်မာ လူမျိုးတို့သည် ရံဖန်ရံခါ တိုင်းငယ်ပြည်ငယ် ကွဲကွဲပြားပြား ဘဝတွင် လည်းကောင်း၊ ရံဖန်ရံခါ တိုင်းကြီးပြည်ကြီး ထီးထီးမားမား ဘဝတွင် လည်းကောင်း လူမျိုးတိုင်း၏ လောကဓံနှင့်အညီ နိမ့်တုံမြင့်တုံ ရပ်တည်လာခဲ့ရသော်လည်း နိုင်ငံရေးအရမူ ခရစ်နှစ် ၁၈၂၄ ခု မတိုင်မီသော ရှည်လျားသော ခေတ်ကြီး တစ်လျှောက်လုံး၌ မြန်မာနိုင်ငံသည် နယ်ချဲ့တိုင်းတစ်ပါးတို့၏ ကျွန်ဘဝ ခြေဖဝါးအောက်သို့ လုံးဝ ပြားပြားမှောက် ရောက်ခဲ့ ရသည် ဟူ၍ သမိုင်းတွင် မှတ်တမ်းမရှိခဲ့ဖူးပေ။ တရုတ်၊ ကုလား၊ ယိုးဒယား၊ ပေါ်တူဂီ တို့က ကျွန်ဇာတ်သွင်းရန် လုပ်ကြံကျူးကျော်မှုများ ရှိခဲ့သည်တို့ကိုလည်း စည်းလုံး ညီညွတ်သော အင်အားဖြင့် လ မကြာ၊ နှစ် မကြာ ပြန်လည် တိုက်ထုတ်ပစ်ခဲ့ကြလေ သည်။ မြန်မာတိုင်းရင်းသား အပေါင်းတို့သည် လူမျိုးတိုင်း၏ မွေးရာပါ အခွင့်အရေးကြီး ဖြစ်သော အမျိုးသား လွတ်လပ်ရေးကို ဤရွှေ့ဤမျှ အသက်နှင့်ထပ်တူ မြတ်နိုးစွာ ထိန်းသိမ်းဆောင်ယူခဲ့ကြပေသည်။

ထို့ကြောင့်လည်း ကမ္ဘာကျော် စာရေးဆရာကြီးနှင့် သမိုင်းပညာရှင်ကြီး အိပ်ဂျီ

ဝဲ(လ်)သည် စစ်ကြီး မဖြစ်မီက မြန်မာပြည်သို့ အလည်ရောက်ရှိလာရာတွင် မြန်မာလူမျိုးတို့နှင့် ပတ်သက်၍ မှတ်ချက်တစ်ခု ချခဲ့ဖူးလေသည်။ ၎င်းမှာ–

"မြန်မာလူမျိုးတို့၏ ရွှင်ပျသော မျက်နှာနှင့် ခံ့ညားသော ဣန္ဒြေအမူအရာများကိုကြည့်ရသည်မှာ ကြာမြင့်စွာ ကျွန်ဖြစ်နေရမည့် လက္ခဏာမျိုး မဟုတ်နိုင်ပါ"

- ဟူ၍ ဖြစ်ပါသည်။

ထို့အတူ ထိုခေတ်ဟောင်းဘဝ၌ပင် ပထမဆုံး အလည်ရောက်ရှိလာသော ကမ္ဘာကျော် အိန္ဒိယ အမျိုးသား နိုင်ငံရေးခေါင်းဆောင်ကြီး ဂျဝါဟာလာနေရူးကလည်း–

"မြန်မာလူမျိုးများကို ကျွန်ပိ မြင်ရလျှင်မြင်ရချင်း ၎င်းတို့၏ကျောပေါ်တွင် မည်သည့်နည်းနှင့်မျှ ကျွန်တံဆိပ် မပါရှိနိုင်ကြောင်း ကောင်းစွာ အကဲဖြတ်မိပါသည်"

ဟူ၍ မှတ်ချက်ချသွားခဲ့ဖူးပါသည်။

အမိမြန်မာနိုင်ငံသည် ဤသို့ စွမ်းရည်ဗီဇ ထက်မြက် ထူးချွန်တတ်သော တိုင်းရင်းသား လူမျိုးများကိုသာ မွေးထုတ်နိုင်သည် မဟုတ်သေး၊ ကမ္ဘာတွင် ရှားပါးလှသော တိုင်းပြည်၏ အလယ်ဗဟို တည့်တည့်မှသာ ဖွံ့ဖြိုးလှပစွာ စီးဆင်းတတ်သော ဧရာဝတီမြစ်မကြီး ကဲ့သို့သော မြစ်မျိုး၊ ရှေးခေတ် တိုင်းကြီးပြည်ကြီးတို့၏ ဘေးအန္တရာယ်အဝဝမှ အကာအကွယ်ပေးထားသော ပတ်ချာရံဝန်းထားသည့် မြင့်မားသော တောင်တန်းကြီးများ၊ ပြေပြစ်သော ရာသီဥတု၊ ဩဇာဓာတ် အပေါင်းတို့နှင့် ပြည့်နှက်နေသော လယ်ယာလွင်ပြင်ကြီးများ၊ ရတနာဓာတ်သတ္တု အပေါင်းတို့ ကိန်းအောင်းရာ ကုန်းမြင့်ရွှေမြေများ၊ အဖိုးတန် သစ်တောကြီးများနှင့်တကွ သဘာဝ ရေထွက်ပစ္စည်း မျိုးစုံတို့ ခိုလှုံရာ မိုင်ပေါင်း (၁၂၀၀) ကျော် ပင်လယ်ကမ်းရိုးတန်းကြီး စသည့် သဘာဝပစ္စည်းအပေါင်းတို့ကိုလည်း မွေးထုတ် တန်ဆာဆင်ထားနိုင်ပေသည်။

ဤသို့သော အဖိုးတန်မြေနှင့် အမျိုးမှန် လူမျိုးဗီဇ ရှိရုံမျှနှင့် ကျွန် မဖြစ်စေနိုင်ဟူသော အာမခံချက်မျိုး မရနိုင်ပေ။ နယ်ချဲ့စနစ် လွှမ်းမိုးလာသော ကမ္ဘာတွင် တိုင်းပြည်တိုင်း၏ အဖိုးတန်ဆုံး ဖြစ်သော မွေးရာပါ အမျိုးသား လွတ်လပ်ခွင့်၏ တန်ဖိုးအနဋ္ဌကိုအသက်နှင့်ထပ်တူ မြတ်နိုးစွာ ထိန်းသိမ်း ကာကွယ်ရေးတွင် မညီမညွတ် သတိလက်လွတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် အုပ်ကွဲသောနွား ကျားစားခံရဘိသို့ ဖြစ်ရမည်မှာ မလွဲပေ။ မြန်မာပြည်သည်လည်း ဤသို့ ဖြစ်ခဲ့ရပေသည်။

ခရစ်နှစ် ၁၈၈၅ ခုတွင် မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့သမားတို့၏ ခြေဖဝါးအောက်သို့ ကျွန်အဖြစ် လုံးဝ ကျရောက်ခဲ့ရသည်နှင့် တစ်ပြိုင်နက် ပထမ ဆုံးရှုံးခဲ့ရသော

mgyoe.com

mgyee.com

အဖိုးမဖြတ်နိုင်သည့် အရာကြီးကား နိုင်ငံရေးအချုပ်အခြာအာဏာတည်း။ မြန်မာလူမျိုးတို့၏ နိုင်ငံရေးအချုပ်အခြာအာဏာတည်ရာ ဘုရင့်မကိုဋ်သရဖူသည် မြေသို့ ခ,ရ၍ မြန်မာတို့အဖို့ ကျွန်တံဆိပ် အနှိပ်ခံရာ အမှတ်အသားဖြစ်သည့် ဗြိတိသျှ ယူနီယံဂျက် အလံသည် ရတနာပုံနန်းတော် မြို့ရိုးပေါ်မှ ကျူးကျော်စိုးမိုး၍ လွှင့်တင်ထူထောင်လိုက်ပေသည်။

ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာလူမျိုးတို့အား သူတို့၏ စေသည့်ကျွန်၊ ထွန်သည့်နွားကြီးများကဲ့သို့ စတင် ကျင့်ကြံလေသည်။ ၁၈၈၆ ခု၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အင်ပိုင်ယာပြည့်ရှင် ဘုရင်မကြီး၏ အမိန့်အရ 'သီပေါမင်းပိုင် မြန်မာနယ်မြေအားလုံးသည် အိန္ဒိယဘုရင်ခံချုပ်ပိုင် နယ်မြေများအဖြစ် အုပ်စိုးခံရစေ' ဟူ၍ အမိန့်ကို ထုတ်ပြန်လိုက်လေသည်။ ၁၈၈၆ ခု၊ ဧပြီလတွင်မူ မြန်မာ့လွှတ်တော်ကြီးကို အပြီး ဖျက်သိမ်းပစ်လိုက်လေသည်။

ထို့နောက်၌ကား ဗြိတိသျှ နယ်ချဲ့အစိုးရသည် ခရစ်နှစ် ၁၈၈၆ မှ ၁၈၉၆ ခုနှစ်အထိ (၁၀) နှစ်လုံးလုံး မြန်မာပြည်အား သံလက်သီး စစ်ဝါဒ စစ်အုပ်ချုပ်ရေးဖြင့် အပြင်းအထန် နှိပ်ကွပ်အုပ်စိုးခဲ့ပေသည်။ မြန်မာ့အာဇာနည် သူရဲကောင်းတို့၏ သွေးများ၊ အသက်များ၊ ပြည်သူတို့၏ အသက်များ၊ သွေးများဖြင့် မြန်မာ့မြေပြင်တွင် ခြင်းခြင်းနီဖြစ်စေရအောင် ပြင်းပြစွာ ခံစားခဲ့ကြရပေသည်။ ထိုမှတစ်ဖန် ၁၈၉၆ မှ ၁၉၂၃ အထိ ဗျူရိုကရေစီ အုပ်ချုပ်ရေးဝါဒ သက်သက်ဖြင့် ဆက်လက် နှိပ်စက်ခဲ့ပြန်လေသည်။ ပြည်သူ၏ သဘောဆန္ဒ အလျှင်းမပါ။ နယ်ချဲ့ဘုရင်ခံထံမှ တိုက်ရိုက် ဆင်းသက်သော အရာရှိ အုပ်ချုပ်ရေးစနစ်သက်သက် ဗျူရိုကရေစီဝါဒဆိုးဖြင့် တိုင်းပြည်အား အမျိုးမျိုး နှိပ်စက်ကျွန်ပြုပြန်ခြင်းပင် ဖြစ်ပေသည်။ 'ကုလားမြင် သူ့အမေရိုးတော့မလို ခုမြေလျှိုးပုန်းရှောင်' ဆိုသည့် အချုပ်တန်း ဆရာဖေ၏ ဗျူရိုကရေစီ ဆန့်ကျင်ရေး တေးထပ်အရ မျက်နှာဖြူ အင်္ဂလိပ် အရာရှိကြီးများ၊ မျက်နှာမည်း ကုလား အရာရှိကြီးများ ခြေဖဝါးအောက်တွင် မြန်မာတို့အား ပုန်းလျှိုး ဒူးထောက်လာစေရအောင် နည်းအမျိုးမျိုးဖြင့် နှိပ်စက်လာခဲ့ပေသည်။

တစ်ဖန် ၁၉၂၃ မှသည် ၁၉၃၅ အထိ ဗျူရိုကရေစီ အုပ်ချုပ်ရေးမှ ဒိုင်အာခီ အုပ်ချုပ်ရေးသို့ အနှစ်ကိုကား မပြောင်း၊ အသွင်ကိုသာ ပြောင်း၍ အုပ်စိုးပြန်လေသည်။ မြန်မာလူမျိုးများထဲမှ ငါးထောင်စား အလိုတော်ရိများကို ခေါင်းခေါက်ရွေးချယ်၍ အသွင်တစ်မျိုးပြောင်းကာ အဆီကိုစား အသားမျိုကြပြန်လေသည်။ ပြည်သူတို့က မခံနိုင်ကြ

mgyee.com

 mgyoe.com


ပြန်၍ တုံ့ပြန် တိုက်ခိုက်ကြသောအခါ ၁၉၃၅ မှ ၁၉၄၂ အထိ (၉၁) ဌာန အုပ်ချုပ်ရေး ခေါ် အုပ်ချုပ်ရေး စနစ်ဖြင့် လှည့်ပတ်ဖြားယောင်း ကျွန်အုပ်ချုပ်ရေး လမ်းကြောင်းအရပင် ဆက်လက် အုပ်ချုပ်ခဲ့ပြန်လေသည်။

ဤသို့ဖြင့် ၁၈၂၄ မှသည် ၁၉၄၂ အထိ တစ်ကြိမ်၊ ၁၉၄၂ မှသည် ၁၉၄၅ အထိ တစ်ကြိမ်၊ ၁၉၄၅ မှသည် ၁၉၄၈ ခုနှစ်အထိ တစ်ကြိမ် နှစ်ပေါင်း (၁၀၀) ကျော် ကျွန်ဖြစ်ခဲ့ရသော ဘဝ၌ မြန်မာတိုင်းရင်းသား အပေါင်းတို့၏ အခြေအနေသည် နိုင်ငံရေးအရ ကျွန်ဘဝမှ တစ်ပြားသားမှ မလျော့ခဲ့ရသည့် စေသည့်ကျွန်၊ ထွန်သည့်နွား အဖြစ်နှင့်သာ နေခဲ့ကြရလေသည်။

နိုင်ငံရေးအရ ကျွန်ဖြစ်ခဲ့ရပြီးနောက် စီးပွားရေးအရ ကျွန်ဇာတ်နာခဲ့ရပုံကား သာလို့ပင် ဘဝလက်တွေ့ ဖြစ်ခဲ့ရပေသည်။ စီးပွားရေးကျွန် ဖြစ်ခဲ့ရသော မြန်မာနိုင်ငံသည် တိုင်းပြည်အရွယ်နှင့် မလိုက်အောင် ကမ္ဘာတွင် သဘာဝပစ္စည်းများဖြင့် အလျှံပယ် ချမ်းသာ ဝပြောသော နိုင်ငံဖြစ်သလောက် လူမျိုးမှာကား ကုန်းကောက်စရာမရှိအောင် ဆင်းရဲတွင်း နစ်ခဲ့ကြရပေသည်။ ဗြိတိသျှ နယ်ချဲ့အရင်းရှင်ကြီးများတို့သည် မြန်မာ့ရတနာမြေမှ နှစ်စဉ် ဓာတ်ဆီ ဂါလံပေါင်း (၄၂၇) သိန်းကျော်၊ ခဲတန်ချိန်ပေါင်း (၇၁,၀၀၀) ကျော်၊ ငွေသား အောင်စပေါင်း (၅၉) သိန်းကျော်၊ ရွှေသား အောင်စပေါင်း (၄၀၀၀) ကျော်နှင့် တကွ ကျောက်သံပတ္တမြား စသည့် အဖိုးတန် ရတနာပစ္စည်းများကို အဆီတစ်ထပ် အသားတစ်ထပ် ထုတ်ယူခဲ့ကြသည်။ သွေးစုပ်ခဲ့ကြသည်။

နိုင်ငံခြား ရေနံကုမ္ပဏီကြီးများ၏ နှစ်စဉ် အမြတ်ငွေမှာ ငွေသိန်းပေါင်း (၃၅၀) ထက် မနည်းခဲ့ပေ။ အင်္ဂလန်တွင် ခွဲ၍ ထမ်းဆောင်ရသော အမြတ်တော်ကြေးငွေများ ကိုပါ ထည့်တွက်ပါလျှင် ၎င်းတို့၏ နှစ်စဉ် အမြတ်ငွေပေါင်းမှာ သိန်းပေါင်း (၆၀၀) ထက် မနည်းပေ။ ၎င်းတို့က မြန်မာပြည်တွင် ထမ်းဆောင်နေသော အခွန်တော်များမှာ ရှိုင်ရယ်တီရေနံခွန် (၃၆) သိန်း၊ အမြတ်တော်နှင့် အပိုအမြတ်တော် (၃၇) သိန်း၊ ရေနံ ပိုက်လိုင်းအတွက် မြေခွန် (၉၆၁) ကျပ်၊ စုစုပေါင်း (၇၃) သိန်းကျော်မျှသာ ဖြစ်ပြီး မြန်မာပြည်သူများက ထမ်းရွက်နေရသော ဓာတ်ဆီခွန် (၅၉) သိန်း၊ ရေနံဆီခွန် (၂၃) သိန်း၊ ပေါင်း (၈၂) သိန်း ဖြစ်လေသည်။ အလားတူ သတ္တုကုမ္ပဏီကြီး၏ နှစ်စဉ် ထုတ်ယူသော သတ္တုတန်ဖိုးမှာ (၆၃၅) သိန်းဖိုးမျှ ရှိသော်လည်း ရှိုင်ရယ်တီခွန်မှာ (၁၉၃၉–၄၀) တွင် (၉၂၆,၀၀၀) (၉) သိန်းကျော်မျှသာ ထမ်းဆောင်ခဲ့ကြ၏။ နိုင်ငံခြား သစ်ကုမ္ပဏီကြီးတို့သည်လည်း အဖိုးတန် သစ်တောပစ္စည်းများကို (၁၉၃၇–၃၈) တွင်

ငွေသိန်းပေါင်း (၃၉၁) သိန်းကျော်၊ (၁၉၃၈–၃၉) တွင် ငွေပေါင်း (၃၄၂) သိန်းကျော်ဖိုး ထုတ်ယူ သွေးစုပ်ခဲ့ကြလေသည်။

ဤနိုင်ငံခြား သစ်ကုမ္ပဏီကြီးများတွင် အထက်တန်း မန်နေဂျာကြီး (၁၆) ဦးမှာ အင်္ဂလိပ်ချည်း လုံးဝဖြစ်ပြီး တွဲဖက်မန်နေဂျာ (၂၉) ဦးတွင် အင်္ဂလိပ်ကပြား (၁၉) ဦး၊ မြန်မာ (၁၀) ဦးနှင့် အမြဲတမ်း အခစား မြန်မာအလုပ်သမားများမှာ (၅၀၀၀) ဦး ရှိခဲ့လေသည်။ စီးပွားရေးအရ မြန်မာတိုင်းရင်းသားတို့မှာ နိုင်ငံခြား အရင်းရှင်ကြီးများ၏ ခြေဖျားမှ အရိုးအရင်း လက်ဝေခံ အခစား အလုပ်သမားများဘဝတွင်သာ ကြီးစွာ နစ်မွန်း နေရကြောင်း ထင်ရှားလှပေသည်။

ထို့အတူ အင်္ဂလိပ် ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီကြီးများ ဖြစ်ကြသော စတီး ဘရားသား စသည့် အရင်းရှင်ကြီးများသည်လည်း မြန်မာတိုင်းရင်းသား တောင်သူ လယ်သမားတို့၏ အသွေးအသားများဖြစ်သော ဆန်စပါး ထုတ်ကုန်လုပ်ငန်းကြီးပေါ်တွင် နှစ်စဉ် အဆမတန် အမြတ်ထုတ် သွေးစုပ်ခဲ့ကြလေသည်။ မြန်မာနိုင်ငံသည် ဆန်ထွက် တွင် ကမ္ဘာ၌ စတုတ္ထ လိုက်ခဲ့၍ ဆန်ပို့သည့် နိုင်ငံများတွင် ပထမ လိုက်ခဲ့ပေသည်။ နှစ်စဉ် ဆန်တန်ချိန် (၅) သန်းခွဲမျှ ထွက်၍ (၃) သန်းခွဲတို့ကို နိုင်ငံခြားသို့ တင်ပို့ ရောင်းချခဲ့ရလေသည်။ တန်ဖိုးအားဖြင့် ထိုစဉ်က ငွေကုဋေ (၂၅) မှ (၃၀) အထိ တန်ဖိုး ရှိခဲ့ပေသည်။

ထို့အတူ ပြည်တွင်း၊ ပြည်ပ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းကြီးများတွင် လည်း ကောင်း၊ ဧရာဝတီ ကုမ္ပဏီ စသည့် ပြည်တွင်း၊ ပြည်ပ ဆက်သွယ်ရေး လုပ်ငန်းကြီးများ တွင် လည်းကောင်း နိုင်ငံခြား အင်္ဂလိပ်၊ ကုလား၊ တရုတ် အရင်းရှင် ကြီး–ငယ်များကသာ လက်ဝါးကြီးအုပ်၍ သွေးစုပ်ခဲ့ကြပေသည်။ မြန်မာတိုင်းရင်းသား လုပ်သားပြည်သူများနှင့် အရင်းရှင် ပေါက်စတို့မှာ ၎င်းတို့၏ စားဖတ်ဝါးဖတ် အရိုးအရင်းမျှကိုသာ မျှို၍ အသက် ရှင်နေကြရသူများ ဖြစ်ခဲ့ပေသည်။

အားလုံးကိုခြုံသော် မြန်မာတို့၏ စီးပွားရေးကျွန်ဘဝ ဆိုသည်မှာ မြန်မာစီးပွားရေး အသွေးအသား အဆီအနှစ် ဟူသမျှကို နိုင်ငံခြား အရင်းရှင်ကြီးများက လက်ဝါးကြီး အုပ်၍ သွေးစုပ်နေကြခြင်းပင် ဖြစ်ပေသည်။ ၎င်းသရုပ်၏ အရေးအကြီးဆုံး သက်သေခံ စာရင်းတစ်ချပ်မှ ဘောဂဗေဒ ပညာရှင် မစ္စတာ ဂျေရပ်ဆဲ(လ်) အန်ဒရပ်(စ်)ရေး 'မြန်မာ စီးပွားရေးဘဝ' ကျမ်းတွင် ဖော်ပြထားသော ၁၉၄၁ ခုနှစ်အထိ မြန်မာနိုင်ငံတွင် အောက်ပါ နိုင်ငံခြား ငွေပင်ငွေရင်း မြှုပ်နှံ သွေးစုပ်မှု စာရင်းကြီးကို လေ့လာနိုင်ပေသည်။

mgyoe.com

 mgyoe.com 

| | | |
|---|---|---|
| ၁။ | နိုင်ငံခြားအရင်းရှင် ကုမ္ပဏီကြီးများ (အဓိကအားဖြင့် ဗြိတိသျှ ကုမ္ပဏီကြီးများ) | ၄၇,၂၀၀,၀၀၀ |
| ၂။ | တရုတ်အရင်းရှင်ကြီးများ | ၂,၈၀၀,၀၀၀ |
| ၃။ | အိန္ဒိယချစ်တီး အရင်းရှင်များ | ၅၆,၀၀၀,၀၀၀ |
| ၄။ | အစိုးရနှင့် မြူနီစီပယ်တို့က တာဝန်ရှိသော ငွေကြေး | ၄၅,၀၀၀,၀၀၀ |
| ၅။ | မြို့များရှိ မြှုပ်နှံထားသော မြေနှင့် အဆောက်အအုံများ | ၃,၂၅၀,၀၀၀ |
| ၆။ | အထက်တွင် မပါသေးသော အိန္ဒိယ အရင်းရှင်များ၏ စက်မှုလုပ်ငန်း အရင်းအနှီးများ | ၁,၀၀၀,၀၀၀ |
| | စုစုပေါင်း — ပေါင်စတာလင် | ၁၅၅,၂၅၀,၀၀၀ |

ထို့နောက် တရုတ်အရင်းရှင်များ၏ သစ်စက်၊ ဆန်စက်၊ ဟိုတယ်လုပ်ငန်း၊ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်၊ လက်လီကုန်စုံဆိုင်များနှင့် အပေါင်ဆိုင်များ၏ အရင်းအနှီးများကိုပါ ထည့်တွက်လျှင် ဖော်ပြပါ ပေါင် (၂) သန်း (၈) သိန်းထက် များစွာ ကျော်လွန်သွားလိမ့်မည် ဖြစ်ကြောင်းနှင့်လည်း ဖော်ပြထားလေသည်။ အိန္ဒိယ ချစ်တီး အရင်းရှင်များ၏ အကောင်းဆုံး လယ်မြေကေပေါင်း (၃) သန်းကျော်ကို အပေါင်ခံယူထားသည့် ချေးငွေမှာ မြန်မာငွေ ကျပ်သန်းပေါင်း (၇၅၀) နှင့် ညီမျှကြောင်းကိုလည်း ဖော်ပြထားလေသည်။ ၁၉၂၉–၃၀ ဘဏ္ဍာစုံစမ်းရေး အစီရင်ခံစာအရဆိုလျှင် မြန်မာနိုင်ငံ တစ်ခုလုံးတွင် ချစ်တီးငွေချေးတိုက်ကြီးပေါင်း (၁၇၉၀) နှင်နှင် ရှိခဲ့ပေသည်။ ၎င်းတို့သည် ရန်ကုန်မြို့တော်တွင် (၃၅၉) တိုက်၊ ပဲခူးတိုင်း (ရန်ကုန် မပါ) တွင် (၄၄၆) တိုက်၊ ဧရာဝတီတိုင်းတွင် (၄၉၄) တိုက်၊ တနင်္သာရီတိုင်းတွင် (၁၅၈) တိုက်၊ မန္တလေးတိုင်းတွင် (၁၁၀) တိုက်၊ ရခိုင်တိုင်းတွင် (၂၃) တိုက်နှင့် အခြားဒေသရှိ တိုက်ပေါင်း (၂၀၀) တို့ ဖြစ်ခဲ့ကြလေသည်။ ထိုချစ်တီးတိုက်များ၏ အတိုးကြီးစား သွေးစုပ်ပုံမှာ တိုင်းရင်းသား တောင်သူလယ်သမား အားလုံးတို့၏ နက်ရှိုင်းလှသော ကြွေးတင်ကျွန်ဖြစ် ဆင်းရဲတွင်း နစ်ခဲ့ရသော ဘဝက ကောင်းစွာ သက်သေပြခဲ့ပြီး ဖြစ်ပေသည်။

မြန်မာတို့၏ စီးပွားရေး ကျွန်ဘဝကို စာရင်းချုပ်သော အင်္ဂလိပ် ဘီအိုစီကုမ္ပဏီကြီးက ၎င်း၏ သန်းပေါင်းများစွာသော ငွေစာရင်းပေါ်တွင် (၂၂.၃) ရာခိုင်နှုန်း အမြတ်

mgyoe.com

ထုတ် သွေးစုပ်နေချိန်တွင် မြန်မာတိုင်းရင်းသား တောနေလူထုကြီးမှာ ရေနံဆီမီးတိုင်ကလေးကိုပင် မှန်မှန်မထွန်းခဲ့ရ။ ညဦးနက်လာလျှင် မှုတ်ထားခဲ့ရပေသည်။ စတီးဘရားသားဆန်စပါးကုမ္ပဏီကြီး ၎င်း၏ ငွေပင်ငွေရင်းပေါ်တွင် နှစ်စဉ် (၄၀) ရာခိုင်နှုန်း အမြတ်ထုတ်သွေးစုပ်နေချိန်တွင် မြန်မာတိုင်းရင်းသား တောင်သူလယ်သမား လူထုကြီးမှာ ထမင်းပင်နပ်မှန်အောင် မစားခဲ့ရ။ ဝမ်းစာပင် မှန်အောင် မထည့်ခဲ့ရ။ တချို့ ထည့်ရသော ဝမ်းစာပုတ်ကလေးကိုပင် ဝံသာနု အရေးတော်ပုံတွင် လူခွန်မပေးမှုဖြင့် အတင်းသိမ်းခံခဲ့ရသည်။ အင်္ဂလိပ်ဘားမားတင်း ကုမ္ပဏီ (သတ္တုကုမ္ပဏီကြီး) က ၎င်း၏ငွေရင်းပေါ်တွင် (၃၅) ရာခိုင်နှုန်း အမြတ်ထုတ် သွေးစုပ်နေချိန်တွင် တိုင်းရင်းသား မြို့နေ၊ တောနေ ဆင်းရဲသားလူထုကြီး၏ သမီးကလေးများအဖို့ သတ္တုလက်ကောက် အပေါစားကိုပင် ဖောဖောသီသီဝတ်ဆင်ခွင့်မရခဲ့။ ဘုံဘေဘားမား၊ မက္ကရီကာ၊ ဖူကာ၊ စတီး စသည့် သစ်ကုမ္ပဏီများကနှစ်စဉ် အမြတ်ငွေပေါင်းများစွာကို သွေးစုပ် အမြတ်ထုတ်နေချိန်တွင် မြန်မာတိုင်းရင်းသားလူထုအများစုကြီးမှာ သက်ငယ်မိုး၊ ဝါးထရံကာ၊ ကြမ်းခင်းနှင့် ကနားဖျင်း တဲစုတ်များတွင်သာ တိရစ္ဆာန်သာသာ နေခဲ့ကြရလေသည်။

ထို့ကြောင့် မြန်မာပြည်ခေတ် သမိုင်းကျမ်းကို ရေးသားသူ သမိုင်းပညာရှင် မစ္စတာခရစ်စတီယံက–

'မြန်မာပြည်ရှိ အင်္ဂလိပ်ကုမ္ပဏီကြီးများတွင် စတီးဘရားသား ကုမ္ပဏီကြီးသည်အလွန် ဗြိတိသျှကုမ္ပဏီ ပီသသော ကုမ္ပဏီကြီး ဖြစ်ပေသည်။ ၎င်းသည် အလွန် ကျယ်ပြောလှသော လုပ်ငန်းကြီးများ ဖြစ်သည့် ရေနံ၊ ဆန်စပါး၊ ဘိလပ်မြေ၊ သစ်တော၊ သွင်းကုန်လုပ်ငန်းကြီးများ၊ ဝါဂွမ်းနှင့် အထွေထွေရောင်းဝယ်ရေး လုပ်ငန်းကြီးများကိုပါ အုပ်၍ လုပ်ခဲ့လေသည်။ ၎င်း၏ အရင်းငွေ ပေါင်စတာလင် (၄) သန်းပေါ်တွင် နှစ်စဉ်ပေါင် (၄) သိန်း မြတ်နေလေသည်။ ၎င်း၏ အမြတ်ခွဲဝေရေးနှုန်းမှာ (၈) ရာခိုင်နှုန်းရှိ၍ ၁၉၂၉ တွင် အသားတင်အမြတ် ပေါင်စတာလင် (၅၁၇,၈၀၂) ဖြစ်ခဲ့လေသည်။ ၎င်းသည်ဘားမားကော်တွန် (ဝါဂွမ်း) ကုမ္ပဏီခွဲသို့သော ကုမ္ပဏီခွဲ များစွာဖြင့် မြင်းခြံ၊ သရက်စသည့် ဒေသများတွင် ဖွင့်လှစ်စေပြီး မူရင်း မိခင် ကုမ္ပဏီကြီးများနှင့် အကျိုးအမြတ်များကိုခွဲဝေကာ စားစေသည်'

ဟူ၍ ရေးသား မှတ်ချက်ချထားခဲ့ပေသည်။

မြန်မာပြည် ကျွန်ဘဝ စီးပွားရေး နက်ရှိုင်းပုံမှာ သခင်ဘဝ ရောက်ခဲ့ပြီဖြစ်သော လွတ်လပ်သော မြန်မာနိုင်ငံ လက်ထက်သို့ပင် အမွေဆက်ခဲ့ပေသေးသည်။ ၁၉၅၃ ခု၊

mgyoe.com 

ဖေဖော်ဝါရီလ (၂၅) ရက် နေ့စွဲ ပါလီမန်လွှတ်တော် အတိုက်အခံများ၏ မေးမြန်းချက်ကို ဖဆပလ အစိုးရက ဖြေကြားရာ၌ အောက်ပါ နိုင်ငံခြား စီးပွားရေး ကုမ္ပဏီကြီးများစာရင်း သည် ပေါ်ထွက်ခဲ့ပေသည်။ ၎င်းမှာ–

| | | |
|---|---|---|
| ၁။ | ဗြိတိသျှ ကုမ္ပဏီများ | ၁၆၉ ခု |
| ၂။ | အမေရိကန် ကုမ္ပဏီများ | ၁၆ ခု |
| ၃။ | အိန္ဒိယ ကုမ္ပဏီများ | ၁၇၃ ခု |
| ၄။ | ဒပ်(ချ်) ကုမ္ပဏီများ | ၇ ခု |
| ၅။ | ဆွီဒင် ကုမ္ပဏီများ | ၃ ခု |
| ၆။ | ဒိန်းမတ် ကုမ္ပဏီများ | ၁ ခု |
| ၇။ | ဆွစ်ကုမ္ပဏီများ | ၁ ခု |
| ၈။ | အီတလီ ကုမ္ပဏီများ | ၁ ခု |
| ၉။ | တရုတ် ကုမ္ပဏီများ | ၁၇ ခု |
| ၁၀။ | ဗြိတိသျှ–တရုတ် ကုမ္ပဏီများ | ၃ ခု |
| ၁၁။ | ဆွီဒင်–နော်ဝေ–ဗြိတိသျှ ကုမ္ပဏီများ | ၁ ခု |
| ၁၂။ | ဗြိတိသျှ–အိန္ဒိယ ကုမ္ပဏီများ | ၈ ခု |
| ၁၃။ | ဗြိတိသျှ–မြန်မာ ကုမ္ပဏီများ | ၆ ခု |
| ၁၄။ | အမေရိကန်–ဗြိတိသျှ ကုမ္ပဏီများ | ၂ ခု |
| ၁၅။ | အမေရိကန်–တရုတ် ကုမ္ပဏီများ | ၁ ခု |
| ၁၆။ | အမေရိကန်–တရုတ်–မြန်မာ ကုမ္ပဏီများ | ၁ ခု |
| ၁၇။ | အိန္ဒိယ–တရုတ်–မြန်မာ ကုမ္ပဏီများ | ၁၃ ခု |
| ၁၈။ | အခြားနိုင်ငံ ကုမ္ပဏီများ | ၂ ခု |
| | စုစုပေါင်း | ၄၂၃ ခု |

အမျိုးသားလွတ်လပ်ရေး ဆုံးရှုံးရခြင်းဖြင့် မြန်မာပြည်သည် နိုင်ငံရေးကျွန် ဖြစ်ခဲ့ ရသည်။ နိုင်ငံရေးအရ ကျွန်ဘဝ ရောက်ရခြင်းသည် အလွန်ဇာတ်နာလှသော စီးပွားရေး ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ စီးပွားရေးကျွန်ဘဝသို့ ရောက်ပြီဆိုလျှင် လူမှုရေးကျွန် ဘဝသို့ ရောက်ရလေမြဲတည်း။ ဝင်ငွေမရှိတော့သော မိသားစုတစ်ခုအတွက် အဘယ်မှာ လျှင် လူမှုရေးခံစားမှု စံစားမှု ရှိနိုင်တော့မည်နည်း။

စစ်ကြီး မဖြစ်မီက စာရင်းများအရ မြန်မာပြည်၏ လူတစ်ယောက် တစ်နှစ်ဝင်ငွေ

mgyoe.com

မှာ ကျပ် (၄၀) မျှသာ ဖြစ်ခဲ့လေသည်။ ထိုစဉ်က အမေရိကန်ပြည်တွင် (၂၀၅၃) ကျပ်၊ ကနေဒါ (၁၂၆၈) ကျပ်၊ အင်္ဂလန် (၁၀၉၂) ကျပ်၊ ပြင်သစ် (၆၃၆) ကျပ်၊ ဂျာမနီ (၆၃၄) ကျပ်၊ ဂျပန် (၂၇၁) ကျပ် ရှိခဲ့လေသည်။ နှစ်စဉ် နိုင်ငံခြားထုတ်ကုန် တန်ဖိုးပေါင်း (၁၉၃၆–၃၇ အရ) ကျပ်ငွေ (၅၈၈၃) သိန်းဖိုး နိုင်ငံခြား အရင်းရှင်ကြီးများက ရောင်းစားနေသော မြန်မာနိုင်ငံသည် ၎င်း၏ တိုင်းရင်းသားအတွက်မူ တစ်ဦးဝင်ငွေမှာ နှစ်စဉ် (၄၀) ကျပ်မျှသာ ဖြစ်နေခဲ့ရာ အဘယ်မှာ လူမှုရေး နာလန်ထူနိုင်ပါတော့အံ့နည်း။

ထို့ကြောင့်လည်း မြန်မာတိုင်းရင်းသား ကျွန်လူထု၏ လူမှုရေးဘဝမှာ ရှက်ကြောက်ဖွယ်ကြီး ဖြစ်အောင် အဆင့်အတန်း နိမ့်ခဲ့ရပေသည်။ ပညာရေး ဗရချ၊ ကျန်းမာရေး နတ္ထိ ဖြစ်ခဲ့ကြရလေသည်။ ၁၉၃၆–၃၇ ခု ဒိစတြိတ်ကောင်စီများ၏ ပညာရေး အသုံးစရိတ်မှာ (၃၄) သိန်း (၅) သောင်းမျှ ဖြစ်ခဲ့ရာ တောနေလူထုကြီး (၁၁) သန်းအတွက် လူတစ်ယောက် တစ်နှစ်အတွက် (၆) ပဲမျှသာ ကျခဲ့လေသည်။ တစ်နည်းအားဖြင့် (၆) ပဲတန် ပညာရေးပင် ဖြစ်ခဲ့ပေသည်။ ထိုအချိန်တွင် နယ်ချဲ့သခင်နိုင်ငံများ ဖြစ်သော ဗြိတိသျှနိုင်ငံ (၃၂) ကျပ်၊ ကနေဒါ (၄၈) ကျပ်၊ အမေရိကန် (၆၅) ကျပ်၊ ဂျပန် (၁၁) ကျပ်တို့ ဖြစ်ခဲ့ပေသည်။

သို့ဖြစ်၍လည်း မြန်မာပြည် ကျွန်ဘဝတွင် စာသင်ကျောင်း ဦးရေ နည်းခဲ့သလောက် အကျဉ်းထောင်များ၊ အချုပ်ခန်းများ၊ ပုလိပ်ဂါတ်များ၊ တရားစီရင်ရေးရုံးများကား တစ်နေ့တခြား တိုးတက်များပြား အလွန်စည်ကားလာခဲ့ချေသည်။ ဗုဒ္ဓဘာသာ ထွန်းကားလှသော မြန်မာနိုင်ငံတွင် ရာဇဝတ်မှုများ အသည်းထိတ်ဖွယ် တိုးတက်လာခဲ့ပေသည်။ ခရစ်နှစ် ၁၈၇၁–၇၅ တွင် လူဦးရေ တစ်သန်းလျှင် ဓားပြမှု (၁၉.၄) နှင့် လူသတ်မှု (အောက်ဗမာနိုင်ငံတွင်သာ) (၂၅.၉) ရှိခဲ့ရာမှ (၁၈၉၁–၉၅) တွင် ဓားပြမှု (၂၉.၂) ဖြစ်လာပြီး လူသတ်မှု (၃၀.၁) ဖြစ်လာခဲ့တော့သည်။ ၁၉၂၁–၂၅ တွင်မူကား ဓားပြမှု (၃၆.၀)၊ လူသတ်မှု (၅၃.၂) ဖြစ်လာတော့သည်။ လူဦးရေ သန်း (၄၀) ရှိသော အင်္ဂလန်နှင့်ဝေလနယ်တွင် တစ်နှစ်တွင် လူသတ်မှု (၁၄၀) သာ ဖြစ်ခဲ့သော်လည်း လူဦးရေ (၁၅) သန်း (ထိုစဉ်က) သာရှိသော မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် လူသတ်မှု (၉၀၀) ရှိခဲ့ကြောင်း၊ နန်းရင်းဝန် ဦးစော မွေးရာဇာတိ ဖြစ်သော သာယာဝတီ စီရင်စုမှာ လူဦးရေ (၅) သိန်းမျှသာ ရှိခဲ့သော်လည်း လူသတ်မှုမှာ တစ်နှစ်လျှင် (၈၀) ဖြစ်နေကြောင်းဖြင့် ဂျီအီးဟာဗေး (အိုင်စီအက်ဟောင်း) က သူ ရေးသားပြုစုခဲ့သော '၁၈၂၄–၁၉၄၂ ခု ဗြိတိသျှ အုပ်စိုးခဲ့သော မြန်မာပြည်' ဆိုသည့် စာအုပ်တွင် ရေးသားဖော်ပြခဲ့ပေသည်။

mgyoe.com 

ကျွန်ဘဝ ဗမာပြည်သည် ဤသို့သော ပညာမဲ့ အကျင့်ပျက် ဘဝဋ္ဌ ရင်နှင့်ဖွယ် ခံစားနေရစဉ် ကျန်းမာရေးဘဝတွင်လည်း ရှုနာရှိက်ကုန်း အသက်တိုဂ် သေဆုံးကြရ သော ဘဝတွင် ရှိခဲ့ပေသည်။ သာဓကအချို့အားဖြင့် ၁၉၃၁ ခုနှစ်တွင် လူ (၁၀၀၀) လျှင် (၁၇.၃၆) သေဆုံးနေခဲ့ရာမှ ၁၉.၃၄ တွင် (၂၀.၆၂) သေဆုံးလာကြပြီးလျှင် ၁၉၃၇ တွင် (၂၄.၇၆) အထိ သေဆုံးလာကြပေသည်။ အမေရိကန်တွင် (၁၀.၉) သာ ရှိခဲ့ပေ သည်။ သခင်နှင့်ကျွန် အသက်ရှည်မှု၊ တိုမှုတို့တွင် မည်မျှ ကွာခြားပါသနည်း။ ထို့အတူ မြန်မာတို့တွင် ကလေး (၁၀၀၀၀) လျှင် (၂၀၃) ဦး သေနေရစဉ် သခင်နိုင်ငံတွင် အင်္ဂလန် တွင် (၅၇) ဦး၊ ဂျာမနီ (၆၈) ဦး၊ အမေရိကန် (၅၆) ဦးသာ ရှိချေသည်။ ကျွန်ုပ်တို့၏ ရင်သွေး ကျွန်ကလေးများနှင့် သူတို့၏ရင်သွေး သခင်ကလေးများသည် အသက်ရှည်ရေး၊ တိုရေးတွင် မည်မျှ ကွာခြားပါသနည်း။ ကျွန်နိုင်ငံ ဗမာလူမျိုးအတွက် ဘာမဆို ကံကိုချည်း လွှဲချ၍ နယ်ချဲ့လက်အောက်တွင် တစ်သက်လုံး ဘယ့်နှယ် နေနိုင်ခဲ့ပါမည်နည်း။

ဤသို့သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဇာတ်နာမှုကြီးများကြောင့် မြန်မာ ပြည်တွင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး ဇာတ်လမ်းကြီးသည် ဗြိတိသျှ နယ်ချဲ့တို့က ကျွန်အဖြစ် ထားရှိရန် ကျူးကျော်လုပ်ကြံလာသော ၁၈၂၄ ခုနှစ်မှ စတင် လာခဲ့ရလေသည်။ အမျိုးသားလွတ်လပ်ရေး (ဝါ) နိုင်ငံရေး အချုပ်အခြာအာဏာ ဆုံးရှုံး ရသည် ဆိုသည်မှာ တိုင်းပြည်နှင့်လူမျိုးအတွက် မည်မျှ နစ်နာပါသနည်း။ တစ်မျိုးသား လုံးသည် ရခဲသော လူ့ဘဝ လူစင်စစ်မှ စေသည့်ကျွန်၊ ထွန်သည့်နွားကြီးများ ဘဝသို့ တစ်မုဟုတ်ချင်း ကျရောက်သွားခဲ့ရသည်မှာ မည်မျှ ရှက်ဖွယ်ကြီး ကောင်းပါသနည်း။ နိုင်ငံတကာ ဆက်ဆံရေးတွင်လည်း လူစဉ်မမီ၊ လူတောမတိုး၊ အမျိုးမျိုး လူရာမဝင် ဖြစ်ခဲ့ရသည်မှာလည်း မည်မျှ ဓားမနောက်ပိတ် ခွေးမလေးမခန့် ခံစားခဲ့ကြရပါသနည်း။ ရှေးအခါက စစ်ရေးစစ်ရာ စစ်ပညာတွင် အရှေ့ကမ္ဘာတစ်လွှားဋ္ဌ ကုလားသော၊ ယိုးဒယား သော၊ တရုတ်သော၊ မည်သူသော အဘယ်သူတို့၏ ဗိုလ်လုပ်မှုကိုပင်လျှင် ခေါင်းငုံ့၍ မခံခဲ့ရသော်လည်း ကျွန်ဘဝသို့ ရောက်ရသောအခါဋ္ဌမူ ခြေဖြတ်၊ လက်ဖြတ်၊ လက်နက် ဟူ၍ အပ်နှင့် ဓားမတိုက လွှဲ၍ ကိုင်ဆွဲခွင့် မရခဲ့သည်မှာ မည်မျှ မျက်နှာငယ်ခဲ့ရပါသနည်း။

ထို့ကြောင့်လည်း ၁၉၃၀ ပြည့်နှစ် မတိုင်မီ အမျိုးသားအာဇာနည်များသည် လည်း ကောင်း၊ 'အားလုံးညီညီ × × × ယောကျ်ားဘသား တို့ဗမာ × × × နောင်လာ နောက် သား ကောင်းစားဖို့ရာ × × × တို့ကိုယ်ကျိုး လုံးလုံးမပါ၊ × × ရဲရဲဗမာပီပီ ဗမာပြည် တို့ဗမာဖို့ပါ သခင်ကျင့်ကို ကျင့်ကြပါ × × × သခင်မျိုးဟော့ တို့ဗမာ × × × မိုးအောက်

mgyoe.com

မြေပြင်မှာ × × × အထက်တန်းစိတ်နဲ့ စာမရှိသေး × × × တို့ဗမာ × × × ' ဟူသော ခေတ်သစ် အမျိုးသားသီချင်းကို သီဆို၍ တုံးတိုက်တိုက် ကျားကိုက်ကိုက် ထွက်ပေါ်လာသော တို့ဗမာ သခင်များသည် လည်းကောင်း၊ ကမ္ဘာမကြေဖွယ် ဆုံးရှုံးခဲ့ရသော အမျိုးသား လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် အဖိုးမဖြတ်နိုင်သော သွေးများ၊ ချွေးများ၊ အသက်များဖြင့် ချိန်စက်၍ တိုက်ပွဲဝင်ခဲ့ကြရခြင်း ဖြစ်ပေသည်။

ဤသို့ အမျိုးသားလွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည်မှာ မြန်မာတို့အဖို့သာ ကွက်၍ ကံခေခြင်း ဖြစ်ပါသလော။ မြန်မာပြည် မှန်ကင်းတစ်ခုတည်းသာ ကွက်၍ ထင်းဖြစ်ခဲ့ရပါသလော။

မဟုတ်ပါ၊ လုံး၀ မဟုတ်ပါပေ။ နိုင်ငံအများကို ကျွန်လုပ်၍ သွေးစုပ်ခဲ့သော ဘုံရန်သူကြီးသည် အမှန်ပင် ရှိပါပေသည်။

၎င်းကား အခြား မဟုတ်။

လူ့သမိုင်းတွင် ၁၄ ရာစုနှစ်လောက်မှ စ၍ စတင် အညွှန့်ထိုးခဲ့သော ကမ္ဘာ့အရင်းရှင်စနစ်သည် ၁၅ ရာစုနှစ် ဒုတိယပိုင်းသို့ ရောက်သောအခါ အသေးစား ကုန်ထုတ်လုပ်ငန်း စနစ်သည် တဖြည်းဖြည်း ကွယ်ပျောက်ကျဆုံးလာပြီး ငွေရင်းငွေနှီးကြီးများ ထူထောင်၍ ကမ္ဘာ့ကူးသန်းရောင်းဝယ်ရေးကို အခြေခံသော အကြီးစား ကုန်ထုတ်လုပ်ငန်းစနစ်ဆီသို့ ကူးပြောင်း ရောက်ရှိလာပေတော့သည်။ ၁၆ ရာစု၊ ၁၇ ရာစုနှစ်တို့တွင်ကား ဗြိတိသျှ၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ ဒပ်(ချ်) စသည့် အနောက်နိုင်ငံကြီးများတို့တွင် ကြီးမားသော အရင်းရှင် ကုန်ထုတ်လုပ်ငန်းကြီးများဖြင့် အပြိုင်အဆိုင် ဖြစ်ပေါ်လာ၏။ ကမ္ဘာ့အရင်းရှင် လူတန်းစားသည်လည်း ထွားထွားကျိုင်းကျိုင်း ရပ်တည်လာပေသည်။ ၁၈ ရာစု နှစ်ဦးပိုင်းများတွင်မူကား ထိုနိုင်ငံကြီးများရှိ စက်မှုတော်လှန်ရေးကြီးများသည် များစွာ ခြေလှမ်းကျဲလာလေတော့သည်။ စက်မှုတော်လှန်ရေး၏ သော့ချက် သာဓကတစ်ခုဖြစ်သော ကျောက်မီးသွေး ထုတ်လုပ်ရေးသည် ခရစ်နှစ် ၁၇၀၀ တွင် တန်ချိန် (၂၁၄,၈၀၀) မျှသာ ဖြစ်ခဲ့သော်လည်း ၁၇၇၀ တွင် တန်ချိန် (၇,၂၀၅,၄၀၀) ဖြစ်လာခဲ့လေသည်။ ဝပ်၊ နယူကိုမင်း၊ ရောဘတ်ဖူလတန်၊ ဂျော့စတက်ဗဆန် စသည့် စက်မှုပညာရှင်ကြီးတို့၏ တီထွင်ချက်ကြီးများသည်လည်း ကမ္ဘာ့အံ့ချီးဖွယ်ရာများအဖြစ် စတင်ဆောင်ကြဉ်းလာခဲ့ပေသည်။ ၁၉ ရာစုနှစ်များအတွင်းသို့ ရောက်လာသောအခါ ကမ္ဘာ့အရင်းရှင်စနစ်သည် ကမ္ဘာ့အရင်းရှင် နယ်ချဲ့စနစ်သို့ မောက်မာစွာ ကူးပြောင်းလာပေတော့သည်။ ပထမဆုံး ပင်လယ်ကူးသင်္ဘောသည် ၁၈၁၉ ခုနှစ်တွင် အမေရိကမှ ဥရောပ

သို့ (၂၆) ရက်ဖြင့် ခုတ်မောင်းလေပြီ။ ၁၈၂၅ တွင် အင်္ဂလန်၌ ပထမဆုံး မီးရထားကို ခုတ်မောင်းလေပြီ။ ၁၈၅၀ တွင် အင်္ဂလန်၌ မီးရထားလမ်း မိုင်ပေါင်း (၆၆၃၀) ကို တည်ဆောက်ပြီးလေပြီ။ ဤကာလ ၁၈၂၄ တွင် ဗြိတိသျှနယ်ချဲ့သမားသည် မြန်မာပြည်၌ ရခိုင်နှင့် တနင်္သာရီကို သိမ်းပိုက်ပြီးလေပြီ။ ၁၈၅၂ တွင် ပဲခူးနှင့် အောက်ဗမာပြည်ကို သိမ်းပိုက်ပြီးလေပြီ။

နိုင်ငံရေး ပရမတ္ထ သဘောအရ ပြဆိုရသော် ဗြိတိသျှတို့၏ အဆမတန် တိုးတက်လာသော စက်မှုရုပ်ဝတ္ထုများအခြေခံ အရင်းရှင် နယ်ချဲ့စနစ်သည် မြန်မာတို့၏ ခေတ်ဟောင်းတွင် ဆွေးမြည့် ကျန်ရစ်ခဲ့ပြီဖြစ်သော ပဒေသရာဇ်စနစ်၏ နိုင်ငံရေး အချုပ်အခြာ အာဏာကို ကောင်းစွာ ရိုက်ချိုးပစ်နိုင်ပြီး တစ်မျိုးသားလုံးအား ကျွန်ဇာတ်သွင်းခဲ့ခြင်းပင် ဖြစ်ခဲ့ပေသည်။

ဤလိုပင် ခေတ်ဟောင်း စနစ်ဟောင်း၌ ကြွင်းကျန်ရစ်ခဲ့သော အာရှ၊ အာဖရိက၊ လက်တင်၊ အမေရိကတိုက်ကြီးများရှိ နိုင်ငံကြီးငယ်ပေါင်း များစွာကို ကမ္ဘာ့အရင်းရှင် နယ်ချဲ့စနစ်သည် ရက်စက်စွာ အစီအရီ အနိုင်အထက် ကျွန်ဇာတ်သွင်းခဲ့ပေသည်။ အရှေ့တိုင်းတွင် ကျွန်ဇာတ်သွင်းမှုမှ သီသီကလေး လွတ်ခဲ့ရသော တိုင်းပြည်မှာ ဂျပန်ဖြစ်ပြီး ယိုးဒယားမှာ ကျွန်တစ်ပိုင်း အမှီခိုခံဘဝတွင် ဘတ်ဖားစတိတ် ခေါ် ကျွဲနှစ်ကောင်အကြား လွတ်လပ်သော မြေစာပင် အဖြစ်သာ ထားရစ်ခဲ့လေသည်။ ကြီးမားလှသော တရုတ်ပြည်ကြီးကား နယ်ချဲ့ပိုးကြီး (၈) ကောင် တရွေ့ရွေ့ ဖွဲ့၍ ဖွဲ့၍ ဝါးစားခံနေရသော ငှက်ပျောရွက်စိမ်းကြီးပမာ လိုမ့်၍ ခံစားနေခဲ့ရပေသည်။ ထို့ကြောင့် မြန်မာ့ဘုံရန်သူ၊ ကမ္ဘာ့ပြည်သူတို့၏ ဘုံရန်သူ ဖြစ်သော ကမ္ဘာ့အရင်းရှင် နယ်ချဲ့စနစ်သည် ၁၉ ရာစု အလွန် ၂၀ ရာစု အလယ်၌ကား ကမ္ဘာတစ်ခုလုံးကို အောက်ပါ ဇယားအတိုင်း လက်ဝါးကြီးအုပ် သွေးစုပ်နိုင်ပြီး ဖြစ်ခဲ့ပေသည်။

**၁၉၃၅ ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့ထွဲ**
**THE ECONOMIST ခေါ် စာစောင်မှ**

| ကမ္ဘာ့နယ်ချဲ့ နိုင်ငံကြီးများ | အုပ်စိုးထားသော ကမ္ဘာ့အကျယ်၏ ရာခိုင်နှုန်း | အုပ်စိုးထားသော ကမ္ဘာ့လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|
| ၁။ ဗြိတိသျှအင်ပိုင်ယာ | ၂၇ | ၂၅ |

mgyoe.com

| | | | |
|---|---|---|---|
| ၂။ | ပြင်သစ် | ၉ | ၄ |
| ၃။ | ဒပ်(ချ်) | ၂ | ၃ |
| ၄။ | အမေရိကန်ပြည်ထောင်စု | ၇ | ၇ |
| ၅။ | ဘယ်လဂျီယံ အင်ပိုင်ယာ | ၁.၉ | ၁.၁ |
| ၆။ | ပေါ်တူဂီ အင်ပိုင်ယာ | ၁.၆ | ၀.၈ |
| ၇။ | စပိန် အင်ပိုင်ယာ | ၁.၆ | ၁.၃ |

ဤသို့ လုယူ အုပ်စိုးထားခြင်းဖြင့် နယ်ချဲ့နိုင်ငံများသည် မိမိ၏ နိုင်ငံရင်းထက် လုယူထားသော ကိုလိုနီနိုင်ငံများ၏ အကျယ်အဝန်းက (စပါးအုံးမြွေကြီးက နွားကြီး တစ်ကောင်လုံးကို မျိုထားသလို) အဆမတန် (အဆပေါင်း) များစွာ ရှိလာခဲ့လေသည်။

စာရင်းအရမှာ–

| | | |
|---|---|---|
| ၁။ | ပြင်သစ် (မိမိနိုင်ငံထက် အဆပေါင်း) | ၂၂ ဆ |
| ၂။ | ပေါ်တူဂီ (မိမိနိုင်ငံထက် အဆပေါင်း) | ၂၃ ဆ |
| ၃။ | နယ်သာလန် (ဒပ်ချ်) (မိမိနိုင်ငံထက် အဆပေါင်း) | ၆၀ ဆ |
| ၄။ | ဘယ်လဂျီယံ (မိမိနိုင်ငံထက် အဆပေါင်း) | ၈၀ ဆ |
| ၅။ | ဗြိတိသျှ (မိမိနိုင်ငံထက် အဆပေါင်း) | ၁၅၀ ဆ |

ဤသို့ဖြင့် ဝိသမလောဘကို မားမားဝင့်ဝင့် တံခွန်ထူနိုင်သော ကမ္ဘာ့အရင်းရှင် နယ်ချဲ့စနစ်သည် လူသားတို့၏ သုံးပုံနှစ်ပုံ (၀၂) လူဦးရေ သန်းပေါင်း (၁၅၀၀) ကျော်ကို ရက်စက်စွာ ပက်စက်စွာ ကျွန်ဇာတ်သွင်းနိုင်ခြင်း ဖြစ်ခဲ့လေသည်။

ထို့ကြောင့် ကမ္ဘာ့အရင်းရှင် နယ်ချဲ့စနစ်သည် မြန်မာဘုံရန်သူ၊ ကမ္ဘာပြည်သူ တို့၏ ဘုံရန်သူဟု ဆိုသည်မှာ မှားပါသလော။ ထိုသို့ လူသားတို့ကို ရက်စက်စွာ ကျွန်ပြု၍ ဘဝဆုံးအောင် ပြုကျင့်ခဲ့သော အဆိုပါ နယ်ချဲ့စနစ်သည် အရင်းရှင်စနစ်မှ ပေါက်ဖွားလာ သည်ဟု ကမ္ဘာ့သမိုင်းက တစ်တစ်ခွခွ သက်သေပြသည်မှာလည်း မှားပါသလော။ ကမ္ဘာ့ အရင်းရှင် နယ်ချဲ့စနစ်ကြောင့် ကမ္ဘာ့လူသတ်စစ်ပွဲကြီးများ ဖြစ်ကာ ပထမအကြိမ်တွင် လူဦးရေ (၂၃) သန်း၊ ဒုတိယအကြိမ်တွင် (၅၄) သန်း သေကျေ ပျက်စီး မီးလောင်ပြာကျ ဖြစ်ခဲ့ရသည် ဆိုသည်မှာလည်း မှားပါသလော။

သို့ဖြစ်ရကား တိုင်းပြည်တိုင်း၊ နိုင်ငံတိုင်း၊ အမျိုးသား လွတ်လပ်ရေးကို အပြည့် အဝ ခံစားလိုသူတိုင်း ကမ္ဘာ့အရင်းရှင် နယ်ချဲ့စနစ်ကို လူ့ပြည်မှ လုံးဝ မောင်းနှင် သုတ်သင်ပစ်ရမည်မှာ များစွာ ယထာဘူတကျသည့် အမှန်တရားကြီးပင် မဟုတ်ပါလော။

mgyoe.com

ထို့ကြောင့် ၁၈၂၄ ခုနှစ်မှ စ၍ ဆင်နွှဲလာခဲ့သော မြန်မာတိုင်းရင်းသားအပေါင်းတို့၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲကြီးသည် ကျွန်ုပ်ပြုခံ လူဦးရေ သန်းပေါင်း (၁၅၀၀) တို့၏ သမိုင်းတစ်လျှောက် တိုက်ပွဲအလီလီဝင်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲကြီး၏ အစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်သည် ဆိုသည်မှာကော မှန်ပါသလော။

❑

mgyoe.com

mgyoe.com

# [၂]
# မြန်မာတိုင်းရင်းသား အပေါင်းတို့၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး အရေးတော်ပုံကြီး

မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး အရေးတော်ပုံကြီးသည် ၁၈၂၄–၂၆ တွင် ဖြစ်ပွားခဲ့သော မြန်မာ–ဗြိတိသျှ စစ်ပွဲကြီးမှ စတင်ခဲ့ပေသည်။ ထိုကာလသည် ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရင် (၁၈၁၉–၃၇) အုပ်စိုးနေသောကာလ ဖြစ်ပေသည်။ ဤစစ်ပွဲကြီးမှာ တရားဝင် ကြေညာ၍ တန်းတူရည်တူ ပြင်ဆင်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ရသော စစ်ပွဲကား မဟုတ်ပေ။ ဗြိတိသျှ နယ်ချဲ့သမားများသည် ဥရောပတွင်လည်းကောင်း၊ အာရှတွင် လည်းကောင်း ပြင်သစ် နယ်ချဲ့သမားတို့နှင့် ကြီးမားကျယ်ပြန့်စွာ ယှဉ်ပြိုင်တိုက်ခိုက်နေသော (၇) နှစ်ကြာ နယ်ချဲ့ချင်း တိုက်ခိုက်နေသည့် စစ်ပွဲကြီးကို အကြောင်းပြု၍ အားငယ်သော မြန်မာနိုင်ငံအား ရန်စကျူးကျော်မှု အမျိုးမျိုး လုပ်ကြံကာ ဝင်ရောက် တိုက်ခိုက်သော မတရားကျူးကျော်ရေး စစ်ပွဲကြီးသာ ဖြစ်ပေသည်။

ထိုပထမစစ်ပွဲကြီး မတိုင်မီကပင် ဘိုးတော်မင်းတရားလက်ထက်၌ ဗြိတိသျှ နယ်ချဲ့သမားများသည် မြန်မာဘုရင်ထံမှ မတန်မရာ မတော်မတရားသော တောင်းဆိုချက်ကို တောင်းဆိုခဲ့သည်။ ပြည်တွင်းရေးများတွင် ဝင်ရောက် စွက်ဖက်ခဲ့သည်။ နယ်ခြားဒေသများတွင်လည်း ကြိမ်ဖန်များစွာ ရန်စ နှိုးဆော်ခဲ့သည်။ တကယ်အားဖြင့် အိန္ဒိယပြည်ကို သိမ်းပိုက်ပြီးသော နယ်ချဲ့သမားများသည် ဗမာပြည်အား တိုးချဲ့သိမ်းပိုက်ရန် အစီအစဉ်ရှိနေပြီး၊ လုပ်နေပြီး ဖြစ်ခဲ့လေသည်။ ဘကြီးတော်ဘုရင် လက်ထက်၌မူ ဥရောပနယ်ချဲ့

mgyoe.com

စစ်အခြေအနေ၊ မြန်မာနိုင်ငံတွင်း အခြေအနေများကို ချက်ကောင်းယူ၍ ရခိုင်ပြည် ရှင်မဖြူ ကျွန်းကို ကျူးကျော်ရာမှအစ မြန်မာနိုင်ငံအား ပြောင်ပြောင်ပင် ဝင်ရောက် တိုက်ခိုက်ခဲ့ ခြင်းပင် ဖြစ်ပေသည်။

မြန်မာတို့ဘက်မှ မျိုးချစ်ခေါင်းဆောင်ကြီး မဟာဗန္ဓုလနှင့် တပ်မတော်သားများက စွမ်းစွမ်းတမံ ရဲရင့်စွာ ခုခံတိုက်ခိုက်ကြသော်လည်း အရေးနိမ့်ခဲ့ကြရလေသည်။ လွန်စွာ တစ်ဖက်စီးနင်းနိုင်လှသော ရန္တပိုစာချုပ်ကို ချုပ်ခံရကာ ရခိုင်တိုင်းနှင့် တနင်္သာရီတိုင်း တို့အား နယ်ချဲ့တို့ကို ပေးအပ်ခဲ့ရလေသည်။ ရအပ် ယူအပ်သော သင်ခန်းစာကား–

၁။ နယ်ချဲ့တို့၏ ပရိယာယ်များနှင့် ကျူးကျော်ရန်စမှုများကို ခုခံကာကွယ်ရန် အတွက် ကြိုတင်ပြင်ဆင်မှု အားနည်းခဲ့ခြင်း၊

၂။ နန်းတွင်း ပဋိပက္ခများကြောင့် နိုင်ငံခေါင်းဆောင်မှုတွင် မညီမညွတ် ဖြစ်နေ ခြင်းနှင့်–

၃။ မွန်၊ ကရင် စသည် တိုင်းရင်းသားများနှင့် ဗမာတို့ ပြေလည် သွေးစည်း ညီညွတ်မှု မရနိုင်ခဲ့ခြင်းတို့ ဟူ၍ ဖြစ်ပေသည်။

ဗြိတိသျှ နယ်ချဲ့သမားသည် ၎င်း၏ မူလအကြံအစည်နှင့် စီမံကိန်းအတိုင်းပင် ဒုတိယအကြိမ်မြောက် ကျူးကျော်ရေးစစ်ပွဲကိုလည်း ၁၈၅၂ တွင် ကျူးလွန်ပြန်လေသည်။ မြန်မာနိုင်ငံ အောက်ပိုင်းကို သိမ်းပိုက်ပြန်လေသည်။ ဘုရင်နှင့် ပြည်သူများသည် နယ်ချဲ့ သမားတို့၏ အန္တရာယ်ကို ခုခံကာကွယ်ရန် ပြင်ဆင်မှုအချိန်သည် (၂၈) နှစ်မျှ ရရှိခဲ့လေ သည်။ သို့သော်လည်း ဟောင်းနွမ်း ဆွေးမြည့်နေပြီဖြစ်သော ပဒေသရာဇ်စနစ်သည် အမျိုးသားတော်လှန်ရေးကြီးတွင် ဘာမှမတတ်နိုင် ဖြစ်ခဲ့ရပေသည်။ ပြည်သူများကသာ မြန်မာနိုင်ငံအောက်ပိုင်း တစ်ဝန်းလုံး ဒေသပေါင်းများစွာမှ မျိုးချစ်ခုခံရေး စစ်ပွဲများ ဆင်နွှဲကာ နယ်ချဲ့တို့အား မောင်းထုတ်ရန် အသက်သွေးများ သွန်းလောင်းပူဇော်၍ ကြိုးပမ်းခဲ့ကြလေသည်။ တနင်္သာရီနှင့် ရခိုင်တိုင်းတို့မှလည်း ပုန်ကန်ထကြွမှုများ ဖြစ် ပေါ်ခဲ့လေသည်။

မြန်မာနိုင်ငံသည် (၁၈၅၃–၇၈) မင်းတုန်းမင်း လက်ထက်၌မူ အေးချမ်းသာယာကာ ရှိခဲ့၏။ မျိုးချစ်ခေါင်းဆောင် ကနောင်မင်းသားကြီးသည်လည်း နယ်ချဲ့တို့ရန်ကို ခုခံ တိုက်ခိုက်ရန်အတွက် ခေတ်မီ သိပ္ပံပညာတော်သင်များ အမြောက်အမြား စေလွှတ်၍ စက်မှုနှင့် လက်နက်တပ်ဆင်ရေး လုပ်ငန်းများကို ကြိုးပမ်းခဲ့၏။ သို့သော်လည်း ပဒေသရာဇ် စနစ် စခန်းတွင် ပဋိပက္ခကြီးများကြောင့် ကနောင်မင်းသားကြီးသည် ရေတိမ်နစ်ခဲ့ရ၏။

mgyoe.com

ပြည်သူတို့မှာ ခေါင်းဆောင်မှု မဲ့ခဲ့ရ၏။ မင်းတုန်းဘုရင်ကြီးမှာ အခြေအနေ ကို ထောက်ချင့်၍ ရွှေပြည်အေးဝါဒကို ကျင့်သုံးနေခဲ့ရ၏။ ဤသို့အားဖြင့် နယ်ချဲ့၏ အန္တရာယ်ကို အကြိတ်အနယ် ရင်ဆိုင်ပြင်ဆင်ရမည့် နှစ်ပေါင်း (၃၀) ကျော် အချိန် ကာလသည် အလဟဿ ဖြစ်ခဲ့ရ၏။ ထီးရှူးနန်းရှူး ဖြစ်နေကြသော မင်းညီမင်းသားတို့ ၏ ပဋိပက္ခကြီးများသည် မင်းတုန်းမင်းခေတ်မှသည် သီပေါခေတ်သို့ တိုင်အောင် ရပ်စဲ ခြင်း မရှိကြသေးပေ။ 'အရိပ်သုံးပါး နားမလည်၊ ချေသူငယ် ကျားစာဖြစ်' ဆိုသည့် စကား ပုံအတိုင်း နောက်ဆုံး ဗြိတိသျှ နယ်ချဲ့သမားများအတွက် အလွန်အခွင့်ကောင်းဆိုက် လာ မြန်မာပြည်အား ၁၈၈၆ ခုနှစ်တွင် အမည်ခံ တတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲအဖြစ် အပြီးတိုင် သိမ်းပိုက်လိုက်လေသည်။

ဤဗြိတိသျှ နယ်ချဲ့တို့၏ သုံးကြိမ်တိုင် ကျူးလွန်ခဲ့သော နယ်ချဲ့ကျူး ကျော်ရေး စစ်ပွဲများနှင့် ပတ်သက်၍ မြန်မာတိုင်းရင်းသား လူကြီး၊ လူငယ်၊ လူရွယ် တိုင်းလိုလို ကြားဖူးနားဝ ရှိနေသည်မှာ ငြီးငွေ့ဖွယ်ရာ ရှိနေသလောက် ဖြစ်တန်ရာချေ သည်။ သို့သော် မည်သည့်နည်းနှင့်မျှ မရိုးနိုင်သော၊ လွန်စွာ အရေးကြီးသော သမိုင်းခြင်း ရာ သဘောတရားကြီးများသည် ၎င်းအဖြစ်အပျက်များ၏ အောက်တွင် ပျောက်ကွယ်နေ ပေသည်။ ၎င်းတို့ကို ယခု ပြည်သူ့တော်လှန်ရေးခေတ်တွင် ခရေစေ့တွင်းကျ ဖော်ထုတ်လေ့ လာထိုက်ပေပြီ။ ၎င်းတို့ကား အခြား မဟုတ်။

၁။ မြန်မာတို့အား ကျွန်ပြုခဲ့သော ကမ္ဘာ့အရင်းရှင်စနစ်၊

၂။ ၎င်းမှတစ်ဆင့် ဖောက်ပြန်လာသော နယ်ချဲ့စနစ်၊

၃။ နယ်ချဲ့စနစ်နှင့် နယ်ချဲ့ဆန့်ကျင်ရေး တိုင်းပြည်များ၏ ပဋိပက္ခသ ဘောနှင့် သမိုင်းကြောင်း၊

၄။ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲ၏ အခြေခံလမ်းကြောင်းနှ င့် မှုများ စသည်တို့ ဖြစ်ပေသည်။

ယခုအခါ စာသင်ကျောင်းနှင့် တက္ကသိုလ်များတွင် မြန်မာ–ဗြိတိသျှ စစ် ပွဲများကို ကျွန်ခေတ်ကကဲ့သို့ ဖြစ်စဉ်သဘောမျှသာ သင်ကြားနေခြင်းကို ရပ်စဲ၍ ဖြစ် စဉ်များ၏ ဘောင်ကိုရော၊ ၎င်းအတွင်းမှ အခြေခံ သမိုင်းအနှစ်သာရများကိုပါ အလေးအနက် ထား၍ သင်ကြားပေးသင့်ပေပြီ။

သို့မှသာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် လွှမ်းမိုးနေသော တိုင်းပြည်သ ည် တစ်ပါး ကျွန် မဖြစ်နိုင်သော အမျိုးသားညီညွတ်ရေးကို ထာဝစဉ် အခိုင်အမာ တည်ဆော က်ထား

နိုင်ရာ ရောက်ပေချိမ့်မည်။

ခရစ်နှစ် ၁၈၈၆ မှ ၁၈၉၆ ခုနှစ်အထိ နယ်ချဲ့ဆန့်ကျင်ရေး အရေးတော်ပုံကြီးသည်ကား ပြည်သူတို့၏ လက်နက်ကိုင် တော်လှန်ရေးခေတ်ကြီးပင် ဖြစ်ပေသည်။ ထိုခေတ်တွင် ဖြစ်ပေါ်ခဲ့သော ပြည်သူတစ်ရပ်လုံး၏ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ကြီးနှင့် အာဇာနည်စွမ်းရည်တို့ကား ရာဇဝင်ကျေသော်မှ ဥဒါန်းမကျေနိုင်သော သမိုင်းဖြစ်ရပ်ကြီးများပင်တည်း။ ဤပြည်သူတို့၏ လက်နက်ကိုင် တော်လှန်ရေးကြီး၏ ထူးခြားချက်ကား စုစည်းသော ခေါင်းဆောင်မှု မရှိမှု အားနည်းချက်ကြီးကလွဲလျှင် လူမျိုးစုအားလုံး၊ ပြည်သူလူတန်းစားများအားလုံး၊ ဇာတိသွေး ရှိသော ဘုရင့်အမှုထမ်း အရာထမ်းအားလုံးတို့ ညီညီညွတ်ညွတ် အုန်းအုန်းကျွက်ကျွက်ဖြင့် စုပေါင်း ပုန်ကန် တော်လှန်တိုက်ခိုက်ကြခြင်းပင် ဖြစ်ပေသည်။

ထိုစဉ်က အနယ်နယ် အရပ်ရပ်မှ ထကြွခဲ့ကြသော မျိုးချစ် သူပုန်ခေါင်းဆောင်များမှာ သမိုင်း၏ တရားဝင်မှတ်တမ်းအရ ခေါင်းဆောင်ပေါင်း (၁၁၁) ယောက် ရှိခဲ့လေသည်။ ၎င်းတို့တွင် ရခိုင်၊ ချင်း၊ ကချင်၊ မွန်၊ ရှမ်း၊ ကယား၊ ကရင် စသည့် လူမျိုးစု ခေါင်းဆောင်ပေါင်း မြောက်မြားစွာ ပါဝင်ခဲ့လေသည်။ ထိုမျိုးချစ် ပုန်ကန်မှုကြီးများ၏ စွမ်းရည်သတ္တိထူးများကို ကရော(စ်)ဝိတ် စသော ဗြိတိသျှလူမျိုးတို့၏ မြန်မာနိုင်ငံ ငြိမ်ဝပ်ပိပြားရေးတိုက်ပွဲ မှတ်တမ်းများတွင် ဂုဏ်ယူဖွယ်ရာကြီးဖြစ်ဖွယ် ဖော်ပြခဲ့ကြလေသည်။ ဗြိတိသျှ နယ်ချဲ့အစိုးရသည် ဤပြည်သူတို့၏ ပုန်ကန်မှုများကို မည်မျှ ရက်စက်စွာ နှိပ်ကွပ် သုတ်သင်ခဲ့သည်များကိုလည်း နာကြည်း၍မဆုံးနိုင်ဖွယ် တွေ့ရှိရလေသည်။ ထိုကာလတွင် သံလက်သီး စစ်ဝါဒ၊ စစ်အုပ်ချုပ်ရေးဖြင့် တရကြမ်း နှိပ်ကွပ် ချေမှုန်းနေခဲ့သော ကာလလည်း ဖြစ်ခဲ့ပေသည်။ နယ်ချဲ့တို့၏ ရက်စက်မှုများနှင့်အတူ ပြည်သူတို့၏ တုံ့ပြန်တိုက်ခိုက်မှုကလည်း (၁၁) နှစ်တိုင်တိုင် အလားတူ ပြင်းထန်ခဲ့ပေသည်။

ဤ (၁၀) နှစ်ကြာ လက်နက်ကိုင် အရေးတော်ပုံကြီးသည် နောက်ဆုံး၌ အရေးနိမ့်ခဲ့ရပေသည်။ အာဇာနည်တို့၏ အသက်များ၊ သွေးများ အဆမတန် မြေသို့ ကျခဲ့ရသည်။ သို့သော် အလဟဿ မဖြစ်ခဲ့ရချေ။ ရအပ်သော သင်ခန်းစာကား နယ်ချဲ့သမားအား လက်နက်ကိုင်တိုက်ပွဲကြီး ဆင်နွှဲလိုသော် ကမ္ဘာ့အခြေအနေ၊ ပြည်တွင်း အခြေအနေများကို အခြေခံထားရမည်။ ရန်သူ့အတွင်း ပဋိပက္ခများကို အသုံးပြုနိုင်ရမည်။ ပြည်သူတို့အား စနစ်တကျ စည်းရုံး၍ မူမှန်သော နိုင်ငံရေး ခေါင်းဆောင်မှုဖြင့်သာ တိုက်ခိုက်နိုင်လျှင် အောင်ပွဲဝင်နိုင်သည် ဟူသော သင်ခန်းစာကြီးပင်တည်း။

mgyoe.com

နယ်ချဲ့ဆန့်ကျင်ရေး အရေးတော်ပုံကြီးသည် ၁၈၉၆ မှ ၁၉၀၆ ခုနှစ်အထိ ဗြိတိသျှ ဗျူရိုကရေစီ အုပ်ချုပ်ရေးအောက်တွင် နှစ်ပေါင်း (၁၀) နှစ်မျှပင် နာလန်ထူ အားယူနေရပြီးနောက် ရာဇဝင် တွင်အပ်သော ၁၉၀၆ ခုနှစ်တွင်ကား ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးကို မြန်မာလူငယ်များက စတင် ထူထောင်ခဲ့ကြပေသည်။ နယ်ချဲ့ဆန့်ကျင်ရေး လူထုတိုက်ပွဲကြီး၏ ပဏာမ အစပျိုးချက်ပေတည်း။

ထို့နောက် (၅) နှစ်အကြာ (၁၉၁၁–၁၂) ခုတို့တွင် မြန်မာ တိုင်းရင်းသား လူထုကြီးအား နိုင်ငံရေးအားဖြင့် များစွာ နှိုးဆော်ပေးခဲ့သော သူရိယ၊ မြန်မာ့အလင်း စသည့် သတင်းစာကြီးများ နေလိုလလို ထွက်ပေါ်လာခဲ့ပေသည်။ ပြည်သူတို့၏ နိုင်ငံရေး နိုးကြားမှုကို ကြီးစွာ အထောက်အကူ ပြုခဲ့လေသည်။

ထို့နောက် ၁၉၁၄–၁၈ ခုနှစ်တွင် ကမ္ဘာ့နယ်ချဲ့ချင်း တိုက်ခိုက်ခဲ့ကြသော ပထမ ကမ္ဘာ လူသတ်စစ်ပွဲကြီး ဖြစ်ပေါ်လာခဲ့ပေသည်။ အမေရိကန် သမ္မတကြီး ဝီ(လ်)ဆင်၏ 'တိုင်းပြည်တိုင်း၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုရမည်' ဟူသော အချက် (၁၄) ချက်ပါ ကမ္ဘာ့ကြေညာ စာတမ်းကြီးသည်လည်း ထွက်ပေါ်လာခဲ့သည်။ ၁၉၁၇–၂၀ သော နှစ်တို့တွင်လည်း ကမ္ဘာ့ (၆) ပုံ (၁) ပုံသော ရုရှားနိုင်ငံကြီးတွင် ခေါင်းဆောင်ကြီး လီနင် ကြီးမှူး၍ ကမ္ဘာ့နယ်ချဲ့နိုင်ငံများ အားလုံး၏ ကျူးကျော်ရေးစစ်များကို အောင်ပွဲခံကာ ဆင်းရဲသားမင်း၊ ဆင်းရဲသားချင်း နိုင်ငံကြီးကို ထူထောင်လေပြီ ဟူသော သတင်းထူးကြီးသည်လည်း ကမ္ဘာသို့ ဂယက်ရိုက်လာသော ကာလလည်း ဖြစ်ပေသည်။

ထို့အတူ ၁၉၁၁ ခုနှစ်တွင် အောင်ပွဲခံခဲ့သော ဒေါက်တာ ဆွန်ယက်ဆင် ခေါင်းဆောင်သည့် တရုတ်ပြည် ဒီမိုကရေစီ သမ္မတနိုင်ငံ ထူထောင်သည့် ဂယက်များ၊ ၁၉၁၃ တွင် မဟတ္တမဂန္ဒီကြီး ခေါင်းဆောင်သော အိန္ဒိယပြည် အမျိုးသားလွတ်လပ်ရေး အုံကြွမှုကြီး၊ အိုင်ယာလန်နိုင်ငံ ထကြွမှု အရေးတော်ပုံများ၊ ၁၉၂၂ ခု တူရကီနိုင်ငံ အမျိုးသား ခေါင်းဆောင်ကြီး ကိမယ်(လ)အတာတပ်၏ ခေတ်သစ်ထူထောင်ရေး တိုက်ပွဲများ စသည် စသည်တို့သည် မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲကြီးကို အရှိန်ပြင်းစွာဖြင့် တစ်ဆင့်နိုး၍ တစ်မျိုး ထကြွလာရန် ရိုက်ခတ် လှုံ့ဆော်ပေးလိုက်သော ကမ္ဘာ့အဖြစ်အပျက်များပင် ဖြစ်ပေသည်။

ဤသို့ဖြင့် ၁၉၁၉–၂၀ မှ ၁၉၂၉ အထိတွင် မြန်မာနိုင်ငံ၌ အလွန်ကြီးကျယ်သော နယ်ချဲ့ဆန့်ကျင်ရေး လူထုအရေးတော်ပုံကြီးသည် ဖြစ်ပေါ်ခဲ့လေသည်။ ဝံသ–အမျိုးကို၊ အနု–အစဉ်သဖြင့်၊ ရက္ခိတ–စောင့်ရှောက်ကြ ဟူသော အဓိပ္ပာယ်ဖြင့် ထိုအရေးတော်ပုံ

ကြီးကို ဝံသာနု အရေးတော်ပုံကြီး (ဝါ) အမျိုးဘာသာ သာသနာကို စောင့်ရှောက်သည့် အရေးတော်ပုံကြီး ဟူ၍လည်း ခေါ်တွင် မြည်ဟည်းခဲ့ပေသည်။

မှန်ပေသည်။ နယ်ချဲ့ကျွန်ဘဝတွင် လူမျိုးရေးအရ လည်းကောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ကိုးကွယ်ရာ ဘာသာအရ လည်းကောင်း ညှိုးနွမ်း ဖျက်ဆီးခြင်း ခံရသည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။ ထို့ကြောင့် ထိုစဉ်က ပြည်သူတို့၏ နှုတ်ဖျားတွင် အမျိုးဘာသာ သာသနာ ပညာ စောင့်ရှောက်ရေး ဟူသော ကြွေးကြော်သံကို တရှရှ ရွတ်ဆို ကြွေးကြော်ခဲ့ကြပေသည်။

ထိုအရေးတော်ပုံကြီးကို ၁၉၀၆ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့သော ဝိုင်အမ်ဘီအေ လူငယ်အသင်းများနှင့် အခြား ရဟန်းရှင်လူ အမျိုးသမီး အဖွဲ့အစည်းများပါ စုပေါင်း၍ ဖွဲ့စည်းအပ်သော ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီးက ခေါင်းဆောင် ဆင်နွှဲခဲ့ပေသည်။ ၁၉၁၈ ခုနှစ်တွင် မွန်တေဂုချမ်စဖော့ အစီရင်ခံစာ ဆိုသည့် အိန္ဒိယပြည်အတွက် အုပ်ချုပ်ရေး တိုးတက်ပေးမှု အစီရင်ခံစာတစ်ရပ်သည် ဗြိတိသျှ အာဏာပိုင်တို့ထံမှ ထွက်ပေါ်လာခဲ့ပေသည်။ ထိုအစီအမံတွင် ဗမာပြည်အား ဝကွက်ချန်ထားခဲ့ပေသည်။ ဤသို့ဖြင့် ဗမာတစ်ပြည်လုံး ပွက်ပွက်ရိုက် မကျေမနပ် ဖြစ်ခဲ့ကြပေသည်။ ၁၉၁၇ ခုနှစ်က အိန္ဒိယ ပြည်ဆိုင်ရာ အတွင်းဝန်ချုပ် မစ္စတာ အီးအက်(စ်) မွန်တေဂု အိန္ဒိယပြည်သို့ တိုင်းခန်း လှည့်လည်လာစဉ်က မြန်မာနိုင်ငံ ဝိုင်အမ်ဘီအေ ခေါင်းဆောင်များ ဖြစ်ကြသော ဦး ဘဖေ၊ ဦးမေအောင်၊ ဦးဖေ၊ ဦးစု တို့က ကိုယ်စားလှယ်အဖြစ် သွားရောက် တွေ့ဆုံ၍ မြန်မာနိုင်ငံအရေး တင်ပြချက်ကို စဉ်းစားပါမည်ဟု ကတိပေးခဲ့ချက်တို့မှာ ထိုအစီရင်ခံစာ ထွက်ပေါ်လာသောအခါ နယ်ချဲ့တို့၏အလိမ်သည် ဘွင်းဘွင်းပေါ်ခဲ့လေသည်။ သို့ဖြင့် တိုင်းပြည်တွင်း မကျေမနပ် အုံကြွမှုများ ဖြစ်ပေါ်လာခဲ့ရသည်။

၁၉၁၉ ခုနှစ်တွင် ထိုအုံကြွမှုကို လိမ်းဆေး၊ ဖြူးဆေး ပေးရန်အတွက် မြန်မာပြည် ဘုရင်ခံ ကရက်ဒေါ့က 'ကရက်ဒေါ့ စီမံကိန်း' တစ်ခု ထုတ်ပြန်လိုက်ရာ ပို၍ ကျွန်ဇာတ် မျောစေမည့် စီမံကိန်း ဖြစ်ရာကား တစ်ပြည်လုံး သာလွန်၍ အုံကြွ လှုပ်ရှားလာခဲ့ပြန် လေသည်။ နိုင်ငံကျော် ဝံသာနုခေါင်းဆောင် ဆရာတော်ကြီး ဦးဉတ္တမ၏ 'ကရက်ဒေါ့၊ ပြန်လော့' ဟူသော ကြွေးကြော် မောင်းနှင်သံမှာ တောမီးပြန့်သလို တစ်မုဟုတ်ချင်း ပျံ့လွင့် လှုံ့ဆော်ခဲ့ပေသည်။ ထိုနှစ် မေလ (၁၈) ရက်နေ့တွင် မြန်မာကိုယ်စားလှယ် ခေါင်းဆောင်ကြီးများ ဖြစ်ကြသော (ဖေ၊ ပု၊ ရှိန်) ဦးဘဖေ၊ ဦးပု၊ ဦးရှိန်တို့အား ဘိလပ် သို့ စေလွှတ်အရေးဆိုခဲ့ပေသည်။

mgyoe.com

အိန္ဒိယနိုင်ငံ၌ ဒိုင်အာခီ အုပ်ချုပ်ရေး ဥပဒေကို အတည်ပြုပေးသော်လည်း ဗမာပြည်မှာ အလွန်ညံ့ဖျင်းသော ဒိုင်အာခီ အုပ်ချုပ်ရေး အဆင့်အတန်းတွင်းသို့ပင် ထည့်သွင်းခြင်း မပြုခဲ့ပေ။ သို့ဖြင့် တစ်မျိုးသားလုံး၏ နယ်ချဲ့အစိုးရအပေါ် မကျေနပ်ချက်မှာ ပြင်းထန်သည်ထက် ပြင်းထန်လာပေတော့သည်။ ဘိလပ်သို့လည်း ဒုတိယအကြိမ် ကိုယ်စားလှယ် စေလွှတ်ပြန်ကာ ပြည်တွင်း၌လည်း ကြီးမားသော ဆန္ဒပြပွဲကြီးများကို နေရာဒေသများစွာတွင် ခြိမ့်ခြိမ့်သဲ ကျင်းပကြသည်။ ဟုမ္မရူး ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးအပ်ရေးကို ပြင်းပြင်းပြ တောင်းဆိုကြသည်။ မြန်မာပြည် ဘုရင်ခံ ကရက်ဒေါ့၏ နိုင်ငံရေးဖိနှိပ်မှုမှာလည်း တစ်နေ့တခြား ပြင်းထန်လာတော့သည်။

နောက်ဆုံး၌ ဆရာတော် ဦးဥတ္တမအား ဖမ်းဆီး ထောင်ချလိုက်သောအခါ တစ်တိုင်းပြည်လုံး အုန်းအုန်းကျွက်ကျွက်ဖြင့် ထကြွလှုပ်ရှားလာပြန်လေသည်။ ဝံသာနု အမျိုးသား ရဟန်းရှင်လူအပေါင်းတို့နှင့်တကွ ကုမ္မာရီ အမျိုးသမီးထုကြီးပါ ထူးထူးကဲကဲ တက်ကြွကာ စည်းရုံးလာကြလေတော့သည်။ တိုင်းပြည်အရပ်နေ လှည်းနေလှေအောင်း မြင်းဓောင်းမကျန် ဝံသာနု အသင်းများ၊ ကုမ္မာရီ အသင်းများ၊ သံဃသာမဂ္ဂီ အသင်းများမှာ ကြွားကြွားဝင့်ဝင့် တက်တက်ကြွကြွ ထူထောင်လာကြလေသည်။

၁၉၂၀ ပြည့်နှစ် ပြည်မြို့တွင် ကျင်းပသော ဝိုင်အမ်ဘီအေ အသင်းကြီး၏ (၈) ကြိမ်မြောက် ကွန်ဖရင့်ကြီးမှာ အလွန် ကြီးကျယ် စည်ကားလှပြီး ဂျီစီဘီအေ အဖွဲ့ချုပ်ကြီး ခေါ် မြန်မာနိုင်ငံ ဝံသာနုအသင်းချုပ်ကြီးကို ထီးထီးမားမား စတင် ထူထောင် အောင်မြင်စွာ ဖွဲ့စည်းခဲ့ကြပေသည်။ ထိုနှစ်မှာပင် ရန်ကုန်မြို့ ယူနီဗာစီတီ ကျောင်းသားသပိတ်ကြီး ဖြစ်ပွားခဲ့လေသည်။ ထိုအချိန် ထိုကာလ၏ တစ်မျိုးသားလုံး ညီညွတ်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးသည် ရာဇဝင်တွင်ဖွယ်ကြီး ဖြစ်ခဲ့ပေသည်။ ၁၉၂၀ ပြည့်နှစ်၊ သန်လျင် ရေနံစာရေး သပိတ်ကြီးဟု ဆိုအပ်သော ပထမ အလုပ်သမား သပိတ်ကြီးသည်လည်း အံ့ချီးဖွယ်ရာ ဖြစ်ပေါ်ခဲ့ပေသည်။

၁၉၂၁ ခု၊ အောက်တိုဘာလ (၂၁) ရက်နေ့ မန္တလေးမြို့တော်ဟောင်းတွင် ကျင်းပသော နဝမအကြိမ်မြောက် ဂျီစီဘီအေ ကွန်ဖရင့်ကြီးမှာ အမျိုးသားညီညွတ်ရေး၏ အထွတ်သရဖူ ဖြစ်တော့သည်။ ဝံသာနုအသင်းပေါင်း (၅၀၀၀) ကျော်မျှ၊ ကိုယ်စားလှယ်တော် (၁၀၀၀၀) ကျော်နှင့် သံဃာကိုယ်စားလှယ် (၃၀၀၀) ကျော် တက်ကာ သွေးစည်း အရေးဆိုခဲ့ကြပေသည်။ ယခုတိုင် ဆင်နွှဲ ကျင်းပလျက်ရှိသော တန်ဆောင်မုန်းလဆုတ် (၁၀) ရက်၊ အမျိုးသားနေ့ကြီးမှာ ထိုကွန်ဖရင့်ကြီး၏ အဆုံးအဖြတ်ပေတည်း။ တစ်ပြည်ထောင်

လုံးတွင်လည်း အမျိုးသား ပညာရေးတံခွန်ကို လွှင့်ကာ အမျိုးသားကျောင်းများ အစီအရီ ပေါ်ထွန်းလာခဲ့ပေသည်။

ဗြိတိသျှ နယ်ချဲ့အစိုးရသည် မြန်မာပြည်၏ နောင်ရေးနှင့် ပတ်သက်၍ မလေးမစား ပြုလုပ်ခဲ့ရာမှ မတတ်သာတော့သည့်အခြေသို့ ရောက်ရှိလာကာ ဉာဏ်ဆင်လှည့်စားသွေးခဲ့သော ဓားကို သုံးသောအားဖြင့် မြန်မာပြည်အား ဒိုင်အာခီ အုပ်ချုပ်ရေးအတွင်းသို့ သွတ်သွင်းရန် ဆုံးဖြတ်ပြီး ပိုက်ကော်မတီ ဆိုသည်ကို ခန့်ကာ တိုင်းပြည်အရပ်ရပ် လှည့်လည်စုံစမ်းစေခဲ့သည်။ ၎င်းနှစ် ၁၉၂၁ ခုမှာပင် ကျေးလက် ဒေသန္တရ အုပ်ချုပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့လေသည်။

အလွန် နိုးကြားသော ဝံသာနုပြည်အပေါင်းတို့သည် ထိုပိုက်ကော်မတီကို တိုင်းပြည်နှင့်အဝန်း သပိတ်မှောက်ကြခြင်း၊ ဟုမ္မရူးကလွဲ၍ ဘာကိုမှ လက်မခံနိုင်ကြောင်း ထောင်းထောင်းညက်ညက် ဆူပွက် တောင်းဆိုနေကြလေသည်။

၁၉၂၄ ခုနှစ်၊ မေလ (၁၀) ရက်နေ့မှ (၁၃) ရက်နေ့အထိ ကျင်းပသော (၁၁) ကြိမ်မြောက် ဂျီစီဘီအေ ဝံသာနု အသင်းချုပ်ကြီး၏ ပေါင်းတည် ကွန်ဖရင့်ကြီးမှာ အလွန်အံ့ချီးဖွယ်ရာ ကြီးကျယ် ခမ်းနားလှပေသည်။ ဤအချိန်တွင် တစ်တိုင်းပြည်လုံး ၏ နိုင်ငံရေး လှုပ်ရှားမှုကြီးမှာ ရှေ့သို့ တစ်ဆင့်တက်ရန် တာစူနေကြပြီး ဖြစ်ပေသည်။ သို့ဖြင့် ပြည်လုံးကျွတ် ပေါင်းတည် ကွန်ဖရင့်ကြီးမှ အစိုးရနှင့် မဆက်ဆံရေးနှင့် လူခွန် မပေးရေး သပိတ်တိုက်ပွဲကြီး ဆင်နွှဲရန် ရဲရင့်လိမ္မာစွာ ဆုံးဖြတ်လိုက်ကြလေသည်။ ထိုကွန်ဖရင့်သို့ သံဃာကိုယ်စားလှယ် (၅၀၀၀) ကျော်နှင့် အသင်းကိုယ်စားလှယ်နှင့် လူထု (၁) သိန်းခွဲ တက်ရောက် သွေးစည်းခဲ့ပေသည်။

ထိုအခါမှစ၍ ဝံသာနု အိမ်တိုင်းတွင် 'အခွင့်မရှိ မဝင်ရ' ဟူသော ဆိုင်းဘုတ်များ တစ်တိုင်းပြည်လုံး ပေါ်ထွက် တပ်ဆင်လာပြီး ဘာမေးမေး၊ တောင်းတောင်း ဘူးခံသော အတွင်းကျိတ် အကြမ်းဆန် ဘူးသင်းများလည်း ပေါ်ပေါက်လာလေတော့သည်။ မိမိတို့တိုင်းပြည်တွင် မိမိတို့ လူလာဖြစ်ရသည့်အတွက် မည်သူ့ကိုမျှ လူခွန်ပေးစရာမလို ဟူ၍လည်း ပြတ်သားစွာ လက်ခံ ဆန့်ကျင်လာကြလေသည်။ လူခွန်တော်မှာ လူအို အိမ်ထောင်ရှိ (၅) ကျပ်၊ အပျို၊ လူပျို (၂) ကျပ် (၈) ပဲ နှုန်းဖြင့် စည်းကြပ်ခံနေရခြင်းသည် လွန်စွာ မတရားသော အုပ်ချုပ်ရေးဖိနှိပ်မှု ဟူ၍လည်း ပြင်းထန်စွာ ပြောပြော ဆန့်ကျင်ကြလေသည်။

ဤဝံသာနု သပိတ်တိုက်ပွဲကြီးများမှာ တိုင်းပြည်တွင် ကြီးကျယ် ပျံ့နှံ့လာပေ

mgyoe.com

သည်။ အထူးအားဖြင့် ပြည်၊ သာယာဝတီ၊ သရက်၊ မင်းဘူး၊ အင်းစိန်၊ ဟင်္သာတ စသော စီရင်စုတို့တွင် အစိုးရနှင့် ဝံသာနုတို့၏ သပိတ်တိုက်ပွဲကြီးမှာ များစွာ ထိပ်တိုက် ပြင်းထန်လာပေသည်။ နယ်ချဲ့အစိုးရကလည်း နောက်ဆုံး စစ်တပ်၊ ပုလိပ်တပ်များကို သုံးကာ အကြမ်း ချေမှုန်းလာတော့သည်။ ထိုစဉ်က နိုင်ငံကျော် နေ့စဉ် ဝံသာနု မြန်မာ သတင်းစာကြီး၏ (၁၂၈၉ ခု၊ တပေါင်းလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့ထုတ်) ခေါင်းကြီး ပိုင်းမှ သာယာဝတီ၊ ပြည်၊ အင်းစိန် ခရိုင်တို့တွင် အင်္ဂလိပ်အစိုးရ၏ အဓမ္မမှုများကို ပြတ်ပြတ်သားသား ဖော်ထုတ်ရှုတ်ချ သတိပေးထားသည်ကို ဖတ်ကြရလေသည်။

ထိုကာလတွင် ဆရာတော် ဦးဥတ္တမကြီးအား ဒုတိယအကြိမ် ဖမ်းဆီး၍ ထောင်ဒဏ် (၃) နှစ် အပြစ်ပေးခြင်း၊ အာဇာနည် ဦးဝိစာရ ဆရာတော်နှင့်တကွ ဝံသာနုခေါင်းဆောင် ပေါင်း၊ ဝံသာနု ဆရာတော် သံဃာတော်ပေါင်း များစွာကို တရကြမ်း ဖမ်းဆီးထောင်ချ နေသော ကာလလည်း ဖြစ်ပေသည်။ မန္တလေးမြို့တွင် အစိုးရနှင့် ဝံသာနု အဓိကရုဏ်းကြီး၊ ရန်ကုန် ဘုရင်မ ပန်းခြံ (ယခု ဗန္ဓုလပန်းခြံ) ၌ အင်္ဂလိပ် ဂေါ်ရာ မြင်းစီးပုလိပ်တပ်များက ဝံသာနု ကုမ္မာရီ အမျိုးသမီး အသင်းသားများ၏ ပုဒ်မ (၁၄၄) ကန့်ကွက်ပွဲကြီးကို အဓမ္မ ရက်စက်စွာ တိုက်ဖျက်ချေမှုန်းခြင်း စသော နိုင်ငံရေး လှုပ်ရှားမှုကြီးများဖြင့် များစွာ တင်းမာနေသော ကာလလည်း ဖြစ်ပေသည်။ အထူးအားဖြင့် ဝံသာနု ကျေးရွာများတွင် အစိုးရက ပစ္စည်းများကို အဓမ္မသိမ်း၊ အမျိုးသမီးများကို နှိပ်စက်၊ အမျိုးသားများကို ဖမ်းဆီးထောင်ချမှု ပြုသည်မှာ တစ်ပြည်လုံး ကြိမ်မီးအုံးသလို ယူကျုံးမရ ပွက်လောရိုက် ထကာ ကန့်ကွက်သောကာလ ဖြစ်ပေသည်။

ထိုကာလနှင့် မရှေးမနှောင်းပင် တိုင်းပြည်တွင် ဟုမ္မရူးနှင့် ဒိုင်အာခီ ဝိဝါဒ အကွဲ အပြဲမှာလည်း ပြင်းထန်လာခဲ့လေသည်။ ဂျီစီဘီအေ ဝံသာနု အသင်းချုပ်ကြီး၏ အတွင်း မှာလည်း ထိုပြဿနာကြီးနှင့်ပတ်သက်၍ ပုဂ္ဂိုလ်ပဋိပက္ခများ အပေါ်တွင် ထပ်လောင်း၍ ပြဿနာဖြစ်ကာ ငြင်းခုံမှု၊ အုပ်စုဖွဲ့မှုများ ဖြစ်ပေါ်လာလေသည်။ နယ်ချဲ့သမားတို့၏ နိုင်ငံရေး အုပ်ချုပ်ရေး၏ ဘေဒဥပါယ် (ခေါ်) သွေးခွဲစနစ်သည် ဝံသာနု အသင်းများ အတွင်းသို့ ထိုးဖောက် ဝင်ရောက်လာလေပြီ။ သို့ဖြင့် ၁၉၂၄ ခု (၁၂၈၅ ခု၊ နယုန်လ) တွင် ဂျူဘလီဟောတွင် ကျင်းပခဲ့သော ဝံသာနုအသင်းချုပ်ကြီး၏ အစည်းအဝေးတွင် အများစုကြီးက ဟုမ္မရူး (ခေါ်) ကိုယ်ပိုင်အုပ်ချုပ်ရေးမှ လွဲ၍ ဒိုင်အာခီ ကဲ့သို့ မည်သည့် နိမ့်ကျညံ့ဖျင်းသော အုပ်ချုပ်ရေးကိုမျှ လက်မခံနိုင်ဟု ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ကြ လေသည်။ ထိုအခါမှစ၍ ဦးဘဖေ၊ ဦးလှဖေ၊ ဦးပု၊ မန္တလေး ဦးဘဦး၊ ဦးစိန်၊ ဦးမောင်ကြီး

(မြန်မာ့အလင်း)၊ ဦးသော စသော (၂၁) ဦးသော ခေါင်းဆောင်တို့က ဒိုင်အာခီကို လက်ခံကာ ရာထူးယူ၍ အတွင်းမှ ဝင်ပူးသတ်ရေး ဟူသော ကြွေးကြော်သံဖြင့် ဂိုဏ်းခွဲ ထူထောင်ကြလေတော့သည်။ ဝံသာနု ဂျီစီဘီအေ အသင်းချုပ်ကြီးသည် နယ်ချဲ့လက်ချက် ဖြင့် ပထမဆုံး စတင်ဖြိုခွဲခြင်းပင် ဖြစ်တော့သည်။ တစ်တိုင်းပြည်လုံး ယူကျုံးမရဖြစ်ကြ ကာ (၂၁) ဦး ဂိုဏ်းသားတို့အား တိုင်းပြည်၏ သွေးခွဲရေး ရန်သူများအဖြစ် ဝိုင်းကြဉ် ရှုတ်ချကြလေတော့သည်။

ထိုသည်မှစ၍ (၂၁) ဦး ဂိုဏ်းသားများနှင့် သပိတ်မှောက် ဂျီစီဘီအေ ဝံသာနု ဂိုဏ်းကြီး ဟူ၍ တိုင်းပြည်တွင် ကွဲပြားလာတော့ရာ သပိတ်မှောက် ဂျီစီဘီအေ ဂိုဏ်းကြီးက အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၁၂၈၆ ခု၊ ကဆုန်လဆန်း (၈)၊ (၉)၊ (၁၀)၊ (၁၁) ရက်နေ့များတွင် ပေါင်းတည်မြို့၌ (၁၁) ကြိမ်မြောက် ညီလာခံကြီး ကျင်းပပြီး ပြင်းထန် သော သပိတ်မှောက် လုပ်ငန်းများကို လုပ်ဆောင်ရန် ဆုံးဖြတ်ကြလေတော့သည်။ အသင်း သားပေါင်း (၁၀၀၀၀) ကျော်မှ ကိုယ်စားလှယ်နှင့် လူထုပေါင်း (၂) သိန်းခွဲမျှ တက် ရောက် စုဝေးခဲ့ကြသည်။ ဤကွန်ဖရင့်ကြီးတွင် ဖော်ပြသော လူထုကြီး၏ နယ်ချဲ့ ဆန့် ကျင်ရေး စိတ်ဓာတ်ကား အလွန်ပင် အံ့သြဂုဏ်ယူဖွယ်ရာ ဖြစ်ပေတော့သည်။ တိုင်းပြည် တွင် သမ္မတ ဦးချစ်လှိုင်ကြီး၏ သပိတ်မှောက် ဂျီစီဘီအေဟု မြည်ဟည်း ထင်ရှားခဲ့ပေ သည်။

ထို့နောက် မကြာမီပင် အသင်းချုပ်အတွင်း ငွေရေးကြေးရေး ကိစ္စများ၊ သံဃာ ဩဝါဒခံရေး, မခံရေး ကိစ္စများ၊ ဂိုဏ်းဂဏအုပ်စုများ စသည်တို့ကြောင့် သမ္မတ ဦးချစ်လှိုင် ဂျီစီဘီအေနှင့် သမ္မတ ဦးစိုးသိမ်း ဂျီစီဘီအေတို့ ကွဲခဲ့ကြပြန်လေသည်။ သမ္မတ ဦးစိုးသိမ်း ၏ သပိတ်မှောက် ဂျီစီဘီအေ ဂိုဏ်းကြီးက နယ်ချဲ့ဆန့်ကျင်ရေး လမ်းကြောင်းတွင် ပို၍ ပြတ်သားစွာ ရပ်တည်လာခဲ့ပေသည်။ ဦးစိုးသိမ်း သပိတ်မှောက် ဂျီစီဘီအေသည် ၎င်း၏ ပိုမိုပြတ်သားသော နယ်ချဲ့ဆန့်ကျင်ရေး လမ်းကြောင်းကို နှစ်စဉ် ကျင်းပမြဲ ဖြစ်သော (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆) ကြိမ်မြောက် ကွန်ဖရင့်ကြီးများအထိ မိတ္ထီလာ၊ ပဲခူး၊ မင်းဘူး၊ တောင်ငူမြို့များတွင် အင်အားဖြည့်တင်းစွာ ဆက်လက် ကျင်းပနိုင်ခဲ့ပေသည်။

၁၉၂၉ ခု၊ မတ်လ (၁၂၉၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁၀၊ ၁၁၊ ၁၂ ရက်နေ့များ) တောင်ငူတွင် ကျင်းပသော သမ္မတ ဦးစိုးသိမ်း၏ သပိတ်မှောက် ဂျီစီဘီအေ အဖွဲ့ချုပ် ကြီး၏ (၁၆) ကြိမ်မြောက် ကွန်ဖရင့်ကြီးသည် အလွန် ထူးခြားသော နိုင်ငံရေး အဓိပ္ပာယ် ကို ဆောင်ကြဉ်းခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် တစ်ဖက်တွင် ဒိုင်အာခီ ဂိုဏ်းသား

mgyoe.com

များက နယ်ချဲ့အလိုတော်ရိများအဖြစ် ရာထူး ရာခံများကို အသီးသီး ခြိမ်ရှက်စွာ ခံစားနေကြစဉ် တစ်ဖက်တွင်လည်း ကွဲပြဲနေသော သပိတ်မှောက် ဝံသာနုဂိုဏ်းသားများ၊ ပြည်သူများအားလည်း နယ်ချဲ့သမားများသည် တရကြမ်း ဖိစီး နှိပ်ကွပ်လျက် ရှိပေသည်။ အာဇာနည် အရှင် ဦးဝိစာရသည်လည်း ထိုနှစ်မှာပင် နယ်ချဲ့အစိုးရ၏ ထောင်တွင်း ဖိနှိပ်ချုပ်ချယ်မှုများကို အသက်ပေး၍ ခုခံတိုက်ခိုက်သွားလေရာ တစ်ပြည်ထောင်လုံး ရဟန်းရှင်လူများ များစွာ မကျေမနပ် ဖြစ်နေရသော ကာလလည်း ဖြစ်ပေသည်။ နယ်ချဲ့တို့မည်သည် တစ်ဖက်က ဖိနှိပ်ချုပ်ချယ်မှုများ လုပ်၍ တစ်ဖက်က အခွင့်အရေးဟန်ပြများဖြင့် လှည့်စား ချုပ်နှောင်လေ့၊ သွေးခွဲပြီမ်းသတ်လေ့ ရှိပေသည်။ အိန္ဒိယ မြန်မာပြည် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုအတွက် ၁၉၂၄ ခုတွင် ဖွဲ့စည်းခဲ့သော ပူဒီမန်ကော်မတီ၏ လှည့်စားချက်အရ ဆိုင်မွန် ကော်မရှင် အစီရင်ခံစာလည်း ထွက်ပေါ်လာခဲ့ပေသည်။ ၎င်းအရ ဗမာပြည်နှင့် အိန္ဒိယ ခွဲရေးပြဿနာကို စီမံလှုံ့ဆော်လာလေသည်။ ကမ္ဘာ့စီးပွား ပျက်ကပ် မုန်တိုင်းကြီးကလည်း တိုက်ခတ်လာနေလေပြီ။

ထိုကာလမျိုးတွင် ဖိနှိပ်မှုနှင့် လှည့်စားမှုကြီးများ အကြားမှ အပြင်းအထန် မကျေမနပ် ဖြစ်နေသော ဝေါ်မွှတ်နေသည့် ပြည်သူတို့သည် တစ်စုံတစ်ရာသော နိုင်ငံရေး ထွက်ရာလမ်းကို ရှာလိုကြမည်မှာ ဓမ္မတာပေ။ ထို့ကြောင့်လည်း တောင်ငူ ကွန်ဖရင့်ကြီးတွင် မော်လမြိုင်စီရင်စု ဝံသာနုအသင်းများ တရကြမ်း ဖိနှိပ်ခံရမှု စုံစမ်းရေး ကော်မတီမှ တင်ပြသော အစီရင်ခံစာသည် ကွန်ဖရင့်ကြီး တစ်ခုလုံးအား များစွာ ပွက်လောရိုက်သွားစေခဲ့ပေသည်။ နောက်ဆုံး ကြွင်းကျန်သောနည်းဖြစ်သည့် လက်နက်ကိုင် အကြမ်းဖက် ခုခံရေး အဆိုရေးဆီသို့ ပို့ဆောင် လှုံ့ဆော်လျက် ရှိနေပေတော့သည်။

ထိုတောင်ငူကွန်ဖရင့် ကျင်းပနေဆဲ ၁၉၂၉ ခု၊ မတ်လ (၁၈) ရက်နေ့ည (၁၂၉၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၉ ရက်နေ့ည) တွင် ဂျီစီဘီအေ အဖွဲ့ချုပ် အမှုဆောင်နှင့် ကိုယ်စားလှယ် အချို့တို့၏ အထူးလျှို့ဝှက် အစည်းအဝေးတစ်ခုကို ကျင်းပခဲ့ကြသည်။ ၎င်းအစည်းအဝေးတွင် အကြမ်းဖက် ခုခံတိုက်ခိုက်ရန် နည်းလမ်းသာ ကျန်တော့သည်ဟု အလွန်အမင်း ယုံကြည်နေကြသော မော်လမြိုင်စီရင်စု ဥက္ကဋ္ဌ ဆရာစံ၊ အင်းစိန်စီရင်စု ဥက္ကဋ္ဌ ဦးထွန်းလှိုင်၊ သာယာဝတီစီရင်စု ဥက္ကဋ္ဌ ဦးမြ၊ သရက်စီရင်စု ဥက္ကဋ္ဌ ဦးသာညို စသည့် ခေါင်းဆောင်တို့လည်း ပါဝင်ခဲ့ပေသည်။ နောက်ဆုံး ဆုံးဖြတ်ချက်ကား မျှော်လင့်ထားသည့်အတိုင်း အာဏာဖီဆန်ရေးမှ လက်နက်ကိုင် တော်လှန်ရေးသို့ ချီတက်ရန်၊ လျှို့ဝှက်သိပ်သည်းစွာ စီမံစည်းရုံးကြရန်ပင် ဖြစ်တော့သည်။ ဤသည်ကို ရိပ်စားမိပြီး

ကိုယ်လွတ်ရုန်းလိုသော သံဃာတော်အချို့နှင့် လူအချို့တို့သည် ရွှေဦးဆရာတော်ကြီး ကြီးမှူးသော ဦးစု ဂျီစီဘီအေ ဟူသော ဂိုဏ်းတို့ခွဲ၍ ထောင်ကြပြန်လေသည်။ သို့ဖြင့် သက်ပန်းဆရာတော် ဩဝါဒခံ ဦးစိုးသိမ်း ဂျီစီဘီအေ၊ ရွှေဦးဆရာတော် ဩဝါဒခံ ဦးစု ဂျီစီဘီအေ၊ ဦးချစ်လှိုင် ဂျီစီဘီအေနှင့် အလိုတော်ရိ (၂၁) ဦး ဂိုဏ်းခွဲ ဟူ၍ ရဟန်းရှင်လူ (၄) ဂိုဏ်း (၄) စု ကွဲကာ ရာဇဝင်တွင် အလွန် ထင်ရှားကြီးကျယ်ခဲ့သော အမျိုးသား ညီညွတ်ရေးကြီးသည် ပြိုကွဲခဲ့ရပေသည်။

ဆရာစံ ကြီးမှူးသော သပိတ်မှောက် ဝံသာနုအကြမ်းဂိုဏ်းကြီးကား အလျှော့ မပေး သွေးမအေးဘဲ ၎င်းတို့၏ လမ်းစဉ်အတိုင်း သိပ်သည်းစွာ ဆက်လက် ချီတက် လုပ်ဆောင်လျက် ရှိနေခဲ့ကြလေသည်။ ၁၉၃၀ ပြည့်၊ မေလ (၅) ရက်နေ့ (၁၂၉၁ ခု၊ ကဆုန်လဆန်း ၉ ရက်နေ့) တွင် ရာဇဝင်တွင် မကြုံဖူးအောင် ပဲခူး မြေငလျင်ကြီး ဖြစ် ပေါ် ပေါက်ကွဲခြင်း၊ မြန်မာပြည်ဘုရင်ခံ ဆာချား(လ်)အင်းနစ် ခွင့်ယူ၍ ပြည်တော်ပြန် ခြင်း၊ မြန်မာလူမျိုး ဆာဂျေအေမောင်ကြီး ခေတ္တ ဘုရင်ခံအဖြစ် ခန့်အပ်ခြင်း၊ ကမ္ဘာ စီးပွားပျက်ကပ်ကြီး ဆိုက်အလာတွင် မြန်မာနိုင်ငံ စီးပွားရေး ကျပ်တည်းမှုမှာ ပြင်းထန် လာခြင်း၊ တောင်သူလယ်သမားတို့၏ အသက်သွေးခဲ ဖြစ်သော စပါးဈေးမှာ ၁၉၂၇ ခုတွင် (၁၈၀) ကျပ်ဈေးမှ ၁၉၃၀–၃၁ တွင် (၆၁) ကျပ်၊ (၇၀) ကျပ်ဈေးအထိ ဒလဟော ထိုးကျလာတော့ရာ ဆင်းရဲသား ပြည်သူများ ပိုမို မွဲပြာကျကုန်ကြရတော့သည်။

ထိုသို့ အဘက်ဘက်မှ အမျိုးမျိုး ချောက်ချားနေချိန်တွင် သာယာဝတီစီရင်စုသို့ ၁၉၂၉ ခု၊ ဒီဇင်ဘာလတွင် ရောက်ရှိလာသော ခေတ္တ မြန်မာဘုရင်ခံ ဆာဂျေအေမောင် ကြီးအား ကျေးလက် ဆင်းရဲသားပြည်သူတို့၏ ကိုယ်စားလှယ်များက အလွန် ဆင်းရဲ ကျပ်တည်းလွန်း၍ လူခွန်များ လွတ်ငြိမ်းခွင့်ပြုပါရန် ဝိုင်းဝန်း အသနားခံလွှာတင်ကြ သည်။ အားကိုးတစ်ခုဖြင့် အရေးဆိုကြသည်။ ထိုအခါ မြန်မာဘုရင်ကြီးက လူခွန်တော် လွတ်ငြိမ်းခွင့်ပြုရန် မရည်ရွယ်ကြောင်း၊ စစ်တပ်, ပုလိပ်တပ်များက ညှဉ်းဆဲသည် ဆို သည်မှာ လူခွန်တော် မပေးရေး တိုက်ပွဲများကြောင့်သာ ဖြစ်ခဲ့ရကြောင်း၊ ၎င်းအလုပ် ကိုသာ မလုပ်ဖို့လိုကြောင်းဖြင့် ပြန်ကြား မိန့်ဆိုသွားပေသည်။ သာယာဝတီနယ် လူထု ကြီးမှာ နယ်ချဲ့အုပ်စိုးသူများထံမှ ဒူးထောက် အသနားခံခြင်းဖြင့် မည်သို့မျှ အကြောင်း မထူးကြောင်း များစွာ သဘောပေါက်သွားကြလေတော့သည်။

သို့ဖြင့် ထိုနှစ် ၁၉၂၉ ခု၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် သာယာဝတီနယ် ဖိမ်ဇာရွာ၊ ရေထိုက်ရွာတို့မှ စ၍ တောင်သူလယ်သမားများ လက်နက်ကိုင် ပုန်ကန်မှုကြီး

mgyoe.com

mgyoe.com
သည် စတင် ပေါက်ကွဲလေတော့ရာ မကြာမီမှာပင် ပြည်၊ အင်းစိန်၊ ဟင်္သာတ၊ ဖျာပုံ၊ သရက် စသည်ဖြင့် တစ်ပြည်လုံးသို့ ကူးစက် ပြန့်ပွားသွားလေတော့သည်။

'ဩော် ... မြန်မာပြည် တစ်ဝန်းတွင်ဖြင့်၊ သာယာဝတီ စခန်းဆီက၊ အာဇာနည် အစွမ်းတွေ ဟိုအရင်ယမန်က၊ ဗဟိုပလ္လင်ပျံမှာ သမ္မတ မတိမ်းအောင်လို့တဲ့၊ ဆိုလ်ဝင်ခံကာ မြန်မာ့ကိန်းတွေနှင့်၊ မြစိမ်းတောင်ညိုညိုက၊ ချောင်ခိုကာ ဗဟိုရွှန်းခဲ့တော့၊ တွန်းလှဲ့ခေါင် ပရမေနော်ကွယ်၊ အစွမ်းမနွဲ့ အညွှန်းတဲ့နေကြ၊ လွမ်းဘွဲ့အောင်မြေ' ဟူ၍ လည်းကောင်း၊ 'ဩော် ... မြန်မာအချင်းချင်း ဂါထာနှင်းမပေါ့လို့၊ သာကွင်းအပြီး နီးစရာကို၊ မြဟ္မာမင်းကြီးပဲ လာလို့ချရော့သလ၊ သာမြို့အရကို အစုံဖန်ပေါ့၊ ရဂုံစံ ချစ်စရာ တပည့်တို့မှာဖြင့်၊ ဉုံအရဟံ သစ္စာကတိတွေနှင့် ဂဠုန် သရဏံ ဂစ္ဆာမိကြပေတော့' ဟူ၍ လည်းကောင်း ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ၎င်း၏ ဂဠုန်ပျံဋီကာ ကျမ်းကြီးဖြင့် ဆရာစံ ကြီးမှူးသော တောင်သူလယ်သမား လက်နက်ကိုင် ဂဠုန် သူပုန်အရေးတော်ပုံ ကြီးအား အထပ်ထပ် ချီးကျူးထောမနာ ဩဘာပြုခဲ့ဖူးပေသည်။

ဤတောင်သူလယ်သမား လက်နက်ကိုင် ပုန်ကန်မှုကြီးသည် နယ်ချဲ့ဆန့်ကျင်ရေး ဓာတ်သွေး ဓာတ်မာန်ကိုသာ အရင်းခံ၍ ဆင်နွှဲခဲ့သော်လည်း အင်ပိုင်ယာသခင် လက်နက်စကြာရှင် ဗြိတိသျှနယ်ချဲ့အစိုးရမှာ ခေတ်မီလက်နက် စစ်တပ်များဖြင့် တာရကြမ်း နှိမ်နင်းယူခဲ့ရလေသည်။ သို့ပင်တစေ ၁၉၃၂ ခုအထိ အရှိန်ကောင်းစွာ မသေနိုင်အောင် ဖြစ်ခဲ့ရပေသည်။ ခေါင်းဆောင်ကြီး ဆရာစံနှင့်တကွ တောင်သူလယ်သမား ခေါင်းဆောင် ပေါင်း မြောက်မြားစွာတို့၏ အသက်များ၊ သွေးများကား မြောက်မြားစွာ ဆုံးရှုံးကျဆင်း ခဲ့ရပေသည်။

သို့ရာတွင်ကား သူတို့ လွှင့်ထူခဲ့သော နယ်ချဲ့ဆန့်ကျင်ရေး တော်လှန်ရေး အလံ တော်ကြီးကိုကား မည်သည့်အခါမျှ၊ မည်သူတို့ကမျှ လှဲချနိုင်လိမ့်မည် မဟုတ်ပေ။

ဆရာစံ ခေါင်းဆောင်သော လက်နက်ကိုင် တောင်သူလယ်သမား အရေးတော်ပုံ ကြီးမှာ အောင်မြင်ခြင်းသို့ မရောက်ရှိခဲ့သော်လည်း ၎င်း၏ ကြီးမားသော နယ်ချဲ့ဆန့် ကျင်ရေး နိုင်ငံရေး အရှိန်အဝါနှင့် တော်လှန်ရေး လှိုင်းဂယက်ကြီးမှာ ခေတ်သစ်လူငယ် များ အသည်းနှလုံး အတွင်းသို့ ကြီးစွာ ရိုက်ခတ် လှုံ့ဆော်ခြင်းပြုရာ ရောက်ခဲ့ပေသည်။

တစ်ချိန်တည်းမှာလည်း ၁၉၃၀ ပြည့်၊ မေလ ကုလား–မြန်မာ ရိုက်ပွဲကြီး၊ ၎င်း နောက် တရုတ်–မြန်မာ ရိုက်ပွဲကြီး စသည့် လူမျိုးရေး အဓိကရုဏ်းကြီးများကလည်း နယ်ချဲ့၏ လက်ရာဖြစ်သော်လည်း မြန်မာတိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုကို

ရိုက်နှိုး လှုံ့ဆော်ပေးရာ ရောက်ခဲ့ပေသည်။ တစ်ချိန်တည်းမှာလည်း ကမ္ဘာ့စီးပွားရေး ပျက်ကပ်၏ ဒဏ်ရာဒဏ်ချက်များကို အလူးအလဲ ခံစားနေရသော ပြည်သူတို့မှာလည်း နယ်ချဲ့အစိုးရကို သာ၍ သာ၍ အခဲမကျေနိုင် ဖြစ်လာနေပေသည်။

ထိုအချိန်တွင် လေးစိတ်လေးမြွာ ကွဲနေသော လူကြီးပိုင်း နိုင်ငံရေး အင်အားစု များမှာ သပိတ်မှောက် ဦးစိုးသိမ်း ဂျီစီဘီအေက လွဲ၍ ဘီလိပ် မျက်နှာစုံညီအစည်းအဝေး များ တည်းဟူသော ရာထူးငန်းဖမ်း ရောဂါဖြင့် အတောမသတ်နိုင်အောင် ဝဲလည်၍ နေသောကာလ ဖြစ်နေပေသည်။ တစ်ချိန်က ရဲရဲတောက် သပိတ်မှောက် ခေါင်းဆောင် များ ဖြစ်ခဲ့ကြသော နိုင်ငံကျော် သမ္မတ ဦးချစ်လှိုင်၊ သာယာဝတီ ဦးပုနှင့် ဦးထွန်းအောင် ကျော်တို့ပင်လျှင် ဘီလပ်သွား ကိုယ်စားလှယ်ကြီးများအဖြစ် စခန်းသွားနေကြပြီ ဖြစ် ပေသည်။

ဤသို့ကာလတွင် လူကြီးပိုင်း၏ နိုင်ငံရေးသက်တမ်းမှာ မီးစာကုန်ဆီခန်း ဖြစ်လာ ပြီးလျှင် တက်လူ လူငယ်များ၏ နိုင်ငံရေး ဇာတ်လမ်းသစ်နှင့် စင်သစ်ကိုသာ ပြည်သူ များက မျှော်လင့်တောင့်တကြမည်မှာ ဓမ္မတာပေ။

ထို့ကြောင့်လည်း သမိုင်းဝင်ရမည့် ဤ ၁၉၃၀ ပြည့်နှစ်မှာပင် ရန်ကုန်မြို့မှ တက်လူခေါင်းဆောင်များ ဖြစ်သော သခင်ဗသောင်း၊ သခင်လှဘော်၊ သခင်သိန်းမောင်၊ သခင်မောင်မောင် စသည် သခင်အမည်တပ် လူငယ်တစ်စုမှ ခေတ်သစ် နိုးကြားရေး စာစောင်များကို အမှတ် (၁) မှ (၈) အထိ တစ်စောင်ပြီးတစ်စောင် ထုတ်ပြန်ခဲ့လေ သည်။ ယခုခေတ်မှ ပြန်ကြည့်သော် လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်မှ အရေးပါလှ သော မြန်မာ့နိုင်ငံရေး ကြေညာစာတမ်းကြီးများပင် ဖြစ်ပေသည်။ တစ်ဖန် ထိုနှစ် ဩဂုတ် လတွင် ဝိုင်အမ်ဘီအေ သခင်တင် စီရင်ရေးသားသော နိုင်ငံကျော် တို့ဗမာ သီချင်းကြီးကို ရွှေတိဂုံဘုရား ရာဟုထောင့်တွင် ၎င်းကိုယ်တိုင် ခေါင်းဆောင်၍ တခမ်းတနား သီဆို လှုံ့ဆော်ခဲ့ပေသည်။

၁၉၃၁–၃၂ တွင် ကျင်းပသော (၁၀) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကြီးကို သခင်ခေါင်းဆောင်များနှင့် တက္ကသိုလ်ကျောင်းသားများ အထူးစည်ကားစွာ လက်တွဲ ကျင်းပနိုင်ခဲ့ခြင်းသည် အနာဂတ် မြန်မာပြည် နိုင်ငံရေးအတွက် အုတ်မြစ်သစ်တစ်ရပ် ချမှတ်နိုင်ခဲ့ခြင်းပင် ဖြစ်ပေသည်။ ထိုအချိန်မှာပင် သခင်လူငယ်နှင့် ကျောင်းသားများ စုပေါင်း၍ ဆရာစံ ပိဋကတ်တိုက် တစ်ခုကို စုပေါင်းဖွင့်လှစ်ပြီး လက်ဝဲစာပေများကို စတင် လေ့လာနိုင်ခြင်းသည်လည်း အနာဂတ် နိုင်ငံရေးလမ်းကြောင်း၏ လမ်းသစ်တစ်ရပ်

mgyoe.com

ပင် ဖြစ်ပြန်လေသည်။

၁၉၃၂ ခုနှစ်တွင်မူ တို့ဗမာဝါဒ ပြန့်ပွားရေးအတွက် တို့ဗမာ သတင်းစဉ် ထုတ်ပြန်လေရာ ခေတ်သစ် နိုင်ငံရေးအင်အားစုများကို စုစည်းရန်အတွက် စည်းရုံးရေးမှူးကြီး တစ်ဦး ပေါ်ပေါက်လာခြင်းပင် ဖြစ်ပေသည်။ ၁၉၃၃ ခု၊ နိုဝင်ဘာလတွင်မူ ရွှေဘိုနယ်ကြား ရွေးကောက်ပွဲ၌ သခင်ခေါင်းဆောင်တစ်ဦးဖြစ်သူ သခင်ဗသောင်း ဝင်ရောက်အရွေးခံခြင်းနှင့် ပတ်သက်၍ ရွှေဘိုအရေးပိုင်က သခင်ဗသောင်း၊ သခင်သိန်းမောင်၊ သခင်ထွန်းရွှေ၊ သခင်ဗစိန်တို့အား မတရား ထောင်ချပစ်ခဲ့လေသည်။ ဤအဖြစ်အပျက်မှာ တစ်ပြည်ထောင်လုံးသို့ ဂယက်ရိုက်ကာ သခင်များ၏ ဂုဏ်သတင်းမှာ အထူးပင်ပျံ့နှံ့သွားလေတော့သည်။ ထို့နောက် ၁၉၃၄ တွင် ဗမာပြည် အရပ်ရပ်မှ သခင်များသည် စုပေါင်း၍ အထက်ဗမာပြည် ဒေသများတွင် နယ်လှည့်ဟောပြောပွဲများ ပြုလုပ်ရင်း ရွှေဘိုအောင်မြေနင်းပွဲများကိုပါ ကျင်းပကာ လူထုကြီးအား သွေးထိုး လှုံ့ဆော်ပေးခဲ့ပြန်လေသည်။

ထို့နောက် ၁၉၃၅ တွင် တို့ဗမာ သခင်များ၏ ပထမဆုံး အကြိမ်မြောက် ညီလာခံကြီးကို ရေနံချောင်းမြို့တွင် ကျင်းပရာ အလုပ်သမားများနှင့် မျိုးချစ် ပြည်သူများက အားတက်သရော ဝိုင်းဝန်း ကူညီကြလေသည်။ သပိတ်မှောက် ဂျီစီဘီအေဂိုဏ်းသား ဦးစိုးသိမ်း၏ အင်အားစုများကလည်း လာရောက် လက်တွဲကြလေသည်။ မကွေး အရေးပိုင်က ပုဒ်မ (၁၄၄) ဖြင့် တားမြစ်ခြင်းပြုလေသည်။ ဤခေတ် ဤအခါက နယ်ချဲ့သမားအစိုးရ၏ ဖိနှိပ်မှုများကို သတ္တိရော အလိမ္မာနှင့်ပါ တိုက်ပွဲဆင်ခဲ့ကြရပေသည်။

ဤကာလတစ်ဝိုက်မှာပင် တို့ဗမာ သခင်များ၏ ခြေလှမ်းမှာ အိန္ဒိယပြည်ရှိ နယ်ချဲ့ဆန့်ကျင်ရေး ဘဝတူ နိုင်ငံရေး အင်အားစုများနှင့် ရင်းနှီးစွာ ပူးပေါင်းဆက်ဆံနိုင်ရန်အတွက် ခေါင်းဆောင်များဖြစ်သော သခင်ဗစိန်၊ သခင်လေးမောင်တို့သည် အိန္ဒိယပြည် အနှံ့အပြားတွင် လှည့်လည် လေ့လာခဲ့ကြပေသည်။ ဤသို့ဖြင့် တို့ဗမာ သခင်လူငယ်များ၏ နိုင်ငံရေးသြဇာသည် ပြည်တွင်း၊ ပြည်ပ အားလုံးတွင် ပျံ့နှံ့ သတင်းကျော်စောခြင်း ဖြစ်လာပေတော့သည်။

၁၉၃၆ ခု တက္ကသိုလ် သပိတ်ကြီးနှင့် တစ်ပြည်လုံး ကျောင်းသားသပိတ်ကြီးဖြစ်ပေါ်လာသောအခါ တို့ဗမာ သခင်လူငယ်များနှင့် ကျောင်းသားလူငယ်များ အပြန်အလှန် ကူညီသွေးစည်းမှုများ ဖြစ်ပေါ်လာရုံသာမက သပိတ်ကြီး ပြီးဆုံးသွားသောအခါ၌လည်း တက္ကသိုလ်ကျောင်းထွက် လူငယ်များ မြောက်မြားစွာနှင့် အနယ်နယ် အရပ်ရပ်မှ

သပိတ်မှောက် ကျောင်းသားဟောင်းများသည်လည်း တို့ဗမာ အစည်းအရုံးကြီး၏ အလားအလာ ကောင်းလှသော အရန်အင်အားစုသစ်များ အဖြစ်ဖြင့် ဝင်ရောက် ဆောင်ရွက်လာကြလေသည်။

ထို့နောက် ၁၉၃၆ ခု၊ ဇွန်လ (၂၀)၊ (၂၁)၊ (၂၃) ရက်နေ့များတွင် မြင်းခြံမြို့၌ တို့ဗမာအစည်းအရုံးကြီး၏ ဒုတိယအကြိမ်မြောက် ညီလာခံသဘင်ကို လည်းကောင်း၊ မြန်မာနိုင်ငံ လူငယ်များ အစည်းအရုံး ညီလာခံကို လည်းကောင်း ခမ်းနားအောင်မြင်စွာ ကျင်းပခဲ့ကြလေသည်။ ထိုသို့ ကျင်းပနေစဉ်မှာပင် နယ်ချဲ့အစိုးရသည် ခေါင်းဆောင်များ ဖြစ်သော သခင်ဗစိန်၊ သခင်ညီ၊ သခင်သန်း၊ သခင်ထွန်းမြင့်တို့အား မော်လမြိုင်တွင် အစိုးရ အကြည်ညိုပျက်အောင် ဟောခဲ့သည်ဆိုပြီး ဖမ်းဆီးသွားလေသည်။ ပြည်သူတို့သည် များစွာ မခံမရပ်နိုင်ဖြစ်ပြီး သခင်ညီလာခံကြီးအား ပို၍ အားပေးလာကြလေသည်။

၁၉၃၆–၃၇ ခုနှစ်တွင်မူကား နယ်ချဲ့အစိုးရတို့ လှည့်စားရာ (၉၁) ဌာန ရွေးကောက်ပွဲကို အကြောင်းပြု၍ တို့ဗမာ သခင်များ၏ ကိုယ့်မင်းကိုယ့်ချင်း ဝါဒဖြန့်ချိရေး၊ လှုံ့ဆော်ရေး လုပ်ငန်းကြီးမှာ အတော်ပင် အောင်မြင် ကျယ်ပြန့်လာပေသည်။ တစ်ချိန်တည်းမှာလည်း တစ်ပြည်လုံးတွင် တို့ဗမာအစည်းအရုံးများ ဖွဲ့စည်းရေး၊ လက်ရုံးတပ်များ ဖွဲ့စည်းရေး၊ အလုပ်သမား လယ်သမားများ စည်းရုံးရေး စသည်ဖြင့် မြန်မာပြည် နိုင်ငံရေးလောကတွင် လမ်းကြောင်းသစ်၊ အမြင်သစ်၊ အသွင်သစ်၊ ကြွေးကြော်သံသစ်တို့ဖြင့် ချမှတ်လုပ်ဆောင်လာရာ လူငယ်လူရွယ်များ လောကတွင် များစွာ အားတက်ဖွယ်ရာကြီး ဖြစ်ပေါ်လာပေသည်။ မျိုးချစ်စိတ် အလွန်ပြင်းထန်ခဲ့သော ဝံသာနုအနွယ်များ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး စသည့် မြန်မာ့စာပေပညာရှင် ကြီး၊ ငယ် တို့ကလည်း အထူးတလည် အားပေးမြှောက်စားလာကြလေသည်။

၁၉၃၇ ခု၊ ဧပြီလ (၁) ရက်နေ့တွင်မူကား ဗမာပြည် အရပ်ရပ်တွင် တို့ဗမာသခင်များက ကြီးမှူး၍ (၉၁) ဌာန အုပ်ချုပ်ရေးသစ် ကန့်ကွက်ပွဲများ ကျင်းပရာ များစွာ တက်တက်ကြွကြွနှင့် ခြိမ့်ခြိမ့်သဲသဲ ဖြစ်လာလေတော့သည်။ မိမိကိုယ်ကို နေပူလှန်း၍ ကန့်ကွက်ခြင်း၊ ယူနီယံဂျက်အလံကို မီးရှို့၍ ကန့်ကွက်ခြင်း စသော ဆန်းသစ်သော ပုံစံများဖြင့်လည်း ကန့်ကွက်ခဲ့ကြလေသည်။ ၁၉၃၇ ခု၊ ဇွန်လ တို့ဗမာသခင်များ၏ ရေဘေးကယ်ဆယ်ရေး လုပ်ငန်းကြီးသည်လည်း များစွာ အောင်မြင်ပေသည်။ ထို့အတူ နယ်ချဲ့တို့၏ ဥပဒေပြု လွှတ်တော်တွင်းနှင့် ဒေသန္တရကောင်စီတွင်း တို့ဗမာသခင်များ၏

mgyoe.com

ကိုယ့်မင်းကိုယ့်ချင်း လုပ်ငန်းများသည်လည်း များစွာ ထူးခြားသော အသွင်များဖြင့် တိုက်ပွဲဆင်ခဲ့ကြရာ ပြည်သူတို့၏ လေးစားယုံကြည်မှုကို အထူးပင် ခံယူနိုင်ခဲ့ကြပေသည်။

၁၉၃၇ ခု၊ ဒီဇင်ဘာလတွင် ရေနံမြေသပိတ်ကြီး ဖြစ်ပေါ်လာရန် နယ်ချဲ့ကုမ္ပဏီ၏ ချုပ်ချယ်ဖိနှိပ်မှုကြောင့် အစပျိုးစ ဖြစ်လာခဲ့ပေသည်။ ၁၉၃၈ ခု၊ ဇန်နဝါရီလတွင်မူကား ရေနံမြေ အလုပ်သမား သပိတ်ကြီးသည် ပေါက်ကွဲလာပေတော့သည်။ တစ်ဖက်တွင် ဗြိတိသျှအရင်းရှင် ဘီအိုစီ ကုမ္ပဏီကြီးနှင့် နယ်ချဲ့အစိုးရက သပိတ်ကို ဖြိုခွဲပစ်ရန် ပူးပေါင်းလုပ်ကြံကြရင်း တစ်ဖက်ကလည်း ရေနံမြေ စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်း၍ စုံစမ်းစေပါမည်ဟု ဖျောင်းဖျလှည့်စားခဲ့လေသည်။ အလုပ်သမားများက လှည့်စား အချိန်ဆွဲသော ကော်မရှင်ကို သပိတ်မှောက်ခဲ့ကြသည်။ ရန်ကုန်မြို့နှင့်တကွ ဗမာပြည်အရပ်ရပ်ရှိ တို့ဗမာ သခင်များနှင့် ပြည်သူများက ရေနံမြေ သပိတ်ကြီးအား လုံ၀ထောက်ခံကြောင်း ဆန္ဒပြပွဲကြီးများ ကျင်းပခဲ့ကြလေသည်။

ထိုအခါ၌ နယ်ချဲ့အစိုးရသည် စစ်တပ်၊ ပုလိပ်တပ်တို့ဖြင့် ရေနံမြေသပိတ်ကြီးအား အတင်းရိုက်ခွဲရန် အကြမ်းဖက်လာလေသည်။ အမျိုးသမီး အာဇာနည် အလုပ်သမများက ရဲရဲတောက် ပြန်လည် ခုခံကြလေသည်။ များစွာသော သပိတ်တား အလုပ်သမား ရဲဘော်၊ ရဲဘော်မေတို့ ထောင်နန်းစံကြရလေသည်။ သို့သော်လည်း အလုပ်သမားသပိတ်ကြီးမှာ မာကျောဆဲပင် ရပ်တည်လျက် ရှိခဲ့လေသည်။

၁၉၃၈ ခု၊ ဧပြီလတွင် ပြည်မြို့၌ တတိယအကြိမ်မြောက် သခင်ညီလာခံကြီးကို အထူးအောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြသည်။ ထိုညီလာခံကြီး၏ ထူးခြားချက်မှာ သုံးရောင်ခြယ် ဒေါင်းအလံတွင် ဒေါင်းအစား တူ၊ တံစဉ် အစားထိုး လွှင့်တင်ရန် သတ်မှတ်ခြင်းပင် ဖြစ်ပေသည်။ ၎င်းသည်လည်း မြန်မာပြည်၏ အနာဂတ်လမ်းစဉ်သစ်ကို အမြော်အမြင်ကြီးစွာ ရည်ညွှန်းလိုက်ခြင်းပင် ဖြစ်ပေသည်။ ရေနံမြေသပိတ်နှင့် ပတ်သက်၍လည်း အထူးအရေးယူ စုံစမ်းဆောင်ရွက်ရန် အရှင်အရိယသခင်မြ၊ သခင်တင်မောင်တို့အား ကော်မတီဖွဲ့စည်း ဆောင်ရွက်စေလေသည်။

၁၉၃၈ ခု၊ မေလ (၁) ရက်နေ့တွင် 'ကမ္ဘာ့အလုပ်သမားနေ့' ကို ဗမာပြည်မှ ပထမဆုံး ကျင်းပခြင်းသည်လည်း ထူးခြားလေသည်။ ၎င်းကို ရေနံမြေတွင် ကျင်းပ၍ မီးတုတ်များဖြင့် ကိုင်ဆောင်လှည့်လည်ခြင်းကြောင့်လည်း ပို၍ ထူးခြားနေလေသည်။

ထိုနှစ် ဇွန်လတွင် နယ်ချဲ့အစိုးရသည် တက်ကြွလာသော နယ်ချဲ့ဆန့်ကျင်ရေးနိုင်ငံရေး လေမုန်တိုင်းကြီးကို လမ်းလွှဲရန်အတွက် ကုလား–ဗမာ အဓိကရုဏ်းကြီးကို

ဖန်တီးခဲ့လေသည်။ ကုလား–ဗမာ မြောက်မြားစွာ သေကျေ ပျက်စီးခဲ့ရသည်။ တို့ဗမာ သခင် အမြောက်အမြားကိုလည်း ချက်ကောင်းယူ၍ အစိုးရက ဖမ်းဆီးဖိနှိပ်ခဲ့လေသည်။ သို့သော်လည်း နိုင်ငံရေးဒီရေကား တက်ကြွလျက်ပင် ရှိခဲ့ပေသည်။

ထိုကာလအတွင်းမှာပင် နှောင်ရာဇဝင်တွင် ရိုက်ခတ်သွားစေခဲ့သည့် တို့ဗမာအစည်းအရုံးကြီးအတွင်း ခေါင်းဆောင်ပိုင်း၌ အကွဲအပြဲ ပြဿနာသည် ပေါ်ပေါက်လာခဲ့ပေသည်။ နာယက ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား အာဏာကုန်လွှဲအပ်၍ ဆုံးဖြတ်စေရာတွင် ထိပ်ပိုင်း ခေါင်းဆောင်ကြီး (၂) ဦး ဖြစ်သော သခင်ဗစိန်နှင့် သခင်သိန်းမောင်တို့အား တစ်နှစ်မျှ အနားယူစေ။ ယူပြီး ယာယီအလုပ်အမှုဆောင်အဖွဲ့ အနေဖြင့် မကြာမီ ပြည်လုံးကျွတ်ညီလာခံ ခေါ်ဆိုရန် ဆုံးဖြတ်ခဲ့ပေသည်။ ထူးခြားချက်ကား တို့ဗမာအစည်းအရုံးကြီး၏ ခေါင်းဆောင်မှုတွင် ဤသို့ အကွဲအပြဲ ပေါ်နေသော်လည်း ပြည်သူတို့၏ နယ်ချဲ့ဆန့်ကျင်ရေး နိုင်ငံရေး အုံကြွမှုကြီးကား ကျဆင်းမသွားဘဲ တက်ကြွမြဲ တက်ကြွနေခြင်းပင် ဖြစ်ခဲ့ပေသည်။

မကြာမီမှာပင် (၃) လကြာ သပိတ်မှောက်ခဲ့သော ရေနံမြေ အလုပ်သမားသပိတ်ကြီးသည် ဆိုင်ရာ အာဏာပိုင်များထံမှ မည်သို့မျှ ရေရာသော လိုက်လျောချက်များကို မပြုသည့်အတွက် ၁၉၃၈ ခု၊ နိုဝင်ဘာလ (၃၀) ရက်နေ့မှစ၍ ချောက်မြို့မှ ရန်ကုန်မြို့တော်သို့ စတင် ချီတက်လာခဲ့ပေသည်။ ခရီးစဉ်အရ ရေနံချောင်းတွင် (၂) ရက်မျှ အနားယူ လှုံ့ဆော်ကာ တပ်များ ပူးပေါင်း၍ မကွေးသို့ ချီတက်ခဲ့ကြပြန်လေသည်။ မကွေးမြို့သို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် နယ်ချဲ့အစိုးရက သပိတ်ခေါင်းဆောင် (၁၁) ဦးအား ဖမ်းဆီးကာ အကြမ်းဖက် တားမြစ်လာလေသည်။ ထိုအချိန်တွင် ရန်ကုန်မြို့မှ အသေခံဗိုလ်များ၊ တက္ကသိုလ် သမဂ္ဂခေါင်းဆောင်များ ဖြစ်ကြသော ကိုဗဟိန်း၊ ကိုဗဆွေ စသည့် ခေါင်းဆောင်များ တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက်ဖြင့် စွန့်စွန့်စားစား ရေနံတပ်များကို ရှေ့သို့ တရကြမ်း ချီတက်ရန် အားပေးကူညီခဲ့ကြလေသည်။ နယ်ချဲ့အစိုးရကလည်း ထိုခေါင်းဆောင် အသေခံဗိုလ် (၃၀) ကျော်နှင့်တကွ ခေါင်းဆောင်ပေါင်း (၃၀၀) ကျော်ကို အကြမ်းဖက် ဖမ်းဆီးခဲ့ပြန်လေသည်။ သို့သော်လည်း ရေနံတပ်ကြီးသည် နယ်ချဲ့တို့၏ မြင်းတပ်၊ ပုလိပ်တပ်များကို ထိုးဖောက်ကာ အတင်းတိုးတိုက် ချီတက်ခဲ့ကြလေသည်။

ရန်ကုန်မြို့တော်တွင်လည်း ကျောင်းသားများက အစိုးရ အတွင်းဝန်ရုံးကို ဝိုင်း၍ အကြီးအကျယ် ဆန္ဒပြ ကန့်ကွက်ခဲ့ကြရာ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်

mgyoe.com

ကျဆုံးသဖြင့် ကျောင်းသား တစ်လောကလုံး မီးဟုန်းဟုန်းတောက်ကာ နယ်ချဲ့ကို ဆန့်ကျင်ကြလေတော့သည်။ မန္တလေးမြို့၌ အာဇာနည် (၁၇) ဦး ကျဆုံးမှုကြီးသည်လည်း ဖြစ်ပွားခဲ့ပေသည်။ ဤသို့ဖြင့် ကျောင်းသားသပိတ်၊ အလုပ်သမားသပိတ်များ၊ လယ်သမား သပိတ်များ တပ်ပေါင်းစုံ သွေးစည်းချီတက်ကာ ရာဇဝင်ကျော် ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကို ဖြစ်ပေါ်စေခဲ့လေတော့သည်။ ရေနံမြေတပ်ကြီးသည်လည်း ရန်ကုန်မြို့တော်သို့ တရကြမ်း ချီတက် အောင်မြင်လာပေတော့သည်။ ဤသို့ဖြင့် များစွာ သင်ခန်းစာယူအပ်သော အလုပ်သမားထုနှင့် တောင်သူလယ်သမားထုကြီးကို အခြေခံသည့် အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးသည် တစ်ခဲနက် ဖြစ်ပေါ်လာကာ နယ်ချဲ့စနစ်အား ထိရောက်စွာ ထိုးနှက်နိုင်ခဲ့ကြပေသည်။

ဤလူထုအရေးတော်ပုံကြီးကို အကြောင်းပြု၍ မြန်မာနိုင်ငံ အလုပ်သမား အစည်းအရုံးကြီးနှင့် မြန်မာနိုင်ငံ တောင်သူလယ်သမား အစည်းအရုံးကြီးများ စတင် ဖွဲ့စည်းလာနိုင်ခဲ့ခြင်းသည်လည်း မြန်မာပြည်၏ အနာဂတ် နိုင်ငံရေးလမ်းကြောင်းသစ်ကို ပျိုးထောင် ချမှတ်ပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

ဤကာလမှစ၍ မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်လပ်ရေး အရေးတော်ပုံကြီးသည် အဆင်သစ် အသွင်သစ် တစ်ရပ်သို့ ကူးပြောင်းလာပြီဖြစ်ကြောင်း မှတ်တမ်းတင်ရပေမည်။ အလုပ်သမားနှင့် တောင်သူလယ်သမား လှုပ်ရှားမှုကြီးများကို အခြေခံသော အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ ပုံစံသစ်ကြီးသည် နယ်ချဲ့အား ကြောက်ဒူးတုန်စေအောင် မားမားမတ်မတ် အသွင်ပြောင်းလာသောကြောင့် ဖြစ်ပေသည်။ သို့ဖြင့် အလုပ်သမား၊ လယ်သမား၊ ကျောင်းသားတို့၏ တိုက်ပွဲများသည် ၁၉၄၂ ခုနှစ် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်အလာတွင် နယ်ချဲ့ဆန့်ကျင်ရေး လက်နက်ကိုင် တော်လှန်ရေးကြီးများ ဖြစ်လာသည်အထိ ရပ်စဲသွားသည် မရှိခဲ့တော့ချေ။

တို့ဗမာအစည်းအရုံးကြီးမှာ သခင်ဗစိန်၊ သခင်ထွန်းအုပ် ကြီးမှူးသော ဂိုဏ်းနှင့် သခင်ကိုယ်တော်မှိုင်း ကြီးမှူးသောဂိုဏ်း ဟူ၍ ယူကျုံးမရဖွယ် ကွဲပြား လုပ်ဆောင်နေကြရသော်လည်း အလုပ်သမား၊ တောင်သူလယ်သမား အရေးများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ နယ်ချဲ့အစိုးရ ဖိနှိပ်ချုပ်ချယ်မှုများကို ကန့်ကွက် တိုက်ဖျက်ရာတွင်လည်းကောင်း ဘဝတူ အစည်းအရုံးကြီး (၂) ခုသည် အစွမ်းကုန် လက်တွဲ ဆောင်ရွက်နိုင်ခဲ့ကြပေသည်။

ထို့ကြောင့်လည်း ၁၉၄၂ ခု လက်နက်ကိုင် အရေးတော်ပုံကြီးတွင် အစည်းအရုံး

mgoe.com

ကြီး (၂) ခုသည် ထိရောက်စွာ လက်တွဲဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ၁၉၄၅ ခု ဖက်ဆစ်တော်လှန်ရေး အောင်ပွဲခံသည်အထိမှ နောက်ဆုံး ၁၉၄၈ ခုနှစ် ကိုလိုနီ ကျွန်ထမ်းပိုးကို ခါချနိုင်ကြသည်အဆုံး ဆက်ကာ ဆက်ကာ ကျေးဇူးပြုသွားနိုင်ခဲ့ကြခြင်း ဖြစ်ပေသည်။

ဤစာအုပ်ငယ်မှာ သုံးသပ်ချက် သခေၤပစာတမ်းမျှသာဖြစ်ရာ နောင်သောအခါ ဗဟိုသမိုင်းပြုစုရေးကော်မတီမှ ထုတ်ဝေမည့် တို့ဗမာအစည်းအရုံးသမိုင်းကြီးတွင်မူကား အလွန် စိတ်ဝင်စားဖွယ်ရာ ပြည့်ပြည့်စုံစုံ ဖော်ပြလိမ့်မည်ဟု မျှော်လင့်ရသည့်အပြင် တန်ဖိုးရှိလှသော သမိုင်းသင်ခန်းစာများကိုလည်း ထိထိမိမိ ရယူနိုင်ကြလိမ့်မည်ဟု ယူဆရပေသည်။

❑

mgyoe.com

mgyoe.com

# [၃]
# တို့ဗမာအစည်းအရုံးကြီးနှင့် တို့ဗမာ သခင်များ၏ လွတ်လပ်ရေးကြိုးပမ်းမှု အုတ်မြစ်များ

'ဟိုအရင် ယမန်မက်မိသည့် သမ္မတအမျိုးပေပ၊ ဖိုပလ္လင်ပုံမှာ အဂ္ဂရတ် ရက်ရှိသမျှ ထိုးရာက၊ အမျိုးဘာသာ သာသနာငဲ့ပေတည့်၊ တပည့် သခင်လေး မောင်ဗစိန်ကလေး တို့နဲ့၊ မြန်မာ့အချိန်ရွေးကာ အောင်မြင်နင်းမပေ့လို့ ...'

(ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ကြိမ်းဝါးသံ)

ဒိုင်အာခီ၊ ဟုမ္မရူး သံသရာထဲတွင် ဝဲလည်ပြုံးပြက်၍ ကျဆုံးလာသော နိုင်ငံရေး ခေတ်ဟောင်း၊ စနစ်ဟောင်းများ အတွင်းမှ တို့ဗမာ သခင်လူငယ်တစ်စုတို့သည်–

"အမျိုးသားရေး ကြိုးပမ်းကြပါ၊ တို့ဗမာဟေ့ တို့ဗမာ × × × ချော့် ... အမျိုးသား ရေး ကြိုးပမ်းကြပါ၊ တို့ဗမာဟေ့ တို့ဗမာ × × × အရှေ့နေဝန်း ထွက်သည်ပမာပ၊ တို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ၊ တို့ဗမာဟေ့ တို့ဗမာ × × × ဗမာပြည် တစ်ဝန်းအကုန် တို့အိမ် မှတ်ပါ၊ တို့ယာ မှတ်ပါ၊ အဲဒါ တို့ဗမာ × × × "

ဟူသော တို့ဗမာ သီချင်းကို ရဲရဲတောက် သံပြိုင်ဟစ်ကြွေး၍ ဗမာ့နိုင်ငံရေးဇာတ်ခုံ ပေါ်သို့ ၁၉၃၀ ပြည့်နှစ် တစ်ဝိုက်လောက်တွင် ရောက်ရှိလာခဲ့ကြသည်။ 'လာမယ့်ဘေးကို အဝေးကရှောင်' ဟူသော ရှေးလူကြီးသူမတို့၏ ဩဝါဒကို တိုက်ဖျက်လွှင့်ပစ်၍ အမျိုးသား ရေးကို ကြိုးပမ်းရာတွင် 'လာမယ့်ဘေးကို ပြေးတွေ့ကြစို့' ဟူ၍လည်း ဟစ်ကြွေးခဲ့ကြ ပါသည်။ 'သခင်ပေါက်စ ထောင်ခြောက်လ'၊ 'အမေကမွေး ထောင်ကကျွေး'၊ 'မီးတုတ်

mgyoe.com

မီးတုတ် ရှို့ ရှို့'၊ 'သခင်မျိုးဟေ့ တို့ဗမာ'၊ 'အရေးတော်ပုံ အောင်ရမည်' ဟူ၍ ညာသံပေး၍ နယ်ချဲ့သမားများကို စိန်ခေါ်သံပေးခဲ့ကြသည်။

ထူးခြားသော နိုင်ငံရေး ကြွေးကြော်သံကြီးများကိုလည်း ထူးထူးကဲကဲ ဖော်ထုတ်ကြွေးကြော်ခဲ့ကြသည်။ ထိုကြွေးကြော်သံကြီးများသည် မြန်မာ့နိုင်ငံရေးလောကကို တစ်ခဲနက်တုန်လှုပ် မြည်ဟည်းသွားစေရုံသာမက ပြည့်လျှမ်းလှသော နိုင်ငံရေး အနက်အဓိပ္ပာယ်တို့သည်လည်း ယနေ့တိုင် မကုန်ခန်းသေးပေ။ ၎င်းတို့ကား–

၁။ လုံးဝနှင့် ပြည့်ဝသော လွတ်လပ်ရေးသည် ပထမ၊
လုံးဝနှင့် ပြည့်ဝသော လွတ်လပ်ရေးသည် ဒုတိယ၊
လုံးဝနှင့် ပြည့်ဝသော လွတ်လပ်ရေးသည် တတိယ၊
လုံးဝနှင့် ပြည့်ဝသော လွတ်လပ်ရေးသည် စတုတ္ထ ဟူ၍ လည်းကောင်း၊

၂။ အလုပ်သမား အရေးတော်ပုံ အောင်ရမည်၊
တောင်သူလယ်သမား အရေးတော်ပုံ အောင်ရမည်၊
အလုပ်သမားတွေ စည်းရုံးကြ၊
တောင်သူလယ်သမားတွေ စည်းရုံးကြ ဟူ၍ လည်းကောင်း၊

၃။ ဆင်းရဲသားမင်း ဆင်းရဲသားချင်း နိုင်ငံထူထောင်ကြ၊
လောကနိဗ္ဗာန် ဘုံသမ္မတနိုင်ငံ ထူထောင်ကြ ဟူ၍ လည်းကောင်း ဖြစ်ခဲ့ပေသည်။

ဒိုင်အာခီ၊ ဟုမ္မရူး သံသရာထဲတွင် ဝဲလည်ကာ ငါးထောင်စား ရာထူးရေယဉ်ကြောတွင် နစ်မျောပိတ်ဖုံး မှောင်တုံးမှောင်ခဲများ ကျရောက်နေစဉ် အထက်ပါ သခင်လူငယ်များ၏ ဟစ်ကြွေးသံများသည် ဝင်းဝင်းလက်လက် လျှပ်စီးများပြက်ကာ မိုးကြိုးများထစ်ချုန်းပစ်ချသကဲ့သို့ ရှိခဲ့ပေသည်။ အမှန်ပင် ဤအတိုင်း ဖြစ်ခဲ့ပေသည်။ ဝံသာနုအဖွဲ့ချုပ်ကြီး လေးစိတ်လေးမြွာကဲ့သို့ ပျက်စီးကျဆုံးသွားခြင်း၊ အများစု သမ္မတဟောင်းအပေါင်းတို့မှာလည်း ငါးထောင်စား လမ်းကြောင်းတွင် အကြောင်းမတည့် အပေါင်းမတည့် ဖြစ်နေကြခြင်း၊ တိုင်းပြည်ကောင်းအောင် ခေါင်းဆောင်ပြုပြင်မည် ဆိုသည့် ဒိုင်အာခီအမတ်များမှာလည်း အများအားဖြင့် အငတ်များအဖြစ် သရုပ်ပေါ်နေခြင်း၊ (၉၁) ဌာနအုပ်ချုပ်ရေးခေတ်ဦးကျတော့လည်း ရာထူးဖြင့် ပို၍ ရှုးချာချာ ဖြစ်လာကြခြင်း၊ တကယ်တမ်းမျိုးချစ်တိုက်ပွဲများတွင် ဆင်နွှဲခဲ့ကြသော သပိတ်မှောက် ဝံသာနုအသင်း များကိုမူမတရားသင်း ကြေညာခံခဲ့ရခြင်း၊ လက်နက်ကိုင်စွဲ၍ တိုက်ပွဲဝင်ခဲ့ကြသော တောင်သူ

mgyoe.com

လယ်သမား ခေါင်းဆောင်များကိုမူ နယ်ချဲ့တို့၏ ကြိုးစင်တွင် ရက်ရက်စက်စက် သေပွဲဝင်ခဲ့ကြခြင်း၊ ဤသို့သော အခြေအနေမျိုးတွင် စိတ်ပျက်အားငယ်နေကြရသော ပြည်သူတို့အဖို့ စင်သစ်၊ ဇာတ်သစ်၊ နိုင်ငံရေး တေးဂီတအသစ်တို့ဖြင့် တော်လှန်ပေါ်ထွက်လာခဲ့သော တို့ဗမာ သခင်လူငယ်များ၏ နိုင်ငံရေးခြေလှမ်းများကို အားပါးတရ လက်လှမ်းကြိုဆိုခဲ့ကြသည်မှာ သဘာဝကျလှပေတော့သည်။

ထိုအကြောင်းများကြောင့် တို့ဗမာအစည်းအရုံးကြီးနှင့် တို့ဗမာသခင်များ၏ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ဘယ်သောအခါမှ ရာဇဝင်တွင် မေ့ပျောက်၍ မရနိုင်သော အုတ်မြစ်ကြီး (၄) ရပ်ကို သူတို့၏ သွေးများ၊ ချွေးများ၊ အသက်များဖြင့် ချမှတ် စိုက်ထူခဲ့ပေသည်။ တစ်နည်းအားဖြင့် ဤကြိုးပမ်းမှုကြီး (၄) ရပ်သည် မြန်မာ့နိုင်ငံရေး သမိုင်းတစ်လျှောက်တွင် အစဉ်သဖြင့် ထွန်းတောက်ရပ်တည်နေမည်သာ ဖြစ်ပေသည်။

ထိုကြိုးပမ်းမှု အုတ်မြစ်ကြီး (၄) ရပ်တို့ကား အဘယ်အရာတို့ပါနည်း။

အမျိုးသားလွတ်လပ်ရေး တိုက်ပွဲကြီးတွင် တို့ဗမာ သခင်များ ချမှတ်ခဲ့သော ပထမဆုံး အုတ်မြစ်ကြီးကား 'တို့ဗမာများအတွက် လုံးဝနှင့် ပြည့်ဝသော လွတ်လပ်ရေးရမှသာ ကျေနပ်နိုင်မည်' ဆိုသည့် ရဲရဲတောက် ပြဋ္ဌာန်းတောင်းဆိုချက်ကြီးပင်တည်း။

တို့ဗမာသခင်များ၏ ဤပထမဆုံး တောင်းဆိုချက် ကြွေးကြော်သံကို အခုအချိန်မှ လှမ်း၍ သမိုင်းမျက်စိနှင့် ကြည့်နိုင်ပါလျှင် မည်မျှ ကြီးမားသော နိုင်ငံရေး အနက်အဓိပ္ပာယ်ကို ဆောင်ကြဉ်းနေသည်ကို အံ့ချီးဖွယ်ရာကြီး တွေ့ရပါလိမ့်မည်။

မြန်မာနိုင်ငံ မြန်မာတိုင်းရင်းသား လူမျိုးများ၏ ကျွန်ဘဝ ဇာတ်နာခဲ့ပုံများကို ဤစာတမ်း ပထမပိုင်းတွင် တစ်တစ်ခွခွ ဖော်ပြခဲ့ပြီးပါပြီ။ လူစင်စစ်မှ တိုင်းတစ်ပါးနယ်ချဲ့တို့၏ စေသည့်ကျွန်၊ ထွန်သည့် နွားကြီးများ ဖြစ်ရသည် ဆိုသည်မှာ လူဖြစ်ကျိုးအဘယ်မျှ ဆုံးရှုံးခဲ့ရပါသနည်း။ ဤသို့ ဆုံးရှုံးခဲ့ရသော ကျွန်ဘဝမှ လွတ်ရေးကျွတ်ရေးအတွက် ခရစ်နှစ် ၁၈၈၆ မှ ၁၉၃၀ ပြည့်နှစ်အထိ နှစ်ပေါင်း (၄၀) ကျော် ကာလပတ်လုံး နည်းအမျိုးမျိုး၊ ပန်းတိုင်အမျိုးမျိုးပြု၍ ကြိုးပမ်းခဲ့ကြရပါသည်။

၁၈၈၆ မှ ၁၈၉၆ အထိသော လက်နက်ကိုင် ပြန်လှန်တိုက်ခိုက်ခဲ့ကြရသော ကာလကြီးတုန်းက ဘုရင် ပါတော်မူသွားရသည်မှာ အမတ်ကြီးများ မလိမ္မာကြလို့သာ ဖြစ်ရလေသည်ဟု ဘုရင့်ဝါဒ ဘုရင့်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ပြည်သူအများ အသက်ပေး တိုက်ခိုက်ခဲ့ကြပေသည်။ ထို့ကြောင့်လည်း ထိုစဉ်က ဆီးဘန်းနီ ဆရာတော်၏ ရွှေမန်းပျက် တမ်းချင်းတွင်–

mgyoe.com

mgyoe.com

'မတ်ကြီးညဏ်ကျယ် မာလောနွယ်သို့၊ ဝှက်ကွယ်လှည့်စိုက်၊ သူ့ဘက်လိုက်၍၊ စရိုက်ခေါင်ငဲ့ သစ္စာမဲ့ကြောင့်၊ နှစ်ဆယ့်ခုနစ်နှစ်၊ နန်းစံရှစ်တွင်၊ ကသစ်ဘုံနေ၊ သိကြားကြွေဖို့၊ ချက်ရွှေသို့ရာ၊ မန်းပြည်သာမှ၊ မိစ္ဆာမောဟ၊ ပြွမ်းပြွမ်းထသည်၊ ကုလားနိုင်ငံ၊ လွှဲပြောင်းစံရှင့် ...'

ဟူ၍သာ အမတ်ကြီးများအား ပုံချ၍ ဘုရင်ဝါဒ၊ ဘုရင်အရေးအတွက် သွေးထိုးလှုံ့ဆော်ပေးခဲ့လေသည်။

ထို့အတူ မန်းပျက် ရွှေဘိုစည်တော်သံများတွင်လည်း–

'ဘုန်းသမ္ဘာကံတော် ချို့ယွင်းဖို့ကြမ္မာ၊ ပြည်ဟံသာ စံရာတော့ပါသွား၊ ဘုန်းနှောင်ကာ နှုန်းဆောင်ကွန့်မယ်၊ ကုန်းဘောင်ညွန့်ဘွား'

ဟူ၍လည်း စပ်ဆို လှုံ့ဆော်ခဲ့ကြလေသည်။

ဘုရင့်အရေး ပူဆွေးသောကရောက်နေစဉ် ပြည်သူတို့၏ ကြိုးပမ်းမှုပန်းတိုင်သည် ဘုရင့်အနွယ်တော် နိုင်ငံထူထောင်ရေး လမ်းကြောင်းနှင့် နည်းလမ်းသာ ဖြစ်ခဲ့သည်မှာ သဘာဝကျသည်ဟု ဆိုနိုင်ပါသည်။

ထို့နောက် ၁၈၉၆ မှ ၁၉၁၉ ခု အထိသော ကာလများမှာမူ ပြည်သူတို့၏ နိုင်ငံရေးကြိုးပမ်းမှုမှာ အင်္ဂလိပ် ဂျော့ဘုရင်၏ ဘုန်းလက်ရုံးအောက်တွင် မြန်မာကျေးတော်မျိုးကျွန်တော်မျိုးများက ကျွန်ဘဝ သက်သာရာ သက်သာကြောင်း လက်ဖြန့်တောင်း အသနားခံဘဝနည်းမျိုးဖြင့်သာ စခန်းသွားစေခဲ့ရပေသည်။ ဤသို့သော နည်းများမှတစ်ပါး အခြားနည်းကိုလည်း နယ်ချဲ့အစိုးရက ခွင့်မပြု။ ကျွန်ဖြစ်စ ဘဝတွင် ကျွန်လို နှံ့နစ်နေအောင် အပြတ်အသတ် ဖိနှိပ်ထားသော ကာလမျိုး ဖြစ်ခဲ့ပေသည်။ ထို့ကြောင့် ခေတ်ဦးတွင် ဝိုင်အမ်ဘီအေ အသင်းများ၏ လုပ်ငန်းများမှာ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများသာ ဖြစ်ပြီး အစည်းအဝေး ကွန်ဖရင့်အဖွင့်များတွင်ပင် ဂျော့ဘုရင် သက်တော်ရှည်စေကြောင်း ဆုတောင်း သီဆိုကြရပေသည်။ ဂျီစီဘီအေ မြန်မာ့အသင်းချုပ်ကြီး ဖြစ်လာသည့်တိုင်အောင် 'ဂျော့ဘုရင်နှင့် မေရီမိဖုရားခေါင်ကြီးတို့ ဘုန်းတော်ကြီး၍ သက်တော်ရှည်စေကြောင်း ဆုတောင်းပတ္ထနာပြုကြသည်' ဟူ၍ ဆုံးဖြတ် ကြွေးကြော်ခဲ့ကြရသေးသည်။ ဤခေတ်၏ နိုင်ငံရေးပန်းတိုင်မှာ အင်္ဂလိပ် နယ်ချဲ့အစိုးရထံ ချော့မော့လက်ဖြန့်ခံရေးပင် ရှိနေပေသေးသည်။

ထို့နောက် ၁၉၂၀ မှ ၁၉၂၉ ကာလသို့ရောက်၍ နယ်ချဲ့ဆန့်ကျင်ရေး ဝံသာနုအရေးတော်ပုံကြီးများ ကြီးမားကျယ်ပြန့်စွာ ဖြစ်ပေါ်လာသောအခါ၌လည်း အမြင့်ဆုံး

mgyoe.com

သော ကြိုးပမ်းမှု နိုင်ငံရေးပန်းတိုင်မှာ ဟုမ္မရူး ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး အဆင့်တွင်သာ ရှိနေခဲ့ပေသေးသည်။ ဤပင်လျှင် နယ်ချဲ့ပယောဂဖြင့် ဟုမ်း–ဒိုင်တို့ ပဋိပက္ခ ပြိုင်ဆိုင် ပြိုကွဲ၍ ရာထူးယူကြရေး သံသရာထဲတွင်ပင် ဝဲလည်ခဲ့ကြရသေးပေသည်။ ထို့ကြောင့် ၁၈၈၆ မှ ၁၉၂၈–၂၉ ခန့်အထိ မြန်မာ့နိုင်ငံရေး၏ ကျွန်ဘဝလွတ်ရေး ပန်းတိုင်မှာ ပြတ်ပြတ်သားသား မှန်မှန်ကန်ကန် မရှိခဲ့သေးပေ။ ၁၉၂၉–၃၀–၃၁ များတွင် ဖြစ်ပွား ခဲ့သော တောင်သူလယ်သမား လက်နက်ကိုင် ပုန်ကန်မှုကြီးမှာလည်း လူတန်းစား အခြေခံ တိုက်ပွဲကြီး ဖြစ်သော်လည်း တိုက်ပွဲ၏ ရည်ရွယ်ချက်မှာ ပြတ်သားခြင်း မရှိနိုင်ခဲ့ကြ။ ဗြိတိသျှ စိုးမိုးမှုကိုသာ အသက်၊ သွေးပေး၍ ကန့်ကွက်ခြင်း၌သာ အဆုံးသတ်ခဲ့ရပေ သည်။

ဤသည်များကို ထောက်ဆ၍ တို့ဗမာအစည်းအရုံးကြီးမှ သခင်လူငယ်များက 'လုံးဝနှင့် ပြည့်ဝသော လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ် လပ်ရေးသည် တတိယ၊ လွတ်လပ်ရေးသည် အစစ' ဟူသော နိုင်ငံရေးပန်းတိုင်နှင့် ကြွေးကြော်သံကြီးသည် နိုင်ငံရေးအမြင်အရရော သမိုင်းအမြင်နှင့်ပါ လွန်စွာ အရေးကြီး သော ပထမဆုံး ကြိုးပမ်းချမှတ်မှု အုတ်မြစ်ကြီး ဖြစ်လေသည်။ ဤအချိန် ဤကာလမှ စ၍ မြန်မာပြည်၏ နိုင်ငံရေးပန်းတိုင်သည် ဗြိတိသျှ နယ်ချဲ့စနစ်နှင့် လုံးဝ စာရင်းရှင်း၊ အပြတ်ရှင်းရမည့် နိုင်ငံတောင်းဆိုချက်ဖြစ်သော လုံးဝလွတ်လပ်ရေးမှလွဲ၍ ဘယ်နည်း နှင့်မှ လက်မခံ ဟူသော အချက်တွင် တစ်မျိုးသားလုံးအတွက် လမ်းရှင်းသွားခဲ့လေ သည်။ ထို့ကြောင့်လည်း နောင်အနှစ် (၂၀) နီးပါးအကြာ ၁၉၄၇–၄၈ လွတ်လပ်ရေး တိုက်ပွဲ အကြိတ်အနယ်ကာလတွင် ဒိုမီနီယံ အဆင့်တွင်သာ တစ်ဆင့်ရပ်၍ တက်ရန် ဆွဲငင်သောသူများ ရှိခဲ့သော်လည်း တို့ဗမာ သခင်များ၏ ကြိုးပမ်းလာခဲ့သော အစဉ် အလာ အုတ်မြစ်ကြီးကြောင့် လုံးဝ လွတ်လပ်ရေးသို့သာ အောင်မြင်စွာ ဦးဆိုက်လာခဲ့ ပေသည်။ ဤနေရာတွင် မှောင်ကြီးမည်းမည်း ကမ်းမမြင် လမ်းမမြင် ဘဝမှနေ၍ လုံးဝ လွတ်လပ်ရေးသို့သာဟု ကြွေးကြော်၍ အရိုးကြေကြေ အရေစုတ်ပြတ်ဖြင့် ကြိုးစင်ကို ပုတီး၊ ထောင်ကြီးကို ခြင်ထောင်ဟု ခေါ်၍ တိုက်ပွဲဝင်ခဲ့သော တို့ဗမာ သခင်များ၏ သမိုင်းကျေးဇူးကား မည်မျှ ကြီးမားပါသနည်း။

ဤကား တို့ဗမာ သခင်များ၏ ကြိုးပမ်းမှု ပထမ အုတ်မြစ်ကြီးတည်း။

အမျိုးသားလွတ်လပ်ရေး တိုက်ပွဲကြီးတွင် တို့ဗမာအစည်းအရုံးကြီးနှင့် တို့ဗမာ သခင်များ၏ ကြိုးပမ်းမှု ဒုတိယအုတ်မြစ်ကြီးသည်ကား ဤသို့ ဖြစ်ပါသည်။

mgyoe.com

အာရှ၊ အာဖရိကတိုက်များရှိ ကိုလိုနီတော်လှန်ရေး ပြဿနာကား အရင်းခံအားဖြင့် တောင်သူလယ်သမား ပြဿနာကြီးသာ ဖြစ်သည် ဟူ၍ လည်းကောင်း၊ အမျိုးသား လွတ်မြောက်ရေး တော်လှန်ရေးကြီး၏ ပင်မအခြေခံ အင်အားစုကြီးမှာ အလုပ်သမားနှင့် တောင်သူလယ်သမားတို့၏ မဟာမိတ် ဖွဲ့စည်းလှုပ်ရှားမှုကြီးပင် ဖြစ်သည် ဟူ၍ လည်း ကောင်း ကမ္ဘာ့တော်လှန်ရေး ခေါင်းဆောင်ကြီးများက သမိုင်းအတွေ့အကြုံများအရ ကောက်ချက်ဆွဲပြခဲ့ကြပေသည်။

မှန်ပါပေသည်။ တိုင်းပြည်အား ကျွန်ဇာတ်သွင်းရန် ကျူးကျော် ဝင်ရောက်လာ သော အရင်းရှင်နယ်ချဲ့စနစ်၏ ပြည်တွင်းမဟာမိတ်မှာ မြေရှင်ပဒေသရာဇ်စနစ်ပင် ဖြစ် ပါသည်။ နယ်ချဲ့စနစ်သည် ပြည်တွင်းရှိ ခေတ်နောက်ကျ၍ ဟောင်းနွမ်း ဆွေးမြည့်နေ သော မြေရှင်ပဒေသရာဇ်များကို ဆက်လက် ခုတုံးလုပ်၍ တစ်သီးထွက် ကုန်ကြမ်းပေး နိုင်ငံအဖြစ်ဖြင့်သာ ထိန်းချုပ်ထားလိုပေသည်။ အရင်းရှင်စနစ်ကို မြေရှင်စနစ်အပေါ် ထိုးသွင်းစိုက်ထူ၍ ကုန်ချောရောင်းရာ၊ ငွေပင်ငွေရင်း မြှုပ်နှံသွေးစုပ်ရာ၊ အပေါစား အလုပ် သမားများ ရယူရာ၊ အုပ်ချုပ်ရေးစရိတ်အတွက် အများဆုံး မြေခွန်တော် ညှစ်ထုတ်ရာ၊ နယ်ချဲ့စစ်ပွဲများတွင် အသေခံ အမြောက်စာများ ရယူရာ နယ်ပယ်အဖြစ်သာ ထားရှိလေ သည်။ နယ်ချဲ့သမားသည် ၎င်း၏ ကိုလိုနီနိုင်ငံတစ်ခုအတွင်း ဘယ်သောအခါမျှ အမျိုး သား စက်မှုလက်မှု ထူထောင်ရေးလုပ်ငန်းများကို ခွင့်ပြုလိမ့်မည် မဟုတ်ချေ။ ကျွန်သည် နွား၏ စည်ပင်လွတ်လပ်ရေးကို ဘယ်သောအခါမျှ ခွင့်ပြုပေးရိုး မရှိချေ။ နယ်ချဲ့အရင်း ရှင်ကြီးများ အောက်တွင် သန်းပေါင်းများစွာသော မြေမဲ့ယာမဲ့တို့အား မြေရှင်ပဒေသရာဇ် ကြီးများမှတစ်ဆင့် ကြိုးကိုင် သွေးစုပ်ထားရိုး ရှိလေသည်။

ထို့ကြောင့် အမျိုးသားလွတ်လပ်ရေး တိုက်ပွဲကြီးတွင် ကျွန်ပြုနေသော အရင်းရှင် နယ်ချဲ့စနစ်ကို တိုက်ဖျက်လိုအံ့။ ၎င်း၏ ခုတုံး အုတ်ခံဖြစ်သော မြေရှင်ပဒေသရာဇ်စနစ် ကို မြေယာမဲ့ တောင်သူလယ်သမားများအား စည်းရုံး၍ အကြီးဆုံး တပ်မကြီးဖွဲ့ကာ စည်းရုံး တိုက်ခိုက်ခြင်းသည် ထိရောက်သော တော်လှန်ရေးသဘာဝ ဖြစ်ပေသည်။ တောင်သူလယ်သမားများ၏ ရောမအင်အားဖြင့် စည်းရုံးတိုက်ခတ်လာသည်နှင့်အမျှ နယ်ချဲ့စနစ်မှာလည်း တုန်လှုပ် ချောက်ချားလာသည်မှာ ဘာမှ မဆန်းတော့ချေ။

ထို့အတူ ဝင်ရောက် လက်ဝါးကြီးအုပ်လာသော အရင်းရှင်စနစ်၏ တိုက်ရိုက် သွေးစုပ်ခြင်းခံရသော လူထုကား အခြား မဟုတ်၊ အလုပ်သမား လူတန်းစားပင် ဖြစ်ပေ သည်။ ဘီအိုစီ၊ အိုင်ဘီပီ၊ ဘားမားမိုင်း ကော်ပိုရေးရှင်း၊ စတီး၊ ဘုံဘေဘားမား၊ ရိုး၊

mgyoe.com

mgyoe.com

ဝပ်ဆန် စသည့် ရေနံမြေ၊ သတ္တုမြေ၊ သစ်တောမြေ၊ ဆန်စပါး ကောက်ပဲသီးနှံ ထုတ်လုပ်ရေး လုပ်ငန်းကြီးများ၊ ပြည်တွင်း, ပြည်ပ သွင်းကုန်ထုတ်ကုန် လုပ်ငန်းကြီး၊ ဘဏ်လုပ်ငန်း၊ ဧရာဝတီ ကုမ္ပဏီ စသည့် ဆက်သွယ်ရေးလုပ်ငန်းတို့တွင် လုပ်ဆောင်နေကြသော အလုပ်သမားထုကြီး၏ အခန်းကဏ္ဍမှာ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲကြီးများတွင် များစွာ အခြေခံကြလှပေသည်။ မြန်မာပြည်အနာဂတ်တွင် အရင်းရှင်စနစ်ကို ထိပ်တိုက် တိုက်၍ တော်လှန်ရေးအောင်ပွဲခံမည့် လူတန်းစားသည်လည်း ထိုသို့ အရေးပါလှသော အလုပ်သမား လူတန်းစားပင် ဖြစ်ပေသည်။ အရင်းရှင် နယ်ချဲ့စနစ်၏ သွေးစုပ်စိုးမိုးမှုကြီးကို အရင်းအမြစ်မှ ကိုင်လှုပ်လိုလျှင် အခြားသူများ မတတ်နိုင်။ တော်လှန်ရေးသဘာဝ အပြည့်ရှိသည့် အလုပ်သမား လူတန်းစားကို စည်းရုံးတိုက်ခိုက်စေခြင်းသည်သာ အထိရောက်ဆုံး၊ သဘာဝအကျဆုံး လက်နက်ကြီး ဖြစ်ပေသည်။

မြန်မာပြည် အမျိုးသားလွတ်လပ်ရေး တိုက်ပွဲကြီးတွင် ဤနယ်ချဲ့ဆန့်ကျင်ရေး သော့ချက်ကြီးကို ပထမဆုံး အလေးအနက် သိမြင် ကျင့်သုံးခဲ့သော နိုင်ငံရေးအင်အားစုကား တို့ဗမာအစည်းအရုံးကြီးနှင့် တို့ဗမာ သခင်များ ဖြစ်ကြပေသည်။ ဤနိုင်ငံရေး သိမြင်ချက်သည် မြန်မာနိုင်ငံရေး သမိုင်းတွင် အစအဦး ဖြစ်ရကား တန်ဖိုးမဖြတ်နိုင်သော အလွန် အရေးကြီးသည့် ဒုတိယအုတ်မြစ်ကြီး ဖြစ်တော့သည်။ အမျိုးသား လွတ်လပ်ရေး တိုက်ပွဲတို့တွင် တို့ဗမာ သခင်များက ဤအုတ်မြစ်ကြီးကိုသာ မချခဲ့ပါက နောင်နှစ်ပေါင်း (၂၀) ခန့် အကြာတွင် ရရှိမည့် အမျိုးသား လွတ်လပ်ရေးကြီးသည် နိုင်ငံခြားသားနှင့် နိုင်ငံရင်းသား အရင်းရှင်တို့ ပခုံးပြောင်း၍ သွေးစုပ်သော နိုင်ငံမျိုးသာ လုံးဝ ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။ အခြေခံ လူထုကြီး၏ အကျိုးအခွင့် မပါသော အာရှအလယ်ပိုင်း နိုင်ငံအချို့ရှိ ရေနံဘုရင်များ လွတ်လပ်ရေးရသည့် နိုင်ငံမျိုး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ထိုခေတ် တို့ဗမာ သခင်များ၏ ကြိုးပမ်းမှု အုတ်မြစ်ကြီးက အခြေခံ အစဉ်အလာများ ရှိနေသောကြောင့် လူတန်းစားတိုက်ပွဲသဘောနှင့် ဖြစ်ရပ်များကို မည်သူမျှ ဖုံးအုပ်ခြင်းငှာ မစွမ်းနိုင်တော့ချေ။

ဤကမ္ဘာတွင် လူသတ္တဝါများအတွက် အစားအသောက် ရိက္ခာပစ္စည်း အမျိုးမျိုးကို ထုတ်လုပ်ပေးသော တောင်သူလယ်သမားများနှင့် အသုံးအဆောင်နှင့် ကုန်ထုတ်ယန္တရား အမျိုးမျိုးကို ထုတ်လုပ်ပေးသော အလုပ်သမားများ တည်းဟူသော လူတန်းစားကြီး (၂) ရပ်ကို နိုင်ငံရေးအရ ရှေ့တန်းတင်ပို့ရန် စတင် ကြိုးပမ်းခဲ့သော တို့ဗမာ သခင်များ၏ ကျေးဇူးကား မြန်မာပြည်အတွက် ကြီးမားလှပါပေ၏တကား။

တို့ဗမာ သခင်များသည် ထိုလူတန်းစား (၂) ရပ်၏ ဘဝတိုက်ပွဲများတွင် မည်သို့ အလုပ်အကျွေးပြု၍ ရှေ့ဆောင်ခဲ့ကြသနည်း။ အဖြွက်မှ ပြန်ကောက်ကြဦးစို့။

မြန်မာပြည် အရင်းရှင် နယ်ချဲ့စနစ်က သိမ်းပိုက်ကျွန်ပြုလာသည်နှင့် တစ်ပြိုင်နက် မြေရှင်ပဒေသရာဇ် ကုန်ထုတ်စနစ် လွှမ်းမိုးနေသော တိုင်းပြည်တွင် အရင်းရှင် ကုန်ထုတ်စနစ်နှင့် လုပ်ငန်းများက အပေါ်မှ ဖိစီး ပျိုးထောင်လာခဲ့လေသည်။ ထိုသည်နှင့် အမျှလည်း အလုပ်သမားပြဿနာမှာ ပေါ်ပေါက်လာခဲ့ပေသည်။

မြန်မာပြည်၏ အလုပ်သမားအင်အားမှာ အရင်းရှင်စနစ် အပြည့်အဝ ဖွံ့ဖြိုးနိုင်သော လက်အောက်ခံ ကိုလိုနီနိုင်ငံ ဖြစ်သည့်အားလျော်စွာ အလွန် အင်အားနည်းပါးခဲ့ပေသည်။ သို့သော်လည်း ဖြစ်ပေါ်လာသော ၎င်းတို့၏ အင်အားမှာ တော်လှန်ရေးသဘာဝနှင့် အရည်အသွေး ရင့်ကျက်လာသော အင်အားဖြစ်၍ အရင်းရှင် နယ်ချဲ့စနစ်ကို ပွဲဦးထွက် ထိုးနှက်တိုက်ခိုက်ရသည့် တိုက်ပွဲများတွင် ၎င်းတို့သည် ရှေ့တန်းက ပါခဲ့သည်သာ ဖြစ်ခဲ့ပေသည်။

ပထမကမ္ဘာစစ် (၁၉၁၄–၁၈) ဖြစ်ပြီးနောက် မြန်မာပြည်၏ စက်ရုံအလုပ်ရုံ အလုပ်သမားများမှာ (၇၉၀၀၀) မျှသာ ရှိခဲ့ပေသည်။ သို့ရာတွင် ဆန်စက်လုပ်ငန်းကြီး တိုးချဲ့လာသည်နှင့်အမျှ စက်ရုံ အလုပ်သမားများမှာ (၈၉၀၀၀) အထိ ရောက်ရှိလာပြီး အမြဲတမ်းအားဖြင့် (၈၄၁၈၄) ဖြစ်ပြီး ယာယီ အလုပ်သမားအားဖြင့် (၅၁၉၉) ဖြစ်လာလေသည်။ မြန်မာပြည်၏ စက်ရုံ အလုပ်ရုံ အလုပ်သမား အင်အားများမှာ ရှေးဦးကာလတို့တွင် တစ်သိန်းမျှသော အင်အား ရှိခဲ့ပေသည်။

ဤမျှသော အင်အားအတွင်း၌ပင် ဗြိတိသျှ နယ်ချဲ့သမားတို့၏ သွေးခွဲအုပ်စိုးရေးဝါဒအရ အလုပ်သမား လူတန်းစားအတွင်း မြန်မာ၊ ကုလား၊ တရုတ် သွေးခွဲရေး ဝါဒကြီးကို စနစ်တကျ ရိုက်သွင်း ထိုးစိုက်ထားခဲ့ပေသည်။ ၁၉၃၁ ခု စာရင်းအရ လူမျိုးအရ လုပ်ငန်းများကို ပိုင်းခြားကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည် ဖြစ်ပေသည်။

ယောကျ်ားအလုပ်သမားဦးရေ ၁၀၀၀ လျှင်–

| | | မြန်မာ | တရုတ် | အိန္ဒိယ |
|---|---|---|---|---|
| ၁။ | လယ်ယာအလုပ်သမား | ၃၀၇ | ၂၀ | ၁၀၁ |
| ၂။ | စာရေးဝန်ထမ်းများ | ၉ | ၂၄ | ၃၉ |
| ၃။ | စက်ရုံအုပ်ချုပ်ရေး | ၁ | ၃ | ၁ |
| ၄။ | လက်မှုပညာသည် | ၅၃၄ | ၁၄၄ | ၉၇ |

mgyoe.com

| | | | | |
|---|---|---|---|---|
| ၅။ | အလုပ်ကြမ်းသမား | ၈၃ | ၁၈၉ | ၄၁၂ |
| ၆။ | ကုန်သွယ်ရေး | ၄၉ | ၄၁၂ | ၁၆၇ |
| ၇။ | အခြားပြည်သူ့ဝန်ထမ်း | ၃ | ၄ | – |

၁၉၃၃–၁၉၃၄ တိုင်အောင် မြန်မာပြည်၏ စက်ရုံ အလုပ်ရုံ အလုပ်သမား အင်အားစုတွင် မြန်မာ အလုပ်သမားက (၂၇.၂) ရာခိုင်နှုန်းသာ ရှိပြီး ၁၉၃၈–၃၉ တွင်ပင် (၃၀.၁) ရာခိုင်နှုန်းသာ ရှိခဲ့လေသည်။ အလုပ်ကြမ်းသမားများတွင် မြန်မာက (၂၉.၇) ရာခိုင်နှုန်း ရှိပြီး အိန္ဒိယ အလုပ်သမားများက (၆၉.၅) ရာခိုင်နှုန်း ရှိခဲ့လေသည်။ သင်္ဘောကြီးကုန်တင်ကုန်ချ အလုပ်သမားလောကတွင်မူ အိန္ဒိယ အလုပ်သမားများက အလုံးစုံကို လွှမ်းခြုံထားပြီး မြန်မာ အလုပ်သမားများအား ဝိုင်းပယ် ဖိနှိပ်ထားစေခဲ့ပေသည်။

သံစက် အလုပ်သမားများမှာ စက်မှုအလုပ်သမား အင်အားစု အားလုံး၏ သုံးပုံတစ်ပုံသာ ရှိခဲ့လေသည်။ ၁၉၃၉ တွင် ဆန်စက်ပေါင်း (၆၇၃) ရှိခဲ့လေသည်။ တိုင်းပြည်စက်မှု အလုပ်သမား အင်အားစု၏ (၃၂.၅) ရာခိုင်နှုန်း ရှိခဲ့လေသည်။ ၁၉၃၁ ခုနှစ်သန်းခေါင်စာရင်းအရ ဝါငင်ဝါဖတ် ရက်ကန်းလုပ်ငန်း စသည့် ချည်ထည်ရက်လုပ်ရေးလုပ်ငန်းတွင် အလုပ်သမား (၂၃၄,၈၉၂) ယောက် ရှိခဲ့လေသည်။ ထိုအချိန်က သစ်စက်အလုပ်သမားပေါင်းမှာ (၅၂,၇၂၈) ယောက် ရှိခဲ့လေသည်။ အိမ်တွင်း စက်မှုလုပ်ငန်းများတွင် ချည်ထည်၊ ပိုးထည်၊ ယွန်းထည် လုပ်ငန်းများသည် အတန်ကြီးမားသော လုပ်ငန်းများဖြစ်၍ စက်ချုပ်၊ လက်သမား၊ ပန်းထိမ်၊ အိုးလုပ်၊ သတ္တုအရည်ကျို လုပ်ငန်းများသည် ဒုတိယကြီးမားသောလုပ်ငန်း ဖြစ်ခဲ့လေသည်။ ၁၉၃၁ ခု စာရင်းအရ ထိုအိမ်တွင်းလက်မှုလုပ်ငန်း အမျိုးမျိုးတွင် အလုပ်သမားပေါင်း (၆၆၄,၃၇၆) ရှိခဲ့လေသည်။ ၎င်းတွင် (၁၀၄,၇၆၇) သည် အိန္ဒိယ အလုပ်သမားများ ဖြစ်ကြသည်။

အားလုံးကိုခြုံသော် ၁၃၀၀ ပြည့် လူထုအရေးတော်ပုံကြီး ဖြစ်ပွားခဲ့သော ကာလတစ်ဝိုက်ဟု ဆိုအပ်သော ၁၉၃၈–၃၉ တွင် မြန်မာပြည်၌ ရေနံ၊ သတ္တု၊ သစ်စက်၊ ဆန်စက်၊ မီးရထား၊ သင်္ဘောကျင်း၊ အထည်၊ မီးခြစ်၊ ကြိုးစက် စသည့် အလုပ်ရုံ စက်ရုံပေါင်းမှာ (၁၀၃၁) ဖြစ်ပြီး အလုပ်သမားပေါင်းမှာ (၈၉၉၄၆) ရှိခဲ့လေသည်။ ထို့ကြောင့် မြန်မာပြည်တွင် ထိုကာလ၌ စက်မှု အလုပ်သမားပေါင်းမှာ အလွန်အားဖြင့် (၉၀,၀၀၀) ကျော်ကျော် (၁၀၀,၀၀၀) နီးပါးမျှသာ ရှိခဲ့ပေသည်။

နယ်ချဲ့အရင်းရှင်စနစ်နှင့်အတူ ပေါက်ဖွားလာခဲ့သော မြန်မာပြည် အလုပ်သမားလူတန်းစားသည် သန္ဓေတည်စ၊ ပေါက်ဖွားစ ကာလ၌ပင် တော်လှန်ရေးသဘာဝအားဖြင့်

mgyoe.com

များစွာ ထက်မြက်ရဲရင့်သည့် လူတန်းစား ဖြစ်လေသည်။ သာဓကအားဖြင့် မြန်မာပြည် လူထု၏ နိုင်ငံရေးတိုက်ပွဲအစ ၁၉၂၀ ကပင်လျှင် ဖွားခါစ အလုပ်သမား လူတန်းစားသည် သန်လျင် ဘီအိုစီ၌ အလုပ်သမား (၈၀၀၀) တို့သည် လုပ်ခတိုးရရေးနှင့် ပတ်သက်၍ နယ်ချဲ့အရင်းရှင် ကုမ္ပဏီကြီးအား ထိုးနှက် တိုက်ခိုက်ခဲ့လေသည်။ ဤသပိတ်ကြီးမှစ၍ ရေနံမြေ အလုပ်သမားများ၊ ရန်ကုန် ဧရာဝတီသင်္ဘောကျင်း အလုပ်သမားများ၊ ဧရာဝတီ ကုမ္ပဏီ အလုပ်သမားများသည်လည်း သပိတ်မှောက် တိုက်ခိုက်ခဲ့ကြပေသည်။ ဘီအိုစီ ကုမ္ပဏီသည် လုပ်ခ (၁၀) ရာခိုင်နှုန်းမျှ တိုးပေးခဲ့ရလေသည်။ ၁၉၂၃ ခုနှစ်တွင်မူ ရေနံမြေ အလုပ်သမား သပိတ်ကြီး စုစည်းဖြစ်ပေါ်လာပြီး အလုပ်သမား ထောင်ပေါင်းများစွာ ပါဝင်လာခဲ့လေသည်။ ထို့အတူ ၁၉၂၀၊ မေလ (၆) ရက်တွင် သင်္ဘောကြီး ကုန်တင် ကုန်ချ အလုပ်သမားပေါင်း (အိန္ဒိယ အလုပ်သမားများ) များစွာ သပိတ်မှောက်ခဲ့ကြပြီး အကူသပိတ်များအဖြစ် လန်ချားဆွဲနှင့် လှည်းမောင်း အလုပ်သမားများပါ ပါဝင်လာပြီး စုစုပေါင်း (၁၅၀၀၀) သော အလုပ်သမားများ စုပေါင်း သပိတ်မှောက်ခဲ့ကြလေသည်။

တစ်ဖန် ၁၉၂၅ ခု၊ ဩဂုတ်လ (၁) ရက်နေ့တွင် ဧရာဝတီ ကုမ္ပဏီမှ အလုပ်သမား ပေါင်း (၃၀၀၀) သပိတ်မှောက်ခဲ့လေသည်။ (၅) လမျှ တောင့်ခံခဲ့လေသည်။ ကုမ္ပဏီ အရင်းရှင်ကြီးတို့သည် သပိတ်အလုပ်သမားများ အတွင်းတွင် ကုလား-မြန်မာ သွေးခွဲရေး လက်နက်ကို ပြောင်ပြောင်ပင် ထိုးနှက်ကျင့်သုံးခဲ့ပေသည်။ ၁၉၂၆ ခုတွင် တစ်ဖန် ရေနံမြေ တွင် အလုပ်သမားများ သပိတ်ကြီး ဖြစ်ပေါ်ခဲ့ပြန်လေသည်။ အမေရိကန် တွင်းတူးအလုပ် သမားများနှင့် စာရေးစာချီများပါ ပါဝင်လာကာ စတုတ္ထအကြိမ်မြောက် ရေနံမြေ သပိတ် ကြီး ဖြစ်ခဲ့လေသည်။ ရေနံမြေတွင် (၅၄) ကြိမ်မျှ မီးရှို့မှု ဖြစ်ပွားခဲ့ရာ (၃၃) ကြိမ်သည် သပိတ်အလုပ်သမားတို့၏ ကန့်ကွက်ဆန္ဒပြလက်ချက်ဟု ဆိုလေသည်။

၁၉၂၉-၃၀ ပြည့်နှစ်များက စ၍ကား ကမ္ဘာ့စီးပွားရေးကပ်ကြီးသည် အရင်းရှင် နယ်ချဲ့သမားတို့၏ လောဘဇောနှင့် စီးပွားရေး စနစ်အရ ဆိုက်ရောက်ခဲ့ရပြီး ၎င်းဒဏ်ကို ပြင်းပြင်းပြပြ ခံစားခဲ့ရသူများကား အလုပ်သမားနှင့် တောင်သူလယ်သမား ဆင်းရဲသား နင်းပြားတို့သာ ဖြစ်ရလေသည်။ ထိုအခါ အဖိနှိပ်ခံ လူထုကြီးက ပြန်လည် တုံ့ပြန်ကြရ လေသည်။ သို့ဖြင့် အရင်းရှင် စီးပွားရေးစနစ်အတွင်း အရင်းရှင်နှင့် အလုပ်သမား ပဋိပက္ခ သည် (ဝါ) အတွင်းပဋိပက္ခသည် ပို၍ ပို၍ ပြင်းထန်လာပေတော့သည်။ ဤသဘော သည် မြန်မာနိုင်ငံ အလုပ်သမားလောကတွင် ၁၉၃၀ မှစ၍ သရုပ်ပေါ်လာပေတော့သည်။

၁၉၃၀၊ မေလ (၆) ရက်နေ့တွင် သင်္ဘောကြီး ကုန်တင်ကုန်ချ အလုပ်သမားပေါင်း

mgyoe.com

(၅၀၀၀) ကျော်တို့သည် သပိတ်မှောက်ခဲ့ကြလေသည်။ တစ်နေ့ ငါးမတ်နှုန်း၊ တစ်ကျပ်ခွဲနှုန်း နေ့စားဘဝမှ လုပ်ခတိုးပေးကာ လစာပေးဘဝသို့ ပေးရန် တောင်းဆိုကြသည်။ ထိုအခါ လုပ်ငန်းအာဏာပိုင်များက ထုံးစံအတိုင်း လူမျိုးရေး သွေးခွဲရေးဝါဒဖြင့် ကုလားအလုပ်သမားအချို့ကို ဖြတ်၍ မြန်မာအလုပ်သမားများကို အစားထိုးသည်။ သို့ဖြင့် ကုလား–မြန်မာ အဓိကရုဏ်းကြီး ပျံ့နှံ့ဖြစ်ပေါ်ကာ ဘဝတူ ကုလားအလုပ်သမား (၂၀၀) ခန့် အသက်ဆုံးရှုံးရပြီး (၁၅၀) မျှ ဒဏ်ရာရခဲ့ကြရသည်။

ကမ္ဘာ့စီးပွားပျက်ကို ခံစားရသော အလုပ်သမားတို့၏ မဟာမိတ်ဖြစ်သည့် တောင်သူလယ်သမားများမှာလည်း စပါးဈေးများ (၁၈၀)၊ (၂၀၀) ဈေးမှ (၆၀)၊ (၇၀) ဈေးသို့ ခုန်ဆင်းလေတော့ရာ မြေယာလက်လွတ်၊ ကြွေးတင်ကျွန်ဖြစ်၊ ဆင်းရဲတွင်း ပို၍ နစ်ကြရလေတော့သည်။ ထိုအချိန်တွင် နယ်ချဲ့အစိုးရက မြေခွန်၊ လူခွန်များကို အတင်းဖိတောင်း၍ ချစ်တီးကြွေးရှင်တို့က ၎င်းတို့၏ ကြွေးများကို တရကြမ်း မြေသိမ်း၍ တောင်းလေတော့ရာ ဤ ၁၉၃၀ မှာပင် တောင်သူလယ်သမားတို့၏ လက်နက်ကိုင် တော်လှန်ရေးကြီးသည် ဖြစ်ပေါ်လာပေတော့သည်။

ထို ၁၉၃၀–၃၁ ခုနှစ်တစ်ဝိုက် တောင်သူလယ်သမားများ ဘဝတွင် မည်မျှပင် ကြွေးလည်ပင်းနစ်နေရသည်ကို အောက်တွင် ဖော်ပြပါ ကြေးတိုင်အစီရင်ခံစာဇယားကို ကြည့်နိုင်ပေသည်။

| ခုနှစ် | စီရင်စု | လယ်သမား တစ်အိမ်ထောင် ကြွေးပေါင်း | လယ်သမား ဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁၉၃၀–၃၃ | ဟံသာဝတီ | ၆၇၆ ကျပ် | ၉၃ % |
| ၁၉၃၀–၃၂ | ပျဉ်းမနား | ၂၅၂ ကျပ် | ၇၃ % |
| ၁၉၃၀–၃၁ | ပခုက္ကူ | ၉၆ ကျပ် | ၆၄ % |

ဤကား ဗမာပြည် ထက်–အောက် (၃) စီရင်စုကိုသာ နမူနာအဖြစ် ဖော်ပြခြင်းဖြစ်လေသည်။ အက်(ဖ်)ဘာတွန်လီ(ချ်)၏ တွက်ချက်ဖော်ပြချက်အရဆိုလျှင် ဗမာပြည်တွင် လယ်သမား တစ်အိမ်ထောင်တိုင်း ပျမ်းမျှကြွေး ကြွေး (၂၀၀) စီ တင်ရှိနေသည်ဟု ဆိုထားလေသည်။ ထို့ကြောင့်လည်း တောင်သူလယ်သမားများမှ နှစ်စဉ် မြေယာဧကပေါင်း တစ်သိန်းကျော် လက်လွတ်ဆုံးရှုံးနေရလေသည်။ ၁၉၂၉ တွင် မြေဧက (၁၀၇,၉၅၉) ဆုံးရှုံးနေရာမှ ၁၉၃၃ တွင် ဧက (၄၅၄,၄၃၁) ဆုံးရှုံးလာရပြီး ၁၉၃၆ တွင် (၂၂၀,၀၇၀)

mgyoe.com

ဧကေ ဆုံးရှုံးနေရပေသေးသည်။ အတိုးကြီးစား မြေရှင်ကြီးတို့က ၁၉၃၀ တွင် ဧကေ (၂၉) သိန်း သိမ်းယူပိုင်ဆိုင်လာရာမှ ၁၉၃၇ တွင် (၄၉) သိန်း ပိုင်ဆိုင်လာပြီး ရှိဇကေ ပေါင်းအနက် (၅၁) ရာခိုင်နှုန်း ပိုင်လာလေသည်။

ဤသို့သော အလုပ်သမား၊ လယ်သမားတို့၏ ဘဝဆိုး၊ အခြေအနေဆိုးကြီးကို တွန်းလှန်ကယ်တင်ရန်အတွက် စနစ်တကျ စည်းရုံးရှေ့ဆောင်နိုင်မည့် နိုင်ငံရေး အဖွဲ့ အစည်းများသည် ၁၉၃၀–၃၂ အထိ တိတိကျကျ မပေါ်ခဲ့ပေ။ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲအသွင်ဖြင့်သာ ပါဝင်လှုပ်ရှားခဲ့ကြရပေသည်။ လူတန်းစား၏ ဘဝတောင်းဆိုရေး တိုက်ပွဲကား ထွန်းလင်းမလာခဲ့သေးပေ။ ၁၉၃၀–၃၂ လွန်သောကာလ တို့ဗမာအစည်း အရုံးကြီး နိုင်ငံရေးဇာတ်ခုံပေါ်သို့ မားမားမတ်မတ် တက်ရောက်လာပြီ ဖြစ်သောကာလ ၌သာ 'အလုပ်သမားတွေ စည်းရုံးကြ'၊ 'တောင်သူလယ်သမားတွေ စည်းရုံးကြ'၊ 'အလုပ် သမား အရေးတော်ပုံ အောင်ရမည်' ဟူသော ကြွေးကြော်သံများကို ဟစ်ကြွေး၍ အလုပ် သမား၊ တောင်သူလယ်သမားများကို စနစ်တကျ စတင် စည်းရုံးလာကြလေသည်။

ဤသို့ဖြင့် ၁၉၃၈ ခု၊ ဇန်နဝါရီလ (၈) ရက်နေ့တွင် ရေနံမြေ သပိတ်ကြီးသည် စတင် ပေါက်ကွဲလာခဲ့ပေသည်။ ၎င်းနှစ် ဒီဇင်ဘာလ (၄) ရက်နေ့တွင် နယ်ချဲ့အစိုးရနှင့် ရေနံအရင်းရှင်ကြီးတို့က တရကြမ်း ဖိနှိပ်တားဆီးနေသည့်ကြားမှ ရေနံမြေ အလုပ်သမား သပိတ်တပ်ကြီးသည် ရန်ကုန်မြို့ပေါ်သို့ ရာဇဝင်တွင်ဖွယ် ချီတက်လာခဲ့ကြလေသည်။ တို့ဗမာ သခင်များနှင့် တက္ကသိုလ်ကျောင်းသား ခေါင်းဆောင်များက အသေခံဗိုလ်များ အဖြစ် တက်ရောက် ခေါင်းဆောင်ခဲ့ကြလေသည်။ တစ်ပြည်ထောင်လုံးရှိ မျိုးချစ် ရဟန်း ရှင်လူပြည်သူများ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ ကျောင်းသားများက ခြိမ့်ခြိမ့်သဲမျှ ထောက်ခံ သွေးစည်းကြလေသည်။ ဗိုလ်အောင်ကျော်နှင့်တကွ ကျောင်းသား များ အသက်၊ သွေးမြေကျခံကာ အလုပ်သမားများနှင့် သွေးစည်းကြသည်။ ရန်ကုန်၊ မန္တလေး၊ သန်လျင်၊ မြင်းခြံ စသည့် အလုပ်ရုံ စက်ရုံကြီးများရှိ ထောင်ပေါင်းများစွာသော အလုပ်သမားများကလည်း သပိတ်မှောက် သွေးစည်းကြသည်။ မန္တလေးမြို့ ဆန္ဒပြပွဲ ကြီးမှာ အာဇာနည် (၁၇) ဦး ကျဆုံးခဲ့ရသည်။

ရန်ကုန် ရွှေတိဂုံကုန်းတော်မြေပေါ်မှာ ၁၃၀၀ ပြည့် အရေးတော်ပုံကြီး ဆင်နွှဲရာ ပြည်သူတို့၏ အောင်မြေကြီးအဖြစ် လူတန်းစားပေါင်းစုံ၊ လူထုပေါင်းစုံတို့ စုံညီစွာ သွေးစည်းညီညွတ်ခဲ့ကြသည်။ တောင်သူလယ်သမားတို့သည်လည်း မျှတသော သီးစားခ ကိုသာ ပေးရေး၊ လယ်မြေမှ နှင်မထုတ်ရေး၊ အတိုးကြီးစား ပယ်ဖျက်ရေး၊ တင်းတောင်း
mgyoe.com

စံချိန် ကန့်သတ်ပေးရေး စသည့် တောင်းဆိုချက်များဖြင့် တိုင်းပြည်နှင့်အဝန်း အုံကြွ လှုပ်ရှားလာကြပေသည်။ ပဲခူး၊ ဟံသာဝတီ၊ အင်းစိန်၊ သာယာဝတီတို့မှ လယ်သမား တပ်များသည် ၁၃၀၀ ပြည့် အရေးတော်ပုံ အောင်မြေသို့ ချီတက် သွေးစည်းခဲ့ကြသည်။

ဤသို့ တိုင်းပြည် ရာဇဝင် မကြုံဖူးအောင် ကြီးကျယ်သော အလုပ်သမား၊ လယ်သမား၊ ကျောင်းသားနှင့် ပြည်ချစ်အင်အားစု အပေါင်းတို့၏ လူထုအရေးတော်ပုံကြီးကို တို့ဗမာအစည်းအရုံးကြီးသည် ကောင်းစွာ ခေါင်းဆောင်မှုပေးနိုင်ခဲ့ပြီး ၁၉၃၉၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် မြန်မာပြည် လူတန်းစားသမိုင်းတွင် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်ကြီးအဖြစ် မြန်မာနိုင်ငံ အလုပ်သမားအစည်းအရုံးများ အဖွဲ့ချုပ်ကြီးနှင့် မြန်မာနိုင်ငံ တောင်သူလယ်သမား အစည်းအရုံးကြီးကို စတင် ထူထောင်ပေးခဲ့ကြလေသည်။ ထိုနှစ် ဩဂုတ်လတွင်မူ တို့ဗမာအစည်းအရုံးကြီးသည် ဗမာပြည် ကွန်မြူနစ်ပါတီ သန္ဓေတည်ရာ အမြုတေကလပ်စည်းကို မွေးထုတ်ပေးခဲ့လေသည်။ သို့ဖြင့် တို့ဗမာ သခင်များသည် အလွန်အရေးကြီးလှသော ဒုတိယ အုတ်မြစ်ကြီးကို ချမှတ်ခဲ့ခြင်း ဖြစ်ပေသည်။

တို့ဗမာအစည်းအရုံးကြီးနှင့် တို့ဗမာ သခင်များ ကြိုးပမ်းချမှတ်ခဲ့သော တတိယ အုတ်မြစ်ကြီးကား အမျိုးသားလွတ်လပ်ရေး တိုက်ပွဲကြီးနှင့်အတူ လုံးဝ လွတ်လပ်သော မြန်မာနိုင်ငံတွင် ဆင်းရဲသားမင်း ဆင်းရဲသားချင်း နိုင်ငံထူထောင်ရန် (ဝါ) လောကနိဗ္ဗာန် ဆင်းရဲသားဘုံ သမ္မတနိုင်ငံ ထူထောင်ရန် ဟူသော ကမ္ဘာနှင့် မြန်မာ့အနာဂတ်ရှေ့ရေးကို အဝေးကြီးမှနေ၍ ရည်ညွှန်းအပ်သော နိုင်ငံရေး ကြွေးကြော်သံကြီးများကို ကြွေးကြော်၍ လက်တွေ့လည်း စတင် အုတ်မြစ်ချခဲ့ခြင်းပင် ဖြစ်ပေသည်။ ဤသည်လည်း မြန်မာပြည်၏ နိုင်ငံရေးသမိုင်းနှင့် အလုပ်သမား၊ လယ်သမား လူတန်းစားသမိုင်းတွင် လွန်စွာ အရေးပါအရာရောက်သော အချက်ကြီး ဖြစ်ပေသည်။

နောင်သောအခါ လွတ်လပ်သော မြန်မာနိုင်ငံတွင် လူတန်းစား ပခုံးပြောင်း သွေးစုပ်ရေးဝါဒ ထွန်းကားစေရန် တို့ဗမာ သခင်များသည် ကြီးစွာသော အမြော်အမြင်ဖြင့် ချမှတ်တားဆီးခဲ့ကြခြင်းပင် ဖြစ်ပေသည်။ လောကနိဗ္ဗာန် ဆင်းရဲသားဘုံ သမ္မတနိုင်ငံ ထူထောင်ရေး ဟူသော နိုင်ငံရေး ဦးတည်ချက်သည် သမိုင်းအနက်အဓိပ္ပာယ်အားဖြင့် 'လွတ်လပ်သော မြန်မာနိုင်ငံသည် ခေတ်ဟောင်းကို နောက်ပြန်ဆွဲစေသော အရင်းရှင် ဒီမိုကရေစီသမ္မတနိုင်ငံမျိုးကား မဖြစ်စေရာ။ ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမျိုးသာ ဖြစ်စေရမည်' ဟု တို့ဗမာ သခင်များသည် လွန်ခဲ့သော နှစ်ပေါင်း (၃၀) နီးပါးခန့်ကပင် တမ်းတဦးတည်ချက် ပေးနိုင်ခဲ့ခြင်းသည် မည်မျှ နိုင်ငံရေးအရ တန်ဖိုး

ထိုက်ပါသနည်း။ ကမ္ဘာတော်လှန်ရေးဒီရေနှင့် စံချိန်ကို အချိန်မီအောင် လိုက်ရန် ကြိုးပမ်းမှုတွင် မည်မျှ ဖွဲ့လုံ့လ ကြိုးပါသနည်း။

ပထမမူရင်း တို့ဗမာဝါဒ ကြေညာစာတမ်းတွင် ပါရှိခဲ့သော အောက်ပါကောက်နုတ်ချက် အချို့ကို ယနေ့ သမိုင်းအမြင်ဖြင့် ကြည့်ရှုလေ့လာပါလျှင် ၎င်း၏တန်ဖိုးကို တွေ့ရှိရမည် ဖြစ်ပေသည်။

(ဆရာကြီး သခင်ကိုယ်တော်မှိုင်းရေး သခင်ဋီကာကျမ်းကြီး စာမျက်နှာ ၁၂၂၊ ၁၂၃ မှ)

အမှတ် ၇။ ဗမာပြည်နှင့်တကွ လောကကမ္ဘာကြီး စီးပွားချမ်းသာရေးအလုပ်အုတ်မြစ်တည်တဲ့ဖို့ လုပ်ငန်းကား လူများစု ဖြစ်ကြသော အောက်တန်းစား၊ ဆင်းရဲသားပိုက်ဆံမဲ့သော တောသူတောင်သား၊ လယ်သမား၊ အလုပ်သမားတို့ကိုယ်တိုင် အစိုးရအစစ် မဖြစ်သမျှ ကာလပတ်လုံး မအောင်မြင်နိုင်။ သို့အတွက် တို့ဗမာအစည်းအရုံးကြီးက ထုံးနည်းဥပဒေ အခြေခံထားသော အချက်များမှာ–

(က) အောက်ဆုံးတန်းရှိ ပိုက်ဆံမဲ့သော တောသူတောင်သား လုပ်စားကိုင်စား အလုပ်သမား လယ်သမား နင်းပြားတို့သည် အရာရာတွင် ရှေ့ဆောင်ရန်၊

(ခ) နောက်ဆုံးရည်ရွယ်ချက် ဖြစ်သော လူတိုင်းလူတိုင်း လူ၏ အခွင့်အရေးအလုံးစုံကို ညီတူညီမျှ မခံစားရမီအတွင်း ဆင်းရဲသား လယ်သမားများကြီးစိုးသော အစိုးရ ထူထောင်ရန်၊

(ဂ) အရင်းအနှီးအားဖြင့် အမြတ်အစွန်းယူခြင်း၊ လူနည်းစု ငွေရင်းငွေနှီးဖြင့် ပိုက်ဆံရှာခြင်း အစရှိသည့် မတော်လောဘတရားတို့ ကွယ်ပျောက်စေ၍ လူတိုင်း၏ လုပ်ရည်ကိုင်ရည် အစွမ်းကိုသာ တန်ဖိုးထားလျက် တစ်ဦးတည်းပိုင်၊ တစ်စုတည်းပိုင် စသည်အားဖြင့် ပိုက်ဆံကြေးငွေများသည် လှည့်လည်မနေဘဲ တစ်နေရာ တစ်နေရာကောင်းတွင် အတော်အတန် စုပုံနေခြင်းအားဖြင့် များစွာသော သူတို့မှာ ကျပ်တည်း ကျဉ်းမြောင်းစေသည့် စနစ်မျိုး ကွယ်ပျောက်စေပြီးလျှင် တိုင်းပြည်၏ ပစ္စည်းဥစ္စာ ရတနာများကို လူတိုင်းလူတိုင်း ညီမျှစွာ ပိုင်ဆိုင်ခွင့်ရှိစေရန်၊

(ဃ) အထက်တန်းစား၊ အောက်တန်းစား၊ သူဌေး၊ ဆင်းရဲသား စသည်ဖြင့် အတန်းအစား ခွဲခြားခြင်း မရှိစေရန်၊

(င) ငွေပင်ငွေရင်း စိုက်ထုတ်၍ အများသောသူတို့အပေါ်၌ အညွန့်ချိုးသော

mgyoe.com

နည်းစနစ်သည် နယ်ချဲ့စနစ်၏ အမြစ်မူလ ပထမအခြေခံ ဖြစ်သဖြင့် လူနည်းစု ဓနရှင်ကြီးတို့ အကျိုးအတွက် လောဘရမ္မက်ကို ရှေးရှု၍ စစ်မက်ပြိုင်ဆိုင် နိုင်ငံချဲ့ခြင်း စသည်များ တိုးပွားစေသောကြောင့် ထိုစနစ် ပပျောက်၍ အပြတ်ပြတ်အလပ်လပ်နှင့် ငတ်မွတ်ခေါင်းပါးခြင်းဒုက္ခ၊ မျက်နှာငယ်ခြင်းဒုက္ခ၊ အောက်တန်း နောက်တန်းကျခြင်း စသော ဒုက္ခခပ်သိမ်းတို့၏ ငြိမ်းရာ ချုပ်ရာဖြစ်သော လောကနိဗ္ဗာန် တည်းဟူသော လူတိုင်း လူတိုင်း အရိုင်း၊ အယဉ် မရွေး လူ၏အခွင့်အရေး တင်းပြည့်ခံစားရေး တီထွင်ရန် ဖြစ်သည်။

အမှတ် ၉။ လွတ်လပ်ရေးသည် ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ရေး မဟုတ်။ ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ရေးမှာ လွတ်လပ်ရေးအောင်ပွဲကြီး ရပြီးနောက်မှသာ ဖြစ်နိုင်သည်။ ကိုယ်မင်းကိုယ့်ချင်း ဆိုသည်မှာလည်း ရှေးအခါကကဲ့သို့ တစ်ဦး တစ်ယောက်တည်း သက်ဦးဆံပိုင် အာဏာရှင် ဘုရင်အမျိုးတို့ အုပ်စိုးနည်း မဟုတ်။ ယေဘုယျအားဖြင့် လူများစု ဖြစ်သော ဆင်းရဲသားများ ကိုယ်တိုင် ဦးကိုင်ဦးစီး ကြီးမှူးအုပ်ချုပ်သော ဆင်းရဲသားမင်း ဆင်းရဲသားချင်း ဖြစ်ရာက တစ်နည်းအားဖြင့် တို့ဗမာ သဘောအရ သမစိတ္တမျှသာ ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ရေးဟု အလေးဂရုပြုကြရာ၏။

ဤမူရင်း တို့ဗမာ သခင်ဝါဒ ကြေညာစာတမ်းမှ ကောက်နုတ်ချက်ကို ကြည့်ရှုလေ့လာပါက တို့ဗမာအစည်းအရုံးကြီး၏ နိုင်ငံရေး ဦးတည်ချက်သည် လက်တွေ့အားဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး ဖြစ်၍ အနာဂတ် မြော်ခေါ်ချက်အနှစ်သာရမှာ ဆိုရှယ်လစ်ရေးပင် ဖြစ်တော့သည်။

ထို့ကြောင့်လည်း ထိုခေတ် တို့ဗမာအစည်းအရုံး ခေါင်းဆောင်ကြီးများသည် ဆိုရှယ်လစ်ရေး (ဝါ) ဆင်းရဲသားဘုံသမ္မတနိုင်ငံ ထူထောင်ရေးနှင့် ပတ်သက်၍ တို့ဗမာဝါဒအရ နှုတ်မှ တရွရွ အာပေါင်အာရင်းသန်သန် ဟောပြောခဲ့ကြရုံသာမက ကလောင်အားဖြင့်လည်း လက်ဝဲစာပေ အမြောက်အမြား ရေးသား ထုတ်ဝေခဲ့ပေသည်။ သာဓကအချို့အားဖြင့် ဘိလပ်ပြန် သခင်သိမ်းမောင်၏ 'မီးတုတ်သတင်းစဉ်များ'၊ သခင်လေးမောင်၏ 'ကျော်ကြားသော လောကနိဗ္ဗာန်တရား'၊ သခင်ဗစိန်၏ 'ကျွန်တကာ့ကျွန်ခေါ် တောင်သူလယ်သမားအရေး'၊ သခင်စိုး၏ 'ဗမာ့တော်လှန်ရေး'၊ 'အလုပ်သမားလောက'၊ 'ဘုံဝါဒကျမ်း'၊ သခင်မြ၏ 'လယ်သီးစားဥပဒေဋီကာ (ခေါ်) လယ်သမားအရေး'၊ သခင်တင်၏ 'သံဃိကဝါဒ'၊ သခင်နု၏ 'ဆင်းရဲသားလူမဲ့တို့ ထွက်ရာလမ်း'၊ သခင်လှဖေ (ဗိုလ်လက်ျာ)

၏ 'ဘုံဝါဒနှင့်စစ်'၊ သခင်တင်မောင်၏ 'ဘုံအာဏာရှင်'၊ သခင်ဗိုလ်၏ 'ကား(လ်)မာ့က္စ(စ)'၊ သခင်သန်းထွန်း၏ 'ဘုံဝါဒ ဆောင်းပါးများ'၊ သခင်ဗဟိန်း၏ 'အရင်းရှင်လောက'၊ သခင်သိန်းဖေ (တက်ဘုန်းကြီး) ၏ 'တို့ဗမာနှင့် ဘုံဝါဒ'၊ မော်လမြိုင် သခင်ကြီး၏ 'သမစိတ္တဝါဒ' စသည်တို့သည် တို့ဗမာအစည်းအရုံး၏ နိုင်ငံရေး ဦးတည်ချက်ကို ဖော်ပြသော ဖြစ်ရပ်များပေတည်း။

ထို့ကြောင့်လည်း မြန်မာပြည်တွင် ပြည်တွင်း၊ ပြည်ပ အခြေအနေများအရ လက်ဝဲဝါဒဟု ဆိုအပ်သော ဆင်းရဲသားမင်း၊ ဆင်းရဲသားချင်း ဦးတည်ချက်သည် ဘယ်သောအခါမှ ပိတ်ဖုံး မှေးမှိန်အောင် လုပ်လို့မရနိုင်ဘဲ ဖြစ်နေရသည်မှာ ပကတူးအစ သခင်ကဟု သမိုင်းက ရိုးသားစွာ ဂုဏ်ပြုအပ်ပါပေသည်။

တို့ဗမာအစည်းအရုံးကြီးက စတုတ္ထ ချမှတ်ခဲ့သော အုတ်မြစ်ကား တို့ဗမာသခင်များ၏ သွေးများ၊ မျက်ရည်များဖြင့် သမိုင်းတွင် နှစ်ပေါင်းတစ်ရာကျော် ခြေလက် ရိုက်ချိုးထားခြင်း ဘဝတွင် နာကြည်းရှက်ဖွယ်ရာကြီး ခံစားနေခဲ့ရသည်မှ မြန်မာတို့၏ ပထမဆုံးသော တော်လှန်ရေး လက်နက်ကိုင် တပ်မတော်ကြီးကို စတင် ထူထောင်ပေးခဲ့ခြင်းပင် ဖြစ်ခဲ့ပါသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာနိုင်ငံသည် သမိုင်းအစဉ်အားဖြင့် အရှေ့ကမ္ဘာတွင် ရာစုနှစ်ပေါင်းများစွာ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် တည်ထွန်းခဲ့ပေသည်။ ခေတ်အားလျော်စွာ၊ အကြောင်းအားလျော်စွာ အရှေ့ကမ္ဘာတွင် နိုင်ငံကြီးများဟု ခေါ်ဆိုအပ်သော အိန္ဒိယပြည်၊ တရုတ်ပြည်၊ ယိုးဒယားနိုင်ငံတို့နှင့် စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ရသောနိုင်ငံ ဖြစ်ခဲ့သည်။

မြန်မာစစ်သည်တော်တို့၏ ဇွဲ၊ သတ္တိ၊ ကြံ့ခိုင်မှု၊ လုပ်ရည် ကြံရည်များနှင့် အထူးအားဖြင့် ဖျတ်လတ်ထက်မြက်သော စွမ်းရည်များမှာ အရှေ့တိုင်း စစ်သမိုင်းတွင် ထူးခြားသော မှတ်တမ်းဝင်များ ဖြစ်ခဲ့သည်။ နောက်ဆုံး ၁၈၂၄–၂၆၊ ၁၈၅၂ ခုနှစ် စသည်များတွင် ခေတ်မီသော ဗြိတိသျှ နယ်ချဲ့စစ်တပ်ကြီးများပင် များစွာ အံ့သြ ချီးကျူးရလောက်အောင် စွမ်းစွမ်းတမံ ပြန်လှန် တိုက်ခိုက်နိုင်သော စစ်သည်တော်များ ရှိခဲ့သည်။

သို့သော် ကျွန်ဖြစ်ခဲ့ရသော ဘဝတို့၌ကား ထိုအစွမ်းသတ္တိများကြောင့်ပင်လျှင် အုပ်စိုးသူ ဗြိတိသျှ နယ်ချဲ့အစိုးရသည် မြန်မာတိုင်းရင်းသားတို့အား၊ အထူးသဖြင့် လူမျိုးတို့အား ကြီးစွာသော သတိဖြင့် စစ်ရေးစစ်ရာ အခွင့်အရေးများကို အထူးတလည် ကြပ်ကြပ်တည်းတည်း ပိတ်ပင်တားမြစ်ခဲ့ပေသည်။ သမိုင်းကြောင်းအရ အမြွက်မျှ ပြန်ကောက်

mgyoe.com

ရလျှင် ၁၈၈၇ မှ ၁၉၂၇ အထိ မြန်မာပြည်၏ စစ်မြေပြင် အပ်ပါးမိုင်းနားတပ် ဆိုသည်ကို ဖွဲ့စည်းပေးခဲ့သည်။ မြန်မာ ရှေးစစ်သည်တော်အချို့ ပါဝင်စေပြီး ကရင်တိုင်းရင်းသား အချို့နှင့်ပါရောစု ဖွဲ့စည်းပေးခဲ့ဖူးသည်။ ၎င်းတပ်မှာ စစ်ဘက်လက်သမားတပ်ပင် ဖြစ်ခဲ့သည်။ ၁၉၁၆–၁၈ တွင် ပထမ ကမ္ဘာစစ်၌ မက်ဆိုပိုတေးနီးယားတွင် သွားရောက် အမှုထမ်းစေခဲ့သည်။ ထို့နောက် ၁၉၂၆–၂၇ တွင် တစ်ဖန် ဘားမားရိုင်ဖယ် ခေါ် တပ်ရင်း (၄) ခု ဖွဲ့စည်းခဲ့သည်။ များသောအားဖြင့် ကရင်၊ ကချင်၊ ချင်းအမျိုးသားများက အများစု ဖြစ်သည်။ အချို့ မက်ဆိုပိုတေးနီးယားနှင့် ပါလက်စတိုင်း စစ်မြေပြင်တွင် စေလွှတ် အသုံးပြုခဲ့ဖူးသည်။ ၁၉၂၇–၃၇ တွင် မြန်မာများကို ရှိသမျှ အမြဲတမ်း တပ်ရင်းများမှ ဖယ်ထုတ်စေပြီး စစ်ပုလိပ်တပ်များတွင်မူ (၇၀၀) ခန့် လက်ခံ ခေါ်ယူခဲ့သည်။ မြန်မာများကို ဖယ်ရှားပစ်ရေးနှင့် ပတ်သက်၍ ၁၉၂၇ ခုတွင် ဗြိတိသျှနှင့် ကုလား စစ်အရာရှိကြီးများ၏ ကွန်ဖရင့်က ဆုံးဖြတ်ခဲ့သည်ဟု ဂျီအီးဟာဗေး၏ မှတ်တမ်းတွင် ဖော်ပြထားသည်။

၁၉၃၇ ခု၊ အိန္ဒိယပြည်မှ ခွဲထွက်ပြီးနောက် ၁၉၄၁ ခုနှစ်တွင်မူကား မြန်မာပြည်တွင် အပ်ပါမိုင်းနားတပ် တစ်တပ်၊ ရိုင်ဖယ်တပ်ရင်း (၁၀) ခုနှင့် နယ်ခြားစောင့်တပ်ရင်း (၄) ခု၊ ဤမျှသာ ပြန်လည် ဖွဲ့စည်းခဲ့သည်။ အချိုးအစားမှာ အရာရှိ (၁၂) ယောက်တွင် မြန်မာတိုင်းရင်းသား တစ်ယောက်၊ အခြား အရာရှိများမှာ အင်္ဂလိပ်လူမျိုးများ ဖြစ်ကြပြီး တပ်သား (၅) ယောက်တွင် မြန်မာ တစ်ယောက်၊ အခြား တပ်သားများမှာ ကရင်၊ တောင်ပေါ်လူမျိုး တစ်မျိုး သို့မဟုတ် ကုလား ဖြစ်ပေသည်။ နယ်ခြားစောင့်တပ်များတွင် လည်း ရှမ်းအရာရှိ အချို့သာ ပါဝင်စေခဲ့သည်။

အားလုံးကိုခြုံသော် မြန်မာတိုင်းရင်းသားတို့အား နှစ်ပေါင်း တစ်ရာကျော်မျှ တောက်ပြောင်ထွန်းပခဲ့သော မြန်မာ့စစ်သမိုင်းအစဉ်မှ ပြတ်တောက်စေခဲ့ပြီး ကျွန်ဘဝ လူသားများပီပီ လက်ဖြတ်၊ ခြေဖြတ် ဘာမျှမတတ်နိုင်သည့် ဘဝတွင်သာ ထားခဲ့သည်။

ဤသို့သောအခြေမှ တို့ဗမာအစည်းအရုံးနှင့် တို့ဗမာ သခင်မျိုးများသည် အမျိုးမျိုး ချုပ်ချယ် ဖိနှိပ်မှုများ အကြားမှ ၁၉၃၀–၃၁ တွင် တို့ဗမာ အပျော်တမ်းတပ်များကို စတင် ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၃၅ ခု၊ တို့ဗမာ အပျော်တမ်း ရဲစိမ်းတပ်များကို အနယ်နယ်တွင် ဖွဲ့စည်းခဲ့ကြပြီးနောက် ၁၉၃၆ ခု၊ တို့ဗမာအစည်းအရုံးကြီး၏ ဒုတိယ အကြိမ်မြောက် မြင်းခြံ ညီလာခံပြီးနောက် ဗမာ့လက်ရုံးတပ်ကြီးကို စည်းကမ်းစနစ်တကျ တိုင်းပြည်နှင့်အဝန်း ကျယ်ပြန့်စွာ စည်းရုံးဖွဲ့စည်းခဲ့ကြသည်။ ၎င်းတို့ကို သခင်လှဖေ

(ပင်ဖြူ)၊ သခင်ဗသာ စသည့် ခေါင်းဆောင်များက ဗိုလ်ချုပ်များအဖြစ် တာဝန်ယူ ရှေ့ဆောင်ခဲ့လေသည်။ ထို့အတူ တက္ကသိုလ်ကျောင်းသားများ၏ သံမဏိတပ်များသည်လည်း စစ်ဖြစ်ခါနီးသောအခါ တို့ဗမာ လက်ရုံးတပ်များနှင့် ပူးပေါင်း သွေးစည်းခဲ့ကြသည်။

တို့ဗမာ သခင်များ၏ ဗမာ့လက်ရုံးတပ်များသည် ကျယ်ပြန့်စွာ စစ်သင်တန်းများ ဖွင့်လှစ်၍ တက်လူများကို စစ်ပညာများ သင်ကြား အပ်နှင်းခဲ့သည်။ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားလူငယ်များအတွင်း တိမ်မြုပ်နေသော စစ်သွေး စစ်စိတ်များကို ဖော်ထုတ်ပေးခဲ့သည်။ အမျိုးသားတော်လှန်ရေးအတွက် ဓားသွေးခဲ့ကြသည်။

သို့ဖြင့် ၁၉၄၀–၄၂ တို့တွင် ဒုတိယကမ္ဘာစစ်ဖြင့် ကမ္ဘာ့အခြေအနေ၊ တိုင်းပြည် အခြေအနေတို့သည် လွန်စွာ ပြောင်းလဲသွားပြီဖြစ်ရာ တို့ဗမာ သခင်လူငယ်များသည် လသာတုန်းဗိုင်းငင်၊ သံပူတုန်း တူနှက်ရမည် ဖြစ်ရကား နိုင်ငံခြား အဆက်အသွယ်ယူ၍ မြန်မာ့လက်နက်ကိုင်တပ်များဖွဲ့ပြီး အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲရန် အပူတပြင်း စိုင်းပြင်းကြရပေတော့သည်။

နောက်ဆုံး၌ ဂျပန်တို့နှင့် အဆက်အသွယ်ရကာ သခင်အောင်ဆန်း၊ သခင်ထွန်းအုပ်တို့ ကြီးမှူးသော ရဲဘော်သုံးကျိပ်တို့သည် ဂျပန်ပြည်တွင် စစ်ပညာများကို ပင်ပန်းကြီးစွာ သင်ကြားခဲ့ရပြီးနောက် မြန်မာ့တပ်မတော် အမြုတေကို ၁၉၄၁ ခု၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ဘန်ကောက်မြို့၌ သစ္စာရေများသောက်ကာ စတင် ဖွဲ့စည်းခဲ့ကြသည်။ ခရစ်နှစ် ၁၈၂၄ ခုမှ ၁၉၄၁ အထိသော နှစ်ပေါင်း (၁၁၇) နှစ် ကြာသောအခါမှ တို့ဗမာ သခင်များသည် ဖြတ်တောက် ချေမှုန်းခြင်းခံခဲ့ရသော မြန်မာ့စစ်သမိုင်းနှင့် အလံတော်ကို ပြန်လည် လွှင့်ထူနိုင်ခဲ့ကြပေသည်။

နှစ်ပေါင်း (၁၁၇) နှစ် အကြာတွင်မှ မြန်မာ့စစ်အလံကို အသက်ပေး လွှင့်ထူခဲ့သော တို့ဗမာ သခင်လူငယ် ခေါင်းဆောင်များ၏ အမည်ကို ဤနေရာတွင် ဂုဏ်ပြုသောအားဖြင့် မှတ်တမ်းတင်ရပေမည်။ ၎င်းတို့မှာ

၁။ သခင်အောင်ဆန်း (ဗိုလ်တေဇ)

၂။ သခင်ထွန်းအုပ်

၃။ သခင်လှဖေ (ဗိုလ်လက်ျာ)

၄။ သခင်ရှုမောင် (ဗိုလ်နေဝင်း)

၅။ သခင်အောင်သန်း (ဗိုလ်စကြာ)

၆။ သခင်လှမောင် (ဗိုလ်ဇေယျ)

mgyoe.com

၇။ သခင်ထွန်းရှိန် (ဗိုလ်ရန်နိုင်)
၈။ သခင်လှမြိုင် (ဗိုလ်ရန်အောင်)
၉။ သခင်ရွှေ (ဗိုလ်ကျော်ဇော)
၁၀။ သခင်စံလှိုင် (ဗိုလ်မှူးအောင်)
၁၁။ ကိုဆောင်း (ဗိုလ်ထိန်ဝင်း)
၁၂။ သခင်အောင်သိန်း (ဗိုလ်ရဲထွဋ်)
၁၃။ သခင်ထွန်းရွှေ (ဗိုလ်လင်းယုန်)
၁၄။ သခင်ဗဂျမ်း (ဗိုလ်လရောင်)
၁၅။ သခင်တင်အေး (ဗိုလ်ဘုန်းမြင့်)
၁၆။ သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ)
၁၇။ သခင်သန်းတင် (ဗိုလ်သန်းတင်)
၁၈။ သခင်စိုး (ဗိုလ်မြင့်အောင်)
၁၉။ သခင်စံမြ (ဗိုလ်တောက်ထိန်)
၂၀။ သခင်လှ (ဗိုလ်မင်းရောင်)
၂၁။ သခင်စောလွင် (ဗိုလ်မင်းခေါင်)
၂၂။ သခင်ကျော်စိန် (ဗိုလ်မိုးညို)
၂၃။ သခင်သစ် (ဗိုလ်စောနောင်)
၂၄။ သခင်ခင်မောင်ဦး (ဗိုလ်တာရာ)
၂၅။ သခင်ထွန်းလွင် (ဗိုလ်ဗလ)
၂၆။ သခင်သန်းညွှန့် (ဗိုလ်ဇင်ယော်)
၂၇။ သခင်ဇမောင် (ဗိုလ်မိုး)
၂၈။ သခင်မောင်မောင် (ဗိုလ်ဉာဏ)
၂၉။ သခင်ငွေ (ဗိုလ်စောမောင်)
၃၀။ သခင်သန်းတင် (ဗိုလ်မြဒင်)

ခေါင်းဆောင်ကြီးများ ဖြစ်ကြသော သခင်မြ၊ သခင်ဗစိန်တို့ အမှူးပြုသော တို့ဗမာ အစည်းအရုံး ပြည်တွင်းသူပုန်အဖွဲ့ကြီးများမှာ အဆိုပါ တို့ဗမာ သခင်လူငယ် စစ်ခေါင်းဆောင်များကို မွေးထုတ်ခဲ့ရာမှ စစ်ကြီးအတွင်းတွင် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၊ ထို့နောက် ဖက်ဆစ်

mgyoe.com

ဆန့်ကျင်ရေးတပ်မတော် (ဘီပီအက်ဖ်)၊ နောက်ဆုံး ဗမာ့တပ်မတော်ကြီး ဟူ၍ မားမား ဝင့်ဝင့် စွင့်စွင့်ကားကား ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

တို့ဗမာအစည်းအရုံးကြီး၏ ကြိုးပမ်းမှု စတုတ္ထ အုတ်မြစ်ကြီးသည်ကား မြန်မာ တိုင်းရင်းသားတို့အား နှစ်ပေါင်း (၁၁၇) နှစ် ကြာမြင့်စွာ ခြေချိုးလက်ချိုး အမျိုးမျိုး လက်နက်မဲ့ အကာအကွယ်မဲ့ ပြုကျင့်ခြင်း ခံနေရသော ဘဝမှ ကမ္ဘာတွင် မြန်မာတို့ လူတစ်လုံး သူတစ်လုံးအဖြစ် ပြန်လည် စွမ်းဆောင်နိုင်ရေးအတွက် ကုန်းတပ်တွေ၊ ရေတပ် တွေ၊ လေတပ်တွေဖြင့် ဝိုင်းရံ တည်ဆောက်အပ်သော ယနေ့ ဗမာ့တပ်မတော်ကြီး၏ အစပထမကို ပျိုးထောင်ပေးခဲ့သော ကျေးဇူးများပေတည်း။

ရှေးအခါက တို့ဗမာအစည်းအရုံး လက်ရုံးတပ်များသည် အလွန် ညှိုးငယ်နေရ သော မျက်နှာများကို မာန်သွင်းကာ အတင်းပဲ ဟစ်၍ ဆိုခဲ့ရသည့်—

*"စစ်သည်ရဲဘော် × × ×*
*ဗမာပြည် အာဇာနည် × × ×*
*အာဇာနည်—ဗမာပြည် × × ×*
*တို့ဗမာ—တို့ဗမာ—တို့ဗမာ—တပ်မတော် × × ×*
*(သံပြိုင်) ချီတက်ကြစို့ ရန်တွေရှားအောင်သာ × × ×*
*ဖွဲ့ညီညာ တူပျော်ပျော် × × ×*
*ဘယ်—ညာ—ဘယ် ..."*

ဟူသော ရဲဝိုလ်သီချင်းသည်လည်း တို့ဗမာအစည်းအရုံးဝင် သခင်များ သွေး၊ ချွေး၊ အသက်များ သွန်းလောင်းပူဇော်ခဲ့ခြင်းဖြင့် စတင် အကောင်အထည်ဖော်လာရပါ တော့သည်။

အားလုံးကိုခြုံသော် အမျိုးသားလွတ်လပ်ရေး ကြိုးပမ်းမှုကြီးတွင် တို့ဗမာ သခင် များ ချမှတ်ကြိုးပမ်းခဲ့သော အုတ်မြစ်ကြီးများကား—

(၁) လုံးဝနှင့် ပြည့်ဝသော လွတ်လပ်ရေးသည် ပထမ ဟူသော တောင်းဆိုချက် ကြီး၊

(၂) အမျိုးသားလွတ်လပ်ရေး တိုက်ပွဲတွင် အလုပ်သမား၊ တောင်သူလယ်သမား တို့၏ လူတန်းစားအရေး အခြေခံသည် အဓိက ဟူသော ပြဋ္ဌာန်းချက်ကြီး၊

(၃) အမျိုးသားလွတ်လပ်ရေး ရယူလိုခြင်းသည် ပခုံးပြောင်း သွေးစုပ်ခံရရေး မဟုတ်။ သွေးစုပ်ခံကြရသူ အပေါင်းတို့၏ လောကနိဗ္ဗာန် ဆင်းရဲသား

mgyoe.com

ဘုံသမ္မတနိုင်ငံ ထူထောင်ရန်သာ ဖြစ်သည် ဆိုသော နိုင်ငံရေး ဦးတည်ချက်နှင့်–

(၄) နယ်ချဲ့ချင်း ချကြသော စစ်ပွဲကြီးတွင် လသာတုန်းဗိုင်းငင်၊ သံပူတုန်းတူနှက်ရမည် ဆိုသောသဘောဖြင့် မြန်မာ့လက်နက်ကိုင် တပ်မတော်ကို အသက်ပေး၍ ပြန်လည် ပျိုးထောင်ပေးခဲ့သော ကျေးဇူးကြီး ဟူ၍ ဖြစ်ခဲ့ပေသည်။

❑

mgyoe.com

mgyoe.com

# [၄]
# မြန်မာ့လွတ်လပ်ရေးတိုက်ပွဲသမိုင်းအတွင်း တို့ဗမာအစည်းအရုံး၏ အရေးပါသော အခန်းကဏ္ဍ

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲသမိုင်းတွင် တို့ဗမာအစည်းအရုံး၏ နေရာသည် အဘယ်မှာ ရှိပါသနည်း။

ဤသို့ တို့ဗမာအစည်းအရုံး၏ နေရာမှန်ကို ရှာဖွေတွေ့ရှိမှသာ တို့ဗမာအစည်းအရုံး သမိုင်းကို သမိုင်းပီပီပြင်ပြင် ကျနသေချာစွာ လေ့လာရာရောက်၍ မြန်မာနိုင်ငံ လွတ်လပ်ရေး သမိုင်းကြီးကိုလည်း သော့ချက်ကျကျ ကိုင်ဆုပ်လေ့လာနိုင်မည် ဖြစ်ပေသည်။

နိုင်ငံ၏သမိုင်းတစ်ရပ် ဆိုသည်မှာ ဖြောင့်စင်းနေသော အဖြစ်အပျက်များကို အစီအရီ တန်းစီထားခြင်း မဟုတ်ပါ။ အတက်အကျ၊ အနိမ့်အမြင့်၊ အကွေ့အကောက် တို့ဖြင့်သာ တန်ဆာဆင်အပ်သော အလွန် ရှုပ်ထွေးပွေလီသော အဖြစ်အပျက်များဖြင့်သာ ပြည့်နှက်နေသော အခြင်းအရာ ဖြစ်ပါသည်။ ဤသို့ အခြေအနေများအတွင်းမှသာ သမိုင်း လေ့လာရေးသမားများက အဓိကကွင်းဆက် (MAIN LINK) ကို မျက်စိနားရှင်ရှင်ဖြင့် ရှာဖွေကိုင်ဆွဲ သော့ချက်ကိုဆွဲ၍ လေ့လာကြရပါသည်။

ဥပမာအားဖြင့်ဆိုသော် အလွန် ရှုပ်ထွေးပွေလိမ်နေသော ကြိုးခွေကြီး တစ်ပုံကို ပြေလည်စွာ ဖြေရှင်းလိုသော် ထိုကြိုးခွေပုံကြီး အတွင်းတွင် အမှန်မုချ ရှိရမည့် အဓိက ဆက်ထုံးကို ရှာဖွေ၍ ဖြေရှင်းမှသာ ပြေလည်ရှင်းလင်း ဖြောင့်စင်းသော ကြိုးကြီးကို ရရှိနိုင်မည် ဖြစ်ပေသည်။

mgyoe.com

သို့ဖြင့် ဤမြန်မာ့လွတ်လပ်ရေးသမိုင်းကြီး၏ အဓိက ကွင်းဆက်သည် အဘယ်မှာနည်း။

ရှင်းပါသည်။

မြန်မာ့လွတ်လပ်ရေးသမိုင်း၏ ကွင်းဆက်နေရာသည် အခြားနေရာ မဟုတ်။ တို့ဗမာအစည်းအရုံးကြီး၏ အရေးပါသော အခန်းကဏ္ဍပင် ဖြစ်ပါသည်။ တို့ဗမာအစည်းအရုံးသမိုင်း၏ ဇာစ်မြစ် အကြောင်းခြင်းရာများကို ကျနပြည့်စုံစွာ မလေ့လာနိုင်ပါဘဲလျက် မြန်မာ့လွတ်လပ်ရေးသမိုင်း၏ အတိတ်နှင့် ပစ္စုပ္ပန်ကို လေ့လာလို့ မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် တို့ဗမာအစည်းအရုံး၏ သမိုင်းသည် အမျိုးသားလွတ်လပ်ရေးသမိုင်းကြီး၏ အဓိက ကွင်းဆက်နေရာတွင် ရောက်ရှိနေကြသောကြောင့်တည်း။ ၁၈၂၄ မှ ၁၉၄၈ ခုအထိ လွတ်လပ်ရေးသမိုင်း၏ နှစ်ပေါင်း (၁၂၄) တွင် ထိုစဉ်က တို့ဗမာအစည်းအရုံး သမိုင်းသည် ၁၉၃၀–၁၉၄၅ ပစ္စုပ္ပန်သမိုင်းကြီး ဖြစ်ခဲ့ရာ ထိုပစ္စုပ္ပန်သမိုင်းကို မလေ့လာဘဲ အတိတ်ခေတ် ဝံသာနု ဂျီစီဘီအေ စသည့် ခေတ်များနှင့် ယခု ပစ္စုပ္ပန်ဖြစ်နေသော ထိုစဉ်က အနာဂတ် ဖြစ်သည့် ဖဆပလခေတ်၊ လွတ်လပ်ရေးတို့ကို လေ့လာ၍ မဖြစ်နိုင်ပေ။

ထို့ကြောင့် ကမ္ဘာတော်လှန်ရေး ပညာရှင်များက နိုင်ငံရေးဖြစ်စဉ် ဖြစ်ရပ်များအတွင်းမှ အဓိကကွင်းဆက်ကို ရှာဖွေရာတွင် ထိုဖြစ်ရပ်သည် အောက်ပါ အင်္ဂါ (၃) ရပ်နှင့် ပြည့်စုံရမည်ဟု ဆိုခဲ့ပါသည်။ ၎င်းတို့မှာ–

(၁) အရည်အသွေး ဖြစ်သော အဆင့်သစ်တစ်ရပ်သို့ ကူးပြောင်း ရောက်ရှိနိုင်သော ဖြစ်ရပ်ကြီးတစ်ရပ် ဖြစ်ရမည်။

(၂) ထိုဖြစ်ရပ်သည် အတိတ်၊ အနာဂတ် အဖြစ်အပျက်များနှင့် ရင်းနှီးစွာဆက်စပ်မှုရှိရမည် (ဝါ) သံကြိုးကွင်းဆက်များ အားလုံးတွင် ဗဟိုအဆက်ဖြစ်ရမည်။

(၃) ထိုဖြစ်ရပ်သည် အခြား ဝန်းရံရှုပ်ထွေးနေသော ပြဿနာများ အားလုံးကို ဖြေရှင်းနိုင်သော အဖြေများ (ဝါ) ထိုအဖြေများ၏ အစကို ပေးနိုင်ရမည်ဟူ၍ ဖြစ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲ သမိုင်းကြီးတွင် တို့ဗမာအစည်းအရုံး၏ သမိုင်းသည် အဓိက ကွင်းဆက်နေရာတွင် ရှိ၊ မရှိ ဖော်ပြပါ မှတ်ကျောက်အင်္ဂါကြီး (၃) ရပ်ဖြင့် အချုပ်သဘော စစ်ဆေးကြည့်ကြဦးစို့။

mgyoe.com

ပထမအင်္ဂါရပ်ဖြစ်သော တို့ဗမာအစည်းအရုံးကြီး ပေါ်ပေါက်လာသော ဖြစ်ရပ်သည် မြန်မာပြည် နိုင်ငံရေးလှုပ်ရှားမှုကြီးတွင် အရည်အသွေးပြည့် အဆင့်သစ်တစ်ရပ်သို့ ကူးပြောင်း ရောက်ရှိခဲ့သည်မှာ အမှန်ပင် ဖြစ်ခဲ့ပါသည်။ ၎င်း၏ မဟာဗျူဟာရေးတွင် ဦးတည်ချက်အားဖြင့် ပဒေသရာဇ် ဝါဒဆန်သော ဘုရင့်အနွယ် ပြန်လည်ထူထောင်ရေး လည်း မဟုတ်တော့။ ဒိုင်အာခီ ဟုမ္မရူးဝါဒမျှသာဖြစ်သော အရင်းရှင် နယ်ချဲ့ဘောင် အတွင်းမှ ပြုပြင်ရေးဝါဒလည်း မဟုတ်တော့။ အဓိကရန်သူ ဗြိတိသျှ နယ်ချဲ့သမားနှင့် လုံးဝ စာရင်းအပြတ်ရှင်းရမည့် လုံးဝနှင့် ပြည့်ဝသော လွတ်လပ်ရေးဦးတည်ချက် ဖြစ်လာသည်။ လုံးဝ ကွဲပြားခြားနားသော အဆင့်သစ်သို့ တော်လှန်ရေးသဘော ကူးပြောင်းလာခြင်းပင် ဖြစ်သည်။ ထို့အပြင် မဟာဗျူဟာအရ မိတ်ဆွေအင်အားစုများ တန်းစီချက်တွင် လည်း အလုပ်သမား၊ တောင်သူလယ်သမားများ၏ မဟာမိတ်ဖွဲ့စည်း လှုပ်ရှားမှုကြီးကို အခြေခံသော နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများ အားလုံးကို စုစည်းသည့် အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစုမှုကို ယေဘုယျမူထား၍ လုပ်ဆောင်လာသည်။ မဟာဗျူဟာ၏ ဒုတိယအဆင့် ဦးတည်ချက်သည်လည်း လွတ်လပ်သော အရင်းရှင်နိုင်ငံ ထူထောင်ရေး မဟုတ်တော့။ လောကနိဗ္ဗာန် ဆင်းရဲသား ဘုံသမ္မတနိုင်ငံ ထူထောင်ရေး (ဝါ) ဆိုရှယ်လစ် နိုင်ငံ ထူထောင်ရေး ဖြစ်လာသည်။ ဤထူးခြားသစ်လွင်သော အခြင်းအရာများကို တို့ဗမာဝါဒ၊ တို့ဗမာလုပ်ငန်းစဉ် စသည်ဖြင့် တစ်မူထူးခြားသော ရေရာသည့် ဝါဒလမ်းစဉ်များ ဖြင့် တင်ပြလာသည်။ ထို့အပြင် နည်းဗျူဟာ ဖြစ်သည့် စည်းရုံးပုံ၊ လှုပ်ရှားပုံများတွင် လည်း တော်လှန်ရေးသဘော ဟန်သစ် အသွင်သစ်များဖြင့် လုပ်ဆောင်လာသည်။ ဥပမာ –ပါတီဖွဲ့စည်းပုံ၊ အလုပ်သမား၊ လယ်သမားများကို တိုးတက်သော ထရိတ်ယူနီယံဝါဒ ဖြင့် စည်းရုံးပုံ၊ ဥပဒေပြုလွှတ်တော်တွင်း၊ လွှတ်တော်ပ (၂) ရပ်ကို အတွင်း သာမည အပြင်လူထု အဓိကအားဖြင့် ပေါင်းစပ်တိုက်ပွဲဝင်ပုံ၊ အမျိုးသားလွတ်လပ်ရေးကို ပုံစံ၊ လူတန်းစားရေးကို အနှစ်သာရထား၍ လှုပ်ရှားပုံ၊ ကြွေးကြော်သံများတင်ပုံ စသည့် နည်းဗျူဟာ လုပ်ရပ်များသည်လည်း အဆင့်သစ်သို့ ကူးပြောင်းလာကြသည်။ နောက်ဆုံး ၁၉၄၂ လက်နက်ကိုင် တော်လှန်ရေးကြီးအထိ ထူးခြားသော အဆင့်သစ်များဆီသို့သာ ကူးပြောင်းလာခဲ့ပေသည်။

ဒုတိယအင်္ဂါရပ် ဖြစ်သော တို့ဗမာအစည်းအရုံးသည် အတိတ်၊ အနာဂတ် ဖြစ်ရပ် များနှင့်လည်း ရင်းနှီးစွာ ဆက်စပ်မှုရှိပေသည် (ဝါ) အတိတ်ဖြစ်ရပ် သံကြိုးကွင်းများ၊ အနာဂတ်ဖြစ်ရပ် သံကြိုးကွင်းများ အားလုံး၏ ဗဟိုကွင်းဆက် ဖြစ်သည်မှာလည်း

mgyoe.com

မှန်ပေသည်။ အဘယ်ကြောင့်ဆိုသော် တို့ဗမာအစည်းအရုံးကြီးသည် ၎င်း၏ အတိတ်ခေတ်ဖြစ်သော ၁၈၈၆–၁၈၉၆ မျိုးချစ်သူပုန်များ၊ ၁၉၁၈–၁၉၂၈ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ ဝံသာနုများ၊ ၁၉၂၉–၃၂ တောင်သူလယ်သမား သူပုန်များ စသည်နှင့် ရင်းနှီးစွာ ဆက်သွယ် အခြေခံခဲ့ပေသည်။ အစည်းအရုံးကြီး၏ မြို့ငယ်ကျေးလက် အဖွဲ့ဝင်များသည် များသောအားဖြင့် ဝံသာနု အနွယ်များ၊ လယ်သမား သူပုန်အနွယ်များဖြင့် စတင် အခြေခံခဲ့ခြင်း ဖြစ်သည်။ သို့သော် ခံယူချက်နှင့် လုပ်ဆောင်မှုများကား တော်လှန်ရေးသဘာဝ အရ အဟောင်းထဲမှ အမှန်ပင် အသစ်ပေါ်ထွက်လာသော ဖြစ်စဉ်ဖြစ်ရပ်ကြီးပင် ဖြစ်ခဲ့သည်။ ထို့အတူ တို့ဗမာအစည်းအရုံး၏ အနာဂတ်ဖြစ်သော ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော်၊ ဖဆပလ၊ ပမညတ တို့နှင့်လည်း ၎င်းတို့၏ မိခင်ကြီးအဖြစ် ရင်းနှီးစွာ ဆက်သွယ် ပေါက်ဖွားပေးခဲ့သည်။ ၎င်း၏အနွယ်များသည် ယခုတိုင် တို့ဗမာအစည်းအရုံးကြီးနှင့် သွေးသားသံယောဇဉ် မကင်းကြသေးချေ။ ထို့ကြောင့် ဒုတိယ မှတ်ကျောက်အားလည်း မှန်ပေသည်။

တတိယ မှတ်ကျောက်အင်္ဂါသည် အမျိုးသားလွတ်လပ်ရေး ပြဿနာကို ဝန်းရံရှုပ်ထွေးနေသော ပုစ္ဆာများအားလုံးကို ဖြေရှင်းနိုင်သော အဖြေများ (ဝါ) ထိုအဖြေများ၏ လမ်းစကို တို့ဗမာအစည်းအရုံးကြီးသည် ပညာပေးနိုင်ခဲ့ပါသလော။ အမှန်ပင် ပေးနိုင်ခဲ့ပါသည်။ အထက်ပါ ဤစာတမ်း တတိယအခန်းတွင် ရှင်းလင်းပြဆိုခဲ့သော တို့ဗမာအစည်းအရုံးကြီး၏ ကြိုးပမ်းမှု အုတ်မြစ်ကြီး (၄) ရပ်သည် အမျိုးသားလွတ်လပ်ရေး ပြဿနာကြီးကို ဝန်းရံနေသော ပုစ္ဆာများ အားလုံး၏ သော့ချက်ကျသော အဖြေကြီး (၄) ရပ်ပင် မဟုတ်ပါလော။ အတိုချုပ်အားဖြင့်–

(၁) လုံးဝနှင့် ပြည့်ဝသော လွတ်လပ်ရေးကိုသာ ရရှိရေး၊

(၂) အမျိုးသားလွတ်လပ်ရေး တိုက်ပွဲတွင် အလုပ်သမား၊ တောင်သူလယ်သမားများကိုသာ အခြေခံရေး၊

(၃) လွတ်လပ်သော နိုင်ငံသည် ပခုံးပြောင်း သွေးစုပ်ရုံသာဖြစ်သော အရင်းရှင်နိုင်ငံသစ် ထူထောင်ရန် မဟုတ်။ လောကနိဗ္ဗာန် ဆင်းရဲသား ဘုံသမ္မတနိုင်ငံ ထူထောင်ရေးနှင့်–

(၄) အမျိုးသားလွတ်လပ်ရေး လက်နက်ကိုင် တပ်မတော် ထူထောင်ရေး ဟူ၍ဖြစ်ပေသည်။ တို့ဗမာအစည်းအရုံး၏ အတိတ်ခေတ် နိုင်ငံရေးအင်အားစုဟူသမျှသည် ဤသို့ တိကျသော အဖြေများ ပေးနိုင်စွမ်းခဲ့ပါသလော။

mgyee.com

 mgyoe.com 

မပေးနိုင်ခဲ့ဖူးပေ။ ထို့ကြောင့် တတိယ အင်္ဂါနှင့်လည်း ကိုက်ညီပေသည်။

သို့ဖြစ်ရကား ရဲရင့်စွာ ကောက်ချက်ဆွဲနိုင်သည်မှာ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲသမိုင်းကြီးတွင် တို့ဗမာအစည်းအရုံး သမိုင်းသည် အလွန်အရေးပါသော အခိက ကွင်းဆက်နေရာတွင် အမှန်ပင် ရှိနေသည် ဖြစ်ပါသတည်း။

❑

mgyoe.com

mgyoe.com

# [၅]

# သမိုင်းစာပေ၏ အခြေခံသဘောတရားနှင့် တို့ဗမာအစည်းအရုံး၏ သင်ခန်းစာများ

သက္ကဦးဆံပိုင် ပဒေသရာဇ်၊ ဧကရာဇ် စသော ရှင်ဘုရင်များ ကြီးစိုးခဲ့သော ခေတ်အခါကမူ သမိုင်းစာပေသည် မဟာမျိုး မဟာနွယ် မင်းစဉ်မင်းဆက်တို့၏ ဘုန်းလက်ရုံးကြီးမားပုံ၊ ကျယ်ပြန့်ပုံ၊ ထက်မြက်စူးရှပုံများကိုသာ ပြုစု မှတ်တမ်းတင်ခဲ့ကြပေသည်။ လူသားတို့၏ ကံကြမ္မာ၊ တိုင်းပြည်တို့၏ ကံကြမ္မာများကို ဖန်တီးနိုင်သူများကား ဘုန်းလက်ရုံး တောက်ပထက်မြက်သော ဘုရင်များ၏ လက်ရာများသာတည်း (ဝါ) ထိုအရှင်တို့၏ ဦးထိပ်တွင် ဆောင်ယူ ဆင်မြန်းအပ်သော ရတနာအတိပြည့်သည့် မကိုဋ်သရဖူများနှင့် ဆောင်းမိုးအပ်သော ရွှေထီးတော်များ၏ အခြင်းအရာများသာတည်းဟု ရာဇဝင်ပြုခဲ့ကြကုန်သည်။ တစ်ဖန် ၎င်းတို့နှင့် ဆက်နွယ်၍ စစ်သူကြီးများ၊ မှူးကြီးမတ်ရာများ၊ မင်းညီမင်းသားများ၊ ရုပ်ထက် နှုတ်ထက်သော တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီးများ၏ စွမ်းရည်သတ္တိထူးကြောင့်သာ တိုင်းပြည်၏ ကောင်းကျိုး၊ ဆိုးကျိုး ရာဇဝင်တို့သည် ဖြစ်ပေါ် ပြောင်းလဲခဲ့ကြရကုန်သည်ဟု သမိုင်းစာပေတို့တွင် မှတ်တမ်းတင်ခဲ့ကြကုန်သည်။

ထိုသို့သော သက္ကဦးဆံပိုင် ပဒေသရာဇ်ခေတ်ကြီး ကွယ်လွန် ကျဆုံးသွားပြီး နောက် လွတ်လပ်ရေး၊ ညီမျှရေး၊ လူသားအချင်းချင်း ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်ရေး ဟူသော ကြွေးကြော်သံများဖြင့် အရင်းရှင်ခေတ်ကြီးသည် ၁၇၈၉ ခု ပြင်သစ်တော်လှန် ရေး

mgyoe.com

အောင်ပွဲကြီးမှ အစပြု၍ ချင်းနှင်း ဆိုက်ရောက်လာခဲ့ပြန်လေသည်။ ထိုအခါတွင် တိုးတက်နေသော သိပ္ပံပညာရပ်များနှင့်တကွ စက်မှုလက်မှု တော်လှန်ရေးကြီးတို့သည် နောက်ကမ္ဘာတစ်ခွင်တွင် လျင်မြန်သော အရှိန်အဟုန်တို့ဖြင့် တအားကုန် လွှင့်ထူအောင်မြင်လာခဲ့ပေသည်။ သက်ဦးဆံပိုင် ချုပ်ချယ်သတ်ဖြတ်မှု အဝဝမှ အရင်းရှင် ဒီမိုကရေစီ ပါလီမန်ခေတ်ကြီးသည် လွတ်လပ်စွာ ထွန်းကားလာခဲ့လေသည်။ ပွဲဦးထွက်တွင် လူသားတို့သည် ပဒေသရာဇ်ခေတ်နှင့်စာသော် အရင်းရှင်ခေတ်တွင် လွတ်လပ်ပျော်ရွှင်ခဲ့ကြကုန်သည်။

ထိုအခါ၌လည်း သမိုင်းပညာရှင်တို့သည် လူသားတို့၏ လွတ်လပ်ရေး ချစ်မြတ်နိုးမှုများ၊ သိပ္ပံပညာ တီထွင်ကြံဆမှုများ၊ ခေတ်နှင့် တော်လှန်ရေး ကြိုးပမ်းမှုများ၊ စာပေယဉ်ကျေးမှု အနုပညာရပ်တို့ ထွန်းတောက်လာမှုများကို မလွဲသာ မရှောင်သာ အမှန်ဖြစ်ရပ်များအတိုင်း ထုတ်ဖော် မှတ်တမ်းတင်ခဲ့ကြသော်လည်း သမိုင်းကို ပြောင်းလဲစေသည့် တွန်းအားရှင်ကြီးများ အဖြစ်နှင့်မူကား သမ္မတကြီးများ၊ ဝန်ကြီးချုပ်များ၊ ပါလီမန်များ၊ စစ်ဗိုလ်ချုပ်ကြီးများ စသည့် အရင်းရှင် ဒီမိုကရေစီ၏ မဏ္ဍိုင်ကြီးများကိုသာ ညွှန်ပြခဲ့ကြလေသည်။ တစ်ဖန် တစ်ဖက်တွင် စက်မှုနှင့် သိပ္ပံပညာရပ်များ ထွန်းကားလာနေခြင်းကြောင့် သိပ္ပံနည်းကျ တွေးခေါ်မှုဖြင့် သမိုင်း၏ ပြောင်းလဲဖြစ်ပေါ်ပုံများကို ရေးသား ဆန်းစစ်ပြခဲ့ကြလေသည်။ ဤသို့ ဆန်းစစ်ရာ၌လည်း နိုင်ငံ တစ်နိုင်ငံ၏ သမိုင်း တိုးတက်ပြောင်းလဲမှုသည် ထိုနိုင်ငံ၏ လူဦးရေ အနည်း, အများ၊ ပထဝီဝင် အနေအထား၊ သဘာဝပစ္စည်း ကြွယ်ဝမှု, ဆင်းရဲမှု၊ သိပ္ပံပညာ တိုးတက်မှု, ဆုတ်ယုတ်မှု စသည် အကြောင်းအချက်များသာ အဓိကဖြစ်လေဟန် ဖော်ပြခဲ့ကြသည်။ ထို့ထက် ပြည့်ဝမှန်ကန်၍ အခြေအမြစ်ကျသော အဓိက ပင်ရင်းပင်မြစ်ကြီးများပေါ်တွင် မူတည် ဆန်းစစ်၍ကား မပြနိုင်ခဲ့ကြပေ။

ထို့ကြောင့် ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်၊ သမိုင်းစာပေများသည် လူ့သမိုင်း၏ တိုးတက် ပြောင်းလဲရေး၏ ပင်ရင်းအခြေခံကြီးများပေါ်တွင် ဆန်းစစ်ပြုစုထားသော သမိုင်းစာပေများ မဟုတ်ခဲ့ပေ။ သို့သော် ပဒေသရာဇ်ခေတ် သမိုင်းစာပေနှင့်စာသော် အရင်းရှင်ခေတ် သမိုင်းစာပေသည် လူမှုရေး၊ စီးပွားရေး၊ သိပ္ပံနည်း အတွေးအခေါ်များ အတော်အတန် အခြေခံလာပြီကား မှန်ပေသည်။ သာဓကအားဖြင့် ပြင်သစ်တော်လှန်ရေးကြီးအကြောင်း ပြုစုလျှင် ပြည်သူတို့၏ လွတ်လပ်ရေး ချစ်မြတ်နိုးမှုကို ဖုံးအုပ်မရနိုင်ခဲ့ပေ။ အင်္ဂလန်နိုင်ငံ ဘုရင်များနှင့် ပါလီမန် တိုက်ပွဲကြီးအကြောင်းကို ပြုစုလျှင် ပဒေသရာဇ်နှင့် အရင်းရှင်တို့၏ လူတန်းစားတိုက်ပွဲကို ဖုံးအုပ်မရနိုင်ခဲ့ပေ။ စက်မှုတော်လှန်ရေးကြီး

mgyoe.com

အကြောင်းကိုရေးလျှင် လူသားတို့၏ တီထွင်ဖန်တီးတတ်မှု စွမ်းရည်ကြီးကို ဖုံးအုပ်မရနိုင်ခဲ့ပေ။ အမေရိကန် လွတ်မြောက်ရေး စစ်ပွဲကြီးအကြောင်းကိုရေးလျှင် ကိုလိုနီ တော်လှန်ရေး သဘောလက္ခဏာများကို ကြိုးစား၍ ဖုံးဖိခဲ့သော်လည်း ဖော်တန်သလောက် ဖော်ခဲ့ရပေသည်။ အလားတူ အမေရိကန်ပြည် ကျွန်စနစ်ဖြုတ်ရေး ပြည်တွင်းစစ်ကြီး၊ ဥရောပတိုက် (၇) နှစ်ကြာ နယ်ချဲ့ နယ်လုစစ်ကြီး၊ ၁၉၁၄–၁၈ ပထမကမ္ဘာစစ်ကြီး စသည်တို့ကို ပြုစုထားသော အရင်းရှင်ခေတ် သမိုင်းစာပေများသည် သမိုင်းပြောင်းလဲမှု၏ အရင်းခံသဘာဝကို ဖုံးအုပ်ပြုစုကြသော်လည်း ပင်ရင်း အမှန်တရားတို့သည်ကား ပေါ်တန်သလောက် ပေါ်ခဲ့ကြပေသည်။

လုပ်သားပြည်သူတို့၏ သမိုင်းစာပေခေတ်ကို ပထမဆုံး စတင်ဖော်ထုတ် ပျိုးထောင်ခဲ့သော ခေတ်သစ် ခေတ်ဦးကား ၁၉ ရာစု၏ ပထမကာလတွင် ဖြစ်ပေါ်ခဲ့ပေသည်။ ထိုကာလတွင် လူမှုတော်လှန်ရေး သိပ္ပံပညာရှင်ကြီး ကား(လ်)မက္ကဲ့(စ)အိန်(ဂျ်)နှင့် ရဲဘော်ကြီးများသည် ၁၈၄၈ ခုနှစ်တွင် ကမ္ဘာကျော် ကွန်မြူနစ် ကြေညာစာတမ်းကြီးကို ကြေညာခဲ့သည်။ ၁၈၅၉ တွင် ပညာရှင်ကြီး ကား(လ်)မက္ကဲ့(စ)သည် နိုင်ငံရေး ဘောဂဗေဒ ဝေဖန်ချက်ကျမ်းကြီးကို ပြုစုခဲ့သည်။ ၁၈၆၇ တွင်ကား ကမ္ဘာကျော် အရင်းရှင်ကျမ်းကြီးကို ပြုစုခဲ့ပေသည်။ ၂၀ ရာစုနှစ်အစ ၁၉၁၆ တွင်မူကား ကမ္ဘာ့ပစ္စည်းမဲ့ တော်လှန်ရေး ခေါင်းဆောင်ကြီး လီနင်သည် အရင်းရှင်စနစ် နောက်ဆုံးအဆင့် 'နယ်ချဲ့စနစ်' ဆိုသည့် ကျမ်းကြီးကို ပြုစုခဲ့သည်။

ခေတ်သစ်သမိုင်းစာပေသည် ကမ္ဘာ့စီးပွားရေး ရုပ်ဝတ္ထုပေါ်တွင်သာ အဓိကအခြေခံ၍ ၎င်းစနစ်တွင် လူတန်းစား ဆက်ဆံရေး ပြဿနာများ၊ အဖြစ်အပျက်များကိုသာ ရေးသားပြုစုသော သမိုင်းမျိုး ဖြစ်ပေသည်။ ထို့ကြောင့်လည်း ခေတ်သစ်သမိုင်းစာပေ အမြင်ဖြင့်ကြည့်လျှင်တို့ဗမာအစည်းအရုံးကြီး၏ သမိုင်းသည် တကယ်ကတော့ ကျွန်ဘဝ ဗမာပြည်၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းပင် ဖြစ်ခဲ့ပေသည်။ ကမ္ဘာ့နောက်ခံကားသည်လည်း နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း ဖြစ်သကဲ့သို့ မြန်မာပြည်၏ ပြည်တွင်းဇာတ်လမ်းသည်လည်း နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ ဇာတ်လမ်းကြီးပင် ဖြစ်ခဲ့ပေသည်။

ထိုအကြောင်းများကြောင့် တို့ဗမာအစည်းအရုံးကြီးမှ နောင်လာနောက်သားများ အတွက် သင်ခန်းစာ ထုတ်ယူလိုလျှင် ခေတ်သစ်သမိုင်းစာပေမှ ဖော်ထုတ် စိစစ်အပ်သော ကမ္ဘာ့နယ်ချဲ့စနစ် အကြောင်းကို ဤနေရာတွင် အနည်းငယ် ပြန်လည်ဖော်ထုတ်အပ်ပေ

mgyaw.com

 mgyoe.com 

သည်။ သို့မှသာ တို့ဗမာအစည်းအရုံးကြီးက ပွဲဦးထွက် ရင်ဆိုင်ခဲ့ရသော ဗမာ့ဘုံရန်သူ၊ ကမ္ဘာ့ဘုံရန်သူ ဖြစ်သည့် နယ်ချဲ့စနစ်၏ရန် မည်မျှကြီးမားခဲ့သည်ကို ယခုခေတ် လူငယ်တို့ တိုင်းထွာကြည့်နိုင်ပေလိမ့်မည်။

ကမ္ဘာ့နယ်ချဲ့စနစ်တွင် သမိုင်းရေးရာ အဆင့်ကြီးအားဖြင့် သုံးဆင့် ရှိနေပေသည်။ ပထမအဆင့်မှာ အရင်းရှင်စနစ်၏ အပြိုင်အဆိုင် သွေးစုပ်ပွဲကြီးများအရ ကုန်ထုတ်လုပ်ငန်းကြီးများ အားလုံးကို ကြီးမားစွာ လက်ဝါးကြီးအုပ် စုစည်းလာသောအဆင့်။ ဒုတိယ အဆင့်မှာ နယ်ချဲ့သွေးစုပ်မှုအပေါ်မှာသာ အသက်ရှင် ကပ်ရပ် မှီခိုနေသော အဆင့် (ဝါ) ယိမ်းယိုင်ပြိုကွဲစပြုလာသော အဆင့်နှင့် တတိယအဆင့်မှာ ၎င်း၏ ဖြေရှင်းခြင်းငှာ မစွမ်းနိုင်သော အတွင်းပဋိပက္ခကြီးများကြောင့် အသက်ငင်ကာ နောက်ဆုံးဆိုရှယ်လစ်စနစ်ကို သမိုင်းနေရာပေး၍ ဇာတ်သိမ်းလာရသောအဆင့် ဟူ၍ ဖြစ်ပေသည်။ ခေတ်သစ် သမိုင်းစာပေသည် ကမ္ဘာ့နယ်ချဲ့စနစ်ကို ဤသို့ ရဲရင့်တိကျစွာ သရုပ်ခွဲဖော်ပြထားပေသည်။

ဤနေရာတွင် ပထမအဆင့်ဖြစ်သော လက်ဝါးကြီးအုပ် အရင်းရှင်စနစ်၏ ထူးခြားသော အသွင်ကြီး (၅) ရပ်ကို ဖော်ပြဆန်းစစ်ထားပြန်ပါသည်။ ၎င်းတို့မှာ–

(၁) ငွေရင်းနှင့် ကုန်ထုတ်လုပ်ငန်းကြီးများ အားလုံးကို ကြီးမားကျယ်ပြန့်စွာ စုစည်းလာခြင်းဖြင့် ကမ္ဘာ့စီးပွားရေးလောကတွင် အများဆုံး ခြယ်လှယ်နိုင်စွမ်းရှိလာသော လက်ဝါးကြီးအုပ် အရင်းရှင် အုပ်စုများကို ဖန်တီးလာခြင်း၊

(၂) ဘဏ်အရင်းနှင့် စက်မှုအရင်းတို့ ပေါင်းစပ်လာသော အခြေခံပေါ်တွင် လက်ဝါးကြီးအုပ် ဘဏ္ဍာရေး အရင်းရှင်အုပ်စုကြီးများ ဖြစ်ပေါ်လာခြင်း၊

(၃) နိုင်ငံတကာ အရပ်ရပ်သို့ ထုတ်ကုန်ပစ္စည်းများ တင်ပို့ သွေးစုပ်နေရာမှ ငွေရင်းမြှုပ်နှံမှု လုပ်ငန်းကြီးကိုပါ လုပ်ဆောင် သွေးစုပ်လာခြင်း၊

(၄) ကမ္ဘာကြီးကို ခွဲဝေသွေးစုပ်ရန် လက်ဝါးကြီးအုပ် အရင်းရှင် အုပ်စုကြီးများ အချင်းချင်း အပြိုင်အဆိုင် မဟာမိတ်ဖွဲ့၍ လုပ်ကြလာခြင်းနှင့်–

(၅) နောက်ဆုံး ကမ္ဘာကြီးတစ်ခုလုံး၏ ဒေသနယ်ပယ်ကြီးများကို အကြီးဆုံးသော လက်ဝါးကြီးအုပ် အရင်းရှင်များက လုယက် ခွဲဝေ သွေးစုပ်ရာတွင် နောက်ဆုံးခွဲဝေရန် လက်ကျန်ဒေသပင် မရှိတော့။ ပြီးဆုံးသည်အထိ ရောက်ရှိသွားခြင်း ဟူ၍ ဖြစ်ပေသည်။

mgyoe.com

ဤသည်ကို ကြည့်ပါ။ လွန်ခဲ့သော နှစ်ပေါင်း (၄၀) ခန့်က တို့ဗမာအစည်းအရုံး ကြီးက ရင်ဆိုင်ခဲ့ရသော ကမ္ဘာ့နယ်ချဲ့စနစ်သည် အဘယ်မျှ ကြီးမားထွားကျိုင်းခဲ့ပါ သနည်း။ အဘယ်မျှသော ဘေးအန္တရာယ် ကြီးမားခဲ့ပါသနည်း။

လက်ဝါးကြီးအုပ် အရင်းရှင်စနစ်သို့ ရောက်ရှိလာရန် အရင်းအနှီးများကို သွေးစုပ် စုဆောင်းလာရာ ခရီးကြမ်းအားဖြင့် အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်ပေသည်။

ခရစ်နှစ် ၁၈၅၆ (မြန်မာပြည်တွင် မင်းတုန်းမင်း နန်းတက်စ) ခုနှစ်၌ ဗြိတိသျှ နိုင်ငံတွင် အမြတ်တော်ခွန် ပေးဆောင်ရသော ဝင်ငွေစုစုပေါင်းမှာ ပေါင်ငွေ (၃၀၇,၀၆၈,၈၉၈) ဖြစ်ခဲ့သည်။ ၁၈၆၅ တွင် ပေါင်ငွေ (၃၈၅,၅၃၀,၀၂၀) ဖြစ်ကာ ၁၈၈၂ တွင် ပေါင်ငွေ (၆၀၁,၄၅၀,၉၇၇) ဖြစ်ကာ ၁၉၁၂ တွင် ပေါင်ငွေ (၁,၁၁၁,၄၅၆,၄၁၃) ဖြစ်လာခဲ့လေ သည်။ အမြတ်တော်ခွန် မဆောင်ရသော ဝင်ငွေများနှင့် ပေါင်းစပ်လျှင် စုစုပေါင်းဝင်ငွေ ပေါင် (၂,၂၀၀,၀၀၀,၀၀၀) ဖြစ်လာသည်။ ၁၈၈၄ တွင် ပို့ဒ်စတော့ ကုမ္ပဏီပေါင်း (၈၁၉၂) ရှိရာမှ ၁၉၀၀ တွင် (၂၉,၇၃၀) ဖြစ်ကာ ၁၉၁၆ (ပထမကမ္ဘာစစ်အတွင်း) တွင် (၆၆,၀၉၄) ဖြစ်လာသည်။ ထိုကုမ္ပဏီကြီးများ၏ ငွေရင်းမှာ ၁၈၈၄ တွင် ပေါင်ငွေ (၄၈၀,၀၀၀,၀၀၀) မှ ၁၉၀၀ ပြည့်တွင် ပေါင်ငွေ (၁၆၄၀၀၀,၀၀၀၀) ဖြစ်လာပြီး ၁၉၁၆ တွင် ပေါင်ငွေ (၂၇၂၀၀၀,၀၀၀၀) ဖြစ်လာခဲ့လေသည်။

ပြင်သစ်နိုင်ငံ၏ အမျိုးသားဘောဂဗလမှာ ၁၉၀၉ မှ ၁၉၁၃ အထိ တွက်ချက် ကြည့်လျှင် ဖရန့်ဒင်္ဂါး (၂၂၅,၀၀၀,၀၀၀,၀၀၀) ဖြစ်သည်ဟု ပြသည်။ ၎င်းကို လူပေါင်း (၁၁,၆၃၄,၀၀၀) ခွဲဝေရရှိကြသည်။ လူပေါင်း (၉၈,၂၄၃) မှာ တစ်ဦးစီအားဖြင့် ဖရန့်ဒင်္ဂါး (၂၅၀,၀၀၀) ကျော်မျှ ပိုင်ဆိုင်သည်။ ၎င်းတို့အားလုံး စုပေါင်းပိုင်ဆိုင်မှု စုစုမှာ ဖရန့်ဒင်္ဂါး (၁၀၆,၀၀၀,၀၀၀,၀၀၀) ဖြစ်ရာ အမျိုးသားဘောဂဗလ တစ်ခုလုံး၏ ထက်ဝက်နီးပါးကို သူတို့သာ ပိုင်ဆိုင်နေကြသည်။ စုစုပေါင်းတန်ဖိုး ဖရန့်ဒင်္ဂါး (၆၀,၅၀၀,၀၀၀,၀၀၀) ကို ပိုင်ဆိုင်သွေးစုပ်နေသော ပြင်သစ်အရင်းရှင်ကြီးပေါင်း (၁၈,၅၈၆) ကို ချန်ထား၍ အခြားပစ္စည်း ပိုင်ဆိုင်သူပေါင်း (၉,၅၀၀,၀၀၀) သည် တစ်ဦးစီအားဖြင့် ဝင်ငွေ (၁၀,၀၀၀) ဖရန့်မျှသာ ဖြစ်ပြီး စုစုအားဖြင့် ဖရန့် (၆၆,၀၀၀,၀၀၀,၀၀၀) မျှသာ ပိုင်ဆိုင်လေသည်။

ဂျာမနီနိုင်ငံတွင် ထိုစဉ်က ဝင်ငွေမတ်ဒင်္ဂါး (၉၀၀) မျှသာ ရသော လူဦးရေမှာ (၈,၅၇၀,၄၁၈) ဖြစ်နေပြီး ထိုသူများ၏ စုစုပေါင်းဝင်ငွေမှာ အရင်းရှင် (၁၄၆,၀၀၀)က ပိုင်ဆိုင်နေသည်ထက် များစွာ နည်းပါးနေသေးသည်။ မတ်ငွေ (၁၀၀,၀၀၀) အထက် ဝင်ငွေရှိလာသူများမှာ ၁၉၁၃ ခုတွင် (၄၇၄၇) မျှသာ ရှိခဲ့သော်လည်း ၁၉၁၄ တွင်

 mgyoe.com 

(၅၂၁၅) ဖြစ်လာပြီး ၁၉၁၇ တွင် (၁၃၃၂၇) ဖြစ်လာလေသည်။

၁၈၅၀ (မြန်မာပြည် ပုဂံမင်းလက်ထက်) တွင် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားဘောဂဗလတန်ဖိုးမှာ ဒေါ်လာ (၇,၁၀၀,၀၀၀,၀၀၀) ဖြစ်ခဲ့ပြီး ၁၈၇၀ တွင် ဒေါ်လာ (၃၀,၀၀၀,၀၀၀,၀၀၀) ဖြစ်ကာ ၁၉၀၁ တွင် ဒေါ်လာ (၈၈,၅၀၀,၀၀၀,၀၀၀) ဖြစ်၍ ၁၉၁၂ တွင် ဒေါ်လာ (၁၈၇,၀၀၀,၀၀၀,၀၀၀) ဖြစ်လာသည်။ ၁၉၁၇ တွင် တစ်နှစ်လျှင် ဒေါ်လာ (၅၀,၀၀၀) ဝင်ငွေရှိသူ (၁၉၁၀၃) ရှိခဲ့ရာ ၎င်းအနက် (၁၄၁) ဦးမှာ ဒေါ်လာ (၁၀,၀၀၀,၀၀၀) အထက် ဝင်ငွေရှိသူ ဖြစ်သည်။ စက်မှုအရင်းငွေမှာ ၁၈၉၉ တွင် ဒေါ်လာ (၈,၉၀၀,၀၀၀,၀၀၀) ရှိရာမှ ၁၉၁၄ တွင် ဒေါ်လာ (၂၂၇,၀၀၀,၀၀၀,၀၀၀) ဖြစ်လာခဲ့သည်။ တစ်ချိန်တည်းတွင် မီးရထားလုပ်ငန်း ရင်းနှီးငွေမှာ ဒေါ်လာ (၁၁,၀၀၀,၀၀၀,၀၀၀) ရှိရာမှ ဒေါ်လာ (၂၀၂,၀၀၀,၀၀၀,၀၀၀) ဖြစ်လာခဲ့သည်။ လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများ ခြယ်လှယ်ရာ အမျိုးသားဘဏ်ကြီးတွင် ၁၈၇၉ တွင် အရင်းငွေ ဒေါ်လာ (၁၆,၇၀၀,၀၀၀) ရှိခဲ့ရာမှ ၁၈၉၉ တွင် ဒေါ်လာ (၁၂၈,၀၀၀,၀၀၀) အထိ တက်ခဲ့သည်။ တကယ်ကတော့ အမေရိကန် စီးပွားရေးလုပ်ငန်းကြီးများ အားလုံးကို ရော့ဖဲလား၊ မော်ဂန်၊ ဖို့၊ မက်ကောမစ်၊ အားမား စသည့် သန်းပေါင်းများစွာ ကြွယ်ဝသော အမေရိကန် အရင်းရှင်ကြီးပေါင်း (၂၀) မျှကာ ပိုင်ဆိုင် သွေးစုပ်နေပေသည်။ ထို့ကြောင့်လည်း ခေါင်းဆောင်ကြီး လီနင်က အမေရိကန်ပြည်၏ အမျိုးသားဘောဂဗလ၏ သုံးပုံတစ်ပုံ၊ ညီမျှခြင်းအားဖြင့် ရူဘဲ သန်းထောင်ပေါင်း (၈၀) ကို ပိုင်ဆိုင်နေသူများမှာ အရင်းရှင်အုပ်စုကြီး (၂) ခု ဖြစ်သော ရော့ဖဲလားနှင့် မော်ဂန်တို့သာ ဖြစ်သည်ဟု ၁၉၁၂ ခုနှစ်က ရေးသားဖော်ပြခဲ့ဖူးလေသည်။

နယ်ချဲ့နိုင်ငံကြီးများတွင် လက်ဝါးကြီးအုပ် အရင်းရှင်လုပ်ငန်းကြီးများ ဤသို့ ထွန်းကားလာနေစဉ် ကမ္ဘာ့ဈေးကွက်ကြီးတွင်လည်း ကုန်ပစ္စည်းများ တွင်ကျယ်စွာ ရောင်းချလာလေသည်။ ခရစ်နှစ် ၁၈၀၀ (ဘိုးတော်မင်းတရားလက်ထက်ကာလ) တွင် ကမ္ဘာ့ဈေးကွက်ရောက် ကုန်ပစ္စည်းတန်ဖိုးစုစုမှာ မတ်ဒင်္ဂါးငွေ (မတ်ငွေ ၁၊ ရွှေသား ၈ အောင်စ) ခန့်မှန်းခြေ (၆,၀၅၀,၀၀၀) ရှိခဲ့ရာမှ ၁၈၂၀ ပြည့်နှစ်တွင် မတ်ငွေ (၆,၈၂၀,၀၀၀,၀၀၀) ဖြစ်လာလေသည်။ ၁၈၄၀ ပြည့်နှစ်တွင် မတ်ငွေ (၁၁,၅၀၀,၀၀၀,၀၀၀) ဖြစ်ကာ ၁၈၅၀ ပြည့်နှစ်တွင် (၁၆,၆၅၀,၀၀၀) ဖြစ်လာတော့သည်။ ၂၀ ရာစု အစတွင်မူ ကမ္ဘာ့ဈေးကွက်ဝင် ကုန်ပစ္စည်းတန်ဖိုးမှာ ၁၈၅၀ ပြည့်နှစ်ကထက် (၅) ဆ ဖြစ်လာသည်။ ၁၉၁၂ တွင်မူကား မတ်ငွေ (၁၆၉,၀၀၀,၀၀၀,၀၀၀) ဖြစ်လာသည်။ ကမ္ဘာ့ဈေးကွက်၏ ဗဟိုဖြစ်ခဲ့

mgyoe.com

သော လန်ဒန်မြို့ကြီးသို့ ၁၇၉၀ ပြည့်နှစ်တွင် ရောက်ရှိလာသော ကုန်ပစ္စည်းစုစုတန်ချိန်မှာ (၅၈၀,၀၀၀) ဖြစ်ခဲ့သည်။ ၁၈၀၀ ပြည့်နှစ်တွင်မူ (၁၀) နှစ် အကြာ၌ တန်ချိန် (၇,၇၀၉,၀၀၀) ဖြစ်လာလေသည်။

*(အထက်ဖော်ပြပါ စာရင်းဂဏန်းများမှာ မော်စကိုမြို့ မက္ခာ့အိန်ဂျယ်အင်စတီကျူ ဩွန်ကြားရေး ဝန်ဒီရာဇာနော့(ဖ်) (D.RYAZANOFF) ရေးသားသော ကမ္ဘာ့ကွန်မြူနစ် ကြေညာစာတမ်း နိဒါန်းနှင့် အဖြေကျမ်းမှ ထုတ်နုတ်ဖော်ပြပါသည်။)*

ဤသို့ဖြင့် အရင်းရှင်ကြီးများသည် ကြီးမားလာသော အရင်းအနှီးကြီးများကို စုပေါင်းလာနိုင်ခဲ့ကြလေသည်။ သက်ဆိုင်ရာ နိုင်ငံများအတွင်းရှိ လုပ်သားပြည်သူများကို သွေးစုပ်နေရာမှ ၎င်းတို့၏ အရင်းအနှီးများကို ဝေးလံရပ်ခြား တိုင်းပြည်များသို့ တင်ပို့မြှုပ်နှံ၍ သွေးစုပ်ကြပြန်လေသည်။ ခေါင်းဆောင်ကြီး လီနင်ရေး 'နယ်ချဲ့စနစ်' ကျမ်းအရ ရှေးဦးခေတ်များက နယ်ချဲ့နိုင်ငံများ၏ အရင်းအနှီးများ တင်ပို့မြှုပ်နှံ သွေးစုပ်မှုမှာ သာဓကအားဖြင့် အောက်ပါအတိုင်း ဖြစ်ခဲ့ပေသည်။

(ဖရန့်ဒင်္ဂါးသန်းထောင်ပေါင်း)

| ခုနှစ် | ဂရိတ်ဗြိတိန် | ပြင်သစ် | ဂျာမနီ |
|---|---|---|---|
| ၁၈၆၂ | ၃.၆ | – | – |
| ၁၈၇၂ | ၁၅.၀ | ၁၀ (၁၈၉၆) | – |
| ၁၈၈၂ | ၂၂.၀ | ၁၅ (၁၈၈၀) | ၃. |
| ၁၈၉၃ | ၄၂.၀ | ၂၀ (၁၈၉၀) | ၃. |
| ၁၉၀၂ | ၆၂.၀ | ၂၇–၃၇ | ၁၂.၅ |
| ၁၉၁၄ | ၇၅–၁၀၀.၀ | ၆၀ | ၄၄.၀ |

(ပထမကမ္ဘာစစ်)

၎င်းကျမ်းအရပင် ခရစ်နှစ် ၁၉၁၀ ပြည့်နှစ်ခန့်က ကမ္ဘာအရပ်ရပ်တွင် နယ်ချဲ့နိုင်ငံကြီးများက ခွဲဝေမြှုပ်နှံ သွေးစုပ်ထားသော အရင်းအနှီးများမှာ အောက်ပါဇယားအရ ဖြစ်သည်။

(မတ်ငွေ သန်းထောင်ပေါင်း)

| ကမ္ဘာ့ ဒေသကြီးများ | ဂရိတ်ဗြိတိန် | ပြင်သစ် | ဂျာမနီ | စုစုပေါင်း |
|---|---|---|---|---|
| ဥရောပ | ၄ | ၂၃ | ၁၈ | ၄၅ |

mgyoe.com

| | | | | |
|---|---|---|---|---|
| အမေရိက | ၃၇ | ၄ | ၁၀ | ၅၁ |
| အာရှ–အာဖရိက | ၂၉ | ၈ | ၇ | ၄၄ |
| သြစတြေးလီးယား | | | | |
| စုစုပေါင်း | ၇၀ | ၃၅ | ၃၅ | ၁၄၀ |

အထက်ပါ အရင်းအနှီးကြီးများ တင်ပို့မြုပ်နှံ သွေးစုပ်မှုများနှင့် တစ်ဆက်တည်း နယ်ချဲ့နိုင်ငံများ၏ ကမ္ဘာကြီးအား ခွဲဝေကျွန်လုပ်မှု ဒုစရိုက်လုပ်ငန်းကြီးကိုပါ တစ်ပါတည်း ကျူးလွန်လာခဲ့ကြပေသည်။ ပထမကမ္ဘာစစ်ကြီး (၁၉၁၄–၁၈) မတိုင်မီ ကမ္ဘာ့ နယ်ချဲ့နိုင်ငံကြီး (၆) နိုင်ငံက ကျွန်ပြု သွေးစုပ်ထားသော ဒေသ ဧရိယာနှင့် ကျွန်လူသား ဦးရေဇယားမှာ အောက်ပါအတိုင်း ဖြစ်ခဲ့ပေသည်။

(စတုရန်းကီလိုမီတာသန်းပေါင်းနှင့် လူဦးရေသန်းပေါင်း)

| နယ်ချဲ့နိုင်ငံကြီး (၆) နိုင်ငံ | ကိုလိုနီ ကျွန်နိုင်ငံများ | | နယ်ချဲ့ နိုင်ငံများ | နယ်ချဲ့နိုင်ငံများ နှင့် ကျွန်နိုင်ငံ စုစုပေါင်း |
|---|---|---|---|---|
| | ၁၈၇၆ ဧရိယာ၊ လူဦးရေ | ၁၉၁၄ ဧရိယာ၊ လူဦးရေ | ၁၉၄၇ ဧရိယာ၊ လူဦးရေ | ၁၉၁၄ ဧရိယာ၊ လူဦးရေ |
| ဂရိတ်–ဗြိတိန် | ၂၂.၅၊ ၂၅၁.၉ | ၃၃.၅၊ ၃၉၃.၅ | ၀.၃၊ ၄၆.၅ | ၃၃.၈၊ ၄၄၀.၀ |
| ရုရှား | ၁၇.၀၊ ၁၅.၉ | ၁၇.၄၊ ၃၃.၂ | ၅.၄၊ ၁၃၆.၂ | ၂၂.၈၊ ၁၆၉.၄ |
| ပြင်သစ် | ၀.၉၊ ၆.၀ | ၁၁.၆၊ ၅၅.၅ | ၀.၅၊ ၃၉.၆ | ၁၁.၁၊ ၉၅.၁ |
| ဂျာမနီ | – – | ၂.၉၊ ၁၂.၃ | ၀.၅၊ ၆၄.၉ | ၃.၄၊ ၇၇.၂ |
| အမေရိကန် ပြည်ထောင်စု | – – | ၀.၃၊ ၉၇.၇ | ၉.၄၊ ၉၇.၀ | ၉.၇၊ ၁၁၆.၇ |
| ဂျာမနီ | – – | ၀.၃၊ ၁၉.၂ | ၀.၄၊ ၅၃.၀ | ၀.၇၊ ၇၂.၂ |
| စုစုပေါင်း | ၄၀.၄၊ ၂၇၃.၈ | ၆၅.၀၊ ၅၂၃.၄ | ၁၆.၅၊ ၄၃၇.၂ | ၈၁.၅၊ ၉၆၀.၆ |

အခြား ဘယ်(လ်)ဂျီယံ၊ ဟော်လန် စသော နယ်ချဲ့နိုင်ငံများမှာ ၁၉၁၄ တွင် (၃၃) ဧရိယာစတုရန်း ကီလိုမီတာ သန်းပေါင်း (၉.၉) နှင့် လူဦးရေသန်းပေါင်း (၄၅.၃) ဖြစ်လေသည်။ ပါရှား၊ တရုတ်၊ ပေါ်တူဂီ စသော ကိုလိုနီတစ်ပိုင်း တိုင်းပြည်တို့၏ စုစုပေါင်း ဧရိယာမှာ (၁၄.၅) သန်းနှင့် စုစုပေါင်း လူဦးရေမှာ (၃၆၁.၂) သန်း ရှိခဲ့လေ

mgyoe.com

သည်။ အခြား ကြွင်းကျန်သော နိုင်ငံများ၏ စုစုပေါင်း ဧရိယာမှာ (၂၈.၀) သန်းဖြစ်ပြီး လူဦးရေ စုစုပေါင်းမှာ (၂၈၉.၉) သန်း ဖြစ်ပေသည်။

ဤဖော်ပြပါ နယ်ချဲ့တို့၏ ကမ္ဘာလုံးဆိုင်ရာ ကျွန်ပြုဇယားကြီးကို သေသေချာချာ စဉ်းစဉ်းစားစား လေ့လာဖတ်ရှုပါ။ ခရစ်နှစ် ၁၈၇၆ (အောက်မြန်မာနိုင်ငံကို သိမ်းယူကျွန်လုပ်ပြီးခေတ်) မှ ပထမ ကမ္ဘာစစ်ကြီး ဖြစ်လာသည့် ၁၉၁၄ အထိ ကာလတွင် ကမ္ဘာ့အရင်းရှင် နယ်ချဲ့စနစ်ကြီးသည် လူသား (၃) ပုံ (၂) ပုံကို စေသည့်ကျွန်၊ ထွန်သည့် နွားကြီးများ အဖြစ်သို့ ရက်စက်စွာ သွတ်သွင်း ကျွန်ပြုထားခဲ့ပြီး ဖြစ်ပေပြီ။

ခေတ်သစ်သမိုင်းစာပေသည် ဤသို့ဖြင့် နယ်ချဲ့စနစ်၏ဒဏ်ကို ပြင်းပြင်းထန်ထန်ကြီး ခံခဲ့ရသော လူသားတို့၏ ဘဝဖြစ်စဉ်ကို အမှန်အတိုင်း ကွက်ကွက်ကွင်းကွင်း ဖော်ပြခြင်း ပြုခဲ့ပေသည်။ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများ အားလုံးကို တက်ကြွစွာ စည်းရုံးစေ၍ လွတ်မြောက်ရေးတိုက်ပွဲ ဆင်နွှဲကြရန် လေးနက်စွာ လှုံ့ဆော်ခဲ့ပေသည်။

မြန်မာပြည် နိုင်ငံရေးဖြစ်စဉ်တွင် ကမ္ဘာ့နယ်ချဲ့စနစ်အကြောင်းကို ကောင်းစွာ ရိပ်စားသိရှိ၍ နယ်ချဲ့ဆန့်ကျင်ရေးအသိဖြင့် စတင်တိုက်ပွဲဝင်ခဲ့သည့် ပထမဆုံးသော နိုင်ငံရေးအဖွဲ့မှာ တို့ဗမာအစည်းအရုံးပင် ဖြစ်ပေသည်။ ဤသည်ကား အမှန်ပင် ဖြစ်ပေသည်။

တို့ဗမာအစည်းအရုံး မတိုင်မီက နိုင်ငံရေးခေတ်တွင် ဗြိတိသျှ နယ်ချဲ့စနစ်အား မိမိတို့တိုင်းပြည်ကို မတရား အနိုင်ကျင့်လုယူသော အင်္ဂလိပ် မိစ္ဆာလူမျိုး ပါပလူမျိုး အဖြစ်ဖြင့်သာ ခါးခါးသီးသီး ယူဆ တိုက်ပွဲဝင်ခဲ့ကြပေသည်။ လူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုးကို ကျွန်ပြုခဲ့သည် ဟူ၍သာ ယူဆခဲ့ကြသည်။ အင်္ဂလိပ် ဆိုလျှင် အင်းထဲက လိပ်၊ မြစ်ထဲကလိပ်၊ ခေါင်းပေါ်က ဘီးထဲကလိပ် (လိပ်ခွံဘီး)၊ ဘယ်လိပ်မျိုးမှ မကောင်းဟု ဝံသာနုအရေးတော်ပုံကြီး (၁၉၂၀–၂၈) တွင် ညာသံပေး၍ တိုက်ပွဲဝင်ခဲ့ကြပေသည်။ လူမျိုးရေးတိုက်ပွဲ ဆန်ခဲ့ကြပေသည်။ အခြားတစ်ဖက်ရှိ မြန်မာလူမျိုး ပညာတတ် အင်္ဂလိပ်အလိုတော်ရိ အချို့ကမူ မယဉ်ကျေးသော၊ အတတ်ပညာ မကြွယ်ဝသေးသော မြန်မာလူမျိုးတို့အား ယဉ်ကျေးသော၊ အတတ်ပညာ ကြွယ်ဝသော အင်္ဂလိပ်လူမျိုးတို့က မွန်မြတ်သော တာဝန်တစ်ရပ်အဖြစ်ဖြင့် လာရောက် ပျိုးထောင် အကူအညီပေးခြင်း ဖြစ်သည်။ ၎င်းတို့ရောက်မှ ဆန်းသစ်သော ခေတ်၏ အရသာများကို ခံစားရသည်ဟု ယူဆသည်။ အချို့ကလည်း အင်္ဂလိပ်အစိုးရနှင့်ပေါင်း၍ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲရေးဝါဒအရ မြန်မာပြည်ကို ဟုမ်းရူး ကိုယ်ပိုင်အုပ်ချုပ်ရေး ပန်းတိုင်သို့ ခေါ်ဆောင်ရမည်ဟု ယုံကြည်

 ngyoe.com 

လုပ်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံ ကျွန်ဖြစ်ရပုံအတွက် နယ်ချဲ့စနစ်၏ ဓာတ်သား၊ ပရမတ်သားကို ပိုင်းခြားဝေဖန်၍ မမြင်ခဲ့ကြပေ။ အင်္ဂလိပ်အုပ်ချုပ်ရေး၊ အင်္ဂလိပ်စာပေ၊ အင်္ဂလိပ် ယဉ်ကျေးမှုများကိုသာ တစ်ဖက်သတ် အထင်ကြီးခဲ့ကြပေသည်။

တို့ဗမာအစည်းအရုံးကြီးကို စတင်ထူထောင်ကြသော ခေတ်သစ် လူငယ်ခေါင်းဆောင်တို့ကား ဗြိတိသျှနိုင်ငံ၊ ဗြိတိသျှယဉ်ကျေးမှု၊ ဗြိတိသျှစာပေ၊ ဗြိတိသျှလူမျိုးတို့ကို ကျော်လွန်၍ ကမ္ဘာကြီးအား ကြီးစွာ ဒုက္ခပေးလာသော အရင်းရှင် နယ်ချဲ့စနစ်အဖြစ် ဖြင့်သာ စနစ်ကို မြင်လာခဲ့ပေသည်။ စနစ်ကို အခြေအမြစ်ကျကျ တိုက်မှသာ အင်အားကြီးလာမည်၊ မဟာမိတ် များလာမည်၊ ရန်သူကို ကမ္ဘာနှင့်ချီ၍ ဝိုင်းပယ်ရာရောက်မည်၊ အောင်ပွဲခံနိုင်မည်ဟု ယုံကြည်ခဲ့ကြသည်။

ထို့ကြောင့်လည်း ခေတ်သစ် သမိုင်းစာပေ၏ လမ်းညွှန်ချက်အရ တို့ဗမာအစည်းအရုံးကြီး၏ တိုက်ပွဲတံခွန်မှာ အစမှအဆုံး နယ်ချဲ့စနစ်ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေး တံခွန်ကြီးသာ ဖြစ်ခဲ့ပေသည်။

တို့ဗမာအစည်းအရုံးကြီးမှ နောင်လာနောက်သားအားလုံး ရယူအပ်သော အကြီးဆုံး သင်ခန်းစာသည်လည်း မြန်မာပြည် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲကြီးကို ခေတ်သစ် သမိုင်းစာပေနှင့်အညီ ကမ္ဘာ့ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲကြီးနှင့် အောင်မြင်စွာ ပေါင်းစပ်ပေးနိုင်ခဲ့သော အတွေးအခေါ်ကြီး လုပ်ရပ်ကြီးပင် ဖြစ်ပေသည်။ တို့ဗမာအစည်းအရုံးကြီးသည် ဤနယ်ချဲ့စနစ်ဆန့်ကျင်ရေး လမ်းမကြီးပေါ်တွင် တည်တည်ငြိမ်ငြိမ် ရပ်တည်ခဲ့ပေသည်၊ လှုပ်ရှားခဲ့ပေသည်၊ ကမ္ဘာ့ဘဝတူ အင်အားစုများနှင့် မဟာမိတ်ပြုခဲ့သည်။ ထို့ကြောင့်လည်း ဤစာတမ်း အခန်း (၃) တွင် ဖော်ပြခဲ့သော အမျိုးသားလွတ်လပ်ရေး ကြိုးပမ်းမှု အုတ်မြစ်ကြီး (၄) ရပ်ကို ရာဇဝင်တွင်အောင် ချမှတ်နိုင်ခဲ့ခြင်းပင် ဖြစ်ပေသည်။

ဤမျှသာ မကသေး၊ တို့ဗမာအစည်းအရုံးကြီးသည် နယ်ချဲ့စနစ် အကြောင်းကို ကောင်းစွာရိပ်စားမိသော နိုင်ငံရေးအဖွဲ့ ဖြစ်ခဲ့သည်နှင့်အညီ လုပ်နည်းလုပ်ဟန် အရပ်ရပ်တို့တွင်လည်း များပြားစွာ ခြားနားပြောင်းမြောက်မှု ရှိခဲ့ပေသည်။ သာဓကအချို့အားဖြင့် တို့ဗမာအစည်းအရုံးကြီးအား နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး အင်အားစုများအားလုံး၏ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုအဖြစ် ဖွဲ့စည်းဆောင်ရွက်လာပုံ၊ အမျိုးသားရေးပုံစံတွင် လူတန်းစား အနှစ်သာရကို အခြေခံလာပုံ၊ အတိတ်ဖြစ်ရပ်များကို သုံးသပ်အခြေခံ၍ အနာဂတ်ကို မြော်မြင်စွာ ရည်ညွှန်းပုံ၊ နယ်ချဲ့လုပ် ဥပဒေပြုအဖွဲ့

များကို အထင်မကြီး၊ ခုတုံးလုပ်၍သာ ဥပဒေ အတွင်းအပ လူထုတိုက်ပွဲကြီးများကို ဖန်တီးပုံ၊ ကမ္ဘာ့ကျွန်ပြုနိုင်ငံများအရေးနှင့် ပတ်သက်လာလျှင် တက်တက်ကြွကြွ ပူးပေါင်းထောက်ခံပုံ စသည့် နိုင်ငံရေး နည်းသစ်ဟန်သစ်များတို့သည် တို့ဗမာအစည်းအရုံးခေတ်တွင် မြောက်မြားစွာ ပေါ်ထွန်းခဲ့ပေသည်။

ထို့ကြောင့်လည်း ဗြိတိသျှ နယ်ချဲ့စနစ်ကြီးသည် ဗမာပြည်တွင် တို့ဗမာအစည်းအရုံးကြီး၏ စနစ်တကျ အရင်းခံ ကြိုးပမ်း တိုက်ခိုက်လာခဲ့မှုကြောင့် စတင် ကျဆုံးလာခဲ့ရသလို ကမ္ဘာနှင့်အဝန်းတွင်လည်း ကျဆုံးပြိုကွဲလာခဲ့ရပေသည်။ အရင်းရှင် နယ်ချဲ့စနစ်ကို စနစ်အဖြစ် ခြေခြေမြစ်မြစ် သိနားလည်ပြီး တိုက်ခိုက်လာသော အလုပ်သမား လူတန်းစား အင်အားစုများနှင့်တကွ အမျိုးသား လွတ်မြောက်ရေး အင်အားစုများအားလုံး တက်ကြွစွာ စည်းရုံး တိုက်ခိုက်လာကြသည်နှင့်အမျှ အရင်းရှင် နယ်ချဲ့စနစ်၏ ကိုလိုနီအင်ပိုင်ယာကြီးများမှာ ပြိုကွဲလာခဲ့ရသည်မှာ ခေတ်သစ် စာပေသမိုင်း၏ ကြီးစွာသော သက်သေထူချက်ကြီးပင် ဖြစ်ပေတော့သည်။ သာဓကအားဖြင့် ၁၉၁၄ မှ ၁၉၆၇ ခုနှစ်အတွင်း နှစ်ပေါင်း (၅၀) ကျော်အတွင်း အရင်းရှင် နယ်ချဲ့စနစ် ကျဆုံးလာပုံကို အောက်ပါဇယားတွင် ထင်ရှားစွာ လေ့လာနိုင်ပေသည်။

(၁၉၁၄ မှ ၁၉၆၇ ခုနှစ်အတွင်း ပြိုကွဲလာသော နယ်ချဲ့အင်ပိုင်ယာ)

| နယ်ချဲ့အင်ပိုင်ယာ နိုင်ငံများ | ကိုလိုနီကျွန်နိုင်ငံများ၏ ဧရိယာ (စတုရန်းကီလိုမီတာသန်းပေါင်း) | | | ကိုလိုနီကျွန်နိုင်ငံများ၏ ဧရိယာ (လူဦးရေသန်းပေါင်း) | | |
|---|---|---|---|---|---|---|
| | ၁၉၁၄ | ၁၉၄၅ | ၁၉၆၇ | ၁၉၁၄ | ၁၉၄၅ | ၁၉၆၇ |
| ဗြိတိန် | ၃၂.၇၁ | ၅.၇ | ၁.၂ | ၃၈၀ | ၄၃၂ | ၁၃.၁ |
| ပြင်သစ် | ၁၁.၀ | ၁၂.၅ | ၀.၁ | ၅၄ | ၇၆ | ၁.၄ |
| ဟော်လန် | ၂.၀ | ၂.၀ | ၀.၁ | ၄၅ | ၇၆ | ၀.၅ |
| ဘယ်(လ်)ဂျီယံ | ၂.၄ | ၂.၄ | – | ၁၂ | ၁၄ | – |
| အမေရိကန် ပြည်ထောင်စု | ၁.၉ | ၁.၈ | ၀.၁ | ၁၀ | ၂၂ | ၂.၉ |
| ပေါ်တူဂီ | ၂.၁ | ၂.၁ | ၂.၁ | ၈ | ၁၃ | ၁၃.၇ |

mgyone.com

| | | | | | | | |
|---|---|---|---|---|---|---|---|
| အခြားနယ်ချဲ့ နိုင်ငံများ | ၃.၆ | ၂.၆ | ၁.၆ | | ၁၇ | ၃၁ | ၂.၇ |
| စုစုပေါင်း | ၅၅.၇ | ၃၉.၁ | ၅.၂ | | ၅၂၆ | ၆၆၄ | ၃၄.၅ |

*(၁၉၆၇ ခု၊ နိုဝင်ဘာလထုတ် ဆိုဗီယက် နိုင်ငံတကာရေးရာမဂ္ဂဇင်းမှ ကောက်နုတ်ဖော်ပြသည်။ ၁၉၆၇ မှာ အနီးဆုံး ခန့်မှန်းခြေစာရင်း ဖြစ်သည်ဟု ဖော်ပြထားသည်။)*

အားလုံးကိုခြုံသော် တို့ဗမာအစည်းအရုံးကြီး၏ သမိုင်းမှ ပထမဆုံး ရယူအပ်သော သင်ခန်းစာများမှာ တို့ဗမာအစည်းအရုံးကြီးသည် ခေတ်သစ် သမိုင်းစာပေ၏ ညွှန်ပြချက်အရ အရင်းရှင် နယ်ချဲ့စနစ်ကို ကမ္ဘာ့စနစ်ဆိုးတစ်ရပ်အဖြစ် တိုက်ခိုက်ရင်း အမျိုးသားလွတ်လပ်ရေး တိုက်ပွဲကြီး၏ ရာဇဝင်တွင်ဖွယ် အုတ်မြစ်ကြီး (၄) ရပ်ကို ချမှတ်နိုင်ခဲ့ခြင်းပင် ဖြစ်ပေသည်။

တစ်ချိန်တည်းမှာပင် ရယူအပ်သော သင်ခန်းစာကြီး (၂) ရပ်မှာ ဤသို့ အလားအလာရှိခဲ့သော တို့ဗမာအစည်းအရုံးကြီးအား အဖွဲ့အစည်းအတွင်း ဂိုဏ်းဂဏအုပ်စု များကို အကြောင်းပြု၍ ဗြိတိသျှနယ်ချဲ့သမားသည် ၎င်း၏ အကြီးမားဆုံးသော လက်နက် ဖြစ်သည့် ဆောဒပရိယာယ် ခေါ် သွေးခွဲလက်နက်ဖြင့် ဖြိုခွဲခဲ့ရာ အစည်းအရုံးကြီးသည် ပြင်းပြင်းပြပြ ခံစားခဲ့ရပေသည်။ သို့သော် အမြော်အမြင်ကြီးသော ခေါင်းဆောင်များသည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်အလာ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲများ ဆင်နွှဲရန် သေရေးရှင်ရေး အချိန်ကျလာသောအခါတွင်မူ တစ်ဖက်နှင့်တစ်ဖက် အသက်ပေး၍ လက်တွဲဆင်နွှဲခဲ့ကြပေသည်။ ဤသည်လည်း မှတ်တမ်းတင်အပ်သော သင်ခန်းစာကြီး ဖြစ်လေသည်။

နောက်ဆုံး သင်ခန်းစာမှာ တို့ဗမာအစည်းအရုံးကြီးသည် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေးကို မျက်မှောက်ပြု၍ အနာဂတ်တွင် ဆင်းရဲသားမင်း ဆင်းရဲသားချင်း လောကနိဗ္ဗာန်ဘုံ သမ္မတနိုင်ငံ ထူထောင်မည်ဟု အတိအလင်း ကြိမ်းဝါးပြဋ္ဌာန်း၍ ချီတက်လာခြင်းသည် ခေတ်သစ် သမိုင်းစာပေ၏ အမျိုးသားဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေး ရည်ညွှန်းချက်များနှင့် အလွန်ပင် ကိုက်ညီခဲ့ပေသည်။ သို့သော် တို့ဗမာအစည်းအရုံးကြီးမှာ အမျိုးသားဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးသို့တိုင်အောင် ချီတက်နိုင်လောက်သော ဝါဒရေး၊ စည်းမျဉ်းစည်းကမ်းရေးနှင့် စည်းရုံးရေး နည်းစနစ်များကား ချို့တဲ့ခဲ့ပေသည်၊ အားနည်းခဲ့ပေသည်။ ထို့ကြောင့် စိတ်အလိုမလိုက်နိုင်သော ရုပ်ခန္ဓာကိုယ်ကြီးကဲ့သို့ နောက်ဆုံးတွင် အစိတ်အစိတ်အမြွှာမြွှာ ပြိုကွဲကာ ဇာတ်သိမ်းခဲ့ရပေသည်။

တကယ်ဆိုသော် တို့ဗမာအစည်းအရုံးကြီး အတွင်းမှ တိုးတက်သော ဆိုရှယ်လစ်

mgyoe.com

 mgyoe.com 

ရေး အင်အားစုများသည် အစည်းအရုံးကြီးအား သူ့အဆင့်နှင့်သူ စနစ်တကျ ထိန်းသိမ်းစုစည်း လမ်းညွှန်နိုင်ခဲ့ပါမူ ယခုအခါတွင် လွတ်လပ်သော မြန်မာနိုင်ငံ လုပ်သားပြည်သူတို့၏ ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစုကြီးအဖြစ်ဖြင့် ဥမကွဲသိုက်မပျက် ဆက်လက်တည်တံ့နိုင်လေရာသည်ဟု တွေးထင် မှန်းဆကြည့်သော် သမိုင်း၏ ဖြစ်နိုင်ချက် သဘောအရ စိတ်ကူးယဉ်ရာမရောက်ဟု ယူဆရပါသတည်း။

ဝိရူရသခင်ချစ်မောင်

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လွတ်လပ်ရေး ရပြီးနောက် မြန်မာပြည်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## စာရေးသူ၏ ရည်ညွှန်းချက်

၁၉၃၆ ခု ကျောင်းသားသပိတ်ကြီးမှစ၍ အမိမြန်မာနိုင်ငံ၏ အမျိုးသားလွတ်လပ်ရေးနှင့် ဆိုရှယ်လစ်ရေးအတွက် အတူတကွ ရုန်းကန် ဆောင်ရွက်လာကြသော ရဲဘော်ရဲဘက်များအပေါ်တွင် ကျွန်ုပ်က အလုပ်မှား၊ အပြောမှား၊ သဘောမှားများ ပြုကျင့်ခဲ့မိသည်ရှိသော် အနူးအညွတ် ခွင့်လွှတ်ပါရန် ဤစာတမ်းဖြင့် မျက်ကြမ်းမာန်လျှော့ ကန်တော့အပ်ပါသည်။ ကျွန်ုပ်၏အပေါ်တွင်လည်း အလားတူ ပြုကျင့်ခဲ့မိကြသည်ရှိသော် အထူးတလည် ကျေနပ်နှစ်သိမ့်စွာဖြင့် အနူးအညွတ် ခွင့်လွှတ်လိုက်ပါသည်။

ကျေးဇူးရှင် စာဆိုတော်ကြီး ရှင်မဟာရဋ္ဌသာရ၏ အောက်ပါ မျက်မာန်ခွေလျှော့ ကန်တော့လင်္ကာသည် ကျွန်ုပ်၏ အသည်းနှလုံး အတွင်းဝယ် အစဉ်သဖြင့် ကိန်းအောင်းဆုံးမ ဖျောင်းဖျနိုင်ပါစေ ခလို။

ပညာမုန်ယို၊ အရွယ်ပျိုက၊ မဆိုစလောက်၊ မာန်စောင်မြောက်၍၊ နှုတ်ငေါက်လွန်မိ၊ ဒေါသရှိလည်း၊ နှောင်းပြီးတခါ၊ ရိုသေစွာလျှင်၊ ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကြမ်းမာန်လျှော့၊ ငါကန်တော့၏။ မပေါ့ချစ်ခင်၊ သားနှယ်ကြင်၍၊ အရှင်တကာ၊ သည်းခံပါလော့၊ မေတ္တာမသွေ၊ မုန်းထုံ့ဖြေသည်၊ မျက်ပြေသူတော် ကျင့်ဟောင်းတည်း။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## စာရေးသူ၏ အမှာ

နေမဝင်သော ဗြိတိသျှ အင်ပိုင်ယာအစိုးရသည် ကျွန်ုပ်၏မိခင် လယ်သူမကြီးထံမှ ကြက်အရှင် အကောင်ပေါင်း ခြောက်ဆယ်ကို အတင်းအဓမ္မ တောင်းဆိုခဲ့ဖူးပါသည်။

ဖြစ်ရပုံမှာ ဤသို့ ဖြစ်ပါသည်။

*

၁၂၈၉ ခု တပို့တွဲ လဆန်းချိန်။

ရွာ၏အရှေ့ဘက် လယ်ကွင်းကြီးမှာ ရှမျှော်လို့မဆုံးနိုင်အောင် ကျယ်ပြန့်ကာ လဟာ ပြင်မှ ကိုင်းတော ပေါက်တောများအတွင်းသို့ နိမ့်ဆင်း တိုးဝင်သွားပါသည်။

နေမင်းကြီးသည် ထိုလယ်ကွင်းအဆုံးရှိ ထင်းတော၊ သစ်တောကြီးအတွင်းမှ တဖြည်းဖြည်း ထွက်ပြူစ ပြုလာကာ ပိတ်ဆီးလျက်ရှိနေသော ဆီးနှင်းမြူမှုန်များနှင့် တိုက်ခတ်တိုးဝှေ့လျက် ရှိနေပါသည်။ နှင်းရည်များဖြင့် စိုရွှဲလျက်ရှိသော ကောက်ပင် ရိုးပြတ်များကို အားပါးတရ မျိုလွေးလျက်ရှိသော နွားအုပ်ငယ်များသည် နေရောင်ပျပျ နှင်းမှုန်မှုန်အောက်တွင် အစုအဝေးများဖွဲ့၍ သွားလာကျက်စားနေကြသည်မှာ ပျော်စရာကြီး ပါပေ။

သို့သော် ရွာ၏အနောက်ဘက် ဧရာဝတီမြစ် ရေကာတာကြီး၏ ဆောင်တစ်လျှောက် ရှိ ကိုင်းတော၊ လက်ပံပင်တောများအတွင်းမှ ကျီးငှက်များ အုပ်လိုက်ချီကာ တစ်ခါတစ်ခါ လန့်၍လန့်၍ ပျံတက်လာသော အသံများကို ကြားနေရသည်မှာကား များစွာမှ

mgyoe.com

စိတ်မချမ်းမြေ့ဖွယ်ရာကြီး ဖြစ်နေပေသည်။

ထိုအချိန်တွင် အသက်လေးဆယ်ကျော်ခန့်ရှိ လယ်သူမကြီးသည် ဆယ်နှစ်အရွယ်သား ကလေးတစ်ဦးနှင့် အတူ ရွာဘေး စပါးတလင်း အတွင်းတွင် ကောက်လှိုင်းများဘေး၌ မျိုးသန့် ကောက်နှံများကို ရွေးချယ်လျက် ရှိနေပါသည်။ သားကလေးမှာ အမေက စေခိုင်းသည့်အတိုင်း ကောက်လှိုင်းများကို သယ်ပေးခြင်း၊ ပုံပေးခြင်း၊ စပါးဆန်ကြွေများ စုပေးခြင်းများကို လုပ်ပေး နေပါသည်။

အမေ လယ်သူမကြီး၏ မျက်နှာကို ကြည့်ရသည်မှာ စိတ်ချမ်းသာပုံမရပေ။ တစ်စုံတစ်ခုကို အလေးအနက် တွေးတောစိုးရိမ်နေပုံ ရလေသည်။ ထိုနေ့အဖို့ ရွာ၏ပုံပြင်ကို ကြည့်ရသည်မှာလည်း တိတ်ဆိတ်လျက်။ ရွာပြင် ပတ်ဝန်းကျင်ကို အကဲခတ်ရသည်မှာလည်း လှုပ်ရှားမှုများ အများအစား မတွေ့ရပေ။

ထိုခဏ၌ သားကလေးသည် အမေ၏မျက်နှာကို စိုက်ကြည့်လျက် "အမေရေ၊ ညတုန်းက အဖေဟာ လှစိန်ကြီး စီးပြီး ဘယ်သွားတာလဲ အမေ" ဟု ဖြုန်းခနဲ ကောက်မေးလိုက်လေသည်။ လှစိန်ကြီး ဆိုသည်မှာ သူတို့၏ အိမ်တွင် မွေးထားသော ခြံပေါက်မြင်းကြီး၏ နာမည်ဖြစ်ပါသည်။

"ခရီးသွားတာပေါ့ သားရဲ့"

"ခရီးသွားတာကလည်း ညကြီးမိုးချုပ်မှ သွားရတာလားအမေ။ ပြီးတော့ အဖေထွက်သွားတော့ ဘာပြုလို့ အမေက ငိုရတာလဲ။ ပြီးတော့ အင်္ဂလိပ်မိစ္ဆာတွေ မိစ္ဆာတွေ ဆိုဆိုပြီး ဘာပြုလို့ ကျိန်ဆဲရတာလဲ"

"ဒီကောင်ကလေး ဘာတွေပြောနေတာလဲ။ တောက်တီးတောက်တဲ့။ ခိုင်းတာလုပ်နေစမ်း"

ဤသို့ အမေသည် သားအား ပြန်ငေါက်လိုက်ပြီးနောက် အိတ်ကပ်အတွင်းမှ ကွမ်းတစ်ယာကို ထုတ်ယူကာ ပါးစောင်တွင် ခဲထားလိုက်ပါသည်။ ထို့နောက် ဆန်ကောတစ်ချပ်ကို ဆွဲယူကာ စပါးကြွေများကို နံနက်လေညင်းတွင် ပြာချည် လှေ့ချည် လုပ်နေပါသည်။

မကြာမီမှာပင် သားအမိနှစ်ယောက်သည် ခြေသံများ ကြားရာဘက်သို့ ဖြုန်းခနဲနောက် ပြန်လှည့်ကြည့်လိုက်ကြပါသည်။ ရွာလယ်မှ ရွာပြင်တလင်းများသို့ ဖောက်ဖြတ်ထားသော လမ်းမတစ်လျှောက်မှ ပန်ချာပီ စစ်ပုလိပ်ဗိုလ်ကြီးတစ်ဦး၊ မြန်မာပုလိပ်နှစ်ဦး၊ ကြိမ်လုံး ကိုင်ထားသော စာရေးစာချီလို လူကြီးနှစ်ဦးနှင့် ရွာထဲမှ သူတို့ လမ်းပြခေါ်လာသော

mgyoe.com

အရပ်သားတစ်ဦးတို့ တည့်တည့်ကြီး လျှောက်လာကြသည်ကို ပက်ပင်း မြင်တွေ့လိုက်ရပါသည်။

အမေလယ်သူမကြီးသည် မျက်နှာပျက်သွားရာမှ ရုတ်တရက် ဣန္ဒြေပြန်ဆည်ကာ စပါး လှေ့မြဲ လှေ့နေပါသည်။ သားကလေးမှာ အမေ့ကို ကြည့်လိုက်၊ တစ်ဟုန်ထိုး လာနေသော ပန်ချာပီ စစ်ပုလိပ်ကြီးတို့ကို ကြည့်လိုက်နှင့် ထိတ်လန့်ပျာယာ ဖြစ်နေပါသည်။

ထိုခဏမှာပင် စစ်ပုလိပ်ကြီးများသည် အမေ့အနားသို့ ဆိုက်ရောက်လာပါသည်။ အမေသည် ဆန်ကောကို နာနာဆုပ်ကိုင်ကာ မတ်တတ်ရပ်လိုက်လေသည်။ သားကလေးသည် ရောက်လာသော စစ်ပုလိပ်ကြီးများကို ကောက်လှိုင်းပုံများပေါ်မှ အကဲခတ်လျက် ရှိနေလေသည်။

ပန်ချာပီ စစ်ပုလိပ်ဗိုလ်ကြီးသည် သူ၏ မုတ်ဆိတ်မွေး ဖားဖားကြီးကို ကိုင်တွယ်ပွတ်သပ်ရင်း နောက်ဘက်သို့ လှည့်ကာ စာရေး စကားပြန်လိုလူကြီးအား အတန်ကြာ ရောပြောလိုက်ပါသည်။ ထိုနောက် စကားပြန်က အမေ့အား မျက်နှာထား တင်းတင်းဖြင့်

"ခင်ဗျား ဒီရွာက ဝံသာနု အသင်းခေါင်းဆောင်လူကြီးရဲ့ မယား မဟုတ်လား"

"ဟုတ်ပါတယ်"

"အခု ခင်ဗျားယောကျ်ား ဘယ်မှာလဲ"

"မြစ်အနောက်ဘက်ကို ကိစ္စရှိလို့ ခရီးသွားပါတယ်"

"ခင်ဗျားအိမ်အတွက် လူခွန်တော် ငွေ ၅ ကျပ် မပေးနိုင်ဘူးလား။ ခင်ဗျားတို့ အသင်းသားတွေကိုလည်း အစိုးရကို လူခွန်တော်ပေးဖို့ ပြောပေးပါ"

"ကျွန်မ မိန်းမသားပါ။ မပြောနိုင်ပါဘူး"

ထိုအခါ စကားပြန်က ပန်ချာပီ စစ်ပုလိပ်ဗိုလ်ကြီးအား ပြန်ပြောလိုက်ရာ ပန်ချာပီကြီး၏ မျက်နှာမှာ နီရဲသွား၏။ ဒေါသဖြစ်လာသော မျက်နှာဖြင့် စကားပြန်အား တစ်စုံတစ်ခု အမိန့်ပေးသလို ပြောလိုက်၏။

"ခင်ဗျား အသင်းခေါင်းဆောင်မယား ဖြစ်တယ်။ ကြက်အရှင် အကောင်ပေါင်း ခြောက်ဆယ် စစ်စရိတ်အဖြစ် ခင်ဗျားပေးရမယ်။ မပေးဘူးလား ပေးမလား။ အဲဒါပြောပါ။ အင်္ဂလိပ် အစိုးရ အမိန့်ကို ဖီဆန်ရင် ခင်ဗျားတို့ ဒုက္ခရောက်ကုန်မယ်။ သတိထားကြပါ"

လယ်သူမကြီးသည် ပြန်လှန် ဒေါသထွက်လာသော မျက်နှာဖြင့်

"ရှင်တို့ ကြိုက်သလို စီရင်ပေါ့။ ကျွန်မ မိန်းမသားတစ်ဦး ဘာမှမတတ်နိုင်ဘူးလို့

mgyee.com

mgyoe.com


ပြောနေပြီပဲ"

ထိုအဖြေကို ကြားလိုက်ရသော ပန်ချာပီ စစ်ပုလိပ်ကြီးသည် ချာခနဲ လှည့်ထွက်သွားကာ လာလမ်းအတိုင်း ရွာထဲသို့ ပြန်ဝင်သွားပါသည်။ ရွာဝသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် သူသည် ဝီစီမှုတ်လိုက်ရာ စူးရှစီညံသော အသံရှည်ကြီးတစ်ခု ထွက်ပေါ်လာပါသည်။ ထိုဝီစီသံနှင့်အတူ ရွာ၏အနောက်ဘက် ရေကာတာလမ်းမပေါ်မှ လိမ့်ဆင်းလာသော စစ်ဖိနပ်သံများ၊ တဝုန်းဝုန်း တဒိုင်းဒိုင်း ရိုက်နှက်ထုထောင်းသံများ၊ ကြက်ငှက်လူသူတို့၏ ပြေးလွှားအော်ဟစ်သံများ၊ ရွာရိုးတစ်လျှောက် ကျယ်လောင်စွာ စစ်မိန့်ပေး ချီတက်သံများနှင့်တကွ ရွာတွင်းရွာပြင် ကုက္ကိုတော၊ လက်ပံတောများမှ ဆင့်ကဲဆင့်ကဲ လန့်၍ ထပျံသော ကျီးပြိုသံများဖြင့် တစ်မုဟုတ်ချင်း ကမ္ဘာကြီးပျက်သကဲ့သို့ ရွာကြီးတစ်ရွာလုံး ရွာပျက်ကြီးသဖွယ် ဖြစ်သွားလေတော့သည်။

လယ်သူမကြီးသည် ရင်ဘတ်စည်တီးဖြင့် ကျိန်ဆဲငိုယိုကာ ကောက်လှိုင်းပုံပေါ်တွင် ဆွေ့ဆွေ့ခုန်ကာ ရွာဘက်သို့ နဖူးလက်တင် ရှုမျှော်ရင်း ကျန်ရစ်ခဲ့ပါသည်။ သားကလေးသည် ရွာတွင်းသို့ ပြေးဝင်ကာ ဝမ်းစာစပါးပုတ်များထားရာ ပုတ်စင်အောက်သို့ တိုးဝင်ပုန်းအောင်းလေသည်။ ထို့နောက် စစ်ပုလိပ်များနှင့် ရွာသားများ၏ ရုန်းရင်းဆန်ခတ်ပွဲကြီးကို အသာငြိမ်၍ ကြည့်နေလေသည်။

ရှုခင်းမှာ ကြေကွဲဖွယ်ရာ ကမ္ဘာပျက် ရှုခင်းကြီးပင် ဖြစ်တော့သည်။ လယ်သူမ၏ သားအတွက် တစ်သက်တာ မေ့နိုင်ဖွယ်ရာမရှိသော ရှုခင်းဆိုးကြီးပင် ဖြစ်ပေသည်။

တစ်ရွာလုံးရှိ အိမ်တိုင်းလို စစ်ဖိနပ်သံများဖြင့် အတင်းအဓမ္မတက်၍ တွေ့သမျှ အရပ်သားများကို သေနတ်ဒင်များဖြင့်ဆောင့်၊ ကြိမ်များဖြင့် ရိုက်နှက်ကာ မြင်သမျှ ပစ္စည်းများကိုမူ ထုခွဲဖျက်ဆီးပစ်ကြလေသည်။ ကြက်ငှက်မှန်သမျှကိုလည်း အသေရရ အရှင်ရရ ဖမ်းဆီးယူငင်ကြလေသည်။ ရာထောင်မကသော ကြက်ရှင်ကြက်သေများကို ကြိုးများဖြင့် သီ၍ ခြင်းတောင်းများဖြင့် ထည့်ကာ ရွာသားများကို အတင်းအဓမ္မ အထမ်းခိုင်းတော့သည်။ ဆီပုံးများ၊ ဘူးသီးများ၊ ဆန်တောင်းများကိုလည်း အတင်းပင် သိမ်းယူ ဆွတ်ခူးကာ အကုန်ထမ်းခိုင်းလေသည်။ တွေ့သမျှ ယောကျ်ား မိန်းမများကို ရိုက်နှက်ထုထောင်း နှိပ်စက်နေကြသည်မှာ အရှင်လတ်လတ် ခံစားနေကြရသော ငရဲပြည်ပမာ ဖြစ်တော့သည်။

ဤတွင် ဒေါသဖြစ်စရာ အကောင်းဆုံးမှာ မြန်မာအလိုတော်ရိ ပုလိပ်များ၏ ပါးစပ်မှ ရိုက်ရင်းနှက်ရင်းပင် 'ဝံသာနုနွားထီးကြီးတွေ ရိုက်ပေး၊ ခိုင်းပေးကွ' ဟူ၍ လည်းကောင်း၊ 'ကုမ္မာရီ အသင်းသူ နွားမတွေ ဆော်ပေး၊ နှက်ပေးကွ' ဟူ၍ လည်းကောင်း ရိုင်းရိုင်းပျပျ

mgyoe.com

ကြိမ်းမောင်း စော်ကားကြခြင်းပင် ဖြစ်ပေသည်။ ပန်ချာပီ စစ်ပုလိပ်များမှာကား ဟားတိုက်၍ ရယ်နေကြပေ သည်။

ဝံသာနုအသင်း ခေါင်းဆောင်၏ ဇနီး လယ်သူမကြီးတို့ သားအမိ အိမ်မှမူ အတွင်း ပစ္စည်း ပရိဘောဂ မှန်သမျှကို ရစရာမရှိအောင် ဖျက်ဆီးယူငင်သွားကြလေသည်။

ဤသို့ဖြင့် လူခွန်တော်ငွေ ၅ ကျပ် မပေး ငြင်းဆန်ရေး တိုက်ပွဲကြီးသည် သာယာ ဝတီ အနောက်ပိုင်းတစ်ခွင်လုံးတွင် မီးဟုန်းဟုန်းတောက်ခမန်း ဆူပွက် လှုပ်ရှားသွား လေတော့သည်။ ရွာတိုင်း ရွာတိုင်း၊ အိမ်တိုင်း အိမ်တိုင်းတွင် ကပ်ထားသော 'အခွင့်မရှိ မဝင်ရ' ဟူသော ငြိမ်းချမ်းစွာ အာဏာဖီဆန်ရေး ဆိုင်းဘုတ်များကို စစ်ပုလိပ်တို့က ပြားပြားဝပ်သွားအောင် ဖြုတ်ချ ဖျက်ဆီးပစ်လိုက်လေသည်။ သို့သော် ဝံသာနုအသင်းသား လူထုကြီး၏ အင်္ဂလိပ်အစိုးရ မုန်းတီးရေး စိတ်ဓာတ်ကြီးကိုကား မချေမှုန်းနိုင်၊ ဆတက် ထမ်းပိုး တိုး၍ပင် ကြီးမားပြင်းထန်လာလေတော့သည်။

ဤသို့ဖြင့် တောင်သူလယ်သမားတို့၏ ခုခံခြင်းမရှိ၊ လက်နက်မရှိ ငြိမ်းချမ်းစွာ အာဏာ ဖီဆန်ကြသော လူခွန်တော် မပေးရေး တိုက်ပွဲကြီးကို အင်္ဂလိပ်အစိုးရတို့သည် ကမ္ဘာ့ဖျက်သည့်အလား ရက်စက်စွာ နှိပ်ကွပ်ချေမှုန်းခဲ့ပေသည်။ ပြည်သူတို့၏ မရှိမဲ့ ရှိမဲ့ ပစ္စည်းကလေးများကို စားပြကြီးများပမာ အဓမ္မ ဖျက်ဆီးလုယူခဲ့ကြပေသည်။ လူများ ကိုလည်း ကျွဲနွားပမာ ရိုက်နှက် ထုထောင်းခဲ့ကြလေသည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ဤသို့သော အနိုင်ကျင့်မှု ရက်စက်မှုများသည် နောင်သောအခါ ၁၂၉၂ ခုနှစ် တောင်သူ လယ်သမား လက်နက်ကိုင် အရေးတော်ပုံကြီးကို ဖြစ်ပေါ်စေခြင်းပင် ဖြစ်ပေတော့သည်။

*

အထက်ဖော်ပြပါ သာယာဝတီခရိုင် ဝံသာနု အရေးတော်ပုံကြီး၏ အဖြစ်မှန် ဇာတ်ကွက် တစ်ခုတွင် ပါဝင်ခဲ့ရသော လယ်သူမကြီးနှင့် သူမ၏ တစ်ဦးတည်းသော သားကလေးမှာ ကျွန်ုပ်တို့ သားအမိပင် ဖြစ်ခဲ့ပါသည်။

ကျွန်ုပ်တို့၏ မိသားစုသည် ဗြိတိသျှအစိုးရက တောင်းခံသော လူခွန်တော်ငွေ ၅ ကျပ်ကို မပေး၊ ငြင်းဆန်ခဲ့ခြင်းကြောင့် ဗြိတိသျှအင်ပိုင်ယာအစိုးရသည် မိခင်လယ်သူမကြီး ထံမှ ကြက်အရှင် အကောင်ပေါင်း ခြောက်ဆယ်ကို အတင်းအဓမ္မ တောင်းခံခဲ့ခြင်း ဖြစ်ပေ သည်။ ထိုစဉ်က ကျွန်ုပ်တို့ ကျေးရွာ၊ ကျွန်ုပ်တို့ နယ်၊ ကျွန်ုပ်တို့ အိမ်ထောင်စုများ အားလုံးတို့သည် ဗြိတိသျှ နယ်ချဲ့အစိုးရအား လူအိုခွန် ၅ ကျပ်၊ လူပျိုခွန် ၂ ကျပ် ၈

mgyoe.com

ပဲဟု ဆိုသော လူခွန်တော်ကို မပေးလိုကြပေ။ ပေးရန် တရားသည်၊ တာဝန်ရှိသည်ဟုလည်း မယူဆကြပေ။ ထို့ကြောင့် မြန်မာနိုင်ငံ ဂျီစီဘီအေ ဝံသာနုအသင်းချုပ်ကြီး၏ ခေါင်းဆောင်မှုဖြင့် လူခွန်တော် မပေးရေး တိုက်ပွဲကြီးကို ရဲရဲတောက် ဆင်နွှဲခဲ့ကြခြင်း ဖြစ်ပေသည်။

ဤလူခွန်တော် မပေးရေး ပြည်သူ့တိုက်ပွဲကြီးမှာ သာယာဝတီခရိုင်၊ အင်းစိန်ခရိုင်၊ ပြည် ခရိုင်တို့တွင် တစ်ချိန်တည်းလိုလို ပွက်ပွက်ညံမျှ တိုက်ပွဲဆင်ကြရာ အလွန်ကြီးမားညီညွတ်လှသော လူထုတိုက်ပွဲကြီးပင် ဖြစ်လေသည်။ ဤလက်နက်မဲ့ အာဏာဖီဆန်မှု အရေးတော်ပုံကြီးကို နယ်ချဲ့အစိုးရသည် စစ်တပ် ပုလိပ်တပ်များဖြင့် တရကြမ်း နှိမ်နင်းခဲ့လေသည်။ ထို အရေးအခင်းနှင့် ပတ်သက်၍ ထိုစဉ်က မြန်မာနိုင်ငံ ဝံသာနု ဂျီစီဘီအေ အသင်းချုပ်ကြီးက ထုတ်ဝေသော ၁၂၈၉ ခု တပေါင်းလဆန်း ၁၄ ရက် တနင်္ဂနွေနေ့ထုတ် 'ဝံသာနု မြန်မာသတင်းစာကြီး' ၏ ခေါင်းကြီးပိုင်းမှ သတိပေး ကန့်ကွက်ခဲ့ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"သာယာဝတီ၊ အင်းစိန်၊ ပြည် စီရင်စုများ၌ လူခွန်အရေးကိစ္စနှင့် ပတ်သက်၍ ဆူပူလာ ခြင်းများကို ကျွန်ုပ်တို့ သတင်းစာတွင် ဖော်ပြခဲ့ပြီး ဖြစ်သဖြင့် လူတိုင်း သိရှိကြပြီး ဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ထိုအရေးကိစ္စနှင့် ပတ်သက်၍ နယ်သူ နယ်သားများအား အမျိုးမျိုး နှိပ်စက် ညှဉ်းပန်းခြင်းများသည် လွန်စွာ မတရားကြောင်းကို အထူးပြောပြရန် မလိုချေ။ သို့သော် နယ်သူ နယ်သားများသည် ထိုကဲ့သို့ ညှဉ်းပန်းနှိပ်စက်ခြင်းများကို ပမာဏ မပြုဘဲ မတရား ထမ်းဆောင်နေရသော အခွန်ဘေးကြီးမှ လွတ်မြောက်ချမ်းသာ ခြင်းကို လိုလား၍ ယခုကဲ့သို့ ညှဉ်းပန်းနှိပ်စက်ခြင်းကို သည်းခံခဲ့ကြလေသည်။ နောက်ဆုံးအားဖြင့် နယ်သူနယ်သားတို့၏ စိတ်သဘောမှာ မိမိတို့ အသက်ခန္ဓာကိုယ်ပင် အစိုးရတို့က မငဲ့ကွက် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ပစ်စေကာမူ လူခွန် လွတ်ငြိမ်းချမ်းသာခွင့်ရလျှင် ကျေကျေနပ်နပ် သည်းခံကြပေလိမ့်မည်ဟု ယုံကြည်ကြောင်း။

သို့သော် အစိုးရတို့သည် လက်အောက်အမှုထမ်းတို့၏ အစီရင်ခံစာမျှလောက်ကိုသာ ယုံကြည်လျက် ယင်း နယ်သူ နယ်သားတို့သည် သူပုန်ထရန် ကြံစည်အားထုတ်ကြသည်ဟု ထိတ်လန့်ကြောက်ရွံ့လျက် ရှိနေကြခြင်းများမှာ များစွာ အံ့ဖွယ်ရာကောင်းလေသည်။ အမှန်မှာ အစိုးရတို့ လိမ္မာရေးခြား ရှိခဲ့ပါမူ တိုင်းသူပြည်သားတို့သည် တရားသဖြင့် သည်းခံခြင်း၊ လက်နက်ကို ကိုင်ဆောင်တိုက်ခိုက်ခြင်းမှတစ်ပါး အခြား ယုတ်မာသော စားလုံ့ သေနတ်များကို ကိုင်ဆောင်ခုခံကြလိမ့်မည် မဟုတ်ချေ။ ထိုသို့မဟုတ်ဘဲ တရားသဖြင့် ခုခံငြင်းဆန်နေသော နယ်သူ နယ်သားများအား မတရားသဖြင့် နှိပ်စက်ညှဉ်းပန်း

mgyoe.com

ခြင်း တိုးတက်လာခဲ့သော် ပုထုဇဉ်တို့၏ သဘောဓမ္မတာအတိုင်း သည်းခံသောစိတ်ဖြင့် ငြိမ်သက်စွာနေခဲ့ခြင်းတို့သည် တစ်ဟုန်တည်း တိုးတက် ခက်ထန်လာခဲ့သော် များစွာ ကြောက်မက်ဖွယ်ရာ ကောင်းမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အစိုးရတို့ကလည်း မိမိတို့၏ မာနဂုဏ်ကို လျှော့၍ ဆောင်ရွက်ရန်နှင့် တိုင်းသူပြည်သားတို့ကလည်း သည်းခံခြင်းမှ မလွန်မြောက်ကြရန် လေးနက်စွာ သတိပေးရပေကြောင်း"

ဤသည်ကား လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်မှ ဝံသာနု သတင်းစာ ခေါင်းကြီးပိုင်းမှ ကန့်ကွက်သတိပေးချက်ဖြင့် နယ်ချဲ့အစိုးရသည် များစွာ ထိတ်လန့်တုန်လှုပ်ကာ တရကြမ်း နှိပ်ကွပ်ချေမှုန်းခြင်း ပြုခဲ့ကြောင်း ထင်ရှားလှပေသည်။ ပြည်သူတို့၏ တရားသော တိုက်ပွဲတို့ မည်သည် ယာယီဆုတ်ဆိုင်းမှုသာ ရှိနိုင်သည်။ နောက်ဆုံး အောင်ပွဲရသည်အထိ တိုက်ကြ၊ အောင်ပွဲခံကြရသည်ချည်းသာ ဖြစ်သည်ကို ယနေ့ မြန်မာ့လွတ်လပ်ရေးသမိုင်းက သက်သေ ခံနေပေသည်။

ကောင်းစွာ မှတ်မိလျက်ပင် ရှိပါသည်။ ကျွန်ုပ်တို့ ဦးရွှေနှစ်၊ အခု ကျေးရွာ ဝံသာနု အသင်းကို ကျွန်ုပ်တို့၏ ဖခင်က ခေါင်းဆောင်၍ တိုက်နယ် (သာရဝေါတိုက်နယ်) ဝံသာနုအသင်းကြီးဥက္ကဋ္ဌမှာ ထောင်ပြန် ဦးတလုတ်ကြီးပင် ဖြစ်ပါသည်။ အကျိုးဆောင် စက္ကရီတေရီမှာ သာရဝေါမှ လူရည်ချော ဦးလှ (ယခု အဘိုးအိုကြီး သခင်လှ) ဖြစ်ပါသည်။ တိုက်နယ် ဥက္ကဋ္ဌ သံမဏိဝံသာနုကြီး ဦးတလုတ်ကြီးမှာ တကယ်အနစ်နာ အဆင်းရဲခံ၍ ဆောင်ရွက်ခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီးပါပေ။

သူ့အား ဖမ်းဆီး၍ စစ်မြင်းနှင့်တိုက် နှိပ်စက်ပုံ၊ ထောင်ချခဲ့ပုံများမှာ ကျွန်ုပ်တို့ ကလေး ဘဝဌပင် ရှိခဲ့စေကာမူ စိတ်ဝင်စား၍ ကြည်ညို၍ မဆုံးနိုင်အောင် ဖြစ်ခဲ့ရပါသည်။ သူသည် အသားဖြူဖြူ ခပ်ဖိုင့်ဖိုင့် အရပ်ပျပ်ပျပ် နှုတ်ခမ်းမွေး ကားကားကြီးနှင့် ဥပမိရုပ် ကောင်းလှသော မြန်မာကြီး ဖြစ်ပါသည်။

သူသည် ဒနော်ညောင်ကုန်းရွာတွင် နေပါသည်။ ဤ ဒနော်ညောင်ကုန်းရွာ ဆိုသည် မှာ အခြားရွာ မဟုတ်။ ကျေးရူးရှင် အာဇာနည် ဝံသာနုဆရာတော်ကြီး ဦးဝိစာရအား ပုဒ်မ ၁၂၄ (က) အရ အစိုးရအား အကြည်ညို ပျက်အောင် ဟောမှုဖြင့် ဖမ်းဆီးထောင်ချရာတွင် ဝံသာနု တရားပွဲကြီး ဆင်ခဲ့သော ရွာပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဇာတိကျေးရွာနှင့် နှစ်ရွာသာ ခြားပါသည်။

ဝံသာနု ဦးတလုတ်ကြီးမှာ ဆင်းဆင်းရဲရဲနှင့် နေလာရရင်း ကျွန်ုပ်တို့ လူလား မြောက်၍ သခင်ပေါက်စကလေးများ ဖြစ်လာသောအခါ သူသည်လည်း သခင်တလုတ်ကြီး

mgyee.com

mgyoe.com

ဖြစ်နေပေပြီ။ လူငယ် သခင်ကလေးများ၏ လုပ်ငန်းမှန်သမျှကို သခင်တလုတ်ကြီးသည် အိုကြီးအိုမ အရွယ်ကျနေသည့်တိုင်အောင် အောက်ခြေသိမ်း ကူညီဆောင်ရွက် စောင့်ရှောက်ပေးခဲ့ပေသည်။ ၁၉၃၇ ခုနှစ် တို့ဗမာအစည်းအရုံးကြီး ကွဲကြရသောအခါ ကျွန်တော်တို့က သခင်ကိုယ်တော်မှိုင်း နှင့် သခင်မြတို့ ဦးစီးသော သခင်ဂိုဏ်းသို့ ပါသွားခဲ့ပြီး သခင်တလုတ်ကြီးမှာ 'သခင်အစ ဗစိန်ကကွ' ဟု ယုံယုံကြည်ကြည်ကြီး ဟစ်ကြွေးကာ သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့၏ ဂိုဏ်းတွင် ကျန်ရစ်ခဲ့လေသည်။ သူနှင့်အတူ ဆီးဖြူကုန်း ရွာမကြီးမှ သူ၏ ရဲဘော်ရင်း သံမဏိဝံသာနုကြီး ဖြစ်ခဲ့သူ သခင်ဗကျော် (ကျား ဗကျော်) ကြီးမှာလည်း သခင်ဗစိန်တို့ ဂိုဏ်းတွင် တကယ်ယုံကြည်မှုဖြင့် ကျန်ခဲ့လေသည်။ ထိုပုဂ္ဂိုလ်ကြီးများမှာ ကျွန်ုပ်တို့ သခင်ပေါက်စကလေးများကို အမြဲတမ်း ဆဲဆိုကြိမ်းမောင်းမှု ပြုလေ့ရှိသော်လည်း ကျွန်ုပ်သည် မျိုးချစ်စိတ် ရင့်သန်လှသော သခင်တလုတ်ကြီးအား ရွာနီးချင်းလည်း ဖြစ်သဖြင့် ဝါဝင်ဝါထွက်ဆိုသလို အမြဲတမ်း သွား ရောက် ကန်တော့လေ့ ရှိခဲ့ပါသည်။

ထို့အပြင် ကျွန်ုပ်တို့ ပျဉ်းကတိုးကုန်း ကျေးရွာအုပ်စုလုံးဆိုင်ရာ ဝံသာနုအသင်းကြီး၏ ဥက္ကဋ္ဌမှာ ဦးဖိုးခင်ဆိုသူ လယ်သမားကြီးတစ်ဦး ဖြစ်ပါသည်။ သူသည် နာမည်ကျော် အင်္ဂလိပ်အစိုးရ အလိုတော်ရိကြီး တီပီအက်ဘွဲ့ရ သူကြီးဦးရှမ်း၏ ညီအရင်း ဖြစ်ပါသည်။ သူတို့ ညီအစ်ကိုအရင်းတိုက်ပွဲမှာ ညီအစ်ကိုအရင်းတိုက်ပွဲ လုံးဝမဟုတ်ဘဲ အင်္ဂလိပ်နှင့် ဝံသာနုတိုက်ပွဲအသွင်သို့သာ လုံးဝဆောင်ကြဉ်းလေရာ ဝံသာနုအသင်းဝင်များ အားလုံးအတွက် တကယ့် ပွဲကြီးပွဲကောင်း ဖြစ်နေပေသည်။ ထို့အပြင် ဝံသာနုများအတွက် ဇာတိမာန် မျိုးချစ် အားတိုးဆေးကြီး တစ်လက်လည်း ဖြစ်ခဲ့ပေသည်။ ဘွဲ့ရတံဆိပ်ရ သူကြီးဦးရှမ်းသည် ဝံသာနုများ အာဏာဖီဆန်မှု အရေးတော်ပုံကြီးတွင် သူ့ညီအရင်းကို လက်ပြန်ကြိုးတုပ်၍ ဖမ်းကာ ခြေထောက်နှစ်ဖက် နှင့် လက်နှစ်ဖက်ကို ထိတ်တုံးလက်တုံး ခတ်ကာ နေပူစာကျွေးရက်ခဲ့ပေသည်။ ထိုမျှမက တစ်ထွာမျှရှိသော ဓားမတိုတစ်ချောင်းဖြင့် ခါချဉ်ကောင်များ သီးနေသော သရက်ပင်ပေါ်သို့ အတင်းတက်ကာ တစ်ပွေ့တစ်ပိုက်မျှရှိသော သရက်ပင် အကိုင်းကြီးများကို တစ်နေ့လုံး မပြတ်မချင်း ခုတ်စေလေသည်။ ရဲရဲတောက် ဝံသာနုကြီး ဦးဖိုးခင်ကား အသက်သေလိုက သေစေတော့ အဆုံးစွန် အာဏာဖီဆန်ခဲ့လေသည်။ အလျှော့မပေးခဲ့ချေ။ နောက်ဆုံး ထောင်ကျခံသွားခဲ့ပေသည်။

ထိုစဉ်က ကျွန်ုပ်တို့ သာယာဝတီစီရင်စု လက်ပံတန်းမြို့နယ် ဝံသာနုအသင်းချုပ်ကြီး၏ ဥက္ကဋ္ဌမှာ စစ်ကွင်းမြို့ ဦးဖိုးစော (နောင်သောအခါ နာမည်ကျော် သခင်စောကြီး) ဆိုသူ ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ အကျိုးဆောင် စက္ကရီတာရီမှာ မောင်ထွန်းဆိုင် (နောင်သောအခါ

mgyoe.com

နာမည် ကျော် သခင်ထွန်းဆိုင်) ဆိုသူ ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ မြို့နယ် ဒုတိယဥက္ကဋ္ဌမှာ ထောင်ပြန် ဦးဖြူကြီးဆိုသူ ရဲရဲတောက် ပုဂ္ဂိုလ်ကြီးပင် ဖြစ်ပါသည်။ 'ဝံသာနုဘုရင်ခံကြီး' ဟူ၍လည်း ခေါ်ခဲ့ကြပါသည်။ လက်ပံတန်းမြို့နယ် ဝံသာနု အသင်းချုပ် ရုံးအုပ် ဆရာတော်မှာ နာမည်ကျော် ဦးကွာပိန္ဒမိပတိ ဆရာတော်ပင် ဖြစ်ပါသည်။ ထိုနာမည်ဘွဲ့တော်၏ မြန်မာဘာသာပြန် အဓိပ္ပာယ်မှာ 'ရေမြေကို အစိုးရသော အရှင်သခင်' ဟု အနက်ရပါသည်။

ထို့အပြင် ဆီးဖြူကုန်း သာရဝေါနယ်များတွင် အလွန် နာမည်ကြီးသော၊ ရဲရင့်သော ဝံသာနု ဆရာတော်တစ်ပါးလည်း ရှိပါသေးသည်။ ယင်းမှာ ဆရာတော် ဦးဇာနေယျပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ငယ်ငယ်က ဟုမ်းနှင့် ဒိုင်အကွဲတွင် 'ဒိုင်အာခီ တောင်းတဲ့ ပါးစပ်၊ ဦးဇာနေယျ စီးတဲ့ဖိနပ်' ဟူ၍ လူအုပ် လူဝေးကြီးများဖြင့် နယ်တစ်လျှိုး လျှောက်၍ သံချပ်ထိုးပွဲများ လုပ် ကြသည်ကိုလည်း ပြန်လည် သတိရမိပါသေးသည်။

ထိန်တောတိုက်နယ် ဥက္ကဋ္ဌ ရေသပြာရွာနေ ဝံသာနု ခေါင်းဆောင်ကြီး ဦးစံသူ ဆိုသည့် ပုဂ္ဂိုလ်ကြီးလည်း ရှိခဲ့ပေသည်။ ထိုပုဂ္ဂိုလ်ကြီးတွင် စီးမြင်း 'ဖောင်းဝတ်' မြင်းထီးကြီးတစ်ကောင် ရှိပေသည်။ အလွန်လှပ၍ ကျက်သရေရှိလှသော မြင်းဖြူကြီး ဟူ၍ နာမည်ရခဲ့ပေသည်။ လူခွန်တော်မပေးရေး တိုက်ပွဲတွင် အခွန်ငွေ ၅ ကျပ် မပေးမှုဖြင့် အင်္ဂလိပ်အစိုးရသည် ထိုမြင်းကြီးကို မိုးညို မြို့ပိုင်ရုံးသို့ အဓမ္မသိမ်းယူသွားလေသည်။ ကျွန်ုပ်တို့ ပျဉ်းကတိုးကုန်းရွာ၊ ထိန်တော၊ မိုးညိုမြို့နယ် ရွာအားလုံးမှ ဝံသာနုအသင်းသားအသင်းသူ များက ထမင်းထုပ်တစ်ထုပ်၊ ဝါးရင်းတုတ်တစ်ချောင်းဖြင့် ကိုယ်စီယူ၍ မြင်းဖြူကြီး လေလံတင်ပွဲသို့ တက်ရောက် စုဝေးလာကြရာ ကြောက်ခမန်း လန့်ခမန်း လူထုအုံကြွမှုကြီး ဖြစ်ပေါ်လာလေတော့သည်။ ထိုအခါ အင်္ဂလိပ်အစိုးရသည် မည်သူမျှ လေလံဆွဲဝယ်မည့်သူလည်း မရှိရကား လေလံတင်ပွဲကို အရှက်တကွဲ ရုပ်သိမ်းလိုက်ရလေသည်။

ကျွန်ုပ်တို့ ပျဉ်းကတိုးကျေးရွာအုပ်စုတွင် ရဲရဲတောက် ကုမာရီ ဝံသာနု အမျိုးသမီးကြီး ဒေါ်ဖွားလှ ဆိုသူ ရှိခဲ့ပေသည်။ ဝံသာနုများ အာဏာဖီဆန်ရေး တိုက်ပွဲကြီးတွင် စစ်ပုလိပ်များက အမျိုးသမီးများကို ပြောင်လှောင် နှိပ်စက်၍ မခံနိုင်တော့ရကား မြင်းစီးလာသော ရာဇဝတ် ဝန်ထောက် ဦး--- ထံသို့ ရုတ်တရက် ထသွားပြီး မြင်းဇက်ကြိုးကို ဖမ်းကိုင်ကာ ခုံဖိနပ်ဖြင့် တအားခုန်၍ ပါးရိုက် ဆုံးမခဲ့လေသည်။ ထိုသတင်းသည် သာယာဝတီစီရင်စု တစ်ခုလုံးသို့ ဟိုးဟိုးကျော်သွားလေတော့သည်။ ပြည်စီရင်စုတွင် ရဲရဲတောက် ဝံသာနုအမျိုးသမီးကြီး ခုံဖိနပ်ဦးမဲစီးသူ နဝင်းဒေါ်သိန်းတင် (ယခု သခင်မကြီး ဒေါ်သိန်းတင်)

mgyoe.com

ကျော်ကြားသကဲ့သို့ ကျွန်ုပ်တို့ သာယာဝတီ အနောက်ပိုင်းတွင်လည်း ခုံဖိနပ်ရှင် ကုမ္မာရီကြီး ဒေါ်ဖွားလှသည် အလွန်ကျော်ကြား ကြည်ညိုသူ များသွားလေတော့သည်။ ကုမ္မာရီ အမျိုးသမီးကြီး ဒေါ်ဖွားလှသည် ဝန်ထောက် ပါးရိုက်မှုဖြင့် နို့စို့ကလေးငယ်နှင့်အတူ ထောင် ၉ လ ကျသွားခဲ့သည်။

ကျွန်ုပ်တို့ ငယ်စဉ်က မှတ်ရ သားရ ကြုံရသော သာယာဝတီနယ်မှ ဝံသာနုပုဂ္ဂိုလ် အကျော်အမော်များ အမြောက်အမြား ကျန်ပါသေးသည်။ ထိုပုဂ္ဂိုလ်များကား ကျွန်ုပ်တို့၏ နိုင်ငံရေး ကျေးဇူးရှင်၊ လွတ်လပ်ရေး ကျေးဇူးရှင်ကြီးများ ဖြစ်သော တကယ့် နယ်ချဲ့ဆန့် ကျင်ရေး မျိုးချစ်ပုဂ္ဂိုလ်ကြီးများပါပေ။ ဝံသာနု အရေးတော်ပုံကြီးသည် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲကြီး၏ အခြေခံအုတ်မြစ်ကြီးပင် ဖြစ်ပါတော့သည်။ ဝံသာနု အရေးတော်ပုံကြီးမှ ဆရာစံ တောင်သူလယ်သမား လက်နက်ကိုင် အရေးတော်ပုံကြီးကို ပေါက်ဖွားပေးခဲ့ပါ သည်။ ထိုမှတစ်ဖန် ခေတ်သစ် သခင်လူငယ်များ၏ နယ်ချဲ့ဆန့်ကျင်ရေး အရေးတော်ပုံ များကို ဖန်တီးပေးခဲ့ပါသည်။ ဤမှတစ်ဆင့် ကမ္ဘာကျော် ဗမာ့ဖက်ဆစ်တော်လှန်ရေးကြီးကို ပေါက်ဖွားပေးပြန်၍ မြန်မာ့လွတ်လပ်ရေး ဗိမာန်ကြီးနှင့် မြန်မာ့လက်နက်ကိုင် တပ်မတော် ကြီးကို ထူထောင်နိုင်ခဲ့ကြပြန်ခြင်း ဖြစ်လေသည်။ ဤသို့သော ပစ္စည်းပစ္စယများကြောင့် ကျေးဇူးရှင် ဝံသာနုကြီးများကို အဘယ်သို့ မေ့၍ရနိုင်ပါမည်နည်း။

ကျွန်ုပ်သည် ဝံသာနုမျိုးရိုး မိသားစုမှ ဆင်းသက်၍ ငယ်စဉ်ကပင် နယ်ချဲ့ဆန့်ကျင် ရေး တိုက်ပွဲများကို မျက်မှောက်ပြုလာခဲ့ရကား နယ်ချဲ့ဝါဒ၊ ကိုလိုနီဝါဒကို အရိုးစွဲအောင် မုန်းတီး နေမိပြီး ဖြစ်ပေသည်။ ဆရာစံသူပုန် အရေးတော်ပုံကြီး ဖြစ်လာသောအခါ၌လည်း ကျွန်ုပ်၏ ဖခင်၊ ဦးလေး၊ ဦးကြီး၊ အစ်ကိုကြီး စသည့် ရွာသားများ ဆေးထိုးကြပုံ၊ ဓားသွေး ကြပုံ၊ သူပုန် အရန်တပ်များ စည်းရုံးကြပုံ၊ ညဉ့်နက်သန်းခေါင်တွင် ကျွန်ုပ်တို့၏ အိမ်နောက် ဖေး နွားတဲကြီးအတွင်းတွင် မြေမြှုပ်ထားသော ရာဝင်အိုးကြီးများ အတွင်းသို့ ရွာသားများ တိတ်တဆိတ် ဆန်များ လာထောင်းကြပုံ၊ တောင်ပေါ် သူပုန်များကို ဧရာဝတီမြစ်စောင်းမှ ငွေနှင့် စားနပ်ရိက္ခာများကို ထင်းတော၊ ဝါးတောတက် လှည်းများအသွင်ဆောင်ကာ သွား ရောက် ပို့ဆက်ကြပုံ စသည်များကို ယခုတိုင် မြင်ယောင်ဆဲရှိနေပါသည်။ ထိုမှတစ်ဖန် အကြောင်း တိုက်ဆိုင်ပြန်ပြီး သုံးဆယ်မြို့ ဖားကူးဆရာတော်ကြီးနှင့်အတူ ကပ္ပိယ ကျောင်း သားအဖြစ် သာယာဝတီထောင်ကြီးအတွင်း ဝင်၍ ကြိုးပေးခံရခါနီးဆဲဆဲ သူပုန်ခေါင်း ဆောင်များကို ကြိမ်ဖန်များစွာ သွားရောက် သရဏဂုံတင်ပေးခဲ့ရသည်များကိုလည်း တွေ့ကြုံရပြန်လေသည်။ ဤတွင် တောင်သူလယ်သမား သူပုန်ကြီးများအား ကြိုးတိုက်များ

mgyoe.com

အတွင်း နှိပ်စက်ညှဉ်းပန်းထားပုံ၊ ကြိုးမိန့်ချပုံ၊ သတ်ခါနီးဆဲဆဲ သရဏဂုံ တင်ရပုံ၊ ရဲရဲတောက် မှာကြားပုံ၊ ဆုတောင်းဆုယူကြပုံ၊ နောက်တစ်နေ့ ထောင်ဘူးဝတွင် အလောင်းကောင်များ အဖြစ်နှင့်သာ တွေ့ရတော့ပုံ။ ဤအဖြစ်ဆိုး စနစ်ဆိုးများကိုလည်း ကျွန်ုပ်သည် ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ် ကျောင်းသားဘဝတွင်ပင် ထိခိုက်နာကြည်းစွာ တွေ့ခဲ့ရပြန်လေသည်။

ကျွန်ုပ်သည် ဤရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည် ရေးသားရာ၌ ကိုယ်ရည်သွေးရန် လုံးဝမရည်ရွယ်ပါ။ ကိုယ်ရည်သွေးရန် အကြောင်းလည်း လုံးဝမရှိပါ။ ဤအမှာစာတွင် ကျွန်ုပ် ဆွဲယူချမှတ်လိုသော ကောက်ချက်တစ်ခု ရှိပါသောကြောင့်သာ ဖြစ်ပါသည်။ ထိုကောက် ချက်မှာ အခြားမဟုတ်ပါ။ ကျွန်ုပ်တို့ တိုင်းပြည်ကြီး ရေတိမ်နစ်၍ ကျွန်ဖြစ်ခဲ့ရသည်မှာ ကမ္ဘာ အရင်းရှင်ဝါဒ၊ နယ်ချဲ့ဝါဒကြောင့်သာ ဖြစ်ရသည်။ ကျွန်ုပ်တို့ တိုင်းပြည်ကြီး နှစ်ပေါင်းများစွာ ကျွန်ဘဝ ရောက်ခဲ့သည်မှာ ကမ္ဘာ့အရင်းရှင်ဝါဒ၊ နယ်ချဲ့ဝါဒကြောင့်သာ ဖြစ်ရသည်။ ဤသို့ သော ကြွေးတင်ကျွန်ဖြစ် ဆင်းရဲတွင်းနစ်ခဲ့ရသော ကျွန်ဘဝမှ အသက်သွေးများ သွန်းလောင်း ပူဇော်၍ ရန်းကန်တိုက်ခိုက်ခဲ့ရသည့် ရန်သူမှာလည်း ကမ္ဘာ့အရင်းရှင်ဝါဒ၊ နယ်ချဲ့ဝါဒပင် ဖြစ် ခဲ့ပါသည်။ ကျွန်ုပ်တို့ တိုင်းပြည်ကြီး နိုင်ငံရေးအရ လွတ်လပ်ရေးရပြီးနောက် စီးပွားရေး လူမှုရေး တိုးတက်ဖွံ့ဖြိုးရန် ရုန်းကန်ရပြန်သောအခါ အမျိုးမျိုး တားဆီးနှောင့်ယှက်နေပြန်သည့် ရန်သူမှာလည်း ကမ္ဘာ့အရင်းရှင်ဝါဒနှင့် နယ်ချဲ့ဝါဒ ဖြစ်ပြန်လေသည်။

ထို့ကြောင့် ကျွန်ုပ်၏ တစ်သက်တာ ကောက်ချက်မှာ မိမိတို့ တိုင်းပြည်ကို မိမိတို့ ချစ် မြတ်နိုးသူတိုင်း ကမ္ဘာ့အရင်းရှင်ဝါဒနှင့် နယ်ချဲ့ဝါဒကို အရိုးစွဲအောင် မုန်းတီးရမည် ဟူသော ယုံကြည်စွဲမြဲချက်ကြီးပင် ဖြစ်ပါသည်။

အလျဉ်းသင့်၍ ဆက်ဆိုရသော် ကျွန်ုပ်သည် ၁၉၃၆ ခု ကျောင်းသားသပိတ်မှစ၍ နိုင်ငံရေးနယ်ထဲသို့ တောက်လျှောက် ဝင်ရောက်လာရာ နိုင်ငံရေးခေါင်းဆောင် အတော်များများကို ဆရာတင်ခဲ့ရပါသည်။ ကျွန်ုပ်သည် ကျေးလက်လူထု အတွင်းတွင် ဆင်း၍ စည်းရုံးလုပ်ဆောင်ရသော လုပ်ငန်းများကို အလွန်နှစ်သက်ခဲ့ပါသည်။ ဤသို့ဖြင့် နောက်လိုက်ကောင်းတစ်ယောက်အဖြစ် နယ်မှာသာ တစ်သက်လုံး ပျော်ခဲ့ပါသည်။ စစ်ကြီးပြီး၍ ရန်ကုန်မြို့တွင် ဖဆပလအဖွဲ့ချုပ်ကြီးကို မြေပေါ်တွင် စတင်ထူထောင်ကြသောအခါမှသာ ခေါင်းဆောင်ကြီးများက ခေါ်ယူ၍ ရန်ကုန်ဌာနချုပ်ဆိုသည်ကို ကျကျနန ရောက်ဖူးပါသည်။ ဤတွင်မှ ပါတီပေါင်းစုံတို့မှ ခေါင်းဆောင်ပေါင်းစုံ ဆရာပေါင်းစုံကို လက်တွေ့

 mgyoe.com 

မြင်ရ ဆက်ဆံရဖူးပါသည်။

မည်သည့် ခေါင်းဆောင်ကိုပင် ဆက်ဆံရ ဆက်ဆံရ၊ ကျွန်ုပ်တွင် အကောင်းဆုံးသော မှတ်ကျောက်တစ်ခု ရှိပါသည်။ ထိုမှတ်ကျောက်မှာ ကျွန်ုပ်၏ အရိုးတွင် စွဲနေသော ကမ္ဘာ့အရင်းရှင် ဝါဒ၊ နယ်ချဲ့ဝါဒ ဆန့်ကျင်ရေး မှတ်ကျောက်ပင် ဖြစ်ပါသည်။ မည်သည့် ခေါင်းဆောင်နှင့်ပင် ဆက်ဆံရ ဆက်ဆံရ၊ ကျွန်ုပ်သည် ထိုမှတ်ကျောက်နှင့်ပင် တိုင်းလိုက်ပါသည်။ ကျွန်ုပ်၏အတွေ့အကြုံနှင့် ဉာဏ်မီသမျှ တိုင်းလိုက်နိုင်ခြင်းကိုသာ ဆိုလိုပါသည်။ ၁၉၄၈ ခုနှစ်အထိ တွေ့ရသော မည်သည့်ခေါင်းဆောင်ကိုမဆို ဤမှတ်ကျောက်နှင့် တိုင်းလိုက်ရလျှင် အနည်းနှင့်အများ ရေချိန်မီသလို တွေ့ရပါသည်။ လုံးဝရေချိန် မကိုက်တော့သော ခေါင်းဆောင်အချို့ကိုလည်း ၁၉၄၆၊ ၄၇၊ ၄၈ တို့တွင် တွေ့ခဲ့ရပါသည်။ ယင်းတို့မှာ ဗြိတိသျှနယ်ချဲ့ဝါဒ မြန်မာပြည်သို့ ပြန်အရောက်တွင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲနေသော ဖဆပလ တပ်ပေါင်းစုအား ပုန်ကန်၍ နယ်ချဲ့ဘုရင်ခံ ဒေါ်မန်စမစ်၏ အလိုတော်ရိ အစိုးရအဖွဲ့၊ ဥပဒေအဖွဲ့အတွင်းသို့ ခြေစုံပစ် ဝင်သွားကြသော ခေါင်းဆောင်တချို့ပင် ဖြစ်ပါသည်။ ယင်းတို့သည် တစ်ချိန်က သူ့ခေတ်နှင့်သူ ရဲရဲတောက်တွေ ဖြစ်ခဲ့ဖူးပါသည်။

၁၉၄၈ ခုနှစ် သည်မှာဘက်၌ လွတ်လပ်သော မြန်မာနိုင်ငံကို ထူထောင်ကြသောအခါ ကျွန်ုပ်သည် ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ် ခေါင်းဆောင်ဟောင်းကြီး ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်တင် စသည်တို့နှင့် မြန်မာပြည် ဆိုရှယ်လစ်ပါတီတွင် ရှိနေခဲ့ပါသည်။ ဖက်ဆစ်တော်လှန်ရေး ပြီးစကမူ ကျွန်ုပ်သည် ဂျပန်ဖက်ဆစ်များ ခေါ်သွားသော ခေါင်းဆောင်ကြီး သခင်မြ ပြန်အလာတွင် သူ့ထံ ခွင့်ပန်၍ ကွန်မြူနစ်ပါတီကို ဝင်ပါမည်ဟု ထိုစဉ်က သာယာဝတီခရိုင် ကွန်မြူနစ် စည်းရုံးရေးမှူးများ ဖြစ်သော သခင်ခင်အောင်နှင့် ကိုထွန်းတို့အား ကတိပေးခဲ့ဖူးပါသည်။ ကျွန်ုပ်သည် သဘောတရား မဖက်သော်လည်း ကမ္ဘာ့အရင်းရှင်ဝါဒနှင့် နယ်ချဲ့ဝါဒကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက်မည့် ပါတီမှာ မြန်မာပြည် ကွန်မြူနစ်ပါတီသာ ဖြစ်သည်ဟု ယုံကြည်ခဲ့ပါသည်။

ခေါင်းဆောင်ကြီး သခင်မြ ပြန်လာ၍ တိုင်ပင်သောအခါ "ကိုယ်တို့ လူတွေတော့ ကွဲ ကုန်ကြပြီ။ နောင်ကို ပြန်စေ့စပ်လို့လွယ်အောင် ကိုကျော်ငြိမ်း၊ ကိုဗဆွေ၊ ကိုလှမောင်တို့နဲ့ အတူလုပ်ကြမှဖြစ်မယ်။ မကြာပါဘူးကွာ။ ပြန်ညီညွတ်ကြမှာပါပဲ။ သခင်ချစ်မောင်တို့တွေလည်း ကိုယ်နဲ့ အတူလုပ်ကြပါ" ဟု ခေါင်းဆောင်ကြီး သခင်မြက ညွှန်ပြပြောဆိုပါသည်။ သို့ဖြင့် ကျွန်တော်တို့ သာယာဝတီခရိုင်မှ ရဲဘော်များ အားလုံးလိုလိုပင် သခင် ခင်အောင်မှ

mgyoe.com

တစ်ပါး သခင်မြနှင့်အတူ ဆိုရှယ်လစ်ပါတီတွင် ဝင်ရောက်ဆောင်ရွက်ခဲ့ကြပါသည်။ ထိုစဉ်က မြန်မာပြည် ကွန်မြူနစ်ပါတီ၏ လက်တွေ့လုပ်ရပ်တွေကို ကြည့်ရသည်မှာလည်း အမြီးရော အမောက်ပါ ထောင်ပြကာ ဂိုဏ်းဂဏဝါဒ ပြင်းထန်နေသော အချိန်အခါလည်း ဖြစ်နေပါသည်။

ခေါင်းဆောင်ကြီး သခင်မြနှင့် သခင်အောင်ဆန်း စသော အမျိုးသားခေါင်းဆောင်ကြီးများ ကွယ်လွန်ကုန်ကြပြီးနောက် ၁၉၄၉၊ ၅၀ ခုနှစ် အပိုင်းများသို့ ရောက်လာသော အခါ ဆိုရှယ်လစ်ပါတီသည် ကွန်မြူနစ်ပါတီနှင့် ကွန်မြူနစ်ဝါဒကို တိုက်ခိုက်ချေမှုန်းရန် အတွက် ကမ္ဘာ့အရင်းရှင်ဝါဒ၊ ကမ္ဘာ့နယ်ချဲ့ဝါဒနှင့် ပြန်လည် ယဉ်ပါးလာချင်သလိုလို တွေ့ထိလာရပါသည်။ ထိုနယ်ချဲ့နှင့် ပြန်လည် ယဉ်ပါးလာရေးကို ခေါင်းဆောင်လာသူ များမှာ ဘီအေဘွဲ့ကို ပြန်အပ်ခဲ့သော ကျွန်ုပ်တို့၏ ကျောင်းသား သပိတ်ခေါင်းဆောင် ဟောင်း ဦးနုနှင့် ဦးကျော်ငြိမ်းတို့ နှစ်ဦးဖြစ်နေကြောင်း ကျွန်ုပ် အံ့အားသင့်စွာ တွေ့ရှိလာ ရပါသည်။ စိတ်ပျက်စ ပြုလာပါသည်။

ထိုစဉ်က ကျွန်ုပ်၏ဆန္ဒကို ဆိုရှယ်လစ်ပါတီ အမှုဆောင်အတွင်းတွင် ဖွင့်ဟ ပြောဆိုခဲ့ဖူးပါသည်။ မြင်နေရသည်မှ ကွန်မြူနစ်ပါတီကလည်း အမျိုးသားခေါင်းဆောင် ကြီး ဗိုလ်ချုပ် အောင်ဆန်းကို စွန့်ပစ်ရှုတ်ချခဲ့ပုံ၊ လွတ်လပ်ရေး တိုက်နေသော ဖဆပလ တပ်ပေါင်းစုမှ ခွဲထွက်၍ တပ်ပေါင်းစုကိုပင် ပြန်တိုက်နေပုံ၊ ပါးစပ်က နယ်ချဲ့ဆန့်ကျင်ရေးဆို သော်လည်း လက်တွေ့က ဖဆပလ တိုက်ဖျက်ရေး ဖြစ်လာပုံ၊ ခေါင်းဆောင်ကြီးများ ကျဆုံးရာတွင် ကွန်မြူနစ်ပါတီက အနစ်နာခံ၍ အမျိုးသားညီညွတ်ရေးကို ရှေ့ဆောင် မတည်ဆောက်နိုင်ခဲ့ပုံ၊ ထို့နောက် ဗားကရာ ချောက်ကြီးကို ဆိုရှယ်လစ် အလောင်းများ နှင့်ပင် ဖို့ပစ်မည်ဟု ကြိမ်းဝါးပုံ၊ ထို့နောက် ကွန်မြူနစ်တို့ အစုလိုက် အပြုံလိုက် အဖမ်းခံရ ပြီးနောက် တောတွင်းသို့ မောင်းချခံရပြန်သောအခါ ဗမာပြည် ကွန်မြူနစ်ပါတီသည် ငြိမ်းချမ်းရေး ညီညွတ်ရေးကို တံခွန်ထူ၍ ဒီမိုကရေစီ ခံစစ်အဖြစ်ဖြင့် ပြန်လည်ခုခံရမည့် အစား 'ငနု အရှင်ဖမ်းရေး' ကြွေးကြော်သံဖြင့် အာဏာသိမ်း စစ်အဖြစ် တိုက်ကြပုံ စသည် များကြောင့် ကျွန်ုပ်၏ စိတ်တွင် ကျွန်ုပ်တို့ ဆိုရှယ်လစ်များသည် ကွန်မြူနစ်များနှင့် မလွဲမရှောင်သာ စစ်ခင်းရတော့မည်ဟု ယုံကြည်လာပါသည်။ ကျွန်ုပ်တို့ အတွင်းမှ ရှေ့တန်း ခေါင်းဆောင်ကြီးအချို့မှာလည်း တိုင်းပြည်ကို ပေါင်၍ တိုက်ရလျှင်လည်း တိုက်မည်၊ ကွန်မြူနစ်ပါတီနှင့်ကား ဘယ်သောအခါမှ မစေ့စပ်စတမ်း ချေမှုန်းရလိမ့်မည်ဟု အဆိုပြုနေကြပါသည်။ မှတ်မိနေသေးသော ၎င်းတို့၏ စကားအရဆိုလျှင် ကွန်မြူနစ်ပါတီ

 mgyoe.com 

နှင့် တိုက်၍ အောင်ပွဲရလိုလျှင် Compromise and Carruption ဆိုတဲ့ (C) နှစ်လုံးကို ရှောင်ကြဉ်ရမည်ဟု ဆိုလေ့ရှိခဲ့ပါသည်။ အဓိပ္ပာယ်မှာ ကွန်မြူနစ်ဆန့်ကျင်ရေးဘက်မှ ဘယ်တော့မှ မစေ့စပ်နဲ့၊ ဘယ်တော့မှ လာဘ်စားမှုတွေနဲ့ ကိုယ့်ဘက်ကလူတွေ အကျင့်မပျက်စေနဲ့ဟု ဆိုပါသည်။ ဤသို့လျှင် ကွန်မြူနစ်ကို မုချနိုင်ရမည်ဟု ဆိုလိုပါသည်။

ထိုစဉ်က ဖွင့်ဟပြောဆိုခဲ့ဖူးသော ကျွန်ုပ်၏ ဆန္ဒမှာ ကွန်မြူနစ်များနှင့် မလွဲမရှောင်သာ စစ်ခင်းရလျှင် စည်းနှစ်ချက်ချရန် လိုသည်ဟု ယူဆပါသည်။ **ပထမစည်းမှာ နယ်ချဲ့သမား၏ အကူအညီ၊ နယ်ချဲ့သမားနှင့် ပေါင်း၍ မတိုက်ရန်နှင့် ဒုတိယစည်းမှာ ကွန်မြူနစ်ပါတီ၏ နိုင်ငံရေး လမ်းစဉ်ကိုသာ တိုက်၍ ကမ္ဘာ့ကွန်မြူနစ်ဝါဒကို မတိုက်မိရန် ဖြစ်ပေသည်။**

ကျွန်ုပ်ကား ဆိုရှယ်လစ်ပါတီ အတွင်းတွင် ကွန်မြူနစ်ပါတီနှင့် မလွဲမရှောင်သာ တိုက်နေရလျှင် ဤစည်းနှစ်ချက်ဖြင့်သာ တိုက်လိုသည်။ အဘယ့်ကြောင့်ဆိုသော် နယ်ချဲ့နှင့် ပေါင်း၍ ကွန်မြူနစ်ဝါဒကို တိုက်သော နိုင်ငံရေး အင်အားစုတိုင်း မည်သို့ဖြစ်တတ်သည်ကို ကျွန်ုပ်တို့၏ ကမ္ဘာ့နိုင်ငံရေးသမိုင်းများက အလွယ်ဆုံး သက်သေခံထားပြီး ဖြစ်နေသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဉာဏ်မီသမျှ မိမိ၏ အတွေ့အကြုံအရ ဤဆန္ဒကို အခါအခွင့်သင့်တိုင်း ဆိုရှယ်လစ်ပါတီအတွင်းတွင် ဖွင့်ဟ ပြောဆိုခဲ့ဖူးပါသည်။

၁၉၅၀ ခုနှစ်သို့ ရောက်သောအခါ ကျွန်ုပ်တို့၏ ဆိုရှယ်လစ်ပါတီ ရှေ့တန်းခေါင်းဆောင်အချို့သည် ဖဆပလ ဦးနုနှင့် ပေါင်း၍ အမေရိကန် အီးစီအေ ကိစ္စ၊ တီစီအေ ကိစ္စ၊ ကိုရီးယား ကိစ္စ၊ အမေရိကန်နှင့် အင်္ဂလိပ် နှစ်ဦးအကြားမှာသာ ဗျာများနေရသော ကြားနေရေးဝါဒ ကိစ္စ စသည်တို့ဖြင့် နယ်ချဲ့နှင့် ပေါင်းစပ်၍ ကွန်မြူနစ်ပါတီသာမက ကွန်မြူနစ်ဝါဒကိုပါ အပြတ်အသတ် ချေမှုန်းရန် တိတိလင်းလင်း ပြင်ဆင်လာလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ရဲဘော်များသည် အပြစ်ကင်းစင်စွာဖြင့် နိုင်ငံရေး လမ်းကြောင်းအရသာ ၁၉၅၀ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် သီကွဲ့ရှိရှိ လမ်းခွဲလာခဲ့ကြခြင်း ဖြစ်ပေသည်။

ဤအခါမှစ၍ ကျွန်ုပ်တို့သည် ၁၉၆၄ ခု မတ်လ ၂၈ ရက်နေ့အထိ ဆယ့်လေးနှစ်သော ကာလပတ်လုံးတွင် များစွာအနစ်နာခံကြကာ မှေးမှိန်နေသော နယ်ချဲ့ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးနှင့် အမျိုးသားညီညွတ်ရေးအလံတော်ကို မလှဲတမ်း လွှင့်ထူခဲ့ကြခြင်း ဖြစ်ပါသည်။ ကျွန်ုပ်သည် ပုဂ္ဂိုလ်တစ်ယောက်အဖြစ်ဖြင့် ဤကာလတစ်လျှောက် ဤအလံတော်ကို လွှင့်ထူခဲ့ရခြင်း ကြောင့် မည်မျှပင် အနစ်နာခံ၍ ဆောင်ရွက်ခဲ့ရသည်တိုင်အောင် တွေးလိုက်တိုင်း ပီတိဖြစ်၍ နေပါသည်။ ဆပ်သင့်သော ရာဇဝင်ကြွေးကို ပေးဆပ်ခဲ့ရပေပြီ

mgyoe.com

ဟုလည်း ဂုဏ်ယူမိပါသည်။

အမှန်မှာ ကျွန်ုပ်သည် ယခု စာအုပ်ဖြစ်သော 'လွတ်လပ်ရေး ရပြီးနောက်' ဆိုသည်ကို မူလကရေးရန် မရည်ရွယ်ခဲ့ပါ။ ရည်ရွယ်ရင်းမှာ အားလပ်နေသော ယခုလို ကာလတွင် 'ကျွန်ုပ် တို့၏ ၁၄ နှစ် သက်တမ်း အတိုက်အခံဘဝ' ကို ဝတ္ထုမက သမိုင်းလည်းမကျ စိတ်ဝင်စားဖွယ် အကျယ်ရေးသား ပြုစုရန် အချက်အလက်များ စုဆောင်းနေခြင်းသာ ဖြစ်ပါသည်။ ဤသို့ စုဆောင်းနေရင်း တိုက်တွန်းသူများ ရှိလာသည်နှင့် ရှေ့ပြေးသဘော ဤသုံးသပ်ချက် စာတမ်း ကို အကျဉ်းမျှ ရေးသားထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

အဓိက ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ အသက်ပေး ထူထောင်ခဲ့ရသော အမျိုးသား လွတ်လပ်ရေး သက်တမ်း ၂၀ နီးပါးကို မြေပေါ်မြေအောက် အာဏာရှိ အာဏာမဲ့ ရဲဘော် ဟောင်း ရဲဘော်သစ်များ အားလုံး ဘယ်အခြေ ဆိုက်နေသည်ကို ပြန်လည်ဆန်းစစ်ကြရာ၌ မဆိုသလောက်ဖြစ်စေ အကူအညီပေးရန်သာ ဖြစ်ပါသည်။ ထို့ထက်မပိုရိုး အမှန်ဖြစ်ပါသည်။

ကျွန်ုပ်ထပ်၍ ဆိုချင် မှာချင်သောအရာမှာ မြန်မာပြည်၏ အမျိုးသား လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးကို ချစ်မြတ်နိုးပါသည်ဟုဆိုလျှင် ကမ္ဘာ့အရင်းရှင် ဝါဒနှင့် နယ်ချဲ့ဝါဒကို မုန်းတီးရွံရှာမည့်သူ ဖြစ်ရပါမည်။ ကမ္ဘာ့အရင်းရှင်ဝါဒ၊ နယ်ချဲ့ဝါဒ နှင့် ပူးပေါင်း၍ အမျိုးသား လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးကို ကာကွယ် ထူထောင်ပါမည်ဟု အကြင်သူသည် ဆိုငြားအံ့ ထိုသူသည် လူလိမ်ကြီး စင်စစ်သာ ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်၏ဆန္ဒပြုချက်မှာ ကျွန်ုပ်တို့ ချစ်မြတ်နိုးလှသော မြန်မာပြည်သည် ပြည်တွင်းပြည်ပ အခြေအနေ အရပ်ရပ်တို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဆိုရှယ်လစ်ရေး တံခွန်ကို ပြည့်ပြည့်ဝဝ မြင့်မြင့်မားမားကြီး မထူထောင်နိုင်သေးသည့် တိုင်အောင် လမ်းစဉ်အရ ပြည်တွင်းရေးတွင် ကမ္ဘာ့အရင်းရှင်ဝါဒ လမ်းကြောင်းမှ စနစ်တကျ ခွဲထွက်၍ ပြည်ပရေး တွင် တိကျဖျတ်လတ်သော ကြားနေရေးဝါဒနှင့်အညီ နယ်ချဲ့ဆန့်ကျင်ရေး လမ်းကြောင်း ပေါ်တွင် မတ်မတ်ကြီး ရပ်တည်နိုင်ပါစေဟု အလေးအနက် ဆန္ဒပြုလိုက်ပါကြောင်း။

ရက်စွဲ။ ၁၊ ဒီဇင်ဘာ၊ ၁၉၆၆

**သခင်ချစ်မောင် (သာယာဝတီ)**
ခြံနံပါတ် ၃၄၊ ရွှေတောင်ကြားလမ်း၊
ရန်ကုန်မြို့။

mgvne.com

mgyoe.com

mgyoe.com

mgyoe.com

## နိဒါန်း
## (က) ကာလပိုင်းခြားမှု

မြန်မာ့လွတ်လပ်ရေးခေတ် နိုင်ငံရေးသမိုင်းမှာ ၁၉၄၈ ခုမှ ၁၉၆၆ ခုနှစ်အထိ ၁၈ နှစ်မျှ သက်တမ်း ရှိလာပေပြီ။ ယင်းကို အကျဉ်းချုပ် ပြန်လည်စိစစ်ရာ၌ ကာလငယ်များ ပိုင်းခြားမှုသည် လိုအပ်ပေသည်။ မည်သို့ ပိုင်းခြားမည်နည်း။ နိုင်ငံရေး၊ စီးပွားရေး စသည့် အထွေထွေ မှတ်သားဖွယ်ရာ အဖြစ်အပျက်များကို အကြောင်းအချက် တူရာ တူရာ စုစည်း၍ ပိုင်းခြားမည်လော၊ သို့မဟုတ် လွတ်လပ်သော မြန်မာနိုင်ငံအား ရာဇဝင်က ပေးအပ်လာသော ပကတိလမ်းကြောင်းကြီးပေါ်တွင် အဖြစ်အပျက်များနှင့် ဆက်စပ်၍ ကာလပိုင်းခြားမည်လော။ ဤနည်းနှစ်နည်းအနက် ဒုတိယနည်းသည် မှန်ကန်သည်ဟု ယူဆပေသည်။ အဘယ်ကြောင့်ဆိုသော် ပထမနည်းသည် အဖြစ်အပျက်များကို အဖြစ်အပျက်များ အဖြစ်သက်သက် ရာဇဝင် ပုံပြင်သဘော ပြန်လည်ပြောပြခြင်းမျှသာဖြစ်၍ ဒုတိယနည်းကသာ ရုပ်ဝတ္ထုက ပေးအပ်လာသော သမိုင်းလမ်းကြောင်းပေါ်တွင် အဖြစ်အပျက်များကို ရာဇဝင် ရုပ်ပိုင်းအရ တွက်စစ်၍ ဖော်ပြခြင်းဖြစ်ပေသည်။ သို့မှလည်း သမိုင်းလမ်းကြောင်းနှင့် အဖြစ်အပျက်များကို မှန်ကန်စွာ ပေါင်းစပ်ရာရောက်၍ ကာလငယ်များ ပိုင်းခြားမှုတွင်လည်း တိကျခြင်း ဖြစ်ပေလိမ့်မည်။

သာဓကအားဖြင့် မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှတို့၏ ကိုလိုနီထမ်းပိုးကို ခါချပြီးသည်နှင့် တစ်ပြိုင်နက် ရာဇဝင် ရုပ်ဝတ္ထုက ပေးအပ်လာသော သမိုင်းလမ်းကြောင်း တစ်ရပ်သည် ဖြစ်ပေါ်လာပေသည်။ ယင်းသည် ပြည်တွင်းပြည်ပ အခြေအနေများ

mgyoe.com

 mgyoe.com 

အားလုံးနှင့်လည်း ကိုက်ညီပေသည်။ ထိုသမိုင်းလမ်းကြောင်း၏ အနှစ်သာရမှာ ၁။ လွတ်လပ်ရေးကို စစ်မှန်စွာ ထိန်းသိမ်းကာကွယ်ရေးအတွက် အမှီခိုမကင်း ဖြစ်နေသော အရင်းရှင်နယ်ချဲ့၏ အခြေခံစခန်းများနှင့် မြေရှင်ပဒေသရာဇ်စနစ် အကြွင်းအကျန်များကို ဖျက်သိမ်းရမည်။ ၂။ ကမ္ဘာဟောင်း စနစ်ဟောင်းမှ လမ်းခွဲသောအားဖြင့် အရင်းရှင်စနစ် မဟုတ်သော တိုးတက်သော ဖြစ်ပေါ်ရေး လမ်းကြောင်းကို ထူထောင်ရမည်။ (ဝါ)အမျိုးသား ဒီမိုကရေစီ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး စနစ်မျိုးကို ထူထောင်ရမည်။ ၃။ နောက်ဆုံး သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ၏ လမ်းညွှန်မှုဖြင့် ဆိုရှယ်လစ် လမ်းကြောင်းသို့ ဆက်လက်ချီတက်ရမည်။ ဤသည်တို့မှာ ပြည်သူတို့အတွက် အနာဂတ် ခေတ်သစ်တစ်ရပ်ကို ထူထောင်ရန်အတွက် လွတ်လပ်စဖြစ်သော မြန်မာနိုင်ငံအား ရာဇဝင်ဝတ္ထုမှ မုချပေးအပ်လာသော တာဝန်ကြီးများ ဖြစ်ပေသည်။

လွတ်လပ်ရေးကို ချစ်မြတ်နိုးသူတိုင်း ပြည်သူတို့၏ ဘဝကို ရာဇဝင်ကြွေး ဆပ်သောအားဖြင့် မြှင့်တင်လိုသူတိုင်း ဤလမ်းကြောင်းကို သစ္စာရှိစွာ လိုက်နာလုပ်ဆောင်ကြရမည်။

ထို့ကြောင့် လွတ်လပ်ရေးခေတ်ကို ကာလပိုင်းခြားရာ၌ အဖြစ်အပျက်များနှင့် တကယ်ပေးအပ်လာသော သမိုင်းလမ်းကြောင်းတို့ အဘယ်ပုံ ကင်းကွာမှု၊ ဆက်စပ်မှု၊ (ဝါ) တူညီမှု၊ ဆန့်ကျင်မှု ရှိသည်များကို သတ္တုချ၍ ပိုင်းခြားခြင်းသည်သာ သိပ္ပံနည်းကျလိမ့်မည်ဟု ယူဆပေသည်။

ဤနည်းဖြင့် ပိုင်းခြားအပ်သော ကာလငယ်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

၁။ ၁၉၄၈–၅၀။ ။ အမျိုးသား လွတ်လပ်ရေး တိုက်ပွဲဝင် အင်အားစုများ၏ ညီညွတ်ရေး ပြိုကွဲခြင်းနှင့် ပြည်တွင်းစစ် အစ။

၂။၁၉၅၀–၅၆။ ။ လမ်းကြောင်း နှစ်ရပ် ခြားနားစွာ ဖြစ်ပေါ်လာခြင်း။

၃။ ၁၉၅၆–၆၀။ ။ အာဏာရ အရင်းရှင် လူတန်းစားအတွင်း ပဋိပက္ခများ နက်နဲလာခြင်း။

၄။ ၁၉၆၀–၆၂။ ။ ပြည်သူတို့၏ ဒီမိုကရေစီ အုံကြွမှုကြီးနှင့် အာဏာ ပြန်လည်ရရှိသော အရင်းရှင် လူတန်းစား ကိုယ်စားလှယ်များ၏ သွေးဖည်မှုကြီး။

၅။ ၁၉၆၂–၆၆။ ။ ဗမာ့ တပ်မတော်၏ 'တော်လှန်ရေးအာဏာ' ထူထောင်ခြင်းနှင့် ဆိုရှယ်လစ် လမ်းကြောင်းသို့ ချီတက်ရန် ကြိုးပမ်းခြင်း။

mgyoe.com

## (ခ) ပိုင်းခြားအပ်သော ကာလငယ်များအရ ဆန်းစစ်ဝေဖန်ခြင်း

မြန်မာ့လွတ်လပ်ရေးခေတ် သက်တမ်း ၁၈ နှစ် (၁၉၄၈–၆၆) အား သမိုင်းလမ်းကြောင်းနှင့် အဖြစ်အပျက်များအရ ကာလငယ် ၅ ခု ပိုင်းခြားဖော်ပြခဲ့ပါသည်။ ယင်းတို့ကို ကာလတစ်ခုစီအားဖြင့် ဆန်းစစ် ဝေဖန်ပြရန် လိုအပ်ပါသည်။ ဤသို့ ဝေဖန်ပြရာ၌ အကြောင်းအချက် အထောက်အထား ပြည့်ဝစုံလင်ရေးကို ဤစာတမ်းတွင် အလေးမပေးဘဲ သရုပ်ဆောင်ရန် သင့်ရုံမျှ ကိုးကား၍ အဓိကအားဖြင့်ကား ကာလ၏ သဘောလက္ခဏာကိုပေါ်အောင် ဖော်ရန်သာ အရေးထားအပ်ပါသည်။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## [၁]

## ၁၉၄၈-၅၈

## အမျိုးသားလွတ်လပ်ရေး တိုက်ပွဲဝင် အင်အားစုများ၏ ညီညွတ်ရေး ပြိုကွဲခြင်းနှင့် ပြည်တွင်းစစ် အစ

ဒုတိယကမ္ဘာစစ်ကြီး၏ နောက်ပိုင်းကာလသည် ကမ္ဘာ့ဖက်ဆစ် တော်လှန်ရေးကြီးတွင် အောင်မြင်စွာ အဆုံးသတ်ခဲ့ပါသည်။ ထို့အတူ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံ အမျိုးသား တော်လှန်ရေးသည် ကမ္ဘာ့ဖက်ဆစ် တော်လှန်ရေး၏ အစိတ်အပိုင်းအဖြစ် ၁၉၄၅ ခုနှစ်တွင် အောင်ပွဲခံခဲ့ပေသည်။ ထိုတော်လှန်ရေးအတွင်း တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်ရေးသည် အံ့မခန်း ဖြစ်ခဲ့ပေသည်။ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ဗမာ့တပ်မတော်၊ အာရှလူငယ်၊ ရခိုင်လူငယ်၊ ကရင်လူငယ် စသည် အစည်းအရုံးကြီးတို့ ဦးစီးခေါင်းဆောင်အပ်သော တော်လှန်ရေးအင်အားကြီးသည် အလွန်ပင် ကြီးမားခဲ့ပေသည်။ ထိုအင်အားစုကြီးတွင် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ရှမ်း၊ ရခိုင်၊ မွန် စသော လူမျိုးစုများသည် တစ်သွေးတည်း၊ တစ်သံတည်း ပါဝင်ဆင်နွှဲခဲ့ကြပေသည်။ တပ်မတော် စစ်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသား တော်လှန်ရေး ခေါင်းဆောင်ကြီး အဖြစ်ဖြင့် လည်းကောင်း၊ ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင် သခင်စိုး၊ သခင်သန်းထွန်းတို့သည် ဥပဒေအတွင်း ဥပဒေပ စည်းရုံးရေးမှူးကြီးများ အဖြစ်ဖြင့် လည်းကောင်း၊ ဦးသိန်းဖေမြင့်သည် အဝေးရောက် တော်လှန်ရေး ကိုယ်စားလှယ် အဖြစ်ဖြင့် လည်းကောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းသည် အမှတ် ၂ တိုင်း မြစ်ဝကျွန်းပေါ် တာဝန်ခံနှင့်

mgyoe.com